
www.burmeseclassic.com




BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com


# ရှင်မိယယ်

အခွင့်အရေးမသာသောမိန်းမ

စာမူခွင့်ပြုချက်အမှတ်
၄၀၀၇၇/၁၀[illegible]

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
[illegible]

၂၀၁၁ ခုနှစ်၊ ဇန်နဝါရီ
ပထမအကြိမ်

တန်ဖိုး
၁၀၀ ကျပ်

အုပ်ရေ
၅၀၀

ထုတ်ဝေသူ
ဦးကျော်လှိုင် [illegible]
အမှတ်(မြဲ)၊ [illegible]

ပုံနှိပ်သူ
ဦးကျော်လှိုင် [illegible]
အမှတ်(မြဲ)၊ [illegible]

ရှင်မိယယ်
[illegible]


## နိုင်ငံတော်အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး


## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် [illegible]အရေး

www.burmeseclassic.com

www.burmeseclassic.com







# ရှင်မိထယ်





စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com








ရင်ထဲမှာ ...
မှိုင်းနေတဲ့ မိုးကောင်းကင်က
တိမ်လိပ်တွေလို ဝေသီမှုန်မှိုင်းခဲ့ရပေမယ့် ...
လူတစ်ယောက်ကို ချစ်တတ်လာခဲ့ပြီဆိုရင်
ကောင်းကင်က တိမ်လိပ်ကြီး ပြိုကျသလို
မစဲဘဲ သွန်းသွန်းဖြိုးလျက် ...
ရင်ထဲက အချစ်မိုးကြီးကလည်း
အမုန်းတာတ်ခံအား ဘယ်လောက်ကောင်းကောင်း
ချစ်သည့်သူတစ်ယောက်အပေါ်
သည်းခနဲ မည်းခနဲ
သွန်းသွန်းဖြိုးလို့ပါပဲ ...။

www.burmeseclassic.com

www.burmeseclassic.com







# ၁

နေနှစ်စင်းလို့ လက်လက်ထနေသည့် မျက်ဝန်းနှစ်စုံထဲမှာ ပျော်ဝင်ကူးခတ်နေကြသည့် မနာလိုရိပ်များကတော့ ကလေးအရွယ်နှင့် မလိုက်အောင် ပြင်းလွန်း စားလွန်းတာကို အဲဒီကလေးနှစ်ယောက်စလုံး နားလည် အသိအမှတ် ပြုခဲ့ကြလေသည်။

သူတို့နှလုံးသားထဲမှာ ယုံကြည်ထားသည့် အရာကသည်း သူတို့နှစ်ယောက်သည် ချစ်ခင် ကြင်နာခြင်း၊ မေတ္တာထားခြင်းမရှိဘဲ (အမုန်းတွေနဲ့ပြိုင်လိုက်၊ တစ်ယောက်နိမ့်ကွက်ကို တစ်ယောက် ထိုးနှက်လိုက်နှင့်)ပဲ စိတ်အာရုံမှာ ကြီးစိုးမှတ်သားသားခဲ့ကြသည်။

ဒီမှတ်သားမှုတွေ ဖြစ်ပွားခဲ့တာကလည်း ခေါင်းရင်းအိမ်နဲ့ ခြေရင်းအိမ် အပြိုင်အဆိုင် ကြီးကြသည့် စီးပွားပြိုင်ဘက်မိဘတွေရဲ့ဖန်တီးမှုကြောင့်ပင်။ ဆယ်ကျော်သက်အရွယ် ကလေး



www.burmeseclassic.com

www.burmeseclassic.com



တွေမှာ အရွယ်နှင့်မမျှအောင် လူကြီးလေးတွေလို ပြိုင်ဘက်တွေ ဖြစ်သွားခဲ့ကြခြင်းဖြစ်သည်။

(မိဘက သင်လက်တစ်ခုဟု ပြောရမလား မသိ) ကိုးတန်းကျောင်းသူလေး မယ်သမိန်မှာ ခြေရင်းအိမ်က နေစက္ကုကို ဘယ်လိုမှ ကြည့်လို့မရအောင်ကိုပင် မျက်မုန်းကျိုးနေရပြီဖြစ်သည်။

မယ်သမိန် မျက်မုန်းကျိုးဆို ကျိုးစရာကောင်းလောက်အောင် နေစက္ကု ဆိုတဲ့ ကောင်လေးကလည်း ယောကျ်ားလေးတစ်ယောက်ဖြစ်ပြီး မယ့်ကို အံတုကာ တက်ပြိုင်ခဲ့တာဖြစ်သည်။

ယုတ်ဆွအဆုံး ပြိုင်စရာ လုံးဝမရှိခဲ့ရင်တောင် မယ် စီးတဲ့ဖိနပ်အမျိုးအစားကို လိုက်ပြီးပြိုင်စီးတတ်သူဖြစ်သည်။

အဲဒီနေ့က သူစီးလာသည့် မယ်နှင့်အမျိုးအစားတူ ဖိနပ်ကလေးကိုကြည့်ပြီး မယ်က မျက်နှာလေးကို မဲ့ရွဲ့ကာ နှုတ်ခမ်းလေးကို ညာဘက်နားထင်စပ် ပြေးချိတ်သွားအောင် မဲ့ပစ်လိုက်ပြီး ကျောင်းသူ ကျောင်းသားတွေ ကြားမှာပင် လက်ညှိုးထိုး ကရော်ပစ်လိုက်တော့သည်။

"ဟေး ... ဟေး ... ရှက်ပါတယ်၊ ကရော် ... ကရော် ... ငါစီးတဲ့ဖိနပ်အမျိုးအစားလည်း လိုက်စီး၊ ငါဆောင်းတဲ့ ဦးထုပ်လည်း လိုက်ဆောင်း၊ ငါဝတ်တဲ့ အင်္ကျီလက်ရှည် ဂျင်းတွေလည်း ဆင်တူလိုက်ဝတ်နဲ့၊ ယောကျ်ားလေးဖြစ်





ပြီး အရှက်မရှိ လိုက်ပြိုင်တယ်၊ ဟင်း ဟင်း ... ယော့ ... နေစက္ကု၊ နင် ... ငါ ဂါဝန်ဝတ်လာရင် နင်ပါ ဂါဝန်လိုက်ဝတ်မှာလား ... ဟေ ... ဟား ဟား"

မယ် ... ကရော်ထိုး သရော်လိုက်တာကို ရှက်မျက်နှာရဲရဲကြီးနှင့် ဘာမှပြန်မပြောနိုင်ဘဲ မျက်လုံးအပြူးသားကြီး စိုက်ကြည့်လာသည့် ကောင်လေးကို မယ်က အနိုင်ပိုင်းကာ ဆံပင်ဝဲဝဲလေးတွေ ခါခနဲ လွင့်ထွက်သွားအောင်ခါပြီး သူ့ကိုပခုံးတွန့်လျက် ကျောခိုင်းပစ်လိုက်သည်။

ပြောချင်ရာပြောပြီး သွားခဲ့ပြီဆိုတော့ စိတ်ထဲမှာ အကျေနပ်ကြီး ကျေနပ်သွားရပါသည်။

BURMESE CLASSIC

အိမ်ပြန်ရောက်တော့လည်း ထိုကောင်လေးအကြောင်းကို မေမေနှင့် သရော်လို့ မဆုံးတော့ချေ။

"မေမေ့ကို တစ်ဖက်ခြံက အိမ်မြှောင်အကြောင်း ပြောရဦးမယ်၊ ဒီကောင်လေး တော်တော်မလိုတာပဲ မေမေ၊ မယ်စီးတဲ့ဖိနပ်အမျိုးအစားကို သူ ဒီနေ့လိုက်စီးတယ်၊ မယ်ဖိနပ်အသစ်စီးတာကို သူ လိုက်ချောင်းနေတာ၊ ပြိုင်လိုက်တာ မေမေရယ် ... အံ့ဩပါရဲ့"

"ဟော ... ဟုတ်လား၊ ပြိုင်စရာမရှိ ပြိုင်စရာရှားလို့၊ အေး ဟုတ်တယ်၊ သူတို့က မျိုးနဲ့ရိုးနဲ့ပြိုင်တာ၊ အဟင်း ဟင်း ... ကြည့်ရသေးတာပေါ့၊ သူတို့ ဘယ်လောက်လိုက်ပြိုင်နိုင်မလဲ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ၊ ဟန်မေထွန်းတို့က သိန်ပေါင်းများစွာ ပိုင်ဆိုင်တဲ့ ကုမ္ပဏီကြီးကို ကိုယ်ပိုင်ဦးစီးနေတဲ့ မိန်းမပဲ နောက်ကျေလို့၊ ဒီမှာ သမီး၊ ဖိနပ်ရော ဦးထုပ်ရော နှစ်ရက်တစ်ခါ မေမေ ပြောင်းဆင်ပေးမယ်”

ပြောသည့်အတိုင်းပင် မေမေက မယ့်ကို နှစ်ရက်တစ်ခါ အလွန်အဆင့်မီ ဈေးကြီးသော ဖိနပ်၊ ဦးထုပ်၊ အင်္ကျီတို့ကို တစ်မျိုးပြီးတစ်မျိုး မရိုးနိုင်အောင် ပြောင်းဆင်လိုက်သည်တွင် သူတို့ဘက်က လုံးဝလိုက်မမီတော့ဘဲ လက်မြှောက်အရှုံးပေးလိုက်တော့သည်။

အဲဒီလို လက်မြှောက်အရှုံးပေးလိုက်ပေမယ့် စိတ်ဓာတ်က မနာလိုစိတ်ပြင်းကာ မယ့်ကို မျက်စောင်းလေးခဲခဲပြီး ကြည့်တတ်သေးသည့် ကောင်လေးကို မယ်က မထိတထိကလေး ပြုံးစစ နှုတ်ဆက်သလိုနှင့် ရိလိုက်ပြန်သည်။

“နေစက္က ဘာကြည့်တာလဲ”

မယ့်ရဲ့ပြုံးစိစိ အမေးကို နေစက္ကက နှုတ်ခမ်းလေး စုချွန်ပြီး ခပ်ပြတ်ပြတ် ပြောလာခဲ့လေသည်။

“ငါ့ဘာသာ ဘာကြည့်ကြည့်၊ နင့်အကြောင်းမပါဘူး”

“အဟတ် ... ပီနေတာပဲ၊ ကိုယ့်ဟာနဲ့ ကိုယ်လေ”

မယ်က မထိတထိရိပြီး သူ့အရှေ့မှာ စင်းလုံးချော စတိုင်လေးဖြင့် လက်နှစ်ဖက်ပိုက် မတ်တတ်ရပ်လိုက်သည်။





အဲဒီနောက် နေစက္ကနှင့် ပခုံးချင်းယှဉ်ရပ်ပြီး နေစက္ကရှက်နှာလေးကို အားတိုက်မျက်လုံးလေး ဖွေကြည့်ကာ သူစီးထားသည့် ဖိနပ်ကလေးကို လက်ညှိုးညွှန်ပြီး ...

“အလို ... ငါ ဖိနပ် နှစ်ရက်တစ်ခါ ပြောင်းစီးတာကို လိုက်ပြောင်းမစီးနိုင်တော့ဘူး ထင်ပါရဲ့၊ အဟင်း ... ငါ့ဖိနပ်ကို အားကျတဲ့မျက်လုံးကြီးတွေနဲ့ ပြူးကြည့်နေလိုက်တာ၊ မျက်လုံးကြီး ကျွတ်ထွက်မတတ်ဘဲ၊ သိပ်တစ်လုံးဆင့် ချိုင့်ဆန်တာပဲ”

“ဟင်”

“ဟင်”ခနဲ မြည်သွားသည်အထိ မခံချင်စိတ် သီးသွားသည့် နေစက္ကကို မယ်က အနိုင်ပိုင်းပြီး သာသာထိုးထိုးလေး ဝင် ကျောင်းနိုင်းကာ လာကြိုသည့် Landcruiser ကြီးပေါ် ငြိမ့်ငြိမ့်ကြီး စီးလိုက်ပါသွားတော့သည်။

အဲဒီနောက် ...

အနောက်မှာ ကိုးရိုးကားရား ကျန်ခဲ့သည့် နေစက္ကကို နည်းနည်းမှ လှည့်မကြည့်တော့ဘဲ ရှေ့တူရူကိုသာ ရင်ကလေးကော့၊ လက်ကလေးပိုက်ကာ မျက်နှာကလေးပင့်လျက် သူ့ကိုပြောခဲ့သည့် စကားတွေအတွက် အကျေနပ်ကြီး ကျေနပ်လို့သွားရပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



သည်ကနေ့မှာတော့ ပြဿနာတစ်ခုက မယ့်ထံသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာရပြန်ပြီ။

"ဘုတ်"ခနဲ မယ့် ထိုင်ခုံအောက်သို့ ပြုတ်ကျလာသည့် ဦးထုပ်ကလေးကို ဘယ်သူ့ဦးထုပ်မှန်း မသိခင်မှာပဲ ဘေးတစ်ဖက်မှ စီခနဲ ထွက်လာသည့်ရန်ပွဲက မယ့်မျက်လုံး ဝိုင်းဝိုင်းလေးတွေကို ပိုပြီး ဝိုင်းစက်သွားအောင် အံ့သြပြူးကျယ်သွားရသည်။

"ညီထွေး ... မင်းထွန်း ... မင်းတို့နှစ်ယောက်စလုံးကို ဆရာမ ဒေါ်ထင်မေကျော်နဲ့ တိုင်မယ်၊ စိတ်ကောင်းမရှိတဲ့ အလေကောင်တွေ"

လက်သီးလက်မောင်းတန်းပြီး ဒေါသခေါင်ခိုက်နေသည့် နေစက္ကကို မြင်လိုက်တာနှင့် မယ့်ထိုင်ခုံအောက်ကို ပစ်ကျ လာသည့် ဂျင်းဦးထုပ်ကလေးမှာ သူ့ဦးထုပ်ကလေးဆိုတာ အဖြေ ရသွားခဲ့သည်။





အဲဒီတော့မှ မယ်ကလည်း မယ့်ခြေထောက်နဲ့နီးနီးလေးရှိနေသည့် သူ့ဂျင်းဦးထုပ်ကလေးကို အရသာရှိရှိ စိုက်ကြည့်ပြီး ခြေထောက်ကလေးကို နည်းနည်းမှ မရွေ့ဘဲ ဒီအတိုင်း ရင်ကလေးကော့ လက်ကလေးပိုက်ထားလိုက်သည်။

သိပ်မကြာခင်မှာပဲ အတန်းထဲသို့ သူနှင့်အတူ ဆရာမ ဒေါ်ထင်မေကျော် အတူဝင်လာခဲ့ပြီး ဆရာမက လက်ထဲကကြိမ်လုံးနှင့် စားပွဲကို တဖြန်းဖြန်းချကာ ...

"ညီထွေး ... မင်းထွန်း ... ကဲ ... မင်းတို့မှာ အပြစ်ရှိရင် လက်ပိုက် မတ်တတ်ရပ်လိုက်ကြ"

"ဟို ... ဆရာမ ... သား ... သားတို့မှာ အပြစ်မရှိကြပါဘူး"

"ဘာအပြစ်မရှိရမှာလဲ၊ မင်းတို့ ငါ့ဦးထုပ်ကို ဟိုကောင်မလေး ခုံအောက် မရောက်ရောက်အောင် ပစ်ချတာ ဒါ အပြစ်မရှိဘူးလား"

"ဒါအပြစ်မှ မဟုတ်တာ"

"ဟာ ... ဘာဆိုင်လဲ၊ မင်း ... မင်းတို့ လူစကားပြော"

"ကဲ ... ကဲ ... သားတို့အချင်းချင်း စကြ နောက်ကြတာပဲ၊ သားလေး နေကလည်း ညီထွေးတို့ မင်းထွန်းတို့ကို ခွင့်လွှတ်လိုက်၊ ညီထွေး ... မင်းက မယ်သမိန့်ခုံအောက် ကျသွားတဲ့ နေစက္က ဦးထုပ်ကို ပြန်ကောက်ပေးပြီး မင်းတို့



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်စလုံး နေစက္ကူကို မှားပါတယ်လို့ တောင်းပန်လိုက်ကြ"

ဆရာမစကားအဆုံးမှာ အတန်းသူ အတန်းသား အားလုံး ငြိမ်သက်တိတ်ဆိတ်သွားကြသည်။

သူတို့စိတ်ထဲမှာ စိတ်ကစားသည့် အပျိုပေါက် လူပျိုပေါက်အရွယ် (ကိုးတန်းကျောင်းသား နေနှင့် ကိုးတန်းကျောင်းသူ မယ်)ကို တိတ်တဆိတ် ဝေဖန်ကဲ့ရဲ့နေကြသည်လားမသိ။

တစ်တန်းလုံး တိတ်ဆိတ်ငြိမ်ကျသွားချိန်မှာပဲ နေစက္ကူရဲ့ အော်ဂလယ်သံကြီးက စီခနဲ ဖွဲဖွဲ ... ဖွဲဖွဲ ထွက်လာခဲ့တော့သည်။

"ဆရာမ ... ကျွန်တော် မယ်သမိန့် ခုံအောက်ကျသွားတဲ့ ဦးထုပ်ကို ပြန်မယူနိုင်တော့ဘူး၊ သူတို့ကြောင့်ဖြစ်ခဲ့တဲ့ ကိစ္စကို သူတို့ပဲ အဲဒီဦးထုပ်ကို ပြန်ယူလိုက်၊ ကျွန်တော့်ကို ဦးထုပ်အသစ် အစားတစ်လုံး ပြန်ဝယ်ပေးပါ၊ ကျွန်တော့်ဦးထုပ် တန်ဖိုးက တစ်သောင်းကျပါတယ် ဆရာမ"

"ဟား ဟား ... တစ်သောင်းတဲ့ ရယ်စရာကြီး"

"ဟင်"

မယ် အမှတ်တမဲ့ ထရယ်ပြီးမှ တစ်တန်းလုံး ငြိမ်ကျသွားတာကို သိလိုက်ရသဖြင့် မျက်လွှာကလေးချပြီး နှုတ်ခမ်းကလေးကို ခပ်ဖွဖွဖိကိုက်လိုက်သည်။





ဆရာမကတော့ မယ့်ကို ဘယ်လိုထင်မည်မသိ။ အတွေးတောင် မဆုံးလိုက်ရချေ။

ဆရာမ အပြစ်တင်သံက မယ့်နှလုံးသားလေးကို ထိုက်ခနဲ ဝမ်းပမ်းတနည်း ခံ လိုက်ရတော့သည်။

"ဟင် ... မယ်သမိန်၊ သမီး ဘယ်လိုရယ်လိုက်တာလဲ၊ ကျောင်းသူတစ်ယောက် ရယ်သံဟာ ကြမ်းလှချည်လား"

"ဟင်"

မယ့်မျက်နှာလေး ပန်းသွေးရောင်ပြေးသွားသည်အထိ အရှက်ရသွားချိန်မှာ နေစက္ကူကတော့ မယ့်ရဲ့ရှုံးနိမ့်မှုကို ကောင်းကောင်းကြီး ကျေနပ်နေလိမ့်မည် ထင်ပါသည်။

ထင်သည့်အတိုင်းပင် တစ်ချက် လှစ်ခနဲ ခိုးကြည့်လိုက်တော့ နေစက္ကူက မျက်လုံးတွေပြူးပြီး သူ့ခုံကလေးကို ဖောက်ကလေးနှင့် တဒေါက်ဒေါက်ခေါက်ကာ ကျေနပ်ပြနေတာကို သူမက တစ်ချက်မဲ့မဲ့ကြည့်ပြီး ဆရာမကို ဆတ်ခနဲ ခေါင်းမော့ကြည့်လိုက်ကာ ...

"ဟုတ်ကဲ့ ... မယ့်ရယ်သံ ကျယ်သွားတာကို ခွင့်လွှတ်ပါ ဆရာမ၊ နေစက္ကူရဲ့ဦးထုပ်က တစ်သောင်းမတန်ဘူးဆိုတာ သိလို့ပါ ဆရာမ၊ သူက မယ့်ဦးထုပ်နဲ့ဆင်တူ လိုက်လိုက်ပြိုင်ပြီး ဆောင်းနေကျမို့ သိတာပါ၊ ဦးထုပ်တန်ဖိုးက ငါးထောင်ပဲ ရှိပါတယ် ဆရာမ၊ နေစက္ကူ တမင်အမြတ်တင်လိုက်တာကို သိလို့ ရယ်လိုက်တာပါ ဆရာမ"



www.burmeseclassic.com

www.burmeseclassic.com



တစ်တန်းလုံး တိတ်ဆိတ် ငြိမ်သက်သွားကြပြီး နေစက္ကကို အထင်သေးသည့် မျက်လုံးတွေနှင့် ဝိုင်းကြည့်လိုက်ကြသည်။

အဲဒီအချိန်မှာ နေစက္ကရဲ့အသံရွှဲရွှဲကြီးက ကျယ်ကျယ် လောင်လောင် ထွက်လာခဲ့သည်။

"မဟုတ်ဘူး ... မဟုတ်ဘူး ဆရာမ၊ ကျွန်တော် ဘယ်တော့မှ သူတစ်ပါးကို မဟုတ်မမှန်တာ မပြောဘူး၊ မေမေက ကျွန်တော့်ကို ဦးထုပ်တန်ဖိုး တစ်သောင်းကျတယ် ပြောထားလို့"

ခုံပေါ်မှာ လက်သီးကို တင်းတင်းဆုပ်ပြီး ငိုသံဗလုံးဗထွေးနှင့် ပြောလိုက်သော နေစက္ကကို မယ် မထိတထိ ပြုံးကြည့်လိုက်မိသည်။

"နေစက္က ... အေး ... အဲဒါဆိုရင် နင့်အမေ နင့်ကိုကစ်ပြီး ကြွားလုံးထုတ်လိုက်တာပဲ၊ ဦးထုပ်တန်ဖိုးက ငါးထောင် အမှန်ပဲ၊ မယုံရင် ဆိုင်မှာ ဦးထုပ်အမျိုးအစားပြပြီး မေးကြည့်"

"တော်ကြတော့ နေစက္ကနဲ့ မယ်သမိန်၊ ကျောင်းသူကျောင်းသား အချင်းချင်း ရန်မဖြစ်ရဘူး"

ဆရာမရဲ့ ဟန့်တားစကားကြောင့် နှစ်ယောက်သား ငြိမ်သက်သွားကြသလို တစ်တန်းလုံးလည်း တိတ်ဆိတ်ငြိမ်သက် သွားတော့သည်။





အဲဒီအချိန်မှာ ...

ဆရာမက အပြစ်ရှိကြသည့် ညီထွေးနှင့် မင်းထွန်းတို့နှစ်ယောက်ကို ဦးထုပ်တစ်လုံး မျှဝယ်ခိုင်းလိုက်ပြီး ကြိမ်လုံးနှင့် သုံးချက်ရိုက် ဆုံးမလိုက်သည်။ ဒီအချိန်မှာ မယ်ကတော့ ကြိမ်လုံးဒဏ်ကြောင့် ခါးလေးကောကျသွားသည့် ညီထွေးတို့ကို အရသာရှိရှိ စိုက်ကြည့်နေသည့် သူ့ကို စိန်ခေါ်သည့်အပြုံးလွှလွှ လေးနှင့် စိုက်ကြည့်လိုက်ပါသည်။

အဲဒီအချိန်နဲ့ တစ်ပြိုင်နက် ...

သူကလည်း မယ်နှင့်အပြိုင် စိုက်ကြည့်နေတာကို မယ် ရယ်ချင်လွန်းလို့ နှုတ်ခမ်းလေးကို ဖိကိုက်ထားလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



၂

ကိုးတန်းကျောင်းသားဘဝကို ကျော်ဖြတ်ပြီး မယ်
တန်းအရွယ် လူပျိုအပျို အခြေကိုင်တတ်သည့် အရွယ်ကလေးတွေ
(ရင်ခုန်ကြမ်းလာသည့်)အရွယ်ကလေးတွေ ရောက်လာကြတော့
လည်း သူနှင့်မယ်ဟာ အမြဲတမ်း မျက်နှာချင်းဆိုင်တိုင်း မျက်စော
နက်နက်ထိုးခဲ့ပြီး ခြေဆောင့်ကျော့ခိုင်းပစ်ခဲ့တာချည်းပဲ ဖြစ်ခဲ့သည်။

အဲဒီလို သူ့ကို မယ်သမိန် မကြည့်ချင်လော
အောင် မုန်းနေခဲ့ကြသည့် အဖြစ်ကို သူကလည်း မခံချင်စိတ်သီး
ကာ သူမကို ဒီကနေ့မှာ ဘယ်လိုထိုးနှက်ရမလဲ ဆိုတာကို ဒူ
ကလေးတနှံ့နှံ့နှင့် အကြံထုတ်နေရင်းမှ လှစ်ခနဲ ပေါ်လာသည့်အကြံ
ကလေးက လက်ခနဲ တောက်လက်သွားရသည်။

ချက်ချင်းဆိုသလိုပင် သူနှင့်ရင်းနှီးသည့် မယ်သမိန်
သေးက ဇင်မှာ့ဆီ ခြေလှမ်းကျယ်တွေနှင့် လျှောက်သွားလိုက်ပြီး
ဇင်မှာ့ကို စကားရောဖောရောနှင့် စကားဖွက်လုပ်လိုက်သည်။





"ဇင်မာ ... နင့်ကို ငါ စကားဖွက်ခိုင်းမလို့"

ဇင်မှာ့ကို ပြောပြီး မျက်လုံးက မယ်သမိန် မျက်နှာ
သွယ်သွယ်ဝင်းဝင်း ချောချောလေးကို မမိုတ်မသုန် စိုက်ကြည့်
အကဲခတ်လိုက်တော့ မယ်သမိန်က သူ့အကြည့်တွေကို မျက်နှာ
လေး ဘေးတစ်စောင်းလုပ်ပြီး မသိမသာ လွှဲလိုက်လေသည်။

ဒါ အထာပေးတာပဲ။ (မိန်းမအထာဆိုတာ ဒါပဲနေ
မယ်)။

သူက မယ်သမိန် အထာကို ညက်ဖွာဖြင့် မယ်သမိန့်
ကို မျက်ခုံးပင့်မေးထိုးပြီး ဇင်မာကို လက်ကာကာ ...

"ဇင်မာ ... နင့်ရုပ်ကြီးကလည်းဟာ၊ အသက်ဆယ့်ငါးနှစ်
ပြည့်ပြီးရုံရှိသေးတယ်၊ အိုစာလိုက်တာ၊ အေးလေး ...
စိတ်ဓာတ်ကရင့်တော့လည်း အဘွားကြီးရုပ် ပေါက်နေတာ
ပေါ့၊ နင့်မျက်နှာမှာ အံကြိတ်ထားလို့လား ဇင်မာ၊ မေးရိုး
ကြီးတွေကို ထောင်လို့၊ မေးခိုင်နေတာကွ၊ မေးခိုင်နေ
တာ"

သူမကို တည့်တည့်ကြည့်ပြီး သူ စောင်းပြောလိုက်
ပေမယ့် သူမကတော့ သူ့ကို နည်းနည်းမှ အရေးလုပ်ပြီး မော့
ကြည့်မလာခဲ့ပါ။

မော့ကြည့်လာခဲ့ရင် (မော့ကြည့်ရလို့) သူမ ရှုံးမည်
လို့ သတ်မှတ်ထားသည်လား မသိ။



www.burmeseclassic.com

www.burmeseclassic.com



"ကဲပါ ... လာပြီ ဖောလျှောရိုက်မနေနဲ့၊ နင့်အထာလောက်ကတော့ ဇင်မာသက်ထွန်းတို့က အရည်ဖျော်ဦးမယ်၊ ကဲ ... ပြော၊ ဘာစကားဝှက်လဲ၊ ငါနိုင်ရင် နင် ဘာဝယ်ပေးမလဲ၊ အလကားတော့ လေကုန်မခံနိုင်ဘူး၊ အာရုံအနှောက်မခံနိုင်ဘူး"

"အမယ်လေး ... ပါးစပ်ပေါက်က သေးသေးလေးနဲ့ စကားလုံးကြီးလိုက်တာ။ ဘယ်လေမ,ကြီးနဲ့ ပေါင်းလို့လဲ"

အဲဒီလို မခံချင်အောင် ပြောခဲ့တာကိုလည်း သူမက နားမပါသည့်အတိုင်း လုပ်နေတာမို့ သူက မျက်နှာလေးကို ပင့်ပြီး လေကလေးကိုဟားကာ ပခုံးတွန့်လျက် ဆရာကြီးအိုက်တင်ဖမ်းလိုက်သည်။

သူ ဆရာကြီးအိုက်တင်ဖမ်းနေတာကို ဇင်မာက စိတ်မရှည်တော့သည့်အဆုံး ခပ်ဆောင့်ဆောင့်လေး အော်လာတော့သည်။

"ဟဲ့ ... နေ၊ အစုတ်ပလုတ်ရဲ့ ဘာစကားဝှက်မေးမှာလဲလို့ မေးနေတာကို မပြောဘူး၊ ဟွန်း ... မိန်းကလေးအတန်းရှေ့မှာလာပြီး အားမနာ လျှာမကျိုး အကြာကြီးရပ်ပြီး စကားပြောနေရတယ်လို့"

"ဘာဖြစ်လဲ၊ သူငယ်ချင်း အချင်းချင်းပဲ ရှိးသားတဲ့သူ မရှိန်ကြေး၊ ကဲ ... စကားများမနေနဲ့၊ ငါဝှက်မယ့်စကားဝှက်က အင်္ဂလိပ်စကားလုံး L စကားဝှက်၊ L နဲ့စတဲ့ ရင်





တွင်းခံစားချက်တေးတွေကို ဘယ်သူဆိုခဲ့တာလဲ ဆိုတာဟာ၊ လွယ်ပါတယ်၊ ငါရှုံးရင် နင့်ကို ဦးထုပ်တစ်သောင်းတန် ဝယ်ပေးမယ်၊ နင်ရှုံးရင်လည်း ..."

"အောင်မယ် ... အသားလွတ်မဆော့၊ ငါရှုံးရင်တော့ နင့်ကို တစ်သောင်းတန် ဝယ်မပေးနိုင်ပါဘူး"

"အေး ... မပေးနဲ့၊ နင်က လေရှုံး၊ ငါက ငွေရှုံး ထားတော့၊ ကဲ ... စတော့မယ်"

ပြောပြောဆိုဆို သူ မယ်သမိန်ကို အကဲခတ်လိုက်တော့ သူတို့နှစ်ယောက်ကို သိသိသာသာ နားစွင့်ထားသည်ဆိုတာကို သူမရဲ့ငြိမ်မတ်နေသည့် ကိုယ်လုံးလေးက သက်သေပြနေသည်။

ဒါကို သူက ပြုံးပြုံးလေး ခေါင်းညိတ်ကျေနပ်နေချိန်မှာ ဇင်မာကတော့ ...

"အင်း ... အင်္ဂလိပ်စကားလုံး L စကားဝှက် L နဲ့စတဲ့ ရင်တွင်းခံစားချက်တေးတွေကို ဘယ်သူဆိုခဲ့တာလဲဆိုတော့ အဟား ... လွယ်ပါတယ်၊ ပိုက်ဆံတစ်သောင်းပဲပေး၊ ငါ ဦးထုပ်မဆောင်းချင်ဘူး"

"အေး ... ပေးမယ်၊ နင်ပဲ မှန်ပါစေဦး"

"ပျင်းသနားတယ်၊ L လွှန်းဝါရဲ့ အချစ်မျက်ဝန်းသီချင်းလေးက ငါတို့မိန်းကလေးတွေကို heart ထိပြီး ကြေစေတယ်၊ ကဲ ... ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ခင်မာက ကွက်တိမေးလိုက်တာကို သူက ဟက်ခနဲရယ်ပြီး မင်းသားစတိုင်ဖြင့် ခေါင်းခါလိုက်သည်။

"No"

"နင် ညာဏ်မများနဲ့နော်"

"ရော် ... မများပါဘူး ... ဟွန်း ... ဟွန်း"

သူရယ်သံက မယ်သမိန့်ကို နားကလောသွားသည်ထင်သည်။

မယ်သမိန်က နားထဲကို လက်ညှိုးကလေးထိုး ကလော်ပြီး နားကို ခပ်ခါခါလေး ယမ်းလိုက်သည်။

အဲဒီအမူအရာလေးကို သူက အသည်းယားသွားသလို ခင်မာကတော့ နှုတ်ခမ်းလေးစေ့ပြုံးပြီး မျက်ခုံးပင့်လျက် ...

"ဒါဆို တစ်ယောက်ပဲ ကျန်တော့တယ်"

"အင်း ... ဘယ်သူလဲ၊ ပြော"

"L ဆိုင်းဓိရဲ့ မလွှမ်းရဲသေးဘူး မောင်ရယ်၊ သီချင်းက မိန်းကလေးတွေ ရင်ဘတ်ထဲမှာ မျက်ရည်မိုးအိုင် ဖြစ်တယ်၊ ကဲ ... ဟုတ်တယ် မဟုတ်လား၊ သူတို့နှစ်ဦးပဲ အင်္ဂလိပ်စကားလုံး L ရှိတာ"

"No ... No မှားတယ်၊ မှားတယ် ညီမလေး၊ ကိုကြီးပြောမယ် နားထောင်၊ အင်္ဂလိပ်စကားလုံး L စကားဝှက် L နဲ့စတဲ့ ရင်တွင်းခံစားချက်တေးတွေကို ဘယ်သူမှဆိုတာ မဟုတ်ဘူး၊ ငါ ဆိုတာ"





"ဟင် ... နင်ဆိုတာ၊ နင်က ဆိုရအောင် ဘာအရာရောက်မှာလဲ၊ အရုပ်အဆိုကြီးပဲ ဖြစ်မှာပေါ့ဟာ"

"ဘာအဆိုဖြစ်ဖြစ်လေ၊ ကောင်မလေးတစ်ယောက်ရဲ့ ရင်ကိုထိရင် ငါ ကျေနပ်တယ်၊ ကဲ ... နားဆင်၊ ငါ ငြိမ့်ငြိမ့်လေး Feel သွင်းပြီး ဆိုပြမယ်"

သူက မျက်လုံးအကြည့်တွေကို တောက်လက်သွားအောင် အချဥ်ရည်ထည့်ပြီး မယ်သမိန့် မျက်နှာတည့်တည့်လေးကို စိုက်ကြည့်ကာ ရင်ထဲကလာသည့် အသံနှင့် ...

"Life ဘဝမှာ
Look အကြည့်ချင်ဆုံး မျက်နှာလေးနဲ့
Like အနှစ်သက်ဆုံး ကောင်မလေးကို
Love ချစ်ကြည့်ချင်တယ် (ချစ်တယ်)"

လို့ပဲ သူပြောလိုက်ရသေးသည်။

"ဖြန်း"ခနဲ မြည်သွားသည့် အသံနှင့် သူ့မျက်နှာလေး လည်ထွက်သွားခဲ့သလို သူ့မျက်နှာလေးကိုလည်း ယောင်ယမ်းကိုင်လိုက်မိတာပဲ သူသိလိုက်ရသည်။

အဲဒီအချိန်မှာ သူ ရှက်လွန်းလို့ ဘာတွေလုပ်ပြီး ဘာတွေပြောလိုက်မိမှန်း မသိတော့ချေ။

မျက်လုံးတစ်စုံလုံး ပြာဝေမှုန်သွားတာကိုပဲ သတိရလိုက်သည်။

✤ ✤ ✤

www.burmeseclassic.com



ကျောင်းဆင်းဆင်းချင်းပင် နေ့လယ်က ဖြစ်ခဲ့ကြသည့်ကိစ္စနှင့် ပတ်သက်ပြီး ပြဿနာတစ်ခုနှင့် ရင်ဆိုင်လိုက်ရသည်။

"ရော ... သမီး၊ ခြေရင်းခြံက နေစက္က သမီးကို စာပေးခိုင်းလိုက်တယ်"

အဆင်သင့် လာကြိုသည့် ကားပေါ်သို့ တက်ထိုင်လိုက်တာနဲ့ ကားဒရိုင်ဘာကြီးက စာရွက်ခေါက် အဖြူကလေးကို ပေးလာတာမို့ မယ်က နှုတ်ခမ်းလေးပစ်မဲ့လိုက်ပြီး ဘကြီးလက်ထဲက စာရွက်ခေါက်ကလေးကို ဆွဲယူဖတ်ကြည့်လိုက်ပါသည်။

"မယ်သမိန်(မျိုးရိုးစဉ်ဆက်အလိုက် ကောက်ကျစ်စဉ်းလဲတဲ့ မယ်သမိန်)

ဒီကနေ့ နင် ငါ့ကိုပါးချခဲ့တဲ့ လျော်ကြေးအတွက် ...

ငါ့နှလုံးသားက တန်လောက်တဲ့ လျော်ကြေးကို နင့်ဆီက နေ ပြန်ယူမယ်။

မှတ်ချက်။ (ဘယ်နေ့ဖြစ်မလဲဆိုတာကတော့ စောင့်ကြည့်)။

နေစက္က"





သူ့စာအဆုံးမှာတော့ မယ့်မျက်လုံးလေးတွေ ဒေါသခြင့် တလက်လက် တောက်သွားကာ ဝမ်းထဲက အသံကလည်း ဆင်းမာသွားရသည်။

"တွေ့ကြသေးတာပေါ့ နေစက္က၊ ဘကြီး ... ကားကိုအိမ်ရောက်အောင် မြန်မြန်မောင်းပေးပါ"

ကားဒရိုင်ဘာ အဘိုးကြီးကို မယ် အော်ပြောလိုက်ပြီး ကားတံခါးကို ဝုန်းခနဲ ပြန်ပိတ်လိုက်သည်။

မယ် ကားတံခါးပိတ်ပြီးတာနဲ့ ဝေါခနဲထွက်သွားသည့် ကားကြီးကို မယ်က နေးတယ်တောင်ထင်ပြီး စိတ်မရှည်ဖြစ်ကာ ဘကြီးကို ...

"မြန်မြန်မောင်း ဘကြီး"

ဆိုပြီး တဖွဖွ ပြောမိသေးသည်။

ဘကြီးက စိတ်ရှည်စွာ ခေါင်းညိတ်လိုက်ပေမယ့် မယ့် ရင်ထဲမှာတော့ ကိုယ့်ဒေါသနဲ့ မငြိမ်းဖြစ်နေခဲ့သည်။

ဒီလိုပေးခဲ့သည့် သူ့စာဟာ မယ့်ကို ပေါ်ပေါ်ထင်ထင် စိန်ခေါ်ကြိမ်းဝါးလိုက်သည့် စာတစ်စောင်ပဲ ဖြစ်သည်။

မယ်တို့ကိုများ မျိုးရိုးစဉ်ဆက်အလိုက် ကောက်ကျစ်စဉ်းလဲသည်တဲ့။

သူတို့ကများ တစ်ပြန်ကြီး စွပ်စွဲလာသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့မိဘတွေကတော့ သူတစ်ပါး စီးပွားဖြစ်တာကို မနာလို မရှုစိမ့်နှင့် မုန်းတီးနေသူများ ဖြစ်တာကို မယ်က ဒီကနေ့မှာတော့ အပြတ်ချဲဖို့ ဆုံးဖြတ်လိုက်သည်။

ဒီလို သူခိုးက လူပြန်ဟစ်လို့ကတော့ မယ်သမိန်တို့က ပျင်းသနားတယ်။ လက်မြှောက်ကာ တာတာခါပြလိုက်ဦး မယ်။

ဒီလို ပြန်ဆော်ချင်နေတာ ကြာပြီမို့ အိမ်ရောက်ရောက်ချင်းပင် အပေါ်ထပ်ကို ပြေးတက်သွားပြီး ဆိုဖာပေါ် ကျောပိုးအိတ်ကလေး ဖြုတ်ချလိုက်ကာ ဧည့်ခန်းက ဖုန်းကလေးကို ကောက်ကိုင်လိုက်တော့သည်။

"တွေ့ကြသေးတာပေါ့ နေစက္ကရယ်"

လို့လည်း ပါးစပ်က မကျေနပ်နိုင်သေးဘဲ ကြိမ်းဝါးလိုက်ပြန်သည်။

အဲဒီအချိန်မှာပဲ (မယ် အလွန်မုန်းတီးနေသည့် နေစက္ကမိခင်)အသံက ဖုန်းထဲသို့ ကျက်သရေတုံးစွာ ဝင်ရောက်လာလေခဲ့သည်။

"ဟယ်လို"

"ကျွန်မ မယ်သမိန်ပါ ဒေါ်သစ်သစ်၊ ဒေါ်သစ်သစ်သား စိန်ခေါ်သွားတဲ့ကိစ္စအတွက် စကားပြောချင်လို့ နေစက္ကကို တစ်ဆိတ်လောက် ခေါ်ပေးစမ်းပါ၊ မခေါ်ပေးရင် စိန်ခေါ် သူ သတ္တိမရှိလို့ပဲ"





"ကောင်းပြီ၊ အခုတင် မင်းအရှုံးနဲ့ မလိုက်အောင် မိုက်ရိုင်းပြီး ကောက်ကျစ်စဉ်းလဲတဲ့ အကြောင်းကို ငါ့သားက ပြောပြနေတာ၊ ငါ့သား စိန်ခေါ်မှုဟာ ဘယ်တော့မှ အရှုံး မရှိစေရဘူး၊ နေစက္က ... သားရေ၊ ဒီမှာ ချဉ်ဖတ်မယ်သမိန့် ဖုန်း"

ဟင် ...

မယ့်ကိုများ သူတို့က ချဉ်ဖတ်မယ်သမိန်လို့ ကင်ပွန်းတပ်ထားတာ။ တောက် ... စိတ်ထင်တိုင်း သောင်းကျန်းပစ်ရင် ဒေါ်ဟန်မေထွန်း သမီး မိုက်ရိုင်းတယ် ဖြစ်ဦးမယ်။

ကျွတ် ... အခံရခက်လိုက်တာ။

မယ့်ရင်ထဲမှာ ဘယ်လိုအခံရခက်သည့် အခံရခက်မှုကြီး ဖြတ်ပြေးစီးဆင်းသွားချိန်မှာ မယ် အလွန်မုန်းလှသည့် အသံကလေးက ဖုန်းထဲကနေ ခပ်စီးစီး ထွက်ပေါ်လာခဲ့လေသည်။

"ငါ စိန်ခေါ်ခဲ့တာဟာ နင့်ကို အနိုင်ရဖို့ပဲ၊ နင့်ကိုအရှုံးပေးဖို့ မဟုတ်ဘူး မယ်သမိန်၊ နင်က ငါ့ကို နိုင်အောင် ပြိုင်နိုင်မလား၊ ငါကပဲ နင့်ကို နိုင်အောင် ပြိုင်နိုင်မလား စောင့်ကြည့်ရသေးတာပေါ့။ တစ်ချိန်မှာ လယ်ပြင် ဆင်သွားသလို ထင်ရှားမှာပါ"

"အိုကေ ... ဆင်သွားမယ့်အချိန်ကို စောင့်ကြည့်ရတာပေါ့၊ နေစက္က ... ဒီမှာ နင်ပြောခဲ့တဲ့ စာထဲက မျိုးရိုးစဉ်ဆက်



www.burmeseclassic.com

www.burmeseclassic.com



အလိုက် ကောက်ကျစ်စဉ်းလဲတယ်ဆိုတာ ငါတို့မိသားစု မဟုတ်ဘူး၊ နင်တို့မိသားစု၊ နင်တို့သာ မျိုးရိုးစဉ်ဆက် အလိုက် ငါ့မိဘတွေအပေါ် မလိုတမာဖြစ်လို့ အားမရလို့ နင့်လက်ထက်မှာထပ်ပြီး ပြိုင်ခိုင်းသေးတယ်လေ၊ ဖိနပ်စီး တာပြိုင်တာ၊ ဦးထုပ်ဆောင်းတာ ပြိုင်တာ၊ အင်္ကျီအဝတ် အစား ဝတ်တာကအစ လိုက်ပြိုင်ကြတဲ့ နင်တို့သာ ကောက် ကျစ်စဉ်းလဲတဲ့ မြေခွေးတွေ”

မယ်က ပြောရင်းနှင့် မောသွားတာမို့ စားပွဲပေါ်က အဆင်သင့်တင်ထားရသည့် ရေသန့်ဘူးလေးကို တဂွပ်ဂွပ် မော့ချ ပစ်လိုက်သည်။

အတန်ကြာမှ အသက်ပင့်ရှူပြီး မျက်ကြောလေးစင်း ပစ်လိုက်ကာ အနိုင်ရလေသံနှင့် ...

“ရှက်စရာအကောင်းဆုံးကတော့ နင်တို့မိဘတွေ မနိုင်ဘဲ နဲ့ပြိုင်တဲ့ ကုမ္ပဏီအမည်တပ် ဆယ့်ငါးပေရုံးခန်းကျဉ်းကျဉ်း လေးပဲ၊ ကုမ္ပဏီဆိုပြီး နာမည်တပ်ပြီး ငါတို့ကုမ္ပဏီကြီးကို ပြိုင်ဆိုင်ခဲ့တာ မရှက်ဘူးလားဟင်၊ ရှက်တတ်မယ်ဆိုရင် သိပ်ရှက်စရာကောင်းတယ် နေစက္က ...

“နင်တို့ဟာ မျိုးရိုးစဉ်ဆက် လိုက်မမီမှန်း သိသိ ကြီးနဲ့ လိုက်မနာလိုပြီး အံတုနေတာ ဖားတု ခရုခုန်တော့ ခရုပဲ ဖင်ကျိုးတာပေါ့၊ ဒီမှာ နင် နားလည်ထားဖို့က နင်





တို့ ဘယ်လောက်ပြိုင်ပြိုင် မြေခွေးက မြေခွေးပဲ၊ မြေခွေး ကနေ ခြင်္သေ့ဖြစ်ချင်လို့ ဘယ်တော့မှ မရဘူး၊ မှတ်ထား နေစက္က၊ ဟိတ် ... မြေခွေးမင်း။ ခြင်္သေ့မင်း ဖြစ်ချင်လို့ မရဘူးနော်၊ ကောင်းေ ..ငင်းသဘောပေါက်”

နေစက္ကကို အနိုင်ပိုင်းလျက် မယ် သွားကလေးစေ့ ပြီးကာ(ဝမ်းသာပြုံး) ဖုန်းကလေးကို လေကလေးချွန်ပြီး ဆောင့် ချပစ်လိုက်သည်။

ဟား ... အခုမှပဲ နေသာထိုင်သာ ...

ရှူသာရှိုက်သာ ဖြစ်သွားတော့တယ်။ အင်း ... ဒီလိုအချိန်မျိုးမှာမှ သူ့ကို အခုလို ပြောလိုက်ရလို့ ရင်ထဲမှာ နေ သာသွားခဲ့ရသလို စိတ်ထဲမှာလည်း ဆုံးဖြတ်ချက် အသစ်တစ်ခုက မြန့်ဖွားသွားခဲ့ရပြန်သည်။

ဒီဆုံးဖြတ်ချက်ကလေးဟာ နေစက္ကအတွက် တစ် သက်တာအမှတ်တရ ဖြစ်သွားလိမ့်မည်လို့တော့ ယုံကြည်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၃

ဒီကနေ့ ကျောင်းပိတ်ရက်မှာ ခွေးကလေးတွေနှင့် မြေအပြင်မှာ ဘောလုံးထွက်ကစားနေသည့် နေစက္ကူကို မယ် အိမ်အရ လိုက်ချောင်းနေလိုက်သည်။

မျက်လုံးအကြည့်တွေကို လျင်နိုင်သထက်လျင် မြန်နိုင်သထက်မြန်အောင် မျက်လုံးကလေး ကစားလိုက်ပြီး နေစက္ကူ ပြေးလျှောက်သွားသည့် နေရာကလေးကို မယ် အပြေးလိုက်သွားလိုက်သည်။

အဲဒီနောက် ဘောလုံးကလေး ပြေးကောက်လိုက်သည့် သူ့ကိုယ်လုံးပိန်သွယ်သွယ်လေးကို မယ် အပြေး,ပြေးတိုက်ပစ်လိုက်သည်။

ကဲ ... မှတ်ထား နေစက္ကူ။

နင် တစ်ခုခုတော့ ဖြစ်သွားပြီပေါ့။





"ဘိုင်း"ခနဲ မြေပြင်ကို ပစ်လဲကျသွားသည့် အသံနှင့်အတူ ငယ်သံပါအောင် အော်လိုက်သည့် နေစက္ကူအသံက မယ့်နားထဲကို နားဝင်ချိုစွာ ဝင်ရောက်လာခဲ့သည်။

အဲဒီနောက် သူ ဘာဖြစ်သွားသေးလဲ ဆိုတာကို မျက်လုံးကလေး မှေးစင်းပြီး စိုက်ကြည့်လိုက်ချိန်မှာ ...

မြေပြင်မှာ ခွေခွေကလည်း လဲကျသွားသည့် (သတိလစ်သလို)ဖြစ်သွားသည့် ပုံလေးကို မယ် ကြက်သေ,သေ အံ့သြစွာ စိုက်ကြည့်လိုက်မိပြီး မယ့်ရင်တွေ တဒိန်းဒိန်း ဆောင့်ခုန်သွားသည်အထိ ထိတ်လန့်ချောက်ချားသွားခဲ့သည်။

ဘုရား ... ဘုရား ... နေစက္ကူ မယ် ပစ်တိုက်လိုက်သည့် အရှိန်နှင့် သေများသေသွားပြီလား။

သေသွားရင်တော့ ငါ့ကို အမှုပတ်မှာ၊ အမှုပတ်မှာ။ ဘုရား ... ဘုရား ... နေစက္ကူ မသေပါစေနဲ့။

အခုမှ မယ် ရူးသွားသလို ကြံရာမရဖြစ်သွားပြီး ခွေခွေလေး လဲကျသွားသည့် နေစက္ကူ အရှေ့ကနေ အိမ်ဘက်ဆီသို့ အပြေးထွက်လာခဲ့မိပါတော့သည်။

ပါးစပ်မှလည်း ရူးသွပ်ချောက်ချားစွာ,အော်ဟစ်ပြီး ကြောက်အားပိုစွာ ဟီးချင်ငိုကြွေးလိုက်သည်။

"မေမေရေ ... မြန်မြန်ပြန်လာပါ၊ မယ့်ကို လာကယ်ပါဦး၊ ဟိုကောင်လေးကို မယ် ကိုယ်လုံးနဲ့ပစ်တိုက်လိုက်လို့ လဲ



www.burmeseclassic.com

www.burmeseclassic.com



ကျသတိလစ်သွားတာ၊ သေသွားပြီလား မသိဘူး ... အီး ဟီး ဟီး ...

"သူသေရင် မယ့်ကို ထောင်ချမှာ၊ မယ် ထောင်ကျမှာ"

အခုမှ မယ် တကယ်ရူးသွားရပါပြီ။

သူတစ်ပါးကို မကောင်းစိတ်မွေးရင် ကိုယ်ကအရင်ခံရတာပဲ ဆိုတာကိုလည်း မယ် စိတ်မချမ်းမြေ့စွာ သိနားလည်လိုက်ပြီဖြစ်သည်။

✤ ❦ ✤

အဲဒီနောက်ပိုင်းမှာ မယ် စခဲ့သည့် ပြဿနာကြောင့် ကောင်လေး နှလုံးရောဂါ ပြန်ဖောက်ပြီး ဆေးရုံတင်လိုက်ရသလို ညာလက်တစ်ဖက်လည်း ကျိုးသွားခဲ့သည် ဆိုတာကို သိကြားလိုက်ပေမယ့် မယ်ကတော့ မယ့်လုပ်ရပ်တွေကို မေမေ့ကိုတောင် ဖွင့်ပြောဘဲ ရင်ထဲမှာပဲ ကျိတ်မှိုချပြီး ကောင်လေးကိုတော့ စိတ်ထဲက နည်းနည်းသနားခဲ့မိသေးသည်။

အင်း ... ဒါပေမဲ့ကွယ်။

သူက ကောင်းကောင်း ကောင်းပြီး ပြန်နာလန်ထူတာနဲ့ မယ့်ကို ရန်စောင်ခဲ့တာမို့ မယ်ကလည်း နဂိုကတည်းက (ခေါင်)ပိပိ သူ့ကိုပဲ တိုက်ကွက်အဆင်သင့်ဖြစ်ဖို့ အားမွေးအားလိုက်သည်။ အဲဒီလို အားမွေးထားတုန်းမှာပဲ အဲဒီနေ့က တိုက်တိုက်ဆိုင်ဆိုင်ပင် လမ်းထိပ်က ဈေးတန်းကလေးမှာ သူနှင့်ဆုံပင်းတိုးသွားရတာဖြစ်သည်။

"ဟော့ ... မယ်သမိန်၊ နင်နဲ့ငါ နင်တို့ခြံထိပ်မှာ ထိပ်တိုက်ရင်ဆိုင်စရာရှိတယ်၊ ခြံရှေ့ရောက်ရင် ခဏစောင့်"





www.burmeseclassic.com

www.burmeseclassic.com



တီရှပ်ကော်ဖီရောင်လေးနှင့် စတိုင်ဘောင်းဘီ အညို ရင့်ရောင်ကို တွဲဝတ်ထားသည့် သူ့ခန္ဓာသွယ်သွယ်လေးက မယ့် အရှေ့မှာ တောင့်တောင့်မတ်မတ်ရပ်ပြီး ဆိုလာတာကို မယ်က ဂရုမစိုက်ဘဲ ဆတ်ခနဲ မျက်နှာလွှဲပစ်လိုက်သည်။

"ဟော့ ... ကြွားလား"

မယ် မကြွားဟန်ဆောင်တာကို သူက အသည်းယား သွားတာလား မသိ။

မယ့်ပခုံးကို သူ့လက်တစ်ဖက်ဖြင့် ခပ်ကြမ်းကြမ်း ဆုပ်ကိုင်လာတာကို မယ်က ခပ်ကြမ်းကြမ်း ပုတ်ချလိုက်ပြီး ...

"ဖယ်စမ်း ... အနူလက်နဲ့ သနလိုက်တာ"

"အဟား ... ဂုဏ်ကတော့ တော်တော်မောက်တာပဲနော်"

"မောက်တယ် ... မောက်တယ်၊ ယောကျ်ားဖြစ်ပြီး တို့ေ လိုက်ပြိုင်နေတဲ့ လူမျိုးကို အထင် Small တယ်"

"ကျစ် ... ထားစမ်းပါ၊ မင်း ငါ့ကိုသာ ခြံထိပ်ကစောင့်"

"မစောင့်နိုင်ပါဘူး"

"မစောင့်ရင် တွေ့မယ်လေ"

ပြောရင်းနှင့် မယ့်ကို ဖျတ်ခနဲ သူ့ရင်ဘတ်နှင့်ကပ် မတတ် သိမ်းဖက်လိုက်သည့် သူ့အပြုအမူကြမ်းကြီးကြောင့် မယ် အသက်ရှူရပ်မတတ် ထိတ်လန့်သွားရကာ မျက်လုံးကြီးအပြူးသား ဖြင့် စူးစူးဝါးဝါး ထအော်ပစ်လိုက်မိသည်။





"နင် ... နင် ... ဒါ ... ဒါ ... ဘာလုပ်တာလဲ၊ အခု ငါ့ ကိုလွှတ်စမ်း"

"အဟား ... ဘယ့်နှယ်လဲ၊ လန့်သွားပြီလား"

"တောက် ... နင် လွှတ်ဆိုရင်နော်၊ မလွှတ်ရင် ငါ အော် ပစ်လိုက်မှာ"

မယ့်တစ်ကိုယ်လုံး သွေးကြောတွေ တဒိန်းဒိန်း ဆောင့်ခုန်ကျင်တက်သွားကာ မယ် ရင်ခုန်လွန်းလို့ အသက်ထွက် တတ် မျက်ဖြူဆိုက် ခံစားနေတာကို သူက တအိအိရယ်ပြီး ဆောင်ရယ်ပင်)မှ မယ့်ကိုယ်လုံးကို သူ့ရင်ဘတ်နှင့်ထိအောင် ဖက်ထားရာမှ ဖြေလွှတ်ကာ သူ့ကိုယ်လုံးကို တစ်ပတ်လှည့်ပြီး င်းသားစတိုင် ခငင်းလိုက်သည်။

အဲဒီနောက် ပခုံးတစ်ဖက်တွန့်ကာ သွားကြားထဲက ကာလာသည့်အသံနှင့် ...

"ဒီမှာ ... ဟော့၊ မင်း မြဲမြဲမှတ်ထားဖို့က မင်းရဲ့မူယာမာယာ များတဲ့ အကြည့်တွေကို ရုပ်သိမ်းပါ၊ မင်းရဲ့ စည်းမဲ့ကမ်းမဲ့ ထွက်တဲ့ (နှုတ်ခမ်းပဲ့)စကားတွေကို ရုပ်သိမ်းပါ၊ အေး ... မင်း မရုပ်သိမ်းဘူး ဆိုရင်တော့ မင်းနဲ့ငါ ပညာဆုံးအောင် မသင်ရဘဲ လင်မယားဘဝကို ဖြတ်သန်းရလိမ့်မယ်၊ ငါ့ ဘဝမှာ မင်းကို လက်စားချေဖို့တစ်နည်းက မင်းဟာ ငါ့ မိန်းမဖြစ်ဖို့ တစ်ခုပဲ"



www.burmeseclassic.com

www.burmeseclassic.com



ကြည့်စမ်း ... အပြောကြမ်းပြီး မိုက်ရိုင်းတဲ့ကောင်။

ပါးချပစ်ဖို့ဆိုတာ ဒီအချိန်မှ ဘယ်လိုမှ အခွင့်မသာ ခဲ့တာမို့ မယ် သူ့စကားတွေကို ရင်ထဲမှာပဲ အနာကျင်ဆုံးပ ထည့်ပြီး သူ့အရှေ့ကနေ ကမန်းကတန်း ပြေးထွက်လာခဲ့မိတော့ သည်။

စိတ်ထဲမှာ ရှက်ခဲ့မိတာ ...

ဘယ်လိုကြီး ခံစားရမှန်းတောင် မသိအောင် ပျက်သွားခဲ့ရလေသည်။

ဒီအချိန်မှာ မယ် နားလည်လိုက်သည်မှာ မယ် သူ့ ကို မျက်ရည်ကျပြီး အရှုံးပေးခဲ့ပြီးပြီပဲ ဆိုတာကို အိမ်ရောက်သည့် အချိန်မှာတော့ တောက်တခေါက်ခေါက်နှင့် မကျေမနပ်ဖြစ်သွ ခဲ့တော့သည်။

မယ် အဲဒီလို မကျေနပ်ဆုံး ဖြစ်နေချိန်မှာ သူ တော့ ...

မယ် သူ့အရှေ့ကနေ မျက်ရည်ကျပြီး ပြေးထွ လာခဲ့ပြီးပြီဆိုတာ သိလိုက်ရလို့ ကောင်းကောင်းကြီး ကျေနပ်သွ မှာ အမှန်ပင် ဖြစ်ပါလိမ့်မည်။

✤ ❦ ✤





ရင်ထဲက မုန်းတီးစိတ်တွေနှင့် တစ်ဖက် ဝရန်တာ ကို ဖျတ်ခနဲ လှမ်းကြည့်လိုက်သည်တွင် မယ့်မျက်ဝန်းထဲသို့ အင်္ကျီနီရဲရဲကလေးနှင့် ရှော့ပင်လေးဝတ်ထားသည့် နေစက္က တည့် တည့်မတ်မတ် ပစ်ဝင်လာခဲ့သည်။

ဒီပုံအတိုင်းဆို မယ် သူ့ကို "ပါးကျိုးမယ်"လို့ လက် ပါးတောင်ပြဖို့ အဆင်သင့် ဖြစ်သွားပြီမို့ မယ်က ရင်ထဲကအကြ တွေကို ချက်ချင်း အကောင်အထည်ဖော်ဖို့ ဆတ်ခနဲ မျက်နှာလေး ကိုအမော့ မယ့်အကြံကို သူက အရင်ဦးအောင် အရယူသွားခဲ့လေ သည်။

မယ် သူ့ကို ကြည့်လိုက်သည်နှင့် တစ်ပြိုင်နက် ရွှ နေသည့် သူ့မျက်လုံးနဲ့ ကျားတစ်ကောင်လို ဟိန်းထွက်လာသည့် သူ့စကားက ...

"ဒီ ငါ့ရဲ့ညာလက်ကို ကျိုးသွားအောင် လုပ်ခဲ့တဲ့ မိန်းမကို ငါ့ရဲ့ညာလက်သီးနဲ့ပဲ ထိုးပစ်အနိုင်ယူပြမယ်၊ စောင့်သာနေ"

ဟု အငြိုးတကြီးဆိုပြီး ဝရန်တာက လှည့်ထွက်သွား သည့်သူ့ကို မယ် ဘာမှပြန်မပြောလိုက်ရဘဲ ပါးစပ်ဟောင်းလောင်း ဖြစ်သွားရသည်။

ရင်ထဲမှာလည်း မခံချင်စိတ် ပိုပြီးကြီးသွားရပါသည်။

မိန်းမတစ်ယောက်နဲ့အပြိုင် ရန်လိုပြီး ယောကျ်ား ဆန်တဲ့ ယောကျ်ားကိုလည်း မယ် ပိုပြီးအထင်သေးမိသည်။

www.burmeseclassic.com



နင့်ကို ငါ ပိုပြီး အထင်သေးသွားပြီ နေစက္က။

နင့်ကို သနားခဲ့မိတဲ့ ငါ့ရင်ဘတ်ထဲက နှလုံးသားကို တောင် ငါ အမြင်ကတ်တယ် (ဒီနေ့ ဆေးကြောပစ်မယ်)ဟု ဆို ဖြတ်ချက် ချက်ချင်းချကာ ဘယ်လိုမှ လက်ခံကျေနပ်လို့မရသည့် နေစက္ကရဲ့ ကျင့်ထုံးတွေကို မယ်က ချက်ချင်းပြန်တိုက်ထုတ် လက်ထဲက hand phone ကလေးနှင့် သူ့ရဲ့ hand phone လေး ကို ချက်ချင်းလက်ငင်း ဆက်ပစ်လိုက်တော့သည်။

ကဲ ... နေစက္က၊ နင် ငါ့ကို ဘယ်လို ယှဉ်ပြိုင်ဦး မလဲ။

မယ်သမိန် ဆိုတဲ့ မိန်းမဟာ ဘယ်သူတစ်ဦး ယောက်အပေါ်မှ နောက်ဆုတ် အရှုံးမပေးတတ်တဲ့ (အနိုင် ကောင်းယူတတ်တဲ့ မိန်းကလေး)ဆိုတာကို နင် ကောင်းကော သိစေရမယ်။

မယ့်ရင်ထဲက စကားတွေက ဖုန်းလေးထဲ စီး ပျံ့နှံ့ဝင်သွားခဲ့မည် ဆိုပါက ဒီအချိန်မှာ မယ် ကောင်းကော ကျေနပ်မိမည်ဖြစ်သည်။

ဒါပေမဲ့ တစ်ဖက်က ကောင်လေးတစ်ယောက် တော့ မယ့်ဖုန်းမှန်း သိသိကြီးနှင့် မသိချင်ယောင်ဆောင်လျှက်

"ဟယ်လို ... မင်္ဂလာပါ"

ဘာညာ လုပ်လာသေးသည်။



အဲဒီလို ယောကျ်ားဖြစ်ပြီး ဉာဏ်များတာကိုလည်း ၊မယ်က တအားရွံကာ ခပ်နက်နက် အသံဖြင့်ပင် (အောင့်ကြောလန် သံ) ...

"ဟေ့ ... ဒီမှာ နေစက္က၊ နင်ဟာ ယောကျ်ားဖြစ်ပြီး မလို တမာစိတ်တွေနဲ့ ငါ့ကို ယှဉ်ပြိုင်လို့မရဘူး၊ နင်ဟာ ဘယ် လောက် မလိုတမာဖြစ်ပြီး ကောက်ကျစ် ကြိမ်းဝါးနေနေ လောလောဆယ် နင်ဟာ ငါ့ရဲ့စနက်ကြောင့် လက်ကျိုး သွားတဲ့ သူတစ်ယောက်ပါ၊ ကဲ ... နင်နဲ့ ငါ ယှဉ်မယ် လေ၊ နင့်ခြံအလယ်ကောင်မှာ ဖိုက်မလား၊ နင်ကပဲ ငါ့ကို လက်သီးနဲ့ အရင်ထိုးနိုင်မလား၊ ငါကပဲ နင့်ပါးကို အရင် ရိုက်နိုင်မလား၊ ကဲ ... စိန်လိုက် ... အိုကေ"

ဒီကနေ မယ်က စိတ်လိုက်မာန်ပါ ပြောနေတာကို သူက ပါးပါးလေး စတိုင်ခင်းပြီး တအိအိ ရယ်ချလိုက်ပြန်သည်။

"ဟွန်း ... ဟွန်း"

"ဟာ ... ဘယ်လိုလဲ၊ ကြားရတာနဲ့တင် နှမ်းသွားပြီလား၊ သနားစရာ ကောင်းလိုက်တာနော် ... ကျွတ်"

"သနားရုံပဲလား၊ ချစ်ရော မချစ်ချင်ဘူးလား"

"ထွီ ... ရွံစရာ ကောင်းလိုက်တာ"

"အခုနေတုန်းတော့ ရွံ့စရာကောင်းနေမှာပေါ့၊ နောင်မှ တမောင်တည်း မောင် ဖြစ်နေမှ ကုစရာဆေးမရှိဖြစ်မယ်





www.burmeseclassic.com

www.burmeseclassic.com



နော်၊ အခုကတည်းက ငါ အပြတ်ပြောထားမယ်၊ အဲဒီ ရောဂါကိုတော့ ငါ မကုတတ်ဘူး”

“ဟာ ... ချောင်သွားပြီ Brain ၊ ငါ့ကို မပြိုင်ရဲတော့လို့ သွပ်တွတ်တွတ် အူတူတူ ဖြစ်သွားပြီ၊ ဟော့ နေစမ်း၊ နင် ငါ့ကို မယှဉ်ပြိုင်ရဲရင်လည်း စိတ်ကျန်းမာရေးဆေးရုံကို အရင်သွားကုလိုက်ဦး”

သူ့စကားတွေကို မယ်က ဝုတ်ချလိုက်ပြီး လိုရင်းကို ပြန်ဆော်ထည့်လိုက်တော့မှ သူက စောစောက စကားကို သတိရသွားပုံဖြင့် အတန်ကြာ ငြိမ်သက်သွားလေသည်။

ပြီးတော့မှ ခပ်မှန်မှန် အသံဖြင့်ပင် ...

“ဆောရီးပဲ ... တစ်နေ့နေ့ တစ်ချိန်ချိန်မှာတော့ နင်ဟာ ငါ့ရဲ့ ဒီညာလက်သီးဒဏ်ကို ခံရမယ်ဆိုကြောင်း တရား ဝင် ကြေညာလိုက်တာပဲ၊ အကြောင်းမဲ့တော့ ငါ စိန်မခေါ် တတ်ပါဘူး၊ တစ်နေ့နေ့တော့ နင် ရင်ဆိုင်ရမှာပါ မယ် သမိန်”

“အဲဒီနေ့ကို ငါ သိချင်လိုက်တာ”

“သိချင်တယ်လား”

“အေး ... သိချင်တယ်”

မယ့်ရဲ့ရယ်စစအသံက သူ့ကို မခံချင်စိတ် ပိုကြီး သွားခဲ့ရသည်တင်သည်။





တစ်ဆောင့်ငြိမ်ကျသွားပြီးမှ ...

သူက ရင်ထဲက အလုံးလိုက် အခဲလိုက် မခံချင်သံ သီးနေသည့် အသံဖြင့် မယ့်ကို တိကျပိုင်နိုင်စွာ တစ်လုံးချင်းပြော ချလိုက်လေသည်။

သူပြောလိုက်သည့် စကားကတော့ ...

မယ့်နှလုံးသားနုနုလေးကို ကြက်သီးထ ရင်ခုန်ကြမ်း ချင်စရာ ဖြစ်သွားခဲ့ရသည်။ (ပြောသည့်စကားမှာ ...)

“နင် ... နဲ့ ... ငါ ... ညား ... တဲ့ ... နေ့”

တဲ့ ...။

ဆိုပါလား။

မယ် သူ့စကားတွေကို ဖုန်းကလေး ကိုင်ထားရာက နေ ပြုတ်ကျသွားသည်အထိ ကြောက်ရွံ့ရင်ခုန်သွားခဲ့ရသည်ကို တော့ စိတ်ထဲကနေ ရှက်ရှက်နှင့် ဝန်ခံလိုက်ရတော့သည်။

❖ ❦ ❖



www.burmeseclassic.com

www.burmeseclassic.com



## ၄

နွေရာသီကျောင်းပိတ်ရက်မှာ မယ်တစ်ယောက်တည်း ခြံထဲမှာ ထိုင်ခုံလေးချပြီး ဝတ္ထုတစ်အုပ်နဲ့ ငြိမ့်နေသည့်အချိန်မှာပဲ တစ်ဖက်ခြံက အာပေါင်အာရင်းသံနှင့် လှမ်းအော်လိုက်သည့်အသံက မယ့်ဇိလင်ကို ပျက်သွားစေခဲ့ရသည်။

မယ်က ဘာရယ်မဟုတ် တစ်ဖက်ခြံကို ဖျတ်ခနဲ မော့အကြည့် တစ်ဖက်ဝရန်တာမှာ အင်္ကျီအနီလေးနှင့် ဘောင်းဘီဖြူအတိုလေးကို ဆင်တူဝတ်ထားကြသည့် ကောင်လေးချောချောလေးနှစ်ယောက် (တစ်ယောက်ကတော့ မယ် မုန်းတဲ့ကောင်) တစ်ယောက်ကတော့ ရိုးသားဖြူစင်မှန်း သိသာပေါ်လွင်လှနေသည့် နေစက္ကတို့အရွယ် ကောင်လေးကို တွေ့လိုက်ရသဖြင့် မယ့်ရင်ထဲ တစ်မျိုးလေး ခံစားလိုက်ရသည်။

အဲဒီခဏမှာပဲ မယ် လှမ်းကြည့်နေတာကို မြင်လိုက်တာနှင့် ဝရန်တာကနေ နေစက္ကက ဆတ်ခနဲ ကျောခိုင်းပစ်လိုက်





ပြီး မယ့်ကို စိတ်ဝင်စားသည့် မျက်လုံးတွေနှင့် ကြည့်လာသည့် ကောင်လေးကို ကွယ်ရပ်လိုက်လေသည်။

တောက် ... စိတ်ကောင်းမရှိလိုက်တဲ့ကောင်။

"အဟင်း ဟင်း ... ငါ့မြားချက်တော့ ရောက်လာရပြီပေါ့ နေစက္ကရယ်"

လို့ပဲ မယ်က ထိုကောင်လေး ချောချောကိုကြည့်ပြီး စိတ်ကူးယဉ် ကောင်းနေသည့် အချိန်မှာပဲ ...

"ဒိုင်း"

ခနဲ မြည်သံနှင့်အတူ နေစက္ကလက်ထဲ ကိုင်ထားသည့် ဘောလုံးကလေးက မယ် စာဖတ်နေသည့် အရှေ့တည့်တည့်သို့ ပစ်ရောက်လာခဲ့လေသည်။ အဲဒီဘောလုံးကလေး ရောက်လာတာနှင့် တစ်ပြိုင်နက် ....

မယ်က ဆတ်ခနဲ တစ်ဖက်ခြံကို မော့ကြည့်လိုက်ပြန်ရာ နေစက္ကက ပခုံးနှစ်ဖက်တွန့်ပြီး မယ့်ကို လက်သီးထောင်ပြလာတာမို့ ဒါ တမင်ရန်စတာပဲဆိုတာ မယ် တန်းသဘောပေါက်လိုက်သည်။

အဲဒီတော့လည်း မယ်တို့က ကြာသလားလို့မမေးနဲ့။

အရှေ့ကိုရောက်လာတဲ့ ဘောလုံးကလေးကို ကယ်ကြေးနဲ့ ထိုးဖောက်ပစ်ဖို့ ဆုံးဖြတ်ချက်ဖြင့် မယ်က ခပ်သွက်သွက်ပင် အိမ်ပေါ်ကို ပြေးတက်လာခဲ့လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီနောက် ဗီရိုထဲက ကတ်ကြေးလေးကို ဆွဲယူလာပြီး အောက်ထပ်သို့ပြေးဆင်းလာကာ စောစောက သူ တမင်လှမ်းပြီပစ်လိုက်သည့်(ရန်စ) ဘောလုံးကလေးကို ကတ်ကြေးဖြင့်ဖွခနဲ ထိုးဖောက်ပစ်လိုက်သည်။

"ကဲ ... မှတ်ထား၊ နင်နဲ့ပတ်သက်သမျှပစ္စည်း ငါ့ခြံထဲရောက်ရင် တစ်ခုမှ အကောင်းအတိုင်း မရစေရဘူး"

မယ်က ပါးစပ်ကလည်းပြော၊ ရှုံ့ခနဲ လေရှုံ့သွားသည့် ဘောလုံးကလေးကိုလည်း ခြေထောက်နှင့် ပြားကပ်သွားအောင် တက်နင်းပစ်လိုက်သည်။

"အဟင်း ... ဟင်း ... နင်က ရန်စတော့လည်း ငါက ရန်ထောင်ပေးရတာပေါ့၊ အိုခေ ... သိပ်မကြာခင် နင့်ပြဿနာရောက်လာတော့မယ်၊ ဟ ... ဟ ... ပျော်လိုက်တာ"

တစ်ယောက်တည်း မယ်က ရန်သူကို စောင့်ဆိုင်းနေသည့် အချိန်မှာပဲ ထင်သည့်အတိုင်း ဓာတ်လမ်းတစ်ပုဒ်ထဲက ဓာတ်ကောင် ကောင်လေးက မယ့်ဆီသို့ တည့်တည့်မတ်မတ်ရောက်ရှိလာခဲ့ပြီဖြစ်သည်။

ခြံတံခါးဝကနေ တရှုံ့ရှုံ့လုပ်ပြီး လှမ်းခေါ်လာသည့် ကောင်လေးကို မယ်က မျက်လွှာလေး မသိမသာ ချထားပြီး မသိဟန်ဆောင်နေလိုက်သည်။

"ရှတ် ... ဟိတ် ... ဟိတ်"





အသံကလည်း ဟိုကျားကြီး နေစက္ကနဲ့များ ကွာလိုက်တာ။ ယောကျ်ားမပီသလိုက်တဲ့ အသံသေး အသံပျော့။

ဒီလို အသံပိုင်ရှင်မျိုးကို မယ် လုံးဝမနှစ်သက်ပါ။

ဒါပေမဲ့ သူဟာ သံ့ရဲ့ပစ်မှတ်(ပစ်ကွင်း) ထဲသို့ တည့်တည့် မတ်မတ်ကို ရောက်လာခဲ့ရပြီဖြစ်သည်။

"ဟိတ် ... ရှတ် ... ရှတ်"

ဒီတစ်ခါတော့ မယ် မသိချင်ယောင် မဆောင်နိုင်တော့ဘဲ ကောင်လေးကို တည့်တည့်မတ်မတ် စိုက်ကြည့်ပစ်လိုက်သည်။

ကောင်လေးက မယ့်အကြည့်တွေကို အိုးတိုးအမ်းတမ်း ရှက်ကိုးရှက်ကမ်း ဖြစ်သွားပြီး ခေါင်းကလေးကုတ် နှုတ်ခမ်းလေးချွန်ကာ ...

"သူငယ်ချင်းလေး"

လို့ ခေါ်လာပြန်သဖြင့် မယ် နှုတ်ခမ်းလေးပြုံးလွှလွှ ဖြစ်သွားရသည်။

ဟွန်း ... ကောင်လေးက အလာကြီးပါကလား။

လာဆို နေစက္က သူငယ်ချင်းပဲ။

အဲဒီနေ့ နေစက္က သူငယ်ချင်းမို့လို့လည်း မယ်က စိတ်ထဲက အချဉ်တူးဆုံး မျက်လုံးတွေနှင့် မယ့်ကို သူငယ်ချင်းလေးလို့ ခေါ်လိုက်သည့် ကောင်လေးကို မျက်ခုံးပင့်လျက် းဆတ် မေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ"

"ကျွန်တော့်ဘောလုံးကလေး ဒီခြံထဲရောက်လာလို့ ကျွန်တော် လာကောက်တာ၊ ခြံတံခါးကလေး ဖွင့်ပေးပါဦး၊ ဒါမှမဟုတ် ကျွန်တော့်ကို ဘောလုံးကလေး ကောက်ပေးနိုင်မလား ... ဟင်"

"ရာရာစစ ကောက်မပေးနိုင်ပါဘူး၊ ဘကြီးရေ ... သူ့ကို ခြံတံခါးလာဖွင့်ပေးလိုက်ပါ"

နင့်မို့ဆို ခြံတံခါး လာမဖွင့်ခိုင်းပါ။

ဘောလုံးကလေးကို တမင်သက်သက် မြင်စေချင်လို့ကို သူ့ကို ခြံထဲအဝင်ခံလိုက်တာဖြစ်သည်။

ခြံသံပန်းတံခါးကို ဘကြီး ဖွင့်ပေးပြီးချိန်မှာတော့ ကောင်လေးက ကျီးကန်းတောင်းမှောက် မျက်လုံးတွေနှင့် ခြံထဲကို ဝေ့ဝဲကြည့်လာချိန် မယ်က ရယ်ချင်လွန်းလို့ နှုတ်ခမ်းလေးကို စေ့ကြိတ်ထားလိုက်ရသည်။

အဲဒီအချိန်မှာပဲ ကောင်လေးက ဘောလုံးပြာပြာလေးကို မမြင်ဘဲ မယ့်အရှေ့သို့ မယောင်မလည် ရပ်လာကာ မယ့်ကို မဝံ့မရဲကြည့်ပြီး ခေါင်းကလေးကုတ်လျက် ...

"ဟို ... ကျွန်တော့် ဘောလုံးကလေး ဘယ်နေရာမှာ တွေ့မိသလဲဟင်"





ဘောလုံးလေးကို ရှာမတွေ့တော့တဲ့အဆုံး ကောင်လေးက မဝံ့မရဲ မေးတာကို မယ်က မျက်လုံးကလေး မှေးစင်းပြီး လူဆိုးဂိုဏ်းဗိုလ်သမီးလို စတိုင်ခင်းလိုက်ကာ ခါးမတ်မတ်ရပ်လျက် ...

"ယူ့ဘောလုံးလား"

"ဟုတ်ကဲ့"

"ဟိုမှာလေ၊ အသေအချာမှ မရှာဘဲ"

မယ် လက်ညှိုးညွှန်ပြသည့် နေရာလေးကို ကောင်လေးကကြည့်ပြီး အလန့်တကြား ထအော်လိုက်လေသည်။

"ဟ ... ဘယ်လိုဖြစ်တာလဲ၊ ဘောလုံးက"

အလန့်တကြား ထအော်လိုက်သည့် ထိုကောင်လေး မျက်နှာလေးကိုကြည့်ပြီး မယ် ခပ်မဲ့မဲ့လေး ပြုံးလိုက်မိသည်။

မယ် မဲ့လိုက်တာကို ကောင်လေးက နားမလည်နိုင်စွာကြည့်ပြီး ကတ်ကြေးနဲ့ အထိုးဖောက်ခံထားရသည့် ဘောလုံးပြာပြာလေးကိုလည်း အံ့ဩစွာကြည့်နေလေသည်။

သူ့စိတ်ထဲမှာ ဘာတွေများ သုံးသပ်နေသည်မသိ။

အတန်ကြာမှ ကောင်လေးက မမျိုသိပ်နိုင်ပုံဖြင့် နဖူးလေးကို သူ့လက်ဖဝါးနဲ့သုပ်ပြီး လျှာလေးကို တစ်ချက်သိမ်းလိုက်ကာ ...

"ဘယ်လိုဖြစ်တာလဲဗျာ၊ ဘောလုံးက အကောင်းကြီးကနေ"



www.burmeseclassic.com

www.burmeseclassic.com



"တို့ ထိုးဖောက်ပစ်လိုက်တာလေ၊ ဒီကတ်ကြေးနဲ့၊ နေစက္ကူနဲ့ သက်ဆိုင်တဲ့ပစ္စည်း၊ လူပုဂ္ဂိုလ်မှန်သမျှ တို့နဲ့သက်ဆိုင်တဲ့ အရာဝတ္ထုတွေအပေါ် တစ်စက္ကန့်တောင် အကောင်းအတိုင်း မနေစေချင်ဘူး၊ မမြင်ဘူးလေ၊ အခု ယူ့က နေစက္ကူနဲ့ ပတ်သက်တဲ့လူ ဖြစ်တဲ့အတွက် ယူ့ဘောလုံးကို တို့ ကောက်မပေးနိုင်လို့ ယူ့ကိုဝင်ကောက်စေတာ၊ တို့က နေစက္ကူနဲ့ ပတ်သက်တဲ့သူကို လုံးဝအလိုမရှိဘူး။ ကဲ ... ယူ ပြန်တော့"

"ဗျာ"

ကောင်လေးက မယ့်စကားတွေကို အတော်လန့်သွားပုံဖြင့် "ဗျာ"ခနဲမြည်သွားပြီးမှ အရမ်းအံ့ဩသွားသည့် မျက်လုံးတွေနှင့် မယ့်ကို ပြူးကြောင်ကြောင်ကြီး ကြည့်နေတုန်းမှာပဲ မယ်က ကောင်လေးကို အနိုင်ပိုင်းကာ ခေါင်းက ဆံပင်အိအိကလေးတွေ လေထဲခါထွက်သွားအောင် ချာခနဲ လှည့်ထွက်လာခဲ့တော့သည်။

ကဲ ... နေစက္ကူရေ ...

ငါတော့ နင့်ကို ထပ်စိန်ခေါ်လိုက်ပြီ။

နင် ဘယ်လိုကျရှုံးမလဲ ဆိုတာကို ငါစောင့်ကြည့်မယ်။

✤ ❦ ✤





"ဟော့ကောင် ... ဘယ်မလဲ၊ မင်းသွားယူတဲ့ ဘောလုံးကလေး"

လက်ထဲမှာ ဘောလုံးပါမလာခဲ့တာကို တန်းသဘောပေါက်သည့် နေက သူ့ကို လက်ညှိုးကြမ်းကြမ်းကြီးထိုးပြီး ဟိန်းဟောက်လာခဲ့သည်။

သူကတော့ (ဟိုကကောင်မလေး)ရုပ်ရည်နဲ့ မလိုက်အောင် ခွပ်ထည့်လိုက်တာကို ခေါင်းတကုတ်ကုတ်လုပ်ပြီး ...

"ထားခဲ့တယ်"

လို့ မပွင့်တပွင့် ပြောလိုက်တော့ နေ့မျက်နှာကြီးတစ်ခုလုံး တင်းမာအေးစက်သွားလေသည်။

ဒီကောင် စိတ်ဆိုးဒေါသထွက်မှာကိုတော့ သူ အလွန်နှိုးရိမ်သွားရသည်။

နေက စိတ်ဆိုးဒေါသထွက်ရင် နှလုံးအောင့်ပြီး သတိလစ်မတတ် ခံစားတတ်လို့ပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူကသာ နေ့အတွက် စိုးရိမ်ခဲ့ဂေမယ့် နေကတော့ လက်သီးလက်မောင်းတန်းပြီး ဒေါသတကြီး ကြိမ်းလာခဲ့သည်။

"တောက် ... မင်းကိုက အရူးထုံထုံနဲ့ အသုံးကိုမကျပါဘူးကွာ"

"ဟာ ... မင်း ဗွတ်ကောမနေနဲ့၊ ဒီမှာ ငါအရက်ကွဲလာတာတော့ ဘာမှမသိဘူး၊ ဒါကြောင့် ငါသွားမယူချင်ဘူးလို့ ပြောတာ၊ မင်း မကောင်းလို့ အခုတော့ ငါဆိုတဲ့ကောင်က မိန်းကလေးတစ်ယောက်ရှေ့မှာ အဖိုးမတန်တဲ့ လူ့အလေးစိတစ်ယောက်အဖြစ် အပြောခံလိုက်ရပြီ"

"ကဲ ... ပြောစမ်းပါဦး၊ သူက မင်းကို ဘာတွေပြောလိုက်သလဲ၊ တစ်လုံးမကျန် ငါ့ကိုပြန်ပြော၊ ငါ သူပြောတာထက် အဆတစ်ထောင်သာအောင် ပြန်ချေပြမယ်၊ မင်း စော[င့်]ကြည့်နေ"

"တော်ပါပြီကွာ၊ သူ့မျက်နှာကို ငါ ဒုတိယအကြိမ် ရ[င်]မဆိုင်ပါရစေနဲ့၊ မျက်နှာက မထိလေးစား ပမာမခန့်နဲ့ ငါ ကြောက်လွန်းလို့ပါကွာ၊ အဲဒီကောင်မလေး မျက်နှာမှမျက်[နှာ]မောင်းက ယောကျ်ားတစ်ယောက်ကို ကောင်းကောင်းကြီး အနိုင်ယူနိုင်မယ့်ရုပ်"

"အေး ... သူ့ဘာသာ ဘာရုပ်ဖြစ်ဖြစ် ငါရှင်းမယ်၊ မင်းသာ သူပြောတဲ့စကားကို တစ်ခွန်းမကျန်အောင် ပြန်ပြောစမ်းပါ၊ မင်း ငရိုး ငအ ပုံစံနဲ့ ကူလာရပြီ မဟုတ်လား"





မင်းဝသုံ မခံနိုင်သည့် စကားလုံးနှင့် ကိုင်ပေါက်လိုက်တော့မှ မင်းဝသုံက ဆတ်ခနဲ ခေါင်းထောင်မတ်လာခဲ့ပြီး ဖြစ်ကြောင်းကုန်စင်တွေကို တစ်လုံးမကျန် ပြောလာခဲ့သည်။

မင်းဝသုံ စကားအဆုံးမှာတော့ သူ ပြင်းထန်စွာ တောက်တစ်ချက် ခေါက်လိုက်ပြီး အံကြိတ်ကြိမ်းလိုက်သည်။

"တွေ့ရမယ်၊ နေစက္ကူဟာ ဘယ်လိုယောကျ်ားဖြစ်ကြောင်းကို ကောင်းကောင်းသိရစေမယ်"

သူ လက်သီးထောင် ကြိမ်းဝါးလိုက်ကာ ခေါင်းကို ဆတ်ခနဲ မော့လိုက်ချိန်မှာ တစ်ဖက်ဝရန်တာကနေ သူတို့စကားပြောနေတာကို လက်ပိုက်ပြီး မတ်တတ်ရပ်ကြည့်နေသည့် မယ်သမိန်ကို တွေ့လိုက်ရသဖြင့် သူ ပိုပြီးခေါင်းမွေးထောင် ထသွားရသည်။

အဲဒီလောက်အထိ သူ ဒေါသထွက်သွားရတာဖြစ်သည်။

"ငါ သွားမယ်၊ ဒီမိန်းမ ကျူးကျော်နေတာ ဘယ်နှခါရှိပြီလဲ၊ ငါ လုံးဝ သည်းမခံနိုင်တော့ဘူး"

သူမကို မြင်လိုက်တာနှင့် သူ ဘယ်လိုမှ ထိန်းချုပ်သို့မရတော့ပါ။ မင်းဝသုံနှင့် ရပ်စကားပြောနေရာမှ သူ ချာခနဲ လှည့်ထွက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ဟော့ကောင် နေ၊ မင်း မသွားနဲ့ ပြဿနာထပ်ဖြစ်ရင် လွယ်မှာမဟုတ်ဘူး၊ ရန်ငြိုးရန်စ မပွားကြပါနဲ့ကွာ၊ ရန်သူကို ကျေပေးတော့ နှလုံးအေးတာပေါ့၊ ငါ့ကို အပြောခံရသလို အပြောခံချင်လို့လား မင်းက"

"မင်းလို ငါ မနုံဘူးကွ၊ နားလည်လား မင်းဝသုံ"

သူ ခေါင်းကိုထောင်မတ်ပြီး ရင်ကော့ကာ တစ်ဖက်ခြံသို့ ဒေါသတကြီး လျှောက်လာခဲ့သည်။

"ဗျို့ ... ဦးတိုး"

ခြံထဲမှာ မြက်ရှင်းနေသည့် ဦးတိုးကို ခပ်ကျယ်ကျယ်လှမ်းခေါ်လိုက်တော့ ဦးတိုးက ဆတ်ခနဲ လှည့်ကြည့်လာသည်။

"ဘာကိစ္စရှိလို့လဲ နေစက္ကူ"

"မယ်သမိန်နဲ့ တွေ့ချင်လို့ပါ၊ သူ့ကို ဒီခြံဝကို လာခဲ့ပါလို့ ပြောလိုက်ပါ"

သူက သံပြတ်နှင့် ဟစ်ပြောလိုက်တော့ ခြံစောင့်အဘိုးကြီးက တင်းမာသွားသည့် မျက်လုံးတွေနှင့် သူ့ကိုကြည့်ပြီး ကျောခိုင်းထွက်သွားပါတော့သည်။

သုံးမိနစ်လောက်ပဲ သူ စောင့်လိုက်ရသည်။

အဘိုးကြီးက တင်းမာနေသော မျက်နှာနှင့် ပြန်ရောက်လာသည်။





"မောင်ရင် ... အကြောင်းကိစ္စ မရှိဘဲနဲ့ အကြောင်းရင်းမဟုတ်တာလေးနဲ့ မယ်သမိန်က သူ့ခြံရှေ့မှာ လာမရပ်နဲ့လို့ ပြောလိုက်တယ်"

ခြံစောင့်ကြီးက ပြောပြီးတာနဲ့ သူ့အရှေ့ကနေ ချာခနဲ လှည့်ထွက်သွားတော့ သူက ခြံသံပန်းတံခါးကို တဒုန်းဒုန်း ဆွဲခါလိုက်ပြီး လည်အစ်သံကြီးနှင့် ...

"ဒီမှာ ... ဦးတိုး ပြောလိုက်ပါ၊ မယ်သမိန် ကောင်းကောင်းဆင်ခြင်နေလို့ နေစက္ကူဟာ တခြားယောကျ်ားတွေနဲ့မတူဘူးလို့ ပြောလိုက်ပါ၊ ကျားနဲ့မှ လာမကစားချင်နဲ့လို့ မယ်သမိန်ကို ဆက်ဆက်ပြောလိုက်ပါ"

သူ ပြောချင်ရာ ပြောလိုက်ရပြီမို့ ရင်ကော့ပြီး သူတို့ခြံရှေ့က လှည့်ထွက်လာခဲ့သည်။

နေနှင့်ဦးပေါ့ မယ်သမိန် ...

မင်း နာရီပိုင်းလောက်ကလေးတော့ ဇိမ်ခံလိုက်ဦးပေါ့။

သူ အငြိုးကြီးစွာဖြင့် ကြိမ်းလိုက်ပြီး လက်သီးကို တင်းတင်းဆုပ်ကာ အိမ်ကိုပြန်လာခဲ့သည်။

"ဘယ်နှယ့်လဲ နေစက္ကူ၊ တွေ့ခဲ့လား"

"မတွေ့ဘူး၊ ဒီမိန်းမ ငါ့ကိုလာပြီး ကျောနေတာ၊ တောက် ... ငါ့ကို ဒီလိုလာကျောလို့ ဘယ်တော့မှ မရဘူး၊ နေစက္ကူဟာ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူ့ကိုမှ အကျော့မပေးဘူး၊ နောက်တွေ့ရင်တော့လား ကွာ၊ မှတ်လောက်သားလောက်ကို ဆုံးမပြမယ်"

"ဟာ ... နေ၊ မင်း ဒီလောက် ဒေါသမကြီးနဲ့လေ၊ မင်း မှာက နှလုံးရောဂါအခံ ရှိတယ်လေ"

"ဘာ ... နှလုံးရောဂါလည်း ဂရုမစိုက်ဘူး၊ ဒေါသဖြစ်ပြီး သေသွားရင် သေသွားပစေ၊ ငါ့ဒေါသကိုတော့ ငါမလျှော့ နိုင်ဘူး ဟော့ကောင်"

"ဒါဆို မင်းက အဲဒီကောင်မလေးကြောင့် အသေခံနိုင်တယ် ပေါ့ ... ဟုတ်လား"

"ဝသုံ ... မင်း ပါးစပ်ပေါက် ပိတ်ထားစမ်း၊ မင်း ဘာမှ မသိဘဲနဲ့ မျက်လုံးကန်းစကား မပြောနဲ့"

ဝသုံ့ကို လက်ညှိုးငေါက်ငေါက်ထိုးပြီး သူ အံကြိတ် ပြောလိုက်ချိန်မှာ သူ့ရင်ဘတ်တစ်ခုလုံး မီးပွင့်သွားသလို ဖြာခနဲ ရှူးတက်သွားပြီး အောင့်တက်သွားတော့သည်။

နောက်ဆုံးမှာ သူ ဒဏ်မခံနိုင်တော့ဘဲ အိပ်ရာပေါ် ပြေးဝင်လိုက်ပြီး ဝမ်းလျားကြီး မှောက်ချကာ မျက်စိစုံမှိတ်ချပြီး အော်ပစ်လိုက်တော့သည်။

"အား ... ငါ့နှလုံးတွေ အောင့်လာပြီ၊ ဝသုံ ... ငါ့ဗီရိုထဲ က Nitrol ဆေးလေး ပေးစမ်း၊ ပြီးတော့ ငါ့အခန်းထဲ Aircon ဖွင့်ပေးစမ်း"





"အေး ... အေး ... မင်း စိတ်လျှော့ချလိုက်၊ ငါ ဆေးယူ ပေးမယ်၊ Aircon လည်း ဖွင့်ပေးမယ်"

သူ့ကိုကြည့်ပြီး ဝသုံ ပျာပျာသလဲ ဖြစ်သွားရကာ ဗီရိုထဲက ဆေးတစ်ပြားကို ထုတ်ပေးလာခဲ့ပြီး Aircon ကိုလည်း ဖွင့်ပေးလာခဲ့တော့မှ သူ့ရင်ထဲက မွန်းကျပ်မှုများ အနည်းငယ်ပြေ လျော့သွားသလို ခံစားလိုက်ရတော့သည်။

အတန်ကြာ အသက်ဝဝရှူပြီးမှ မှိတ်ထားသည့် မျက်လုံးကိုဖွင့်ကာ ရင်ဘတ်ကို ဖိထားသည့် လက်နှစ်ဖက်ကို ဖယ်ထုတ်လိုက်ပြီး ...

"ဟား ... အစုတ်ပလုတ်မလေး၊ ငါ့ကိုနှိပ်စက်တာ၊ ငါ့ကို သေအောင်လုပ်နေတာ၊ တစ်စက်မှ စိတ်ကောင်းရှိတဲ့ ကောင်မလေး မဟုတ်ဘူး"

"အေး ... ဟုတ်တယ်၊ စိတ်ကောင်းကတော့ အသက်တစ် ခါရှိုက်တာတောင် မရှိဘူး၊ ကြောက်စရာ မိန်းကလေးကွ"

"သူ့ကိုကြောက်ရအောင် သူက ဘာကောင်မမို့လို့လဲ၊ ဒီ တစ်ခါတော့ မျက်နှာချင်းဆိုင်တိုးလို့ကတော့ မျက်ခွက် ကို ပြုတ်ထွက်အောင် လက်သီးနဲ့ကို ဆွဲထိုးပစ်လိုက်မယ်"

"ဟာ ... အဲဒီလိုကြီးတော့ မလုပ်လိုက်ပါနဲ့ကွာ"

"လုပ်မယ်၊ လုပ်ကိုလုပ်ရမယ်၊ မိန်းမသော ဘာသော နား မလည်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အေး ... ချက္ကာ၊ ငါ စောင့်ကြည့်မယ်"

နောက်ဆုံးတော့ ဝသုံက သူ့ကိုယ်သူ စိတ်တိုင်းကျ လေသံ လိုက်လိုက်တာကို သူလည်း ပါးနပ်သူပီပီ နားလည် သဘောပေါက်ပြီး ငြိမ်နေလိုက်ရသည်။

ဒါပေမဲ့ စိတ်ထဲမှာတော့ အဲဒီမိန်းမကို နည်းနည်းမှ မကျေနပ်ခဲ့မိတာ အမှန်ပင်ဖြစ်သည်။

✤ ❦ ✤





## ၂

မတွေ့ချင်လို့ အတတ်နိုင်ဆုံး ကွင်းကွင်းရှောင်နေခဲ့သည့် သူမကို ဒီကနေ့မှာမှ တည့်တည့်တိုးရသည့်အဖြစ် ရောက်ခဲ့ရသည်။

ပန်းဆိုးတန်းက စာအုပ်အငှားဆိုင်ထဲကို သူနှင့် ဝသုံ လှမ်းဝင်ပြီး စာအုပ်ငှားပြီးတာနဲ့ အနောက်ဘက်ဆီက ခြေသံကြောင့် ဖျတ်ခနဲ လှည့်အကြည့် သူတို့နှစ်ယောက်ကို ဂျင်းဘောင်းဘီထဲ လက်နှစ်ဖက်နှိုက်ပြီး နှုတ်ခမ်းလေးမဲ့စိုက်ကြည့်နေသည့် သူမကို တွေ့လိုက်ရသဖြင့် သူ့မျက်လုံးတွေ စူးတောက်သွားရလေသည်။

ဒေါသနှင့် မျက်လုံးအရောင်တွေ စူးလက်သွားပြီးမှ သူမ အခံရခက်သွားအောင် ထိမထင်စတိုင်ခင်းကာ မျက်နှာကို ချာခနဲလှည့်ကာ ဝသုံ့အရှေ့ကနေ သူကလည်း ဂျင်းဘောင်းဘီကို လက်နှိုက်ပြီး ကြွကြွကလေး ရင်ကော့ထွက်လာခဲ့လိုက်သည်။

www.burmeseclassic.com



အဲဒီအချိန်မှာပဲ မထင်မှတ်ဘဲ ပြဿနာက စတင်ခဲ့တာဖြစ်သည်။

"အစ်မ ... လွန်းထားထား အခုလထွက်စာအုပ် ရှိသလား"

"အခုတင် ဒီက မောင်လေး ငှားသွားတယ် ညီမရဲ့၊ နောက်ရက်မှ ယူပါလား"

"ဩော် ... ရပါတယ်၊ ကိစ္စမရှိဘူး အစ်မ"

မယ်က ဖျတ်ခနဲအကြဲဖြင့် ကောင်လေးအနောက်ကို အမီလိုက်လာခဲ့သည်။

အဲဒီနောက် ကောင်လေးအရှေ့မှာ ခပ်နွဲ့နွဲ့လေးကာ ရပ်လိုက်ပြီး ကောင်လေးကို အနူးညံ့ဆုံး မျက်လုံးလေးတွေနှင့် (ရင်ဘတ်ထိအောင်) စိုက်ကြည့်လိုက်ကာ အချိုသာဆုံး အသံက လေးနှင့် ...

"ဟို ... ဒီက ... ဒီစာအုပ်ကို ဘယ်နရက်ကြာအောင် ဖတ် မှာလဲဟင်၊ တကယ်လို့ ရက်ကြာမယ်ဆိုရင် တို့ကိုအရင် ပေးငှားပါလား၊ တို့က စာဖတ်မြန်တယ်၊ တို့ဖတ်ပြီးမှ ယူဖတ်ပါလား၊ နောက်ရက်တွေမှာ တို့က ပုဂံသွားစရာရှိ လို့၊ တို့ကို အဲဒီစာအုပ်ကလေး အရင်ပေးငှားလိုက်ပါလား ဟင်"

မယ် တောင်းဆိုလိုက်တာကို ကောင်လေးက အားနာသွားသလို အိုးတိုးအမ်းတမ်း ဖြစ်သွားချိန်မှာ နေစက္က





ဝမာမခန့် ထရယ်လိုက်ပြီး ပခုံးနှစ်ဖက်ကို ရုပ်သေးကြိုးဆွဲလိုက်သလို ပစ်တွန့်ပစ်လိုက်လေသည်။

အဲဒီလို ရုပ်သေးရုပ်ပေါက်အောင် တွန့်ရုံနဲ့အားမရသေးဘဲ ရယ်ဟဟအသံဖြင့် မယ့်မျက်နှာကို ရီဝေ့ဝေ့ တစ်ချက်စိုက်ကြည့်ကာ ...

"သနားစရာ ကောင်းနေပါလား၊ မင်း ဒီရက်အတွင်း ဘာဖြစ်နေတာလဲ၊ ကြည့်ရတာ အတော့်ကို သနားဖို့ကောင်းနေတယ်"

"ဒီမှာ နေစက္က၊ နင် ငါတို့ကိစ္စထဲ တစ်စက်မှ ဝင်မပါနဲ့ ဟေ့၊ ဒီမှာ ယူ ... တို့ကို အဲဒီစာအုပ်ကလေး ပေးငှားလိုက်ပါလားဟင်"

"အဓိပ္ပာယ်မရှိတဲ့ ပေါသွပ်သွပ်စကားတွေနဲ့ လာမလုံးစမ်းနဲ့၊ မင်းပညာလောက်တော့ ဟောဒီလို ဟောဒီလို ဖျော်ပစ်လို့ရတယ်"

သူက လက်မနဲ့ လက်ညှိုးကို ပွတ်ချေပြသလိုလုပ်ပြီး သူ့သူငယ်ချင်းကို ကားထဲအတင်းဆွဲသွင်းလိုက်သည်။

"ဟေ့ကောင် ... ဝသုံ၊ ကားပေါ်တက်စမ်း၊ ဦးလေးရေ ... ကားမောင်းထွက်တော့"

တောက် ... ဘယ်လိုသတ္တဝါစားလဲ မသိဘူး။

တော်တော့်ကို အမြင်ကတ်ဖို့ ကောင်းတာပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုကောင်စားကို မယ် အရှုံးပေးဖို့ဆိုတာ လက်နောက်ကာသာ ခါပြလိုက်ဦးမည်။

လုံးဝအရှုံးမပေးနိုင်။

သူက ဒါဆိုရင် မယ်က ဟိုဟာလုပ်ပစ်မည်။

အခုလည်း သူ့ကိုတစ်ကွက်ကျော်ပြီး ကားဒရိုင်ဘာဦးလေးကြီးကို မယ် လက်ကာတားလိုက်မိပါသည်။

"ဦးလေး ... ခဏနေပါဦး၊ ကျွန်မ သူနဲ့စကားပြောစရာလေးရှိလို့"

"ဘာပြောစရာရှိလို့လဲ မယ်သမိန်"

"ဘုရားရေ ... ယူက တို့နာမည်ကို သိနေပါလား"

မယ်က အံ့သြသွားသလို မျက်လုံးကလေးကို ကြာနှင့်စုဝိုင်းပစ်လိုက်ပြီး နှုတ်ခမ်းလေးချွန် မျက်ကြောလေးစင်းမေးလိုက်တော့ ကောင်လေးက အနည်းငယ် ရှက်သွားသလားမသိ။

သူ့ဆံပင် ထူသိပ်သိပ်တွေထဲ လက်ကလေးနှင့်ထိုးဖွပြီး အသံတိမ်တိမ်ကလေးနှင့် ...

"ဒီ ... ဒီကောင်နဲ့ ကျွန်တော်က သူငယ်ချင်းဆိုတော့ ..."

"အင်း ... အဟင်း ... ထားပါ၊ ဒါနဲ့ ယူ ဒီစာအုပ်ကို ဒီညပဲ အပြီးဖတ်လိုက်ပါလား၊ တို့ မနက်ဖြန်မနက်ပိုင်းလောက် ဖတ်ချင်လို့ပါ၊ နေ့လယ်ပိုင်းကို ပုဂံကိုသွားရမှာမို့လို့"





"ဟို ... အဲဒါဆိုရင်တော့ ရပါတယ်"

"ဟုတ်ပြီ၊ ဒါဆို ယူ့ Visiting Card ပေးပါလား၊ တို့ယူ့အိမ်ကို ကားဒရိုင်ဘာလွှတ်ပြီး စာအုပ်အယူခိုင်းလိုက်မယ်လေ"

"ဟုတ်ကဲ့ ... ရပါတယ်၊ ဒီမှာ ကျွန်တော့်ရဲ့ Visiting Card "

သူလှမ်းပေးလာသည့် Visiting Card ကလေးကို မယ်က ခပ်သွက်သွက်ယူလိုက်ပြီး ကောင်လေးကို ကျေးဇူးတင်သည့် မျက်ဝန်းဝိုင်းကလေးတွေနှင့် စိုက်ကြည့်လိုက်ကာ ...

"ကျေးဇူး သူငယ်ချင်း၊ တို့ မနက်ဖြန် ရှစ်နာရီလောက် ယူ့ဆီ ဖုန်းဆက်မယ်၊ ယူ ဘယ်မှသွားမနေနဲ့ဦးနော်"

"ကောင်းပါပြီ၊ ကျွန်တော့်ကို ခွင့်ပြုပါဦး မယ်သမိန်"

မယ်သမိန့်ကို ဒီတစ်ခါတော့ စကားဖြတ်ပြီး သူ့နေ့ကို မလုံမလဲ တစ်ချက်ကြည့်လိုက်မိသည်။

နေကတော့ သူ့မျက်နှာကို မကြည့်ဘဲ ဝေါခနဲမောင်းထွက်သွားပြီဖြစ်တဲ့ ကားရှေ့တူရူကိုသာ မျက်ခြည်မပြတ်ကြည့်ကာ တစ်စုံတစ်ခုကို အလေးအနက် စဉ်းစားနေသလို လုပ်နေခဲ့တာမို့ ...

သူ မနေသာတော့ဘဲ နေ့ပခုံးကြီးကို သိုင်းဖက်ကာ အမျိုးသာဆုံး အသံကလေးနှင့် ပြေရာပြေကြောင်း ချော့မော့နှစ်သိမ့်လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"နေ ... ငါကလည်းကွာ ဒီကောင်မလေးကို မလွှဲသာလို့ လက်ခံစကားပြောလိုက်ရတာပါကွာ၊ ငါ့စိတ်ထဲမှာ ဘယ်နှစ်မြို့မလဲကွ"

သူ အဲဒီလို ချော့လိုက်တော့မှ နေက မျက်ခုံးနက်နက်ကြီးနှစ်ခု ထိမတတ် စုကျုံ့ထားရာမှ အနည်းငယ်ဖြေချလိုက်ပြီး ခေါင်းတစ်ချက် ယမ်းလိုက်လေသည်။

"အေး ... ငါပြောချင်တာက မယ်သမိန် မင်းကို ချဉ်းကပ်တာဟာ ဘယ်နည်းနဲ့မှ ကောင်းတဲ့နည်းနဲ့ ချဉ်းကပ်တာမဟုတ်ဘူးဆိုတာပဲ၊ ငါတို့ညီအစ်ကိုအရင်းလို ချစ်ကြတဲ့ သူငယ်ချင်းနှစ်ယောက်ကို ဒုက္ခပေးဖို့သက်သက် ချဉ်းကပ်တာပဲ"

"ငါသိတာပေါ့ကွာ ... နေရာ၊ ငါကလည်း ဒီလောက် မအဲ့သေးပါဘူး"

ဝသုံ့စကားကို သူ ကျေနပ်သွားခဲ့တာမို့ ဘာစကားမှ မပြောတော့ဘဲ စိတ်ထဲက တင်းကျပ်မှုတွေကိုပဲ ဖျော့ချပစ်ကာ ကားဆိုဖာကြီးကို စိတ်လွတ်ကိုယ်လွတ်ကြီး မှီချပစ်လိုက်တော့သည်။

✤ ❦ ✤





ဒီကနေ့နံနက် စောစောမှာပဲ သူ ဝသုံ့အိမ်ကို အကြဲကြီးကြီးနှင့် ရောက်ရှိသွားခဲ့သည်။

သူ ရောက်သွားသည့် အချိန်မှာ ဝသုံက အိပ်ရာမနိုးသေးဘဲ နှပ်နေသေးတာမို့ သူက ဝသုံ့ကိုယ်လုံးကြီးကို ခုတင်ပေါ်က ဆွဲချပြီး နိုးလိုက်ရသည်။

"ဟာ ... ဘာ ... ဘာလုပ်တာလဲကွ၊ မိမ်ပျက်လိုက်တာ ... ဟွန်း"

အိပ်ချင်မူးတူးသံကြီးနှင့် အော်လာသည့် ဝသုံ့ကို သူ မျက်ကြောတစ်ချက် စင်းကြည့်ပြီး ...

"ဟေ့ကောင် ... လုပ်မနေနဲ့ ထကွာ ... ထ၊ ငါပျှမ်းလို့ မင်း စကားပြော"

"ဟား ... ထူးတယ်၊ မင်းလောက် အပျင်းထူတဲ့ကောင် ငါ့ဆီကို စောစောစီးစီး ပေါက်ကျလာပုံထောက် [illegible] လာချောင်းတာပဲ ဖြစ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဟတ် ... ပုဏ္ဏားတော် မင်းဝသုံပဲ"

"ကွက်တိပဲလား"

"အင်း ... ကွက်တိပဲ၊ ငါ မင်းဖတ်တဲ့ စာအုပ်ကို လာယူတာ၊ ကဲ ... ထ ... ထ ... ညက ဝတ္ထုဖတ်ရတာ အရသာရောရှိရဲ့လား၊ အဲဒီဝတ္ထုကို ငါ ဒီနေ့ဖတ်မယ်ကွာ၊ မင်းတို့က ဝတ္ထုသဲကြီးမဲကြီးဖတ်တော့ ငါလည်း ဖတ်ချင်လာပြီ၊ ငါက ဘာမှမဖတ်ဘဲနေတော့ မင်းတို့ထက် တစ်ဆင့်လျော့နေသလိုကြီး၊ မင်းဝတ္ထု ငါယူလိုက်မယ်၊ ငါဖတ်ပြီးမှ မယ်သမိန့်ကိုပေး၊ ငါဖတ်တာ မကြာပါဘူး၊ သုံးနာရီလောက်ပါပဲ"

ပြောပြောဆိုဆို သူက စားပွဲပေါ်က လွှန်းထားထားစာအုပ်ကို ဆတ်ခနဲ ကောက်ယူပြီး ခါးကြားထဲ ထိုးထည့်လိုက်သည်။

"ဟာ ... နေ၊ အဲဒီလိုတော့ မလုပ်ပါနဲ့ကွာ"

"လုပ်တယ်ကွာ၊ လုံးဝမရတော့ဘူး"

"ဟာ ... ငါ ... ငါတောင်းပန်ပါတယ်၊ မင်း အဲဒီလိုတော့ မလုပ်ပါနဲ့ကွာ၊ မင်းက ဝတ္ထုမဖတ်ဘဲနဲ့ သက်သက်ကွာ"

ဝသုံ အသည်းအသန် ဖြစ်နေတာကို သူ အချဉ်ပြုံးကလေးနှင့် စိုက်ကြည့်ပြီး တဟက်ဟက် ရယ်လိုက်သည်။

"အဟက် ... ဟက်"





"မရယ်နဲ့ကွာ ... နေ"

"ဟကောင် ... မင်း ဘာဖြစ်နေတာလဲ၊ ငါက မင်းသူငယ်ချင်းနော်၊ မင်း သူငယ်ချင်းထက် ဘယ်သူ့ကိုမှ ဦးစားပေးစရာ မလိုဘူး"

"ဟားကွာ ... ငါက တမင်သက်သက် ကတိမတည်တဲ့ယောကျ်ား ဖြစ်သွားမှာပေါ့၊ သူက ပုဂံကို ခရီးသွားစရာရှိသေးတယ်လေ၊ သူ့ကိုအရင် ပေးဖတ်ပြီးမှ မင်းဖတ်ပါကွာ၊ သက်သက် ငါက ကတိမတည်တဲ့ယောကျ်ားအဖြစ် မခံပါရစေနဲ့ကွာ"

"ဟ ... ဘာဆိုင်လို့လဲ၊ မင်းနဲ့ သူက အခုမှတွေ့ကြရတဲ့သူ၊ ငါက သူငယ်ချင်း အရင်းခေါက်ခေါက်ကြီးပါကွာ၊ မင်း ဘာမှစကားရှည်မနေနဲ့၊ သူ့ဘာသာ ငမ်းငမ်းတက်ဖတ်ချင်ရင် နိုပြင်ဆိုင်က ငှားဖတ်လိမ့်မယ်၊ ငါ ဒီနေ့ မင်းတို့အိမ်မှာ ထမင်းစားမယ်၊ ထမင်းပိုချက်နိုင်းလိုက်ဦး"

"အေးပါကွာ၊ ဒါ ပြောစရာလိုတာမှတ်လို့ ပြောစရာလိုတာက စာအုပ်ကိစ္စ"

"ရှစ်(ထ်)"

"ကိုးပါကွာ"

"ကဲပါ ... ကိုးတွေ တစ်ဆယ်တွေ လုပ်မနေနဲ့၊ သွား ... မျက်နှာသစ်ပြီး Breakfast စားလိုက်ဦး၊ ငါ မင်းခုတင်မှာ ငြိမ့်လိုက်ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



နေစဉ္ဆ မျက်လုံးစုံမှိတ်ပြီး ဝသုံ ခုတင်ကြီးပေါ် တုံးလုံးပစ်လှဲချလိုက်သည်။

ဝသုံကတော့ သူ့ကို တပ်လန့်သွားလေပြီ။

ရှုံ့မှုံ့ ရှုံ့မှုံ့ မျက်နှာကြီးနှင့် တဘက်ကြီးကို ဆွဲယူ ပြီး အခန်းထဲက လှည့်ထွက်မလို့ ခြေလှမ်းပြင်လိုက်ချိန်မှာ စားပွဲပေါ်က ဝသုံ hand phone ကလေးက တတူတူ မြည်လာ တော့သည်။

"တူ ... တူ ... တူ"

"ဟော ... ပြောရင်း ဆိုရင်း ပေါ်တော်မူလာပြီ၊ မင်း ဖုန်း ဟဲ ဟဲ ... ကိုင်လိုက်ဦး"

"ဟင်း"

သူ့ကို မျက်စောင်းကြီးရွယ်ပြီး "ဟင်း"ချလိုက်သည်။ ဝသုံကို သူက မျက်စိဖတ်ခနဲ မှိတ်ပြလိုက်သည်။

သူ မျက်စိမှိတ်ပြလိုက်တာကို ဝသုံက ကျစ်တစ်ချက် စုပ်ပြီး စားပွဲပေါ်က တတူတူ မြည်နေသည့် ဖုန်းကလေးကို ကောက်ဖွင့်နားထောင်လိုက်လေသည်။

"ဟယ်လို ... မယ်သမိန်လား၊ ကျွန်တော်ပါ"

"မင်းဝသုံ ... တို့ ပြောထားတဲ့စာအုပ် ပြီးပြီလား"

"ပြီးတော့ ပြီးပါပြီ၊ ဒါပေမယ့် နေ အတင်းယူသွားလို့ သူ ဖတ်ပြီးမှ မယ်သမိန် ဖတ်ပါတဲ့၊ သူက သုံးနာရီလောက်





ဖတ်မယ်တဲ့၊ သူ ပြီးရင် ကျွန်တော် ဆက်ဆက်လာပို့ပါ့ မယ်"

"ဟာ ... တို့ အရင်ပြောထားတာပဲ၊ တို့ကို အရင်ပေးမှ ပေါ့၊ သူက ဒီလိုစိတ်ကောင်းမရှိ ကြားဖြတ်ပြီး ယူရအောင် ဝတ္ထုစာတမ်းရသကို ဘာရသမှန်းမသိတဲ့ လူစားက အလကား ဒါ တို့ယူမယ်မှန်းသိလို့ သူ ယူတာ၊ မင်းဝသုံ ... တို့ ယူ့ကိုခင်ပါတယ်၊ ဒါကြောင့် တို့ ယူ့ကို Boy friend အဖြစ် သတ်မှတ်တယ်"

"အေးဗျာ ... ကျွန်တော် မယ်သမိန့်ကို အားနာလိုက်တာ၊ ဘယ်လိုအားနာမှန်း မသိဘူး။ ဟိုလေ ... ဘယ်လိုမှမထင် ပါနဲ့နော်၊ ကျွန်တော် သူ ပြီးရင် စာအုပ်လာပို့မယ်နော်"

"တို့က အခု လိုချင်တာ"

"ဒုက္ခပါပဲဗျာ၊ သူက ယူပြီးသွားဗျ၊ အားနာလိုက်တာဗျာ"

အခုပဲ သွားပေးတော့မယ့်စတိုင်ဖြင့် အားနာစကား ပြောနေသည့် ဝသုံ့ကို သူ ချဉ်တူးသွားရသည်။

စိတ်ထဲ အချဉ်ပေါက်ကာ ဖျတ်ခနဲ မင်းဝသုံလက် ထဲက ဖုန်းကလေးကို ဆွဲယူပစ်လိုက်သည်။

သူ လှမ်းယူလိုက်တာကို ဝသုံက မျက်လုံးကြီးအပြူး သား ကြည့်နေဆဲမှာပဲ တစ်ဖက်က မယ်သမိန့် အသံက ဖုန်း ကြားပြင်းကတ်စွာ ကြားလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်လို ... မင်းဝသုံ ငြိမ်လှချည်လား"

"အင်း ... စဉ်းစားနေတာပါ၊ မယ်သမိန် ကိုယ်လည်း ဘာမှမတတ်နိုင်တော့ဘူးကွာ၊ နေစက္ကက ပြောတယ် မယ်သမိန်ဟာ ကိုယ့်သူငယ်ချင်းကို အများဆုံးဒုက္ခပေးခဲ့တဲ့ သူပဲတဲ့၊ ကိုယ် မယ်သမိန်နဲ့ ရင်းနှီးရမှာကြောက်တယ် နေစက္က ပြောပြချက်အရ မယ်သမိန်ဟာ ကြောက်စရာ အကောင်းဆုံး မိန်းကလေးတစ်ယောက်ဖြစ်မှန်း ကိုယ်သိ ခဲ့ရတယ်၊ ဒါကြောင့် မင်း ကိုယ်နဲ့မခင်ချင်ပါနဲ့၊ ဒါ မယ်သမိန်"

ပြောချင်သည့်စကားကို ပြောလိုက်ရသဖြင့် ဘယ်လိုကျေနပ်သွားမှန်းမသိ ဖြစ်သွားရကာ မျက်နှာကြီးပြုံး သွားပြီး ဖုန်းကလေးကို လေကလေးချွန်လျက် ဖျတ်ခနဲ ပိတ် လိုက်ကာ စားပွဲပေါ် ပစ်တင်လိုက်သည်။

ကဲ ... ဘာတတ်နိုင်သေးလဲ မယ်သမိန်။

မင်း ငါ့ရဲ့အတတ်ပညာတွေကို လုံးဝလိုက်လို့ ပါဘူး ... ဟွန်း ဟွန်း။

နောက်ဆို မင်း ငါ့ရဲ့လှည့်ကွက်တွေထဲမှာ တစ်ခွ ပြီးတစ်ကွက် ပျော်ဝင်စေရတော့မှာပါ။

"နေ ... နေ ... မင်း ဘယ်လိုပြောလိုက်တာလဲကွာ"





သူက အကြံကြီးကြီး ကြံနေချိန်မှာ ဝသုံကတော့ ငိုသံကြီးနှင့် သူ့လက်မောင်းကို ဆွဲခါပြောလာသဖြင့် သူ မျက်နှာ ပိုပြီးတည်တင်းသွားခဲ့ရသည်။

မျက်နှာတည်ဖြင့်ပင် ဝသုံ့ကို တစ်ချက်နင်နင်စိုက် ကြည့်ကာ ခေါင်းဆတ်လျက် ...

"အေး ... အဲဒီလို ပြောလိုက်တာပဲ၊ မင်းက သူ့ကို အပေါင်းအသင်း လုပ်ဦးမလို့လား၊ ငါ့အပေါ် ဒီလောက်အထိ နှိပ်စက်ထားခဲ့တဲ့ မိန်းမတစ်ယောက်ကို မင်းက ခင်နိုင် တယ်ပေါ့ ... ဟုတ်လား"

"ဟာ ... မခင်ပါဘူးကွာ၊ မင်းကလည်း"

"မခင်ရင် အနေသာကြီး၊ နောက်တစ်ခါ ဖုန်းမြည်ရင် မကိုင်တော့နဲ့"

ဝသုံကို ဒေါကြီးမောကြီးပြောပြီး သူ ကိုယ်လုံးတစ် ပတ်လည် လှည့်ပစ်လိုက်ချိန်မှာပဲ သူပြောတဲ့အတိုင်း ဖုန်းက မြည်လာခဲ့တော့သည်။

"တူ ... တူ ... တူ"

" ......... "

"တူ ... တူ ... တူ"

"နေ ... ငါ ... ငါ ... ကိုင်ရမှာလားဟင်"

ဝသုံက ခေါင်းတစ်ချက်ငုံ့ပြီး မပွင့်တပွင့် မေးလာ တော့ သူ စိတ်မကောင်း ဖြစ်သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်လုံးကြီးကို တစ်ပတ်လည်ပစ်ရာမှ ဖျတ်ခနဲ မင်းဝသုံနှင့် မျက်နှာချင်းဆိုင် တွေ့ရပ်လိုက်ပြီး ရင်ထဲက မောလှ ကြေကွဲသံကြီးနှင့် ...

"မင်း သဘောပါ ဝသုံ၊ ငါက မင်းရဲ့သူငယ်ချင်းပါ၊ ဘာမှမဆိုင်ပါဘူး၊ စောစောက ငါ မင်းကို ညီအစ်ကိုလို သတ်မှတ်ပြီး ပြောလိုက်တဲ့ စကားတွေအတွက် ငါ စိတ်မကောင်းပါဘူး"

သူ ဝသုံ့အရှေ့ကနေ လှည့်ထွက်လာခဲ့သည့် အချိန်မှာတော့ ဝသုံ တစ်ယောက် ဖုန်းဖွင့်နားထောင်မှာပဲ ဆိုတာ သူ သေချာစွာ ယုံကြည်လိုက်တော့သည်။

အဲဒီခဏအတွင်းမှာပဲ သူ့ရင်ထဲမှာ ဝသုံ့ကို မကျေနပ်မိသလို ဟိုမိန်းမကိုလည်း ပိုပြီးခါးသီးသွားခဲ့ရသည်။

"တောက် ... အဆွယ်မျိုးစုံကျွမ်းတဲ့ မိန်းမ၊ မင်း ငါနဲ့ တွေ့ရသေးတာပေါ့ကွာ"

လို့ပဲ သူ့ရင်ထဲက တိတ်တဆိတ် ကြိမ်းပစ်လိုက်မိသည်အထိပဲ သူ တတ်နိုင်ခဲ့သည်။





## ၆

"ဟော ... မင်းဝသုံ၊ အခုမှပဲ ပေါ်လာတော့တယ်"

ငါးရက်လောက်ကြာမှ လက်ထဲကို ပြန်ရောက်သည့် လွှန်းထားထား စာအုပ်ကလေးကိုကိုင်ပြီး သူ မယ်သမိန်တို့အိမ် ရောက်သွားချိန်မှာ မယ်သမိန်က အပြုံးနွေးနွေးတွေနှင့် ကြိုဆိုခဲ့လို့ သူ အသက်ရှူပေါက် ချောင်သွားရတာဖြစ်သည်။

အပြုံးနွေးနွေးလေးနှင့် သူ့မျက်နှာလေးကို ငေးကြည့်ကာ ခေါင်းညိတ်ကြိုဆိုလိုက်သည့် မယ်သမိန့်ကို သူကလည်း အရင်းနှီးဆုံး နှုတ်ဆက်လိုက်သည်။

"ပုဂံက ပြန်ရောက်တာ ဘယ်နှရက်ရှိပြီလဲဟင်"

"အင်း ... သုံးရက်"

လက်ကလေးသုံးချောင်းထောင်ပြီး မျက်လုံးကလေးပြူးကာ ဟက်ခနဲ ရယ်ပြလာသည့် မယ်သမိန့်ကို သူ ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com



ခင်မင်မှန်းမသိ ခင်မင်သွားမိကာ ရင်ထဲမှာ ငြိမ့်ငြိမ့်လေး ကြည်နူးပြီး ခေါင်းကလေး ငုံ့ချလိုက်သည်။

ပြီးတော့ လက်ထဲက စာအုပ်ကလေးကိုလည်း အားနာပါးနာ စားပွဲပေါ်တင်ချလိုက်ကာ ခေါင်းငုံ့လျက်ကနေ ...

"ဟို ... မယ် ... အဲ ... မယ်လို့ပဲ တရင်းတနှီး ခေါ်လိုက်တော့မယ်နော်"

"အဟင်း ဟင်း ... ရပါတယ် မင်းဝသုံရဲ့"

"ကျွန်တော့်ကိုလည်း တရင်းတနှီး မင်းဝသုံလို့ မခေါ်ဘဲ ဝသုံလို့ ခေါ်လေ၊ စိတ်မဆိုးပါဘူး"

"အောင်မယ် ... တော်တော်လည်တယ်"

"မယ်ပဲ တို့ကို Boy friend ဆို"

"Chose friend "မှ မဟုတ်သေးတာ"

"အခု Close friend လုပ်လိုက်တော့"

"နစ်နာဦးမယ် မင်းဝသုံတော့"

"အဟား ... မယ်က အရှုံးခင်ဖို့ ကောင်းတာပဲနော်၊ ငါ နင့်ကို အရှုံးခင်တယ်"

"အခုမှ လာဖားမနေနဲ့"

"တကယ်ပြောတာ၊ ဒါနဲ့ မယ့်မေမေရော"

"မေမေက ကုမ္ပဏီထိုင်တယ်လေ၊ မင်းဝသုံ အေးအေးဆေးဆေးပဲ မဟုတ်လား၊ ငါ ကော်ဖီဖျော်လိုက်ဦးမယ်"





"ဟာ ... မလုပ်ပါနဲ့၊ အားနာစရာကြီး၊ ဖျော်ခဲ့နစ်ခွက်"

"ဟယ် ... ဝသုံက တော်တော်ခင်ဖို့ ကောင်းတာပဲနော်၊ နင့်သူငယ်ချင်းနဲ့တော့ ဆီနဲ့ရေပဲ"

အဲဒီလို ပြောလိုက်တော့မှ သူလည်း သူ့ကိုယ်သူ ဘာတွေပြောလိုက်မှန်းမသိသလို ခံစားလိုက်ရသည်။

အခုလို ပြောလိုက်မိပြီးခါမှ နည်းနည်းရှက်သွားသည့် မျက်လုံးတွေနှင့် သူ့အရှေ့က ထထွက်သွားသည့် သူငယ်ချင်းလို့ အသိအမှတ် ပြုသွားသည့် ကောင်မလေးကို သူ ရင်ခုန်စိတ်လှုပ်ရှားစွာ ငေးခနဲ စိုက်ကြည့်မိသွားရသည်။

အဖြူစပို့ရှပ် လက်တိုကလေးကို ဂျင်းဘောင်းဘီရှည်နှင့် တွဲဝတ်ထားပြီး ဆံပင်အစင်းလေးတွေကို ကပိုကရိုစည်းလျက် ဘာအပြင်အဆင် အခြယ်အသမှ မရှိဘဲ နပြီး ပန်းသွေးရောင်ပြေးနေသည့် မယ့်မျက်နှာချောချောကလေးကို သူ ရီဝေဝေငေးစိုက်ကြည့်နေရင်းမှ နေ့ကို ပြေးသတိရသွားသည်။

အင်း ...

ဒီလောက် နမူနာနေအောင် စင်းလုံးချော ချောနေတဲ့ မျက်နှာလေးကို နေ မုန်းနေတာဟာ အမုန်းအစစ် မဖြစ်နိုင်။

လုပ်မုန်းကြီးပဲ ဖြစ်နိုင်ခဲ့သည်။

ဒါပေမဲ့ နေ မုန်းတာက သူမရဲ့စိတ်ဓာတ်(အနိုင်ယူဒိုလ်ကျတတ်သည့်စိတ်ဓာတ်)ကို မုန်းခဲ့တာလားမသိ။



www.burmeseclassic.com

www.burmeseclassic.com



နေကတော့ သူမကိုမုန်းတာ သူသာ အတွင်းအသိဆုံး ဖြစ်သည်။

နေ မုန်းခဲ့ပေမယ့် သူကတော့ ဒီလောက်ချော ဒီလောက်လှသည့် မိန်းမကို အခွင့်အရေး အပိုင်ခံပြီး ရွတ်မျက်စိမှိတ်ပြီး မမုန်းနိုင်ခဲ့ပါ။

"ဟိတ် ... ဝသုံ၊ အမယ်လေး ... အိုင် ဒီကိုပြန်ရောက်တာ ကြာပြီ၊ တစ်ယောက်တည်း ဘာတွေ စိတ်ကူးယဉ်နေလဲ ... ပြော"

"သြော် ... အဟဲ ... ဒီလိုပါပဲ၊ မယ့်ကို စာအုပ်လာပေးရတာ ရက်ကြာသွားလို့ အားနာနေတာ"

"အင်း ... ဘယ်နှရက်ရှိပြီလဲ၊ ယူက အဲဒီစာအုပ်ကို ဆိုင်ကို ပြန်မအပ်ရသေးဘူးလား"

"ဆိုပါတော့၊ အခုမှ နေ့ဆီက ပြန်ရတာ"

"အင်း ... ဟင်း ဟင်း ... ယူ့သူငယ်ချင်းက လူမှမဟုတ်တာ"

"ဗျာ"

"သြော် ... လူစိတ်မဟုတ်ဘူးလို့ ပြောတာပါ"

"အဟား ... တော်ပါသေးရဲ့"

ခေါင်းက ဆံပင်ထူသိပ်သိပ်တွေကို ထိုးဖွပြီး ပြုံးစိ ရယ်ကျဲကျဲ ဖြစ်သွားသည့် ရိုးသားဖြူစင်သူ ကောင်လေးတစ် ယောက်ကို မယ် ခုတုံးလုပ်ပြီး အချဉ်ဖမ်းဖို့ သိပ်လွယ်သွားရသည်





မယ့်အရှေ့မှာ စတိုင်ဆောင်းဘီ နီညိုရောင်ကလေးနှင့် မိချောင်းစပို့ရှပ်အဖြူကလေး ဝတ်ထားတဲ့ ကောင်လေးဟာ နေစက္ကူနှင့် မယ်တို့ကြားမှာ ပစ်မှတ်တစ်ခုအဖြစ် မယ့်အတွက် ကစားစရာ ရသွားရသည်။

ကောင်လေးကတော့ မယ်ရဲ့ဟန်ဆောင်ခြင်းတွေကို ဘာမှမသိရှာဘဲ မယ့်အပြုံးနုနုလေးမှာ ပျော်ဝင်နေခဲ့တာ သနားစရာတောင် ကောင်းသေးသည်။

သူ့ကိုသနားစိတ်ဖြင့် မယ်က အပြုံးနုနုလေး ပြုံးပြလိုက်ပြန်ဟော့လည်း သူက ရိုးတုံးစွာဖြင့် မယ့်ကို အရည်တလက်လက် မျက်လုံးတွေနှင့် ပြန်စိုက်ကြည့်လာသဖြင့် မယ်က မေးတစ်ချက် ဆတ်ပြလိုက်ရသည်။

"ကော်ဖီသောက်"

"အင်း ... ဟွန်း"

"မုန့်စား"

"စားမှာပါ"

ကောင်လေးက ရိုးသားအေးဆေးသူလေး ဖြစ်နေတာက မယ့်ကို လုံးဝစိတ်မဝင်စားစရာ ဖြစ်သွားခဲ့ရသည်။

မယ်က ရိုးအေးပြီး အသံနုးညံ့သည့် ယောကျ်ားမျိုးကို လုံးဝစိတ်မဝင်စားတတ်ပါ။

မယ်နှင့်အပြိုင် ဓောင်းထောင်တတ်သည့် စိတ်ကြွပြီး ပြန်ချဲမည့် ယောကျ်ားမျိုးကိုပဲ စိတ်ဝင်စားသည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီယောက်ျားမျိုး ဆိုရင်တော့ မယ်နှင့် အနီးစပ်ဆုံးကတော့ နေစက္က တစ်ယောက်ပဲ ရှိလိမ့်မည်ထင်ပါသည်။

အင်း ... သူက မယ်နဲ့ပြိုင်တတ်သည့် ယောက်ျားပဲ။

ဒါပေမဲ့ သူ့ကို မယ် စိတ်မဝင်စားပါ။

မုန်းမိတာကလွဲပြီး လုံးဝစိတ်မဝင်စားခဲ့မိတာကိုတော့ မယ့်ကိုယ်မယ် အသိဆုံးပင်ဖြစ်သည်။

သို့သော် သူ့ရဲ့တစ်ကွက်ကျော လုပ်ရပ်တွေအတွက်တော့ ရင်ထဲမှာ အခံရခက်ခက်နှင့် လိပ်ခဲတင်းတင်းကြီး ဖြစ်ခဲ့ရတာတော့ ဝန်ခံမိသည်။

"ဟိုလေ ... မယ့်ကို ငါ နေနဲ့ပတ်သက်ပြီး တောင်းပန်ချင်လို့"

"ဟင် ... ဘာလဲ"

မယ် သူ့ကို စဉ်းစားခန်း ထုတ်နေတုန်း ပြောလိုက်သည့် စကားကြောင့် မယ့် မျက်နှာလေး ပွန္တေးသွားသည်အထိ ရင်ခုန်စိတ်လှုပ်ရှားသွားရသည်။

မယ် ရင်ခုန်သွားတာကို သူများ ရိပ်မိသွားသေးလားဆိုသည့် မလုံမလဲ အကြည့်လေးနှင့်လည်း မင်းဝသံကို စိုက်ကြည့်လိုက်ပြီး မယ် ဟဲခနဲ ရယ်လိုက်မိကာ စည်းထားသည့် ဆံပင်ကလေးကို အရှေ့ဘက်ဆီသို့ ပစ်ချလိုက်ပြီး သူနှင့်ပတ်သက်သမျှ ရင်ထဲက မကျေနပ်ချက်များ ရင်ပွင့်သွားတော့သည်။





"ဒါနဲ့ ... ဟိုတစ်ဖက်ခြံကပုဂ္ဂိုလ် စာဖတ်မှာ သုံးနာရီပဲကြာမှာဆို၊ အခုတော့ ငါးရက်ကြာမှ ပြန်ပေးရတယ်လား"

"အဲဒါကို ငါ ... တောင်းပန်ချင်တာ"

"အမယ်လေး ... တောင်းပန်မနေစမ်းပါနဲ့၊ သူငယ်ချင်းဖြစ်ပြီဆို၊ သူငယ်ချင်းဆို မတောင်းပန်ကြေး"

"မဟုတ်ဘူး၊ အားနာလို့ပါ"

"အားမနာပါနဲ့ ရပါတယ်ဆို၊ ဒါနဲ့ နင်က သူ ဒီဝတ္ထုကို တကယ်ဖတ်တယ်လို့ ထင်လို့လား"

"ဟွန်း ... အဲဒါတော့ မသိဘူး"

"မသိရင် မှတ်ထား။ သူ တကယ်မဖတ်ဖြစ်ဘူး၊ ငါ့ကို တစ်ကွက်ကျော်သွားတာ၊ နင် ဒီကောင်နဲ့ သူငယ်ချင်းဆက်ဖြစ်နေရင် နင့်စိတ်ဓာတ်တွေတောင် ကတ္တရာစေးရောင်ပေါက်သွားတော့မှာ"

"ဟာ ... အဲဒီလောက်အထိလည်း ငါ့သူငယ်ချင်းက မဟုတ်သေးပါဘူး"

"နင် မသိသေးပါဘူး၊ နင်က ငါ့အမြင်မှာ တကယ့် Innocence ကလေးပဲ"

မယ့်အပြောကို သူက မချိုမချဉ်ပြုံးသွားခဲ့လေသည်။

သူကတော့ သူ့ကိုယ်သူ လူလည်ကြီးသားသမီးလို့များ သတ်မှတ်ထားသလား မသိ။



www.burmeseclassic.com

လှလှည်ကြီး သူငယ်ချင်းကို အပေါင်းအသင်းလုပ်ထားတော့လည်း ပြောလို့မရ။

အနုခေတ်က ရိုးတဲ့ယောက်ျား လုံးဝမရှိ။

ဒါပေမဲ့ ဒီကောင်လေးကတော့ တကယ့်ကို မိကောင်းဖခင်သား ရုပ်ကလေးပေါက်သည်။

လူရည်မွန်လေးဟု ဆိုလျှင်လည်း မမှားခဲ့ချေ။

"ဟာ ... ကြည့်လှချည်လား၊ တို့ မနေတတ်တော့ဘူး"

သူက မယ်အကြည့်တွေကို တစ်မျိုးအတွေးပေါက်ပြီး မျက်နှာလေးကို လက်ကလေးနှင့် ကွယ်လိုက်တော့ မယ်က ပြုံးစိစိ ဖြစ်သွားရသည်။

သူ့ကိုများ မယ်က စိတ်ဝင်စားနေပြီဟု အပီယုံလိုက်ပြီလားမသိ။ (ထင်လေ ကောင်းလေ၊ ယုံလေ ကောင်းလေပါပဲ။)

သူ ဘယ်လိုယုံယုံ မယ်က ဂရုမစိုက်ဘဲ လက်ကလေးပိုက် နှုတ်ခမ်းလေးတွန့်လျက် ဆရာမကြီးအိုက်တင်ဖြင့် သူပေးလာသည့် စာအုပ်ကလေးကို တစ်ချက်ပုတ်ကာ ...

"တို့ ဒီစာအုပ်ကိုဖတ်ပြီးပါပြီ၊ ဒီပြင်ဆိုင်ကပဲ ငှားဖတ်လိုက်တယ်၊ တို့ကတော့ ကြိုက်တယ်၊ တို့က မိန်းမဆိုရင် ထက်တဲ့ဇာတ်ကောင်မှ ကြိုက်တာ၊ မိန်းမပျော့ရင် သိပ်မုန်းတာပဲ"





"မယ်က မယ့်စိတ်မာတတ်နဲ့တူတဲ့ ဇာတ်ကောင်ကို ဖတ်ချင်တယ်ပေါ့"

"ဒါပေါ့ ... ဒါမှ မြိုးမြို ်ကဲမြက် ရှိတာ၊ ဒါနဲ့ ယူ့သူငယ်ချင်းကရော ဒီဝတ္ထုကောင်းတယ်လို့ မပြောဘူးလား"

"ဟင့်အင်း ... ငါ မမေးမိဘူး"

"ဪ ... ဒါနဲ့ မင်းဝသုံ၊ အင်္ဂလိပ်ဝတ္ထုတွေ ဖတ်သလား၊ တို့ဆီမှာ မာဂရက်မစ်ချယ်ရဲ့ GONE WITH THE WIND ဝတ္ထု ရှိတယ်၊ ဖတ်မလား"

"အင်း ... ဖတ်မယ်"

"ဒါဆို အပြန်ကျမှ ယူ့ကို တို့ပေးလိုက်မယ်၊ ကျောင်းစာမရှိတော့ အေးအေးဆေးဆေး ဖတ်လို့ရတာပေါ့"

"အိုကေ

"မင်းဝသုံ ... ယူ့ကို မပြန်ခင် တို့ ပြစရာရှိသေးတယ်"

"ဟင် ... ဘာ"

"လာ ... ခြံထဲသွားရအောင်"

"ဟင်"

ခြံထဲဆိုသည့် အသံတစ်ခုက မင်းဝသုံရင်ကို လှိုက်ခနဲ တုန်တက်သွားရသည်။

ခြံထဲဆိုတော့ ဟိုကောင့် မြင်ကွင်းကြီး။

www.burmeseclassic.com



ဟား ... မတတ်နိုင်တော့။

လာမိပြီးကာမှ ငြင်းဖို့ဆိုတာ ဘယ်လိုမှ အင်အား မရှိတော့သလို မယ့်ကြိုးထဲကလည်း သူ ရုန်းထွက်ခွင့်မရခဲ့ပါ။

✤ ❦ ✤



# ၄

ခြံထဲမှာ သစ်ပင် ပန်းပေါင်းစုံလေးတွေကို စုံအောင် လိုက်ပြနေသည့် မယ့်ကို သူ ခေါင်းတညိတ်ညိတ် ထောက်ခံနေရ သေမယ့် လိပ်ပြာကတော့ လုံးဝမလုံတော့ချေ။

အခုလောက်ဆို နေက တစ်ဖက်ဝရန်တာကနေ ခါးနှစ်ဖက်ထောက်ပြီး သရော်ကောင်းနေလောက်ပါပြီ။

ဟင်း ... ဒုက္ခ။

သူ့မှာ အချစ်ဆုံးသူငယ်ချင်းကတစ်ဖက် အခုမှ ရင်းနှီးခွင့်ရတဲ့ သူငယ်ချင်းမလေးက တစ်ဖက်နှင့် ကြားထဲက ညှပ်ပူးညှပ်ပိတ် ဖြစ်နေခဲ့သည်။

သူ ညှပ်ပူးညှပ်ပိတ် မိနေတာကို သူမကတော့ ဆုံးဝဂရုမစိုက်ဘဲ သူမရဲ့ ဆန်းသစ်မှုလေးတွေကို တစ်ခုပြီးတစ်ခု ရှင်းပြလာခဲ့သည်။

"ငါက ဆန်းသစ်မှုလေးတွေကို သိပ်သဘောကျတယ် ဝသုံရဲ့၊ ဒါ ငါအမြဲရေကူးတဲ့ ရေကူးကန်လေ၊ ဒီစမ်းချောင်း



www.burmeseclassic.com

www.burmeseclassic.com



လေးက ငါပုံဖော်စိတ်ကူးပြီး လှုပ်ထားတဲ့ စမ်းချောင်းလေး ရေကန်နဲ့သွယ်ရက် စမ်းချောင်းလေးရဲ့နံဘေးမှာ တွေ့လား ပန်းတွေ၊ အဲဒါ ငါကိုယ်တိုင် ပြုစုမျိုးထောင်ထားတဲ့ပန်း တွေပေါ့"

အရောင်အသွေးမျိုးစုံဖြင့် လှပနေသော ပန်းမျိုးစုံကို ကြည့်ပြီး သူ ခေါင်းညိတ်ထောက်ခံလိုက်ရပေမယ့် ပါးစပ်ကတော့ ထောက်ခံမဲ မပေးနိုင်ခဲ့တော့ချေ။

ရင်ထဲမှာ နေမျှား ဝရန်တာကနေ သူနှင့်မယ်တို့ ရပ်ကြည့်နေမလားလို့ စိုးရိမ်စိတ်ဖြင့် ဖျတ်ခနဲ မော့အကြည့် အရောင်တောက်တောက် မျက်လုံးတွေနှင့် သူတို့နှစ်ယောက်ကို ပြုံးစိစိ စိုက်ကြည့်နေသည့် နေ့ကို တွေ့လိုက်ရသဖြင့် သူ့မျက်ဝန်း တွေ ပြာခနဲ မှုန်မှိုက်သွားခဲ့ရသည်။

ဟား ....

မဟာဒုက္ခတော့ ပတ်ပြီထင်ပါရဲ့။

"ရွှတ် ... ရွှတ်"

သူ ခေါင်းကလေးငုံ့ပြီး စိတ်ညစ်ညစ်နှင့် ဆံပင်ထဲ လက်ကလေးထိုးသွင်းလိုက်ချိန်မှာ တစ်ဖက်က ရွှတ်ရွှတ် အချက်ပေးလာသံက မယ့်မျက်လုံးတွေကို သိသိသာသာ အရောင် လက်သွားရလေသည်။

သူကတော့ ခေါင်းငိုက်စိုက်ချ ငုံ့လျှိုးသွားခဲ့ရပါပြီ





အဲဒီအချိန်မှာပဲ ...

"ဟိတ် ... ဝသုံ၊ ကြိုးစားထား၊ ကြိုးစားထား။ ဒီလောက် Favour ပေးနေတာ၊ အိုကေမှာ စိုပြည်စေရမယ်"

ဟု လှမ်းအော်လိုက်သံကြောင့် မယ့်ကို သူ ဘယ်လို မျက်နှာချင်းဆိုင်ရမှန်း မသိအောင် အားနာမျက်နှာပူသွားရသည်။

"ဟင် ... ဒါ နင့်သူငယ်ချင်း ငါ့ကို တမင်စော်ကားတာ ပဲ၊ ငါ လုံးဝ မကျေနပ်ဘူး သူနဲ့ရှင်းမယ်"

"ဟာ ... ငါ ... ငါတောင်းပန်ပါတယ် မယ်ရယ်၊ သူက ဒီလိုပဲ ပြောတတ်လို့ပါ၊ သူ့မှာ Heart disease ရှိနေတော့ ဒေါသထွက်တာ စိတ်ဆိုးတာတို့ကို သူ ဒဏ်မခံနိုင်ပါဘူး၊ သူက ငယ်ငယ်ရွယ်ရွယ်နဲ့ သနားစရာကောင်းပါတယ်၊ ငါ့သူငယ်ချင်းအကြောင်း ငါသိတယ်၊ သူက သိပ်ခံစားချက် ပြင်းထန်တယ်၊ တစ်ခါ တစ်ခါ စိတ်ထိနိုက်သွားရင် သတိလစ်သွားတယ်"

"ဟာ ... ဟာ၊ ငါက သနားတတ်တဲ့ မိန်းမတစ်ယောက်မှ မဟုတ်တာ မင်းဝသုံ၊ ရန်သူတစ်ယောက်ကို ငါ ဘယ်တော့ မှ မကျေအေးတတ်ဘူး၊ သူ့ကို ပြောလိုက်ပါ၊ ဒီကိစ္စအတွက် သူ ငါ့ကိုပေးဆပ်ရဦးမယ်လို့၊ တော်ပြီ ... တော်ပြီ၊ သူ့ အကြောင်းပြောတာနဲ့တောင် အချိန်ကုန်သွားပြီ၊ အင်း ... ငါ ရေကန်လေးရယ်၊ စမ်းချောင်းလေးရယ်၊ ပန်းတွေရယ် မလှဘူးလား၊ စိတ်မဝင်စားဘူးလားဟင် ဝသုံ"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ဝင်စားပါတယ်"

တစ်ဖက်စီးနင်း ပြောလာသည့် မယ့်ကို သူအထိုက်အလျောက် ပြောလိုက်ရသည်။

ဒီလိုမိန်းမမျိုးကို သူ ခင်တွယ်မိတာ များပြီထင်သည်။

"စိတ်ဝင်စားတယ်ဆိုရင် ဟိုမှာတွေ့လား၊ အိမ်လေးဆောက်ထားတာ"

"အင်း ... တွေ့တယ်၊ အဲဒါ ဘာလဲ"

"အဲဒါ ငါ့ရဲ့ တယ်လီရာ ခွေးခြောက်ကောင် အိမ်ကလေးလေ၊ ငါ့ခွေးလေးတွေ ဘယ်လောက် ချစ်စရာကောင်းပြီး လိမ္မာကြောင်း နင့်ကိုပြမယ်"

ခွေးများအကြောင်းကို အရေးကြီးခွယ်ကျယ်လုပ်ပြီး ကဆွေးတနွေး ရှင်းပြနေသော မယ့်ကို သူ တော်တော်အံ့သြသွားခဲ့ရသည်။

ဘယ့်နှယ် ... အရေးအရာမဟုတ်တဲ့ ခွေးအကြောင်းကို အရေးအရာလုပ် ပြောနေပါလိမ့်။

လူကိုတော့ စိတ်မဝင်စားဘူး။

ခွေးကိုတော့ စိတ်ဝင်စားသည်ပေါ့။

အခုလို စိတ်ဓာတ်မဖြူစင်သည့် မယ့်ကို သူဒေါ်တော် ဖြိုသွားရပါသည်။





ဒါပေမဲ့ ခွေးအိမ်ကလေးရှေ့ အရောက်မှာ ခွေးကလေးတွေက သူတို့သခင်မလေးဆီ အလုအယက် ပြေးလာကြပြီး အတင်းဖက်တက်နေကြတာကို သူ ချစ်ပေမယ့် စိတ်ထဲကတော့ ခံနေလိုက်မိသည်။ ဟွန်း ... ခွေးကျ အရေးစိုက်ပြီး လူကိုကျတော့ ဆောင်လိုက်တာ။

"ဟယ် ... တာမင် ... အယ်ဘော် ... နင်တို့တွေ ငြိမ်ငြိမ်နေကြကွာ၊ ဒီမှာ ဧည့်သည်ပါလာတယ်၊ သွားကြစမ်း၊ ကိုယ့်အိပ်ရာပေါ် ကိုယ်သွားအိပ်ကြစမ်း"

ခွေးများက သူတို့သခင်မရဲ့ အမိန့်အတိုင်း သူတို့အတွက် ခင်းထားသည့် ကော်ဇောချပ်ကလေးတွေပေါ် အသီးသီး တက်အိပ်လိုက်ကြသဖြင့် သူ တော်တော် အံ့သြသွားပါသည်။

ဒါပေမဲ့ ...

သူ ခွေးသခင်မကို မျက်မှန်းကျိုးလို့ ပြောင်ဖွင့်မချီးကျူးဘဲ ရေငုံနှုတ်ပိတ်နေလိုက်သည်။

ခွေးသခင်မကတော့ သူမခွေးကလေးတွေအကြောင်းကို မမောနိုင် မပန်းနိုင် စီကာပတ်ကုံး ပြောနေခဲ့သည်။

အတော့်ကို ခွေးချစ်တဲ့ မိန်းမ ...

"မင်းဝသုံ ငါ့ခွေးကလေးတွေ မလိမ္မာလား ကြည့်စမ်း၊ သူတို့အိပ်ရာပေါ် သူတို့တက်အိပ်ကြတာ အိပ်ရာမမှားကြရဘူး၊ တွေ့လား"



www.burmeseclassic.com

www.burmeseclassic.com



ခွေးတစ်ကောင်အိပ်စာ ကော်ဇောချပ်ကလေးများပေါ်မှာ အသီးသီး နေရာယူပြီး ခေါင်းကလေးများစင်းကာ မျက်စိမှိတ် အိပ်သွားသော ခွေးများကို သူ ချစ်ခင်စိတ် ပေါက်သွားပေမယ့် ခွေးသခင်မကို အမြင်ကတ်စိတ်ဖြင့် ဘာတစ်ခွန်းမှ မတုံ့ပြန်ခဲ့မိပါ။

သူကတော့ သူ့ကို ဂရုမစိုက်ဘဲ ခွေးအကြောင်းကို မြိန်ရည်ရှက်ရည် ဆက်ပြောနေလေသည်။

"မင်းဝသုံ ... ကြည့်စမ်း၊ ငါ့ခွေးကလေးတွေ ဘယ်လောက်ချစ်စရာကောင်းသလဲဟင်၊ သိပ်အပြစ်ကင်းစင်တာပဲ၊ အပြစ်ကင်းစင်တဲ့ သတ္တဝါတိုင်းကို ငါ ခင်တတ်ပါတယ်၊ တို့အပြစ်မကင်းတဲ့ သူတွေကို မခင်တတ်ဘူး၊ နေစက္ကတို့မိသားစုဟာ လုံးဝအပြစ်မကင်းတဲ့ လူတွေမို့လို့ တို့ မခင်ခဲ့တာပဲ၊ တို့က တိရစ္ဆာန်ကလေးတွေအပေါ်မှာတောင် ဒီလောက်ခင်တွယ်နေခဲ့ရင် လူတွေအပေါ် ဘယ်လောက်ခင်တတ်တယ်ဆိုတာ နင် သိမှာပါ၊ ကဲ ... ငါတို့အိမ်ထဲပြန်ကြရအောင်"

ကြည့်စမ်း ...

ဘယ်လောက်ခံပြင်းစရာ ကောင်းလိုက်တဲ့ မယ်သမိန့်စကားလဲ။





သူ့ရဲ့ နေ့ကို ခွေးကလေးတွေနှင့် ဥပမာပြုကာ သူ့အခုလို နေ့ကိုယ်စား အပြောခံလိုက်ရတာ စိတ်မကောင်းခဲ့ပေမယ့် သူမကိုတော့ နှုတ်ဆက်ပြီး သူ လာစရာခရီးအတိုင်း ပြန်လာခဲ့တော့သည်။

သူ့စိတ်ထဲမှာတော့ မယ်သမိန်ရဲ့ ရိုင်းပျမှုတွေကို ...

"တော်ပါပြီ၊ နောက်တစ်ခါတော့ ဒီ မယ်သမိန်ကို"

ဆိုပြီး တီးတိုးရေရွတ်လိုက်မိပါတော့သည်။

✤ ❦ ✤



www.burmeseclassic.com

www.burmeseclassic.com



## ၇

ဒီနောက်ရက်ပိုင်းမှာ လုံးဝအဆက်အသွယ် ပြတ်သွားသည့် ဝသုံကို မယ် နည်းနည်းသတိရမိတာကလွဲပြီး၊ မယ်ကျောင်းစာကိုပဲ အာရုံစိုက်ထားခဲ့ပြီး ခြေရင်းခြံက မယ်မုန်းသည့် နေစက္ကကို တစေ့တစောင်း အကဲခတ်နေခဲ့မိသည်။

မယ် မုန်းပါသည်ဆိုသည့် သူကတော့ မယ်နှင့် တက္ကသိုက်အတူတက်ခွင့်ရပြီး ဝသုံကတော့ ဆေးတက္ကသိုလ်တက်ခွင့်ရသဖြင့် မယ်နှင့်သူသာ အတွေ့အမြင်များပြီး မျက်လုံးတွေနှင့်ပဲ မကျေပွဲနွှဲနေခဲ့သည်။

သူကတော့ မယ့်ကို လုံးဝအရေးမစိုက်သလိုနှင့် မယ့်အလစ်မှာ ခိုးခိုးကြည့်တတ်တာကို သိထားသည့် မယ်ကတော့ နှုတ်ခမ်းလေးမဲ့ပြီး လှလှလေး ပြုံးလိုက်မိသည်။

မယ့်ကြောင့် သူ့အသည်းနှလုံးကလေး "လှုပ်စိ — လှုပ်စိ" ဖြစ်သွားရင်ပဲ မယ်က ကျေနပ်သည်။





ဒါပေမဲ့ မယ်တို့နှစ်ယောက်ဟာ ဘယ်နေရာ ဘယ် ရှုထောင့်ကကြည့်ကြည့် ဘယ်သောအခါမှ သင့်မြတ်မည်မထင်။

အခုတလော့မှာတော့ ...

သူက ဘာတွေ စိတ်ကောင်းဝင်နေသည်မသိ။

မယ့်ကို နှစ်လိုသည့်မျက်လုံးတွေနှင့် စိုက်ကြည့်လာခဲ့ကာ တစ်ခါ တစ်ခါ မယ် ကြက်သီးတဖြန်းဖြန်း ထခဲ့ရသည် အထိ ဖြစ်ခဲ့ရသည်။

ဒါပေမဲ့ မယ်ကတော့ ကိုယ့်အကွက်ထဲ အမိအရဝင်လာပြီဖြစ်တဲ့ အကွက်တစ်ခုကို လက်ဆုပ်လက်ကိုင် နိုင်ခဲ့ပြီမို့ ဒီကနေ့မှာတော့ နှစ်လကျော်ကျော်ကြီး မယ့်ကို လုံးဝအဆက်အသွယ် မလုပ်လာခဲ့သည့် ကောင်လေးဆီ ဖုန်းခေါ်ပစ်လိုက်တော့သည်။

မယ် ဘာမှမစဉ်းစားဘဲ သူ့ဆီဖုန်းခေါ်ပြီး သိပ်ကြာခင်မှာပဲ ယောကျ်ားပီသမှု မရှိသည့် သူ့အသံတိုးတိုးလေးက ဖုန်းလိုင်းထဲကနေ နားကလောစွာ ကြားလိုက်ရပါသည်။

"ဟယ်လို"

"အင်း ... အခုမှပဲ အသံကြားရတော့တယ်"

မယ်က ရင်ထဲက မကျေနပ်ချက်တွေကို ဖွင့်အန်လိုက်သျှင် တစ်ဖက်က အသံတိတ်သွားပြီးမှ အားနာသံဝဲဝဲလေးနှင့်...

"မယ်လားဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါ့"

"မယ် ... တို့ကို စိတ်ဆိုးနေတာလား"

"ဆိုးတာပေါ့၊ ကျုပ်က အရင်ဖုန်းဆက်ရလို့လေ"

"အဟား ... မယ်ရယ်၊ ငါ့မှာလည်း ဆေးစာတွေကို အခု မှ ကျက်ဖူးတော့ တုန်နေအောင်ကို စာကျက်နေရတာ၊ နေ့အိမ်ကိုလည်း မရောက်ဖြစ်ဘူးလေ"

"အင်း ... ပြောတော့လည်း ယုံရဦးမယ်"

"ဘာလဲ၊ မယ်က မယုံဘူးလား"

"မယုံပါဘူး၊ ဘာကိစ္စ ယုံရမှာလဲ"

တစ်ဖက်မှ မယ့် အသံလေးက တစ်မျိုးလေးထူးဆန်းနေသလို သူ့ကို ချွဲသလို နွဲ့သလိုကလေး ဆိုလိုက်တာလေးက သူ့နှလုံးသားကို ကြက်သီးတဖြန်းဖြန်း ထသွားသည်အထိ စိတ်တွေလှုပ်ရှားသွားခဲ့ရလေသည်။

စိတ်တွေ လှုပ်ရှားလွန်းလို့ မျက်ဝန်းအစုံကို တင်းတင်းမှိတ်ချပြီး နှုတ်ခမ်းဖျားလေးကို လျှာကလေးဖြင့် တစ်ချက်သိမ်းလိုက်ကာ ရင်ထဲကလာသည့် အသံကလေးနှင့် ...

"ဒါဆို ယုန်ရုပ်ကိုရေးပြီး ရေတွေနဲ့ တအားမျှချပြမယ်"

"သွားစမ်းပါ၊ အခုမှ အလကား လာဆိုမနေနဲ့၊ ယူ့ကို တို့ ဖုန်းဆက်ချင်လို့များ ဆက်တယ်ထင်လို့လား"

"ဟင် ... ဒါဆို ဘာကိစ္စ"





"နေစက္က ကိစ္စ"

"ဟင် ... နေနဲ့ ဘာပြဿနာဖြစ်ကြပြန်ပြီလဲ"

သူက နေ့အတွက် အစိုးရိမ်ပိုသွားပြီး အလန့်တကြား လှမ်းမေးလိုက်တော့ တစ်ဖက်မှ မယ်က ရှူးရှူးရှားရှား ဒေါပွသွားလေသည်။

"အောင်မယ် ... ငါ့များ မိစ္ဆာတေး အောက်မေ့နေသလား"

"ဟဲ ဟဲ ... ဘာများဖြစ်သလဲလို့ စိုးရိမ်သွားလို့ပါ၊ ဟို ကောင်က Heart diseuse ရှိတော့ လန့်နေရတာ"

"သူ့သူငယ်ချင်း အခုတလော အူမြူးနေတယ်၊ အိုင့်ကို လည်း အလဲဖြုပြတယ်"

"ဟုတ်လား ... ကောင်းတာပေါ့"

"မကောင်းပါဘူး၊ သူ့ရင်ထဲမှာ အကြံတစ်ခုခုတော့ ရှိနေ လိမ့်မယ် ထင်တယ်၊ အိုင်ထင်ရင် မမှားဘူး၊ ယူတို့သူငယ် ချင်းနှစ်ယောက် အိုင့်အကြောင်းကို ဘာပြောမိသေးလဲ"

အသားလွတ်ကြီးကို တစ်ဖက်က စွပ်စွဲလာသည့် မယ့်စကားက သူ့ကို ဘာပြန်ပြောရမှန်း မသိအောင်ပင် အိုးတိုး အမ်းတမ်းကြီး ဖြစ်သွားခဲ့ရသည်။

ဒီရက်အတွင်း နေနှင့်လည်း သူမ ကောက်ကျစ်ဦး လဲတဲ့အကြောင်း မဆွေးနွေးခဲ့ဖူးသေးပါ။



www.burmeseclassic.com

www.burmeseclassic.com



အလိုလိုနေရင်း အခုလို စွပ်စွဲလာတယ်ဆိုတော့ သူကလည်း လူပီပီ ငုံ့ခံပစ် ခေါင်းငုံ့မခံနိုင်တော့ဘဲ ပက်ခနဲပြန်ပြောလိုက်မိတော့သည်။

"ဟ ... အသားလွှတ်ကြီးတော့ တို့သူငယ်ချင်းနှစ်ယောက်ကို မကောနဲ့နော် တို့က လူရိုးစိတ်တို့"

"အင်း ... ထားပါ၊ ယူ ... ဟော့ဟူ၊ တို့ ယူ့ကို တို့တက်တဲ့ကျောင်းကို အလည်တစ်ခေါက် ဖိတ်တယ်၊ မနက်ဖြန်ယူလာခဲ့ပါလား၊ ယူ့သူငယ်ချင်းကိုလည်း ခေါ်ခဲ့လေ၊ ယူ့ကို တို့ တွေ့ချင်တယ်၊ ယူ့သူငယ်ချင်းနဲ့ မနက်ဖြန်နေ့လယ် ဆယ့်နှစ်နာရီလောက် ကန်တင်းကို လာခဲ့မလားဟင်"

"အင်း ... လာခဲ့မယ်၊ နေနဲ့နော်"

"အိုကေ ... မလာရင် ရှုံးပြီလို့ ယူ့သူငယ်ချင်းကို ပြောလိုက်"

"ဒါဆို ဖုန်းပိတ်ပြီနော်"

"အေး ... See you tomorrow"

တစ်ဖက်မှ ခပ်သွက်သွက် ခပ်မြူးမြူး ပြောသွားပြီး ဖုန်းပိတ်သွားသည့် မယ့်ကို သူ ဘယ်လိုနားလည်ရမှန်းမသိအောင် ဦးနှောက်တွေ ပိန်းသွားရပြီဖြစ်သည်။





အင်း ... သူမက ဘာအကြံအစည်နဲ့များ သူတို့သူငယ်ချင်းနှစ်ယောက်ကို ကန်တင်းမှာတွေ့ဖို့ ချိန်းပွဲလုပ်သည်မသိ။

တစ်ခုခုတော့ ကစ်ခုခုပဲ ဆိုတာ အသေအချာ သိသည့်သူက နေ့ကို အကျိုးအကြောင်းပြောဖို့ နေ့ဆီကို ဆက်လက်ပြီး ဖုန်းခေါ်လိုက်ရလေတော့သည်။

✤ ❦ ✤



www.burmeseclassic.com

www.burmeseclassic.com



"နေလား"

"အင်း ... ပြော"

ထူးထူးခြားခြား ညကြီးအချိန်မတော် ဖုန်းဆက်လာသည့် ဝသုံ့ကို ဘာများဖြစ်လို့လဲလို့ သူ စိုးရိမ်သွားခဲ့ပေမယ့် တစ်ဖက်က အကြောင်းရင်းက ခေါင်းရင်းခြံက ကောင်မလေးဆီ ဦးတည်ခဲ့တာမို့ သူ့ရင်ထဲ အောင့်သည်းအောင့်သက်ကြီး ဖြစ်သွားရသည်။

"မင်း ခေါင်းရင်းအိမ်က ကောင်မလေး ငါ့ဆီ အခုပဲဖုန်းဆက်တယ်"

ဆိုသည့် ဝသုံ့စကားကို သူက မျက်မှောင်ကြီးကုတ်နားထောင်နေရင်းမှ ဝသုံ ဘာပြောလာဦးမလဲ ဆိုတာကိုပဲ စိတ်ဝင်စားသွားရသည်။

"အင်း ... ဆိုလေ"

"ဆိုလေဆိုတော့ ကောင်မလေးက ငါ့ကို ပုံပြောနေတာလား မသိဘူး၊ မင်းအကြောင်းကို ပြောတာကွ"





"သူက ငါ့အကြောင်း ..."

သူ အံ့သြလွန်းလို့ နှုတ်ခမ်းကို ဖိကိုက်ပြီး ငြိမ်လိုက်ချိန်မှာ ဝသုံ့အသံက ခပ်ရှရှ ထွက်လာခဲ့သည်။

"အင်း ... မင်း အံ့သြသွားသလား"

"နည်းနည်းအံ့သြတယ်၊ ညကြီးအချိန်မတော် မင်း စဉ်းစားကြည့်၊ မင်းကို ဖုန်းဆက်ပြီး ငါ့အကြောင်း ပြောတယ်ဆိုတော့ သူ ဆေးမှားသောက်မိတာပဲ ဖြစ်မယ်"

"ငါလည်း ထင်တယ်ကွ နေရ၊ မင်းက ဒီရက်အတွင်း သူ့ကို အလံဖြူပြနေလို့တဲ့"

"အောင်မယ် ... ကိုယ့်ထင်ကြေးနဲ့ကိုယ် ဟုတ်နေတာ"

"ဒါဆို မင်းကရော သူ ထင်သလို မဟုတ်ဘူးလား"

"No"

"ဟုတ်ရဲ့လားကွာ၊ အသေအချာ ပြန်ဆန်းစစ်စမ်းပါဦး"

"သူနဲ့ငါ့ကြားမှာ အလံဖြူဆိုတာ ဘယ်တော့မှ မရှိစေရဘူး"

"ထားပါကွာ၊ စောင့်ကြည့်ရတာပေါ့၊ နောက်မှ မယ်တောင်မပီလို့ မှယ် ... မှယ် ဖြစ်မယ်"

"အဲဒီဦးနှောက် ဝင်ရောက်ရင် ဖောက်ထုတ်ပစ်မယ်၊ ဒီကောင်မကိုများ မုန်းလွန်းလို့၊ သိပ်ဘုကျများတဲ့မိန်းမ၊ အခုလည်း ဘာအကြံနဲ့ မင်းကို ငါနဲ့ပတ်သက်ပြီး ထောက်ပြီး ပစ်ကပ်တယ် မသိဘူး၊ မင်း သတိထားနေ



www.burmeseclassic.com

www.burmeseclassic.com



"အေး ... သူက မင်းကိုပြောသေးတယ်ကွ၊ မင်းရင်ထဲမှာ သူနဲ့ပတ်သက်ပြီး အကြဲတစ်ခုခု ရှိနေတယ်တဲ့၊ ငါတို့နှစ်ယောက် သူ့ကွယ်ရာမှာ သူ့အကြောင်း ဘာပြောသေးလဲတဲ့"

"အောင်မယ် ... အလည်မ၊ သူ့လို မိန်းမလည်သိန်းကြွယ်မ မှတ်နေသလား"

"မင်းဆီကို သူ ဖုန်းဆက်သေးလား"

"ဆက်ရဲမလားကွ၊ ဆက်ကြည့်ပါလား၊ ပြောလွှတ်လိုက်မယ်"

သူ ဒေါကြီးမောကြီး ပြောလိုက်တော့ ဝသုံက တအောင့် ငြိမ်ကျသွားပြီးမှ နောက်ဆုံး အဆုံးသတ်ပြောလိုက်သည့် စကားက သူ့ရင်ထဲက အလုံးကြီးကို ပိုပြီးတင်းကျပ်ဆို့တက်သွားသလို ခံစားလိုက်ရတော့သည်။

"နေ ... သူက ပြောတယ်ကွ၊ မနက်ဖြန် သူတက်တဲ့ ကျောင်းကို အလည်လာခဲ့ပါတဲ့၊ မင်းပါ တစ်ခါတည်း လိုက်ခဲ့ပါတဲ့၊ မနက်ဖြန် ဆယ့်နှစ်နာရီ ကန်တင်းမှာ တို့ သုံးယောက် Peace လုပ်ဖို့များ သူ ချိန်းတာလား မသိဘူး မင်း မလာရင်တော့ သူက မင်းကို ဘယ်လိုသတ်မှတ်ဦးမလဲ မသိဘူး နေ၊ ရှုံးပြီ သတ်မှတ်မှာပဲ"

ဝသုံ့စကားက သူ့ကို မခံချင်စိတ် ရှန်းကြွသွားသည်။





ချက်ချင်းလက်ငင်းကြီး သူ တောက်ခေါက်ပစ်လိုက်ပြီး အံတစ်ချက်ကြိတ်ကာ ...

"အေး ... သူက အဲဒီလို သတ်မှတ်တော့လည်း ငါက နိုင်တယ်ဆိုတဲ့အကြောင်း အမှတ်အသား ပေးရတာပေါ့"

"ဘယ်လို အမှတ်အသားလဲ"

"ရောက်တော့ တွေ့မှာပေါ့ကွာ၊ အမုန်းဆုံးမိန်းမနဲ့မှ တက္ကသိုလ် အတူတူတက်ရတဲ့ဘဝ၊ ဘယ်ရေစက်လဲ မသိဘူး၊ ဟွန်း ဟွန်း ... သူကတော့ သူ့ကိုယ်သူ ကျောင်းမှာ Queen ဆိုပြီး ဘဝင်စွတ်မြင့်နေတာ၊ ဟာ ... ဟာ၊ ရယ်တောင် ရယ်ရသေး၊ မေးကြောထောင်နေတဲ့ မိန်းမရုပ်ကိုများ စတားဖြစ်နေတာ"

"တစ်ကျောင်းလုံးမှာ သူက စတားလား"

"သူ့ဟာသူ Star ဖြစ်နေတာ"

"နေ ... မင်း စိတ်တွေ ယိမ်းနေပြီနော်"

"လုံးဝမယိမ်းဘူး"

"စောင့်ကြည့်ရတာပေါ့"

"စောင့်ကြည့်လေ၊ မနက်ဖြန် နေ့လယ်ဆယ့်နှစ်နာရီနော်၊ အိုကေ ... မင်းလည်း ဆက်ဆက်လာခဲ့ဦးနော် ဝသုံ"

"အေး ... အေး ... ဒါဆို ငါ ဖုန်းပိတ်ပြီနော်"

"အိုကေ"



www.burmeseclassic.com

www.burmeseclassic.com

ဝသုံ ဖုန်းအပိတ်ကို သူ မစောင့်ဘဲ သူ အရင်ဆုံး ဖုန်းပိတ်ပစ်လိုက်ကာ မျက်နှာကြီးကို အထက်သို့ပင့်မြှောက်ပြီး သဘောကျစွာ တစ်ယောက်တည်း ရယ်လိုက်မိပါတော့သည်။

"ဟား ... ဟား ... ဟား"

"မယ်သမိန် ... မယ်[redacted]မိန်"

"မင်း ဘာညာဏ်များဦးမလဲ"

"ငါ စောင့်ကြည့်နေမယ်"

"မင်း အကြံသောက်ကတော့ ငါမသိရင် မှောက်အိပ်ပ လိုက်ဦးမယ်"

ဆိုသည့် ရင်ဖွင့်စကားတွေကို မယ်သမိန်ကတော့ သိနားလည်နိုင်လိမ့်မည် မထင်။

ဒီစကားလုံးလေးတွေက သူ့အခန်းထဲမှာပဲ ပျံ့လွင့် ရိုက်ခတ်သွားရလေတော့သည်။

✤ ❦ ✤





၈

ကဲန်င်တင်းမှာ သုံးယောက်သား မျက်နှာချင်းဆိုင် မိသည့် အချိန်မှာတော့ အပိုးမကျိုးသည့် မျက်နှာပေးနှင့် သူ့မျက်နှာကို မထိတထိ စိုက်ကြည့်လာသည့် မယ်သမိန့်ကို သူ မျက်မှောင်တစ်ချက်ကုတ်ပြီး မေးဆတ်မေးလိုက်သည်။

"ဘာကြည့်တာလဲ"

"ဟော် ... ခုက္ခပဲ၊ ယူ့မျက်နှာကို ကြည့်နေတယ်လို့ ထင်နေတာလား၊ တို့ စဉ်းစားနေတာ"

"အင်း ... ပြောစမ်းပါဦး၊ ဘာတွေ အကြံထုတ်နေသလဲ"

"ဟ ... ယူက တို့ကို တော်တော်လန့်တယ် ထင်တယ်"

တက္ကသိုလ်တက်သည့် အချိန်ကစပြီး အခုမှ မျက်နှာ ချင်းဆိုင် စကားပြောဖြစ်ခဲ့သည့် စကားများကလည်း ဘယ်လိုမှ အဆင်ပြေ ချောမွေ့ခြင်း မရှိဘဲ အရင်ကလိုပဲ တင်းမာခဲ့ပင် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ကိုးတန်းကျောင်းသားကျောင်းသူ ဘဝလောက်ကတော့ အငြိုးအမျက်တွေ မထားတော့ဘဲ တက္ကသိုလ်ကျောင်းသူကျောင်းသားစတိုင် အိုက်တင်တွေဖြင့် တစ်ယောက်ကိုတစ်ယောက် အခြေအတင်မာနနှင့် ကျောခိုင်းထားကြသည့် သူနှင့်မယ့်ကြားမှာ အသားလွှတ်ကြီး အဖိတ်ခံပြီး အနေကျပ်နေသူကတော့ မင်းဝသုံရယ်ပါ။

မင်းဝသုံကတော့ သူနှင့်မယ် အကြည့်ချင်းအားပြိုင်နေတာကိုကြည့်ပြီး ခေါင်းတကုတ်ကုတ်နှင့် မရဲတရဲ ပြောလာခဲ့သည်။

"တော်ကြပါတော့ကွာ၊ မင်းတို့ကလည်း မျက်နှာချင်းဆိုင်လိုက်တာနဲ့ ကလေးမဟုတ် သူငယ်မဟုတ် ရန်ဖြစ်ဖို့ချောင်းနေတာ၊ တက္ကသိုလ်ရောက်နေပြီ နေ၊ ဒါအထက်တန်းဘဝ မဟုတ်တော့ဘူး"

"ကျစ် ... ထားစမ်းပါ၊ နေစမ်းပါဦး ... မင်းက ငါနဲ့ဝသုံကို ချိန်းပွဲလုပ်ပြီး ဘာအကြံအဖန် လုပ်ဦးမလို့လဲ၊ ငါမင်းကို တွေ့ချင်လို့ လာခဲ့တယ်လို့တော့ သိပ်အထင်မကြီးလိုက်နဲ့၊ မင်းကို မတွေ့ရင် ရှုံးမှာစိုးလို့"

"အရှုံးတွေ အနိုင်တွေကို ငါ ဒီအချိန်မှာ သိပ်စိတ်မဝင်စားတော့ပါဘူး နေစက္ကူရယ်၊ အရင်က နင့်ကို နစ်နာအောင် လုပ်ခဲ့တဲ့လုပ်ရပ်တွေအတွက်လည်း စိတ်မကောင်းဘူး"





"အမယ်လေး ... ဆောင်းတွင်းကြီး မိုးရွာဦးမယ်"

မယ် သူ့ကို ဘာမှပြန်မပြောမိတော့ဘဲ မျက်လွှာလေး သိမ်းလိုက်သည်။

တကယ်ပါ။

မယ့်ရင်ထဲမှာ သူ့ကို အရင်ကလောက် ရန်လိုအမုန်းထားမှုတွေ မရှိတော့သလို တစ်ခါတစ်ရံမှာ ကြည့်ခဲ့သည့် သူ့ရဲ့အကြည့်နွေးနွေးတွေကို ဘယ်လိုကြီးခံစားရမှန်း မသိအောင်မယ် ရှုးသွပ်ခဲ့လို့ အခုလို သူနှင့် မျက်နှာချင်းဆိုင် အကြောင်းရှာလိုက်ခြင်းဖြစ်သည်။

သူကတော့ မယ့်ရင်ထဲက ခံစားနေခဲ့တာတွေကို မသိခဲ့တာပဲလား၊ တမင် မသိချင်ယောင် ဆောင်ခဲ့တာပဲလားသိ။

မယ့်ကို မေးစင်းစင်း အထက်စီးအကြည့်တွေနှင့် စကားတစ်လုံးမှ မဆိုတော့ဘဲ စိုက်ကြည့်နေခဲ့သည်မှာ မင်းဝသုံအရှေ့မှာ မယ် ခြေဖျားလက်ဖျားတွေ အေးစက်လာသည်အထိဖြစ်ခဲ့ပြီး မယ် ဟန်မဆောင်နိုင်လောက်အောင် ခံစားချက်ပြင်းသွားရပြီဖြစ်သည်။

ချက်ချင်းပင် ပြိုတော့မယ့်မိုးလို မှိုင်းကျသွားသည့် မျက်နှာလေးကို တစ်ချက်ပင့်ပြီး မယ် ခေါင်းကလေးကို ဆတ်ခနဲဆောင်မတ်ကာ မင်းဝသုံကို တစ်ချက်ကြည့်လျက် ပြန်ဖို့မတ်တတ်ရပ်ပြီး နှုတ်ဆက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းဝသုံ … တို့ သွားတော့မယ်"

နှုတ်ဆက်လိုက်သည့် မယ့်အသံက အနည်းငယ် တုန်ယင်လှိုင်းရိုက်ခတ်သွားတာကို မယ် ရှက်သွေးဖျန်းစွာဖြင့် မျက်နှာတစ်ပြင်လုံး ရဲပတောင်းခတ် နီရဲသွားရလေသည်။

ရှက်လွန်းလို့ ဒီမျက်နှာကို သူတို့နှစ်ယောက်အရှေ့မှ အမြန်ဆုံး လှည့်ထွက်လိုက်တာပဲ ရှိတော့သည်။

ဘာရယ်ရှယ်ချက် ဘာပြောဆိုခြင်းမှ မရှိခဲ့ဘဲ မယ် တမင်သက်သက်ကို ကိုယ့်ရဲ့ကျရှုံးခန်းကို ယောကျာ်းနှစ်ယောက် အရှေ့မှာ ထုတ်ဖော်ဖွင့်ပြလိုက်ရတာကို အရှက်ကြီးရှက်ပြီး ကားကို ခပ်ကြမ်းကြမ်း မောင်းထွက်လိုက်သည့် အချိန်မှာတော့ …

နေနှင့် ဝသုံကတော့ တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်ပြီး နားမလည်ဖြစ်သွားခဲ့ကြသည်။

ဒီအချိန်မှာ နေကတော့ အနိုင်ရလိုက်သူလို ဒူးကလေးချိတ်ထိုင်ပြီး တနှံ့နှံ့လုပ်ကာ မျက်ကြောစင်းလျက် (ရင်ဘတ်ကို ပုတ်ပြပြီး) …

"Heart ထိသွားပြီ"

"ဘယ်သူလဲ … မင်းလား"

"ကြဲကြီးစည်ရာ"

ဝသုံ့ကို သူ ခပ်တည်တည် မဲ့ပြပြီး ကားမောင်းထွက်သွားသည့် သူမအနောက်ကို မေးတစ်ချက် ဆတ်ပြလိုက်သည်။





"အေးကွာ … ဘာကြီးလဲ မသိဘူး၊ တို့နှစ်ယောက်ကို ချိန်းပွဲလုပ်ပြီး ထပြေးသွားတယ်"

"အမှုပိုပြသွားတာ၊ ငါများ သူ့ကိုသနားမလားလို့ … ဟာ ဟ … မာယာနက်တဲ့ မိန်းမ"

"အဲဒီလိုလည်း မပြောပါနဲ့ကွာ၊ သူ့ဘာသာ မင်းအပေါ်ကို ဘယ်လောက် မာနထားထား သူက တကယ်တော့ နှလုံးသားနုတဲ့ မိန်းမသားပါ၊ အပြင်မှာ ဘယ်လောက်မာနထားထား အတွင်းထဲမှာတော့ သူ့နှလုံးသားလေးက နုနုလေးပါ"

"ထင်သေးလို့လား၊ မင်း သူ့အတ္တ မသိသေးပါဘူးကွာ၊ ဒါ ငါ့ကို ပညာပြသွားတာ၊ သူ ဘယ်လိုတိုက်ကွက် ဝင်တော့မယ်ဆိုတာကို ဖွင့်ပြသွားတာ၊ မင်း ငါတို့နှစ်ယောက်ကြားမှာ မသိဘဲနဲ့ကွာ"

"အေးကွာ … မသိတာကတော့ အမှန်ပဲ၊ ဒါပေမဲ့ ငါ့အမြင်မှာတော့ မယ်ဟာ သနားစရာ ဖြစ်နေတယ်"

"ဟား ဟား ဟား …"

သူ့ရယ်သံက ကန်တင်းတစ်ခုလုံး ပျံ့လွင့်သွားလျှင် ကန်တင်းမှာ ထိုင်နေကြသည့် ကျောင်းသူ ကျောင်းသားများရဲ့ မျက်ဝန်းတွေက သူ့မျက်နှာပေါ်သို့ တည့်တည့်မတ်မတ် ပစ်ရောက်လာခဲ့သည်။

ဒါကို သူက ဂရုမစိုက်ဘဲ ဆတ်ခနဲ မျက်နှာထင့်လျက် (ကျစ်)တစ်ချက်သတ်ပြီး …



www.burmeseclassic.com

www.burmeseclassic.com



"မင်း ကြွေနေပြီလား"

"အင်း ... ဝန်ခံရမှာ စောသေးတယ်"

"ဟား ဟား ... မင်းဝသုံ ... မင်းဝသုံ ... မင်းဟာ တော်တော်ဒွတာပဲ၊ မင်းတော့ ခံရတော့မယ်၊ ခံရတော့မယ်"

"အဲဒီလို တစ်ဖက်သတ် မပြောနဲ့ဦးလေ"

"စောင့်ကြည့်လိုက်လေ၊ မင်း မယုံရင်"

သူစကားကို ယုံကြည်လက်ခံမှု မရှိတော့သည့် ဂသုံ့ကို သူက သနားစရာကောင်းသည့် သတ္တဝါလေးလို မျက်လုံးကလေး မှေးစင်းကြည့်ပြီး လက်နှစ်ဖက်ကို ယှက်ဆုပ်လျက် "ဖျစ်"ခနဲ ချိုးချပစ်လိုက်တော့သည်။

သူ့စိတ်ထဲမှာ ဘာကိုမကျေနပ်လို့ မကျေနပ်မှန်း မသိ။

အင်း ... မကျေနပ်ဘူး ... မကျေနပ်ဘူး။

မကျေနပ်တာတော့ အမှန်တကယ်ပင် ဖြစ်ခဲ့ရလေသည်။

✤ ❦ ✤





ဒီညတစ်ညလုံး မယ် ရက်စိတ်တွေ သွေးကြောတွေထဲ စီးစိမ့်ဝင်ပြီး အိပ်ပျော်နိုင်မည် မထင်တော့ပါ။

မယ် ဘာလုပ်ရမလဲ။

ဘာလုပ်သင့်သလဲ။

မယ် ကြံတုန်းကတော့ သူ့ကို တစ်ခုခု အနိုင်ရမယ်လို့ထင်ပြီး ချိန်းခဲ့သည့် ပွဲကြီးက မယ့်ဘက်က အရှုံးဘက်ပြဆိုက်သွားရပြီဖြစ်သည်။

"အင်း ... ဟင်း ... ငါနှယ်၊ ကျားရှေ့မှသွားပြီး မှောက်ရက်လဲပြခဲ့ရတဲ့အဖြစ် ရောက်ခဲ့ရပြီ"

မယ် တစ်ယောက်တည်း စိတ်မကျေနပ်နိုင်ဖြစ်ကာ တီးတိုးရေရွတ်နေရင်းမှ လက်ခနဲ လင်းသွားသည့် အကြံတစ်ခုက မယ့်ရဲ့အရက်သိက္ခာကို ကယ်တင်လိုက်တာပဲဖြစ်သည်။

မယ် အတွေးတွေ လက်ခနဲ ဝင်သွားသည်နှင့် တစ်ပြိုင်နက် မယ် ဘာမှစဉ်းစားမနေတော့ဘဲ ဝသုံ ဖုန်းကလေးကို ခပ်သွက်သွက်ကလေး နှိပ်ချလိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ညကြီးအချိန်မတော် ဘာသော် မယ် မစဉ်းစားဘဲ ဝသုံ့ဆီ ဖုန်းခေါ်ပြီး သိပ်မကြာခင်မှာဘဲ ဝသုံ့အသံလေးက ဖုန်းထဲကို အေးချမ်းစွာ စီးဝင်လာခဲ့သည်။

"ဟယ်လို ... မယ်လား"

"အင်း ... ဝသုံ"

မယ် ရက်စိတ်တွေကို မျိုချပြီး ဝသုံ့ကို ပီပီသသ ခေါ်လိုက်တော့ ဝသုံက အတန်ကြာ ငြိမ်ကျသွားပြီးမှ ...

"ကဲ ... ဟိုကောင်နဲ့ ဘာပြဿနာ ဖြစ်ပြန်ပြီလဲ၊ ပြောစမ်းပါဦး"

"ဟင့်အင်း ... ဘာပြဿနာမှ မဖြစ်ပါဘူး"

"ဟင် ... ငါဆို နေ့လယ်က ဘာမပြော ညာမပြောနဲ့ နင်ဘာကိစ္စ ထပြန်သွားတာလဲ"

"ယူ့သူငယ်ချင်းကို ချဉ်လို့"

"ဟောဗျာ ... ချဉ်ရင်လည်း အစောကြီးကတည်းက မချိန်းနဲ့ပေါ့"

"ချိန်းတာကလည်း ငါ သူ့ကို ဟိုတုန်းကကိစ္စတွေအတွက် Peace လုပ်မလို့ ချိန်းလိုက်တာပါ"

"ဟင် ... တကယ်လား မယ်၊ မယ် နေ့ကို တကယ် Peace ပေးနိုင်ခဲ့ပြီပေါ့"

"အင်း ... ဒါပေမဲ့ ယူ့သူငယ်ချင်းက မျက်မှန်ကျိုးစရာကြီး"





အခုမှပဲ မယ့်ရင်ထဲက အရှက်တရားတွေ နည်းနည်းကွာကျသွားတော့သည်။

ဝသုံ့စကားလုံးလေးတွေဟာ မယ့်ကို အထင်မသေးဘူး ဆိုတာကို မယ် ကောင်းစွာ သဘောပေါက် ခံစားလိုက်ရသည့် အချိန်မှာတော့ မယ် ပြောရမယ့်စကားတွေအတွက် နည်းနည်း အာသွက်လျှာသွက် ဖြစ်သွားခဲ့သည်။

"ဝသုံ ... ယူ တို့ကို အထင်သေးနေလားဟင်"

"ဟင် ... ဘာကိစ္စနဲ့ အထင်သေးရမှာလဲ"

"မဟုတ်ပါဘူး၊ ယူက တို့ကို ရှောင်ဖယ် ရှောင်ဖယ် လုပ်နေတာကို တို့က အတင်းလိုက်ပြီး ဖုန်းဆက်တယ်ဆိုပြီး အထင်များ Small နေသလားလို့"

"ဟာ ... မယ်၊ နင်နဲ့ ငါက သူငယ်ချင်း ဖြစ်သွားပြီလေ၊ ဒီလို သူစိမ်းစကား မေးစရာ လိုသေးလို့လားကွာ၊ ငါ တကယ် စိတ်မကောင်းဘူး"

တစ်ဖက်မှ ဝသုံ့အသံလေးက ကရုဏာလှိုင်းထန်သွားတာကို မယ်က လှစ်ခနဲ ပြုံးလိုက်မိပြီး ဇက်ကလေးပုကာ နှုတ်ခမ်းလေးကိုကိုက်ပြီး ကျိတ်ကျေနပ်သွားသည်။

မင်းဝသုံရေ ... မယ်သမိန်ဟာ နေစက္ကကို အရှုံးပေးတဲ့ မိန်းကလေး၊ သနားစရာကောင်းတဲ့ မိန်းကလေးလို့တော့ ယူ သေတ်မှတ်လေနဲ့။



www.burmeseclassic.com

www.burmeseclassic.com



ယူ မှားသွားမယ်။

အခုချိန်မှာ အိုင့်ပစ်မှတ်ဟာ ယူပဲ။

ယူဟာ အိုင့်ရဲ့တစ်ခုတည်းသော (နှလုံးသားပစ်မှတ်) ပဲ။

"မယ်"

"........"

"မယ်"

"ဟင်"

မယ် အကြဲကြီး ကြဲနေချိန်မှာပဲ တစ်ဖက်မှ မင်းဝသုံ့ အသံလေးက မယ့်နှလုံးသားကို လှုပ်နှိုးလိုက်သလို ဖြစ်သွားခဲ့သည်။

ဒီတော့မှ မယ် ယောင်ယမ်းပြီး ...

"ဟင်း"

"ဟင်"

ဟု ထူးလိုက်မိသည်လား မသိ။

မယ့်အသံလေးတောင် မယ် ထူးတာ ဟုတ်ရဲ့လားလို့ နားကြားမှားသွားချိန်မှာ ဝသုံ့ အသံနွေးနွေးလေးက မယ့်ကို အုံသြခမန်း ရင်တွေ တဒိန်းဒိန်း ဆောင့်ခုန်သွားသည်အထိ မယ် စိတ်လှုပ်ရှားသွားခဲ့ရတာဖြစ်သည်။

"မယ် ... ငါ နင့်ကို အရမ်းသနားတာပဲဟာ"

လို့ ပြောလိုက်သည့် မင်းဝသုံ့ စကားတွေက မယ့် အတွက် ရယ်စရာ ဟာသတစ်ကွက် ရသွားတော့သည်။





မင်းဝသုံ့ စကားကို မယ်က ရင်ထဲကနေ အချဉ်ပြုံး စာလေးနှင့် တုံ့ပြန်လိုက်မိသည့် စကားကတော့ ...

"မသနားနဲ့ မင်းဝသုံ့ရေ၊ ယူ အမှားကြီး မှားသွားလိမ့်မယ်"

ဟူ၍သာဖြစ်သည်။

အဲဒီနောက် မယ် တိတ်တဆိတ်ပင် ဖုန်းပိတ်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



တတ္တတ္တနှင့် မြည်လာသည့် ဖုန်းသံက သူ့ကို စိတ် အနှောင့်အယှက်ကြီးစွာ ပေးနေပေမယ့် မျက်စိကြောင်နေသည် သူကတော့ ချက်ချင်း လက်ငင်းကြီးပင် ခုတင်ခေါင်းရင်းက hand phone ကလေးကို ကောက်ဖွင့်နားထောင်ပြီးသား ဖြစ်သွ ရသည်။

စိတ်ထဲမှာ နေ့လယ်က မယ်သမိန့်ကိုစွမျှားလား ဇဝေဇဝါ တွေးတောင် မတွေးရခင်မှာပဲ ထင်ထားသည့်အတိုင်း ဝသုံက ခေါင်းရင်းအိမ်က မာယာနတ်သမီးအကြောင်းကို စ ခင်းလိုက်လေတော့သည်။

"နေ ... မင်း အိပ်မပျော်သေးဘူး ထင်တယ်"

"အင်း"

ဝသုံ့အမေးကို သူ အင်းတစ်ချက်လိုက်ပြီး မျက် အစုံကို တင်းတင်းမှိတ်ချပစ်လိုက်သည်။





အဲဒီအချိန်မှာပဲ တစ်ဖက်မှ ဝသုံ့အသံအက်ရှရှက လေးက သူ့နှလုံးသားကို ဓွေးခနဲ လေပွလှိုင်း ရိုက်သွားသလို ခံစားလိုက်ရသည်။

"နေ ... မင်းကို မယ်က ဒီနေ့ Peace ယူဖို့ ကမ်းလှမ်း မလို့ တွေ့ခဲ့တာတဲ့"

"ဟင်"

သူ ဘာပြန်ပြောရမှန်း မသိအောင် "ဟင်"ခနဲပဲ ဆိုနိုင်ပြီး နှုတ်ပိတ်ငြိမ်သက်သွားချိန်မှာ ဝသုံ့အသံ ခပ်ဆွေးဆွေးက သူ့ကို မျက်မှောင်ကြီး တွန့်ရှုံ့ပစ်လိုက်မိသည်အထိ စိတ်တွေထွေ ပါး ဝေဝါးသွားခဲ့ရလေသည်။

"တကယ်တော့ မယ်ဟာ ရက်စက်ခဲ့သလိုနဲ့ စိတ်ထားဖြူ စင်သူလေးပါကွာ"

မယ့်ဘက်က ရှေ့နေလိုက်ပေးလိုက်သည့် သူငယ်ချင်း ဖြစ်သူကို သူ ဘာမှပြန်ပြောချင်စိတ် မရှိခဲ့ပေမယ့် စိတ်ထဲက မခံ ချင်စိတ်က ပက်ခနဲ ပြန်ပြောမိရက်သား ဖြစ်သွားရသည်။

"မင်း ကြွေသွားပြီပေါ့"

"လိုပါသေးတယ်ကွာ"

"ဟ ... ဟ ... ဒါဆို မင်း အခြွေခံလိုက်ရပြီပေါ့"

"ငါ ဘာမှမသိတော့ဘူး နေ၊ ငါ သူ့ကို သနားတယ် ရှိ တယ်၊ သူ ပြောပုံလေးက၊ သနားစရာလေး"

www.burmeseclassic.com



"ဟာ ... ဟာ၊ ရယ်ရတယ်"

"မရယ်နဲ့ နေ၊ မင်းကို ငါ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ စကားတစ်ခွန်းတော့ မေးမယ်ကွာ"

"ဘာစကားလဲ"

"အဲဒီတော့မှ မင်းကို ပြောပြမယ်၊ အခုလောလောဆယ်တော့ မယ့်ရဲ့ Peace ကို ငြိမ်းချမ်းပေးလိုက်ပါကွာ၊ ငါ ကြားထဲက မင်းတို့နှစ်ယောက်ကိုကြည့်ပြီး မွန်းကျပ်လွန်းလို့"

"အိုခေ ... အိုခေ၊ ငါ ပြောလိုက်မယ်၊ မင်း စိတ်ချမ်းသာတော့ ဝသုံ"

"မဟုတ်ပါဘူးကွာ၊ ငါက ..."

တစ်ဖက်မှ မင်းဝသုံရဲ့ ဖြေရှင်းချက်ကို သူ မစောင့်ဆိုင်းတော့ဘဲ ဖျတ်ခနဲ ဖုန်းပိတ်ပစ်လိုက်တော့သည်။

အင်း ... ဘာလိုလို့နဲ့ ဝသုံတောင် မယ်သမိန်ရဲ့ မာယာကျော့ကွင်းကို ကွင်းစွပ်မိခဲ့ရပြီ ဖြစ်ပြီထင်သည်။

မယ်သမိန်ကတော့ သူမရဲ့လက်နက်ကောင်းတွေ တစ်ခုပြီးတစ်ခု တစ်ကွက်ပြီးတစ်ကွက် ထုတ်နေခဲ့ပြီဖြစ်သည်။

သူကတော့ မယ်သမိန့် စိတ်ဓာတ်ကို အမှခါး... သိထားပြီးပြီမို့ (ဒီပုံစံဟာ ဘာပုံစံဆိုတာ) တပ်အပ်သေချာ သိ... ပြီမို့ ရင်ထဲမှာ မခံချင်စိတ်သီးကာ မယ်သမိန့်ဆီကို ချက်ချင်း ဖုန်းခေါ်ပစ်လိုက်တော့သည်။





အင်း ... ဒီကနေ့ဟာ မယ်သမိန် သူ့ကို (နှလုံးသားအရောင်တင်)သည့်နေ့ပဲ ဖြစ်သည်ဆိုတာကိုတော့ သူ့နှလုံးသားကလျှင် သူ အသိဆုံး အခံဖားရဆုံး ဖြစ်ခဲ့သည်။

ဒီမိန်းမ သူ့ကို နှလုံးသားတံခါးပေါက် ဖွင့်သလိုနှင့် ပိတ်ချလိုက်ပြီ ဆိုတာကို သိထားသည့် သူကလည်း သူမကို ရဲရဲဝံ့ဝံ့ ရင်ဆိုင်ဖို့ အင်အားရှိပြီးသား ဖြစ်ခဲ့ပေမယ့် တကယ့်တကယ်တမ်း သူမအသံ နွေးနွေးလေးက သူ့ရင်ကို အရှိန်တပြင်း ငြိသွားခဲ့ရတော့သည်။

"ဝန်ခံပါတယ် မယ် ...

ငါ နင့်ကို သိပ်ချစ်တယ် ...

ဒါပေမဲ့ ငါ နင့်ကို ဘယ်တော့မှ ဒီစကား ဖွင့်မပြောဘူး"

ဆိုသည့် နှလုံးသားစကားလေး ဆိုညည်းနေတုန်းမှာပဲ မယ့်ရဲ့ "ဟယ်လို"သံလေးက သူ့ရင်ခုန်သံတွေကို တန့်ခနဲ ငြိမ်သက်သွားရလေတော့သည်။

အဲဒီလောက်အထိ သူ စိတ်လှုပ်ရှားသွားတာကို သူ့ကိုယ်သူ မုန်းမိကာ နှုတ်ခမ်းကို တစ်ချက်ဖိကိုက်ပြီး လည်အစ်သံကြီးနှင့် ...

"အင်း ... မယ်သမိန်၊ တို့ပါ"

"ပြော"

တစ်ဖက်မှ ပမာမခန့် "ပြော"ဆိုသည့် အသံလေးက သူ့ကို အသည်းယားစရာ ကောင်းသွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နိုင်ရင် အဲဒီလို မခန့်လေးစား ပြောထွက်ခဲ့သည့် သူမရဲ့ လေးကိုင်းနှုတ်ခမ်းလေးကို ကိုက်သာ ဆွဲပစ်လိုက်ချင် သည်။

တောက် ... ပမာမခန့်နဲ့ မိန်းမကိုမှ ငါ့အသည်းက သွားဖျားခဲ့တာ၊ ငါကိုယ်ငါ မုန်းလိုက်တာ။

သူ့မှာ တစ်ယောက်တည်း ကြိတ်မနိုင်ခဲမရနှင့် မျက်ဟောင်လေး ပုတ်ခတ် ပုတ်ခတ် စဉ်းစားခန်း ထုတ်နေတုန်း မှာပဲ တစ်ဖက်မှ သူ့ရဲ့ငြိမ်သက်မှုကို စိတ်မရှည်တော့သည့် အသံ ကလေးနှင့် ...

"နေဂျ ... ဘာမှပြောစရာမရှိတော့ဘူးဆိုရင် ဖုန်းပိတ် လိုက်ပါမယ်"

"[illegible] ဦး၊ ပြောမှာပေါ့ နားထောင်"

"အောင်မာ ... နင်ကများ ငါ့ကို အမိန့်သံနဲ့ ပြောရအောင် နင်က ဘာကောင်မို့လို့လဲ"

"တစ်ချိန်ကျ နင် လက်ထပ်ရမယ့်ကောင်"

"တောက်"

ဒီအချိန်မှာ ...

သူ ဖုန်းပိတ်ပစ်ဖို့ပဲ သင့်တော်သည်။

အဲဒါ သူ့ရဲ့အနိုင်ရကွက် တစ်ခုပါပဲ။





အဲဒီလိုပြောပြီးတာနှင့် တစ်ပြိုင်နက် မယ်သမိန့်စိတ် ခဲ ပိုးကြွသွားအောင် (မခံချင်သည့်ပိုး) သူ ခပ်သာသာလေးပင် ဖုန်းကို ဖျတ်ခနဲ ပိတ်ပစ်လိုက်တော့သည်။

"ကဲ ... ဘာတတ်နိုင်သေးလဲ မယ်သမိန်၊ မင်းရဲ့မာယာ ထက် ငါ့ရဲ့မာယာက ပိုပြီးနက်ပါတယ်"

✤ ❦ ✤



www.burmeseclassic.com

www.burmeseclassic.com







နှလုံးသားဆိုတာ
အနေကြာလာတော့လည်း
ကိုယ့်သူငယ်ချင်း
ကျိတ်ချစ်နေတယ် ထင်ရတဲ့
မိန်းမတစ်ယောက်ကိုမှ
သူကလည်း ... ...။

www.burmeseclassic.com

www.burmeseclassic.com



## ၉

ခြောက်နှစ်တာ ကာလအတွင်းမှာ အရင်တုန်းက
ပိန်လှပ်လှပ် ကိုယ်လုံးလေးလို မပြောင်းမလဲ ဖြစ်ခဲ့တာကတော့
ဆေးစာတွေနဲ့ ပိနေသည့် သူပဲ ဖြစ်ခဲ့သည်။

သူ့မှာ ခန္ဓာကိုယ်က ပိန်လှပ်လှပ်နှင့် နဂိုအတိုင်း
ဖြစ်ခဲ့ပေမယ့် စိတ်ဓာတ်ကတော့ နဂိုနှင့် ဘာမှမဆိုင်အောင်
ပြောင်းလဲသွားခဲ့ပြီဖြစ်သည်။

အရင်ကနှင့် ဘာမှမဆိုင်အောင် မယ့်ကို အာရုံကျ
မိသည့် ရင်ထဲက ခံစားချက်က အရင်တုန်းကနဲ့ ဘာမှမဆိုင်
တည်ငြိမ်ပြီး လူကြီးလူကောင်းဆန်သွားသည့်နေ့ကို ရင်ဖွင့်မိသွား
ရခဲ့လေပြီဖြစ်သည်။

ဒီအချိန်မှာ နေကတော့ သူ့ရဲ့ရင်ဖွင့်စကားတွေ
ဘာမှမဟုတ်သလိုပင် မျက်ခုံးတပင့်ပင့်ဖြင့် တစ်ချက် တစ်ချက်
နှုတ်ခမ်းတစ်ဖက်မဲ့ကာ ပြုံးပြုံးသွားသေးသည်။





သူကတော့ နေ့ခံစားချက်ကို ဘာမှမသိဘဲ ရင်ဖွင့်
ဖြလိုက်တာဖြစ်သည်။

"နေ … မင်းကို ငါ ဟိုးလွန်ခဲ့တဲ့ ခြောက်နှစ်လောက်က
မမေးဖြစ်ခဲ့တဲ့ စကားတစ်ခွန်းကို မေးမလို့"

"အွန်း … မေးလေ"

ဝသုံ ဘာကိုဆိုလိုချင်သည် ဆိုတာကို တန်းသဘော
ပေါက်သည့် သူက ခေါင်းတစ်ချက်ဆတ်ပြီး ဝသုံ့ကို အလင်း
တံခါးပေါက် ဖွင့်ပေးလိုက်သည်။

ဝသုံက သူ့ကို အားနာသလို တစ်ချက်ကြည့်ပြီး
ခေါင်းကလေး ငုံ့ချလိုက်ကာ …

"မင်း မယ့်ကို ချစ်သလားဟင်"

"အဟုတ်"

ချစ်သလားဆိုတော့ …

ငါက အမှန်အတိုင်းပဲ ချစ်ပါတယ်လို့ ဝန်ခံရမှာလား။

အဲဒါဆို ငါ ဒီမိန်းမကို အရှုံးပေးလိုက်တာနဲ့ အတူတူ
ဖြစ်သွားမှာပေါ့။

ဟား ဟား … ဝသုံ မှတ်ထား၊ ငါဆိုတဲ့ကောင်က
ငါချစ်တဲ့မိန်းမ၊ ငါမုန်းတဲ့မိန်းမကို ဘယ်တော့မှ ပေါ်လွင်အောင်
အရှုံးမပေးဘူး။



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... နေ"

သူ့အဖြေကို ငံ့လင့်စောင့်ဆိုင်းနေသည့် ဝသုံ့မျက်နှာ မှင်သေသေလေးကို သူ တစ်ချက် မျက်ကြောစင်းကြည့်ပြီး ခေါင်း ကို ညင်သာစွာ ခါယမ်းပြလိုက်သည်။

ဒါ သူ့အဖြေပါပဲ။

ဒီလောက်ဆို ဝသုံ လုံလောက်သွားပြီ ထင်ပါ သည်။

သူ ထင်သည့်အတိုင်းပင် ဝသုံက ကြည်လင်ရွှင်မြူး သွားသည့် မျက်နှာကလေးနှင့် သူ့ကို တောင်းပန်တိုးလျှိုးစွာ မော့ကြည့်လာခဲ့ပြီး သူ့ပခုံးနှစ်ဖက်ကို ခပ်တင်းတင်းကြီး သိမ်းဖက် လိုက်တာ ရင်ထဲက အလှိုက်လှဲဆုံး အသံကြီးနှင့် သူ့ကို တောင်း ပန်လာတော့သည်။

"နေ ... ငါ့ကို ခွင့်လွှတ်ပါ သူငယ်ချင်းရာ၊ ငါ မင်းမှန်း တဲ့ မိပိုးကလေးကို နှလုံးသားရဲ့နားလည်မှုနဲ့ သံယောဇဉ် ဖြစ်သွားပြီကွာ၊ နောက်ဆုတ်လို့ မရတော့ဘူး"

"နောက်ဆုတ်လို့ မရတော့လည်း ရှေ့တိုးပေါ့ကွာ"

"မင်း ကျေနပ်ရဲ့လား"

"ဘာဆိုင်လို့လဲကွ၊ မင်းစိတ်နဲ့ မင်းကိုယ်၊ ခြောက်နှစ်တာ ကာလ ကြာပြီဆိုတော့လည်း မင်းနှလုံးသားက အနီးဆုံး





မိန်းကလေးကို မြတ်နိုးမှာပေါ့၊ ဒါတွေကို ငါနားလည်ပါ တယ်ကွာ"

"ဒါဆို ငါ့ကို မင်း ခွင့်လွှတ်တယ်ပေါ့နော်"

"ရော် ... ခက်လှချည်ရဲ့ စေနုံရယ်၊ မင်းသဘောပါဆိုမှ ဘာလိုသေးလို့လဲ"

"ဟား ... အခုမှပဲ ငါ့ရင်ထဲမှာ အလင်းတံခါးပေါက် ရသွားတော့တယ် နေရာ"

အပျော်ရွှင်ဆုံး မျက်နှာလေးနှင့် ပြုံးပျော်ကျေနပ်သွား သည့် ဝသုံကို သူ ခပ်သောသောလေးရယ်ပြီး ပခုံးကိုဆွဲလှည့် လိုက်တဲ့အချိန်မှာ သူ့ရင်ထဲမှာတော့ စကားလုံးတွေ တစ်လုံးချင်း ဖြတ်ပြေးသွားရလေတော့သည်။

သူ့ရင်ထဲက ဖြတ်ပြေးသွားသည့် စကားလုံးတွေက တော့ ...

"ဝသုံ ... မင်းကိုတော့ ငါ အင်မတန် သနားပါတယ်ကွာ၊ မင်းနှလုံးသားကို ငါ လုမယူချင်ပါဘူး ...

"ဒါပေမဲ့ ... ဒါပေမဲ့ပေါ့ကွာ၊ ငါဆိုတဲ့ကောင်က သူ့ကို လက်မထပ်လို့ မဖြစ်ဘူး ...

"ငါ့ရဲ့အကြွေးတွေ သူ့အပေါ်မှာ တင်နေတာ သူ ငါ့ကို လက်ထပ်ရမှ၊ သူ ငါ့ကို အကျေပေးဆပ်သလိုဖြစ်မှာ"

www.burmeseclassic.com



ဆိုသည့် သူ့ရင်တွင်းစကားတွေကို သူချစ်သည့် သူငယ်ချင်းကတော့ နားလည်နိုင်မည် မထင်ပါ။

သူကလည်း နားလည်အောင် ဘယ်တော့မှဖွင့်ပြောမိမည် မဟုတ်ခဲ့ချေ။

✤ ✤ ✤

"ဟိတ် ... နေစက္က"

"ဟင်"

အနောက်ဘက်ဆီက ခေါသံမာမာကလေးက သူမုန်းသည့် ရင်ထဲကချစ်သည့် ကောင်မလေးရဲ့အသံဆိုတာကို လှည့်မကြည့်ဘဲနှင့် သိပြီးခံစားလိုက်ရသည်။

ဒါပေမဲ့ သူက ...

အနောက်ကို သမင်လည်ပြန် လှည့်ကြည့်ဖို့တို့ ...

မိန်းမတစ်ယောက်ကို အရှုံးပေးပြီး အရင်ပြုံးပြတာတို့ကို ဘယ်တော့မှ ပြုရိုးထုံးစံမရှိခဲ့တာမို့ ရှေ့ဆက် ကိုယ့်လမ်းကိုယ် လျှောက်လိုက်သည်။

"ဟော့ ... ယူ နားပင်းနေသလား၊ ခေါ်နေတယ်လေ၊ ဘာလဲ ... တို့ကို ရင်မဆိုင်ရဲဘူးလား"

"ဘာ"





www.burmeseclassic.com

www.burmeseclassic.com



"ဘာ"ခနဲ မြည်သံနှင့်အတူ ချာခနဲ လှည့်ကြည့်လာသည့် နေစက္ကူ မျက်နှာကို မယ်က မထိတထိ ပြုံးကြည့်လိုက်ပြီး မျက်စနှစ်ချက်ပင့်လျက်ကနေ ...

"ယူတောင် အတော်ပြောင်းလဲသွားတယ်"

"စိတ်ဓာတ်ကတော့ အရင်ကအတိုင်းပဲ"

"ဟုတ်လား၊ တို့တော့ အရွယ်လေးလည်း ရလာပြီဆိုတော့ စိတ်ဓာတ်ပါ ပြောင်းသွားပြီ"

"ဟုတ်လား၊ မင်း ပြောင်းလဲသွားတဲ့ စိတ်ဓာတ်က ကျရှုံးခြင်းလား"

"အို: ... မယ်သမိန်က ဘဝမှာ ဘယ်တုန်းကမှ ကျရှုံးဖူးတာ ရှိလို့လဲ၊ ကျရှုံးစရာရှိ ယူပဲ ကျရှုံးမှာ၊ တို့က ဘဝမှာ အနိုင်ချည်းပဲ"

"ဟုတ်လို့လား၊ သံသရာဆိုတာ အလှည့်အပြောင်းများပါတယ်ကွာ၊ လူဆိုတာ အနိုင်ချည်း မရှိပါဘူး၊ အနိုင်ရထားတဲ့လူဟာ တစ်ချိန်ချိန်မှာ အရှုံးဆိုတာ ရှိလာရစမြဲပါပဲ"

"တို့ကတော့ မရှိ၊ တို့ကံ တို့ယုံတယ်၊ ယူရော ... တို့ကံကို ယုံချင်သလား၊ ယုံချင်ရင် မနက်ဖြန် တို့ရယ်၊ ယူရယ်၊ ဝသုံရယ် မြို့ထဲက J'DONUTS မှာ မုန့်စားရင်း ကော်ဖီသောက်ရင်း စကားပြောကြည့်ကြတာပေါ့"

"အိုခေ"

"ဒါဆို Promise နော်"





"အေးပါ၊ မင်း ပြောချင်တာ ဒါ အကုန်ပဲလား"

သူ့နှုတ်ခမ်းတစ်ဖက် မဲ့ကျသွားတာကို မယ်က အသေအချာ စိုက်ကြည့်ပြီး ရင်ခုန်စိတ်လှုပ်ရှားသွားတာကို မျိုချလျက် လက်ညှိုးကလေး ထောင်ပြလိုက်ကာ ...

"တစ်ခုကျန်သေးတယ်"

"ဘာလဲ"

"တို့ လူတစ်ယောက်ကို လက်ထပ်ဖို့ အဖြေပေးတော့မယ်"

သူ့ရင်ထဲက ဘယ်လိုခံစားလိုက်ရတယ်ဆိုတာကို သူ့မျက်လုံးတွေကို မျက်ခြည်မပြတ် စိုက်ကြည့်နေခဲ့ပေမယ့် သူ့မျက်လုံးတွေက နဂိုလိုပင် မာထန်ထန် မပြောင်းလဲခြင်းက မယ့်ကို လုံးဝစိတ်မဝင်စားဘူးစတိုင် ခင်းလိုက်တာများလား။

မယ့်မှာတော့ သူ ချစ်လာလေးမလားလို့ မျှော်လင့်လိုက်ရတာ။

မယ့်မျှော်လင့်ချက်တွေက သဲထဲရေသွန်လိုက်တာကမှ ကွင်းကွင်းကွက်ကွက် ကျန်ခဲ့ဦးမည်။

အခုတော့ ဘာမှအရာမထင်။

အရာမရောက်ဖြစ်ခဲ့ရတာ မယ် အသည်းနာပါသည်။

ဘာပဲဖြစ်ဖြစ် သူ့ကို မယ် အခုလို အတီအလင်း ကြေညာလိုက်ရတဲ့အတွက် စိတ်ထဲမှာ ကျေနပ်ခဲ့မိတာတော့ အမှန်ပင်ဖြစ်သည်။

♣ ❦ ♣



www.burmeseclassic.com

www.burmeseclassic.com



## ၁၀

J'DONUTS မှာ သုံးယောက်သား မျက်နှာချင်းဆိုင် မိသည့်အချိန်မှာတော့ သူက မျက်ဝန်းအရည်တောက်တောက်တစ်စုံဖြင့် မယ့်မျက်နှာလေးကို မမှိတ်သမုန် စိုက်ကြည့်ပြီး တစ်ခွန်းတည်းသောစကားကို ဦးတည်မေးလိုက်သည်။

"မင်းနဲ့ ဝသုံ ဘယ်တော့လက်ထပ်ကြမလဲ"

"ဟင်"

အနည်းငယ် အိုးတိုးအမ်းတမ်း ဖြစ်သွားသည့် မျက်နှာလေးနှင့် မျက်လွှာလေးသိမ်းသွားသည့် သူမရဲ့ရှီးသားမှု မရှိသည့် မျက်နှာရိပ် မျက်နှာကဲကို သူက အကောင်ဆုပ်ကိုင်နိုင်ခဲ့ပေမယ့် ရိုးတုံးလှသည့် ဝသုံကတော့ သူမ ခုတုံးလုပ်နေတာကို သူ့ကို တကယ်လက်ထပ်မယ်လို့ ယုံကြည်ထားပုံဖြင့် မျက်နှာလေး ပြုံးမြမြဖြစ်သွားခဲ့လေသည်။





ဝသုံကို ကြည့်ပြီး သူ ခေါင်းတဆတ်ဆတ်ညိတ်တာ စိတ်မကောင်း ဖြစ်သွားရသည်။

ဪ ... ဝသုံ ... ဝသုံ ...

မင်းကတော့ ငါတို့နှစ်ယောက်ရဲ့ အတွင်းပစ်မှတ်ကို မသိဘဲ သူ့ကို ချစ်ခဲ့သွားတာ မင်းကို ငါ သနားလိုက်တာကွာ။

မင်းကို သူ တကယ်လက်ထပ်မယ်လို့ မင်း ယုံသလား။

မင်းကို သူ ဘယ်တော့မှ လက်မထပ်ဘူး။

ငါ့အတွက် (ငါ့နှလုံးသား)အတွက် မင်းကို သူ ပစ်ခတ်လုပ်လိုက်တာပဲ။

သူ့ရင်ထဲက စကားတွေကို ဝသုံက နားမလည်နိုင်ပေမယ့် သူမကတော့ အရာရာကို ပါးနပ်လည်ဝယ်သူပီပီ မထိမြင် မျက်နှာပေးက ပိုပြီးပမာမခန့် ဘာမထိရုပ် ပေါက်သွားရလေသည်။

မျက်လုံးဝိုင်းနက်နက်ကလေးတွေကအစ မေးကျဉ်းသွားခဲ့ကာ သူ့ကို တစ်ချက်မဲ့ကြည့်ပြီး လက်နှစ်ဖက်ကို ယှက်ပိုက်လျက် မာန်အထည်ဆုံးအသံနှင့် ...

"တို့က ယောကျ်ားတစ်ယောက်ကို တို့ရဲ့လိုချင်တဲ့အတိုင်း အတာတစ်ခုထိရောက်မှ လက်ထပ်မှာလေ၊ ဝသုံတို့တော့



www.burmeseclassic.com

www.burmeseclassic.com


တို့ အခုလာမယ့် Monday မှာ အဖြေပေးတော့မယ်၊ သူ့ခမျာ ခြောက်နှစ်လုံးလုံးကြီး စောင့်ဆိုင်းခဲ့ရတာ တို့ကိုယ်ချင်းစာမပေးလို့ ဘယ်ဖြစ်တော့မလဲ၊ သူ့ကို ဖွဲ့ဆုလေးတော့ ပေးဦးမှပေါ့၊ လက်ထပ်ဖို့ကတော့ ငယ်ပါသေးတယ်"

မယ် ဒီတစ်ခါတော့ ဝသုံ့ကို အပြုံးမြမြလေးနှ… နှစ်သိမ့်ပြီး နွေးနွေးလေး စိုက်ကြည့်လိုက်လေသည်။

အဲဒီအချိန်မှာ မယ့်ကို အီလည်လည် မျက်နှာ… ကြီးနှင့် ခပ်တည်တည်ကြီး စိုက်ကြည့်လာသည့် ဝသုံကို မယ်… အမူပိုပိုဖြင့် မျက်နက်ဝန်းလေး ထောင့်ကပ်ပြီး မျက်စောင်းရှ… လိုက်ကာ ...

"ဟယ် ... လူကို ဘာဖြစ်လို့ ခပ်တည်တည်ကြီး ကြည့်နေတာလဲ ဝသုံ့ရဲ့"

"မကျေနပ်လို့"

"ဟွန်း ... ဘာကို မကျေနပ်တာလဲ၊ ဝသုံနော်"

"မင်း အပြောတွေကို"

"အိုင်က ဘာပြောလို့လဲ"

"မင်းစကား မင်းသိမှာပေါ့"

"ယူနော် ... တို့ကို အဲဒီလို အကျပ်မရိုက်နဲ့၊ တို့က ယူ့… ရိုးသားအေးဆေးတဲ့ ယောက်ျားတစ်ယောက်မို့လို့ လက်…





ဖို့ အဆင့်အထိ ရွေးချယ်ခဲ့တာ၊ တို့က ယောက်ျားတွေ ရန်လိုတာလောက် မုန်းတာမရှိဘူး။ ယူ ရန်လိုရင်လည်း တို့က အပြတ်ပဲနော်၊ ချစ်သူ မဖြစ်ခင် လမ်းခွဲလို့ရတယ်"

နေစက္ကကတော့ ...

အမူပိုနေသည့် မယ်သမိန့်ကို မျက်ကြောလေးစင်း ကြည့်၊ ခေါင်းကလေး တညိတ်ညိတ် လုပ်နေမိသည်မှ ဘာမှဝင် မပြောခဲ့ချေ။

စိတ်ထဲမှာတော့ မယ်သမိန် မာယာကြွယ်နေတာကို ရယ်ချင်လိုက်တာ။ ဟားတိုက်လို့တောင် ရယ်လိုက်ချင်သေးသည်။

ဩော် ...

တတ်လည်း တတ်နိုင်တဲ့ (မာယာရှင် မယ်သမိန် ရယ်)။

သူ့ကို တစ်ချိန်တုန်းက စကားတွေနှင့် ထိုးနက်နေတာ သူ မသိဘဲ နေမလား။

သူ စိန်ခေါ်ထားခဲ့သည့် စကားတွေနှင့် သူ့ကိုနက်နေတာ။

သူက သူမကို (ဇနီးတော်မယ်လို့ ကြွေးကြော်ခဲ့လို့) သူ အရင်းနှီးဆုံး သူငယ်ချင်းကို ချစ်သူအဖြစ် လက်တွဲပြပြီး သူ့အရှေ့မှာ လက်ထပ်မယ်လို့ ကြွေးကြော်ပြသည့် မယ်သမိန့် ရင်ထဲက ဝသုံ့အပေါ် မေတ္တာစစ်ဆိုတာ မြူတစ်မှုန်စာတောင် မရှိ



www.burmeseclassic.com

www.burmeseclassic.com



တာ သိထားသည့်သူကသာ ဝသုံကို သနားကြင်နာသွားခဲ့မိတာ
ဝသုံကတော့ သူချစ်သည့် မယ်သမိန် စကားတွေကို တစ်ခု
တစ်ခု ကျရှုံးပေးဆပ်နေခဲ့ရပြီဖြစ်သည်။

"မယ်ရယ် ... ကိုယ်က အဲဒီသဘောမျိုး ပြောတာ မဟုတ်
ပါဘူး၊ မယ့်ကို ဆူတာ၊ သဘောပြောတာပါ"

"ဆူစရာမလိုပါဘူး၊ ယူနဲ့တို့က ချစ်သူတောင် မဖြစ်သေး
ဘူး၊ အဲဒီလို ပြောတာလောက် မှန်းတာမရှိဘူး"

"ဟာ ... ဒုက္ခပါပဲကွာ၊ နေ ငါတော့ ဒါလေးကို ကျေး
တာ ဘယ်လိုတောင်းပန်ရမလဲ"

"ဦးကုန်းချလိုက်ကွာ၊ မိန်းမရှိရီး သွားမကျိုးတဲ့"

ချဉ်လွန်း တူးလွန်းလို့ သူ အငေါ်တူးတူး ပြောလိုက်
တာကို လုံးဝမကျေနပ်သည့် မျက်လုံးစိမ်းလေးတွေနှင့် သူ့ကိုစိုက်
ကြည့်လာသည့် မယ်သမိန်ကို သူကလည်း အနက်ရှိုင်းဆုံး ဖြ
လည်စိုက်ကြည့်လိုက်ပြီး နှုတ်ခမ်းနှစ်မွှာကို ဖွဖွဖွင့်ပြုံးလိုက်မိသည်

"ဟွန်း ... ဟွန်း"

"နင်က ဘာလှောင်တာလဲ"

"ဟာ ... မယ်၊ နေ့ကို ရန်မလုပ်ပါနဲ့ကွာ၊ ကိုယ်တောင်
ပန်ပါတယ်၊ Please နော် ... မယ်"

ဝသုံ တောင်းပန်လိုက်မှ မယ်သမိန်က ဗိုလ်
အမောက်ထောင်တက်သွားရပြန်သည်။





သူမကိုယ်သူမ နဂါးမှန်းသိအောင် အမောက်ထောင်
ပြနေသည်လား မသိ။

"ယူ့ သူငယ်ချင်းကို တို့ လုံးဝမေ့ထွာမရှိဘူး၊ တော်ပြီ...
တော်ပြီ၊ ဒီတစ်ခါပဲ မျက်နှာချင်းဆိုင်မိတာ ဖြစ်ပစေ၊
နောင်တရတယ်၊ မှားပါတယ်"

ဒါ တမင်သက်သက်ကို သူ့ကို အရေးမစိုက်ဘူးဆို
တာကို ကြေညာလိုက်တာပင်ဖြစ်သည်။

ဒါမျိုးဆို သည်းခံရိုး ထုံးစံမရှိသည့်သူက သူမရဲ့
လက်မောင်းတစ်ဖက်ကို ခပ်တင်းတင်းဆွဲကိုင်ပြီး ...

"မယ်သမိန် ... မင်းဟာ အတော်အမောက်ထောင်တဲ့မိန်းမ
ပဲ၊ မင်းလို မိန်းမမျိုးကို ငါ့သူငယ်ချင်းကြိုက်တာ ငါနာ
တယ်ကွ၊ ဒီလို မိန်းမမျိုးကို မင်း လုံးဝမကြိုက်သင့်ဘူး
ဝသုံ"

"ဟာ ... နေ"

"အေး ... ငါ ဟုတ်တာ မှန်တာ ပြောတာ၊ မင်း တော်
ကြာမှ သားမှားပြီအမေ၊ ငါမှားပြီ နေ ဖြစ်လိမ့်မယ်"

"အမယ်လေး ... တို့ကလည်းနော်၊ တို့အပေါ် သည်းခံပါရမီ
အားပြည့်တဲ့ ယောက်ျားမျိုးမှရွေးပြီး ချစ်သူတော်မှာ၊ လက်
ထပ်မှာ၊ တို့က ယောက်ျားဆိုရင် ကိုယ့်ကိုအနိုင်မယူတတ်တဲ့
ခပ်ရိုးရိုး ယောက်ျားမျိုးမှ လေးစားအထင်ကြီးတာ၊ တို့က

www.burmeseclassic.com

www.burmeseclassic.com



တို့ချစ်တဲ့သူကို အမြဲအနိုင်ရရင် ကျေနပ်တယ်၊ တို့

သမျှကို ခေါင်းငုံ့ခံရမယ်ပေါ့”

“ဟား … မယ်၊ ဟာကွာ … ပြဿနာပဲ”

“မင်းက အတွက်ကြီးတာပဲ၊ အဲဒီယောကျ်ားမျိုးထဲမှာ

တာ ညံ့တာပဲကွာ၊ ငါသာ မင်းချစ်သူ ဖြစ်ကြည့်၊

ဆတ်ဆတ်ကြဲ မိန်းမမျိုးကို ပါးရိုက်ဆုံးမပြမယ်မှတ်

“ဟင် … ဟင် … နင် မိုက်ရိုင်းလိုက်တာ”

မယ့်လက်တစ်ဖက် မြောက်တက်သွားသလို မျက်

တွေထဲမှာ မီးပွင့်သွားသလို ခံစားလိုက်ရချိန်မှာ မယ့်ကို လူ

ယောက်က ပခုံးကိုသိုင်းဖက်လိုက်သလို ချော့မော့နှစ်သိမ့်လို

သလို ကြားလိုက်ရသည့် အသံက မယ့်ရဲ့မာကျောနေသည့် နှ

သားကို အရည်ပျော်ကျသွားခဲ့သည်။

“မယ်ရယ် … စိတ်ကို ဒီလောက်အထိ အမြင့်ဆုံးမ

စမ်းပါနဲ့ကွာ၊ နေကလည်း တော်တော့၊ မယ် စိတ်ဆိုး

မပြောတော့နဲ့၊ မယ်က ကလေးစိတ်ကလေးပါ နေ

မင်း ဗွေမယူပါနဲ့ကွာ … နော်”

ဆိုသည့် ဝသုံ့ရဲ့ နူးညံ့သည့်စကားတွေအောက်

မယ် ပျော်ဝင်ကျရှုံးသွားခဲ့ပေမယ့် မယ်မုန်းသည့် လူတစ်ယေ

ကိုတော့ လက်ညှိုးငေါက်ငေါက်ထိုးပြီး ဒီနေရာကနေ အမြန်

ထွက်သွားဖို့ နှင်ထုတ်လိုက်မိသေးသည်။





“နေစမ်း … နင့်မျက်ခွက်ကို မကြည့်ချင်ဘူး၊ နင် ငါတို့

နှစ်ယောက်ရှေ့က အခုထွက်သွားစမ်း”

မယ် ပြောချင်ရာ ပြောလိုက်ရပေမယ့် မယ့်စကား

သူက လုံးဝ လက်ခံအသိအမှတ်မပြုဘဲ လက်ပိုက်လျက်ကနေ

နေရာမှမရွှေ့ခဲ့တာကတော့ မယ် လုံးဝကျေနပ်ခွင့် မရခဲ့ပါလေ။

ဒါပေမဲ့ မယ် ဒီအတိုင်းပဲ ကျေနပ်ချင်မှု မရှိဘဲနှင့်

ငြိမ်နေလိုက်ရတော့သည်။

✣ ❦ ✣



www.burmeseclassic.com

www.burmeseclassic.com



အခုလိုမျိုး သွေးဆူနေသည့်အချိန်မျိုးမှ သူမကို ဖြားယောင်းရတာ ပိုပြီးလွယ်ကူလိမ့်မည်ဟု ယုံကြည်ချက်ဖြင့် ရင်ထဲက ဆွေးနေသည့် ကြေကွဲဆွေးမြည့်သံကြီးနှင့် သူမဆီကို ဖုန်းနှင့် အသနားခံ တောင်းပန်လိုက်ပါသည်။

"မယ်သမိန်လား ... တို့ပါ၊ တို့ကို ဖုန်းလက်ခံစကားပြောပါနော်"

အသံကလေးကို အနူးညံ့ဆုံးဖြစ်အောင် သူ သိမ်းသွင်းဆွဲဆောင်လိုက်ရတာဖြစ်သည်။

ဒါကို အထာမပေါက်ဘဲ (အနိုင်ရဖို့တစ်စိတ်ဖြင့်) ကျေနပ်သွားသည့် မယ်သမိန်ကတော့ သူ့ကို ဖုန်းနားထောင်ရင်းကနေ ခပ်မဲ့မဲ့ လှောင်ပြောင်နေမှာ မြင်ယောင်လိုက်သေးသည်။

ထင်ထားသည့်အတိုင်းပင် တစ်ဖက်မှ ဖောင်းထောင်တက်ကြွနေသည့် မယ်သမိန့် အသံက သူ့နှလုံးသားထဲကို အော့ကြောလန်စွာ ဝင်ရောက်လာခဲ့တော့သည်။





"အို ... ယောက်ျားသူရဲကောင်းကြီးလား။ ဘာကြောင့်များ ရောက်ရောက်ချင်း ကျွန်မဆီ ဖုန်းဆက်ရတာပါလိမ့်"

အောင်မယ် ...

သူမကိုယ်သူမတောင် ကျွန်မ ဆိုပါကလား။

ပြောထား ... ပြောထား မယ်သမိန်၊ မင်း နောက်ည်း ငါ့ကို ဒီလိုအသုံးအနှုန်းမျိုး မပြတ်●ုံးသွားရမှာပါ။

ဟွန်း ... ဟွန်း ...

စိတ်ထဲကနေ မယ်သမိန့် အသုံးအနှုန်းကို ကျိတ်ာင်လို့ ကောင်းနေတုန်းမှာပဲ သူမရဲ့ရယ်သံညက်ညက်လေး သူ့ကို အမြင်ကတ် မုန်းတီးဖွယ်ရာ ဖြစ်သွားခဲ့ရပြန်သည်။

တောက် ... ဒီမိန်းမဟာ တစ်ခါ တစ်ခါမှာ သိပ်ိန်းစရာ ကောင်းနေပြီး တစ်ခါ တစ်ခါကျ သိပ်ချစ်စရာကောင်းတာဟာ သူ့ကို ခဏတွင်းချင်း လက်ထပ်ချင်စိတ်ပေါက်သွားတာဖြစ်သည်။

သူမကို သူ လက်ထပ်ချင်တာကိုတော့ မပေါ်လွင်အောင် သူ သူမကို ဆွဲဆောင်သိမ်းသွင်းရလေမည်။

အခုလည်းပဲ သူမရဲ့ ခနဲ့ခနဲ့စကားသံလေးကို ရင်ာသွားသည့် အသံကလေးဖြင့် သူ ပရိယာယ်ဆင်ကာ ပြန်ပြောိုက်သည်။

"မယ်သမိန် ... ကိုယ် ဘာတွေဖြစ်မှန်း မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ဘာဖြစ်နေလို့လဲ"

"မူးနေတာလား မသိပါဘူးကွာ"

"ဟင် ... မူးနေတာ"

သူမ သံယောင်လိုက်တာကို သူက မျက်လုံးကလေး စင်းပြီး နှုတ်ခမ်းသားကိုကိုက်လျက်က နှုတ်ခမ်းကိုက်သံကြီးနှင့်

"ဟုတ်တယ်၊ ကိုယ် အချစ်မူး မူးနေပြီထင်တယ်၊ ဝန်ခံပါ တယ် မယ်၊ ကိုယ် ... ကိုယ် ဟား ... ကိုယ် မင်းကိုတွေ့ ချင်တယ် မယ်ရယ်၊ ကိုယ့်သူငယ်ချင်းရဲ့ချစ်သူ မဖြစ်ခင် လေးမှာပဲ မင်းကို ကိုယ့်ရင်ထဲက အသံတွေကို ရင်ဖွင့်ရမှာ"

"ဟယ် ... ရှင် တကယ်ခံစားနေရတာလားဟင်"

"ဟုတ်တယ်၊ ခံစားရတယ်၊ ကိုယ့်ရဲ့ကျရှုံးမှုကို မင်းကို ပွင့်ပွင့်လင်းလင်းပဲ ဝန်ခံတော့မယ်"

"ဟယ် ... တကယ်လား"

"တကယ်ပါ မယ်"

"အမယ်လေး ... ကြားရတာ နားအရသာရှိလိုက်တာ"

တစ်ဖက်မှ မဖုံးနိုင် မဖိနိုင် အနိုင်ယူခဲ့သည့် မယ့် သမိန့်အသံကို သူ လျစ်လျူရှုလိုက်ပြီး ရင်တွေအခုန်မြန်လာသည် ရင်ဘတ်ထဲက အကြံတွေကို အကောင်အထည်ဖော်ဖို့ သူမကို စကားလမ်းခင်းလိုက်ရတော့သည်။





"မယ် ... ကိုယ်တို့ ခုစောစောက ထိုင်ခဲ့တဲ့ J'DONUTS မှာ ပဲ ထိုင်ပြီး အေးအေးဆေးဆေး စကားပြောကြရအောင်နော်၊ မယ့်ကို ကိုယ်ကိုယ်တိုင် အရှုံးပေးတဲ့ ဆုံးဖြတ်ချက်နဲ့ ကား မောင်းပို့မယ်၊ မယ် ကားမယူလာခဲ့နဲ့နော်"

"အင်း ... အင်း ... အိုခေ၊ အခုလာခဲ့မှာလား၊ ကျွန်မ ခြံထိပ်က စောင့်နေမယ်"

"အခုပဲ လာခဲ့လိုက်မယ်၊ ဒါပဲနော် မယ်"

"အိုခေ ... အိုခေ"

တစ်ဖက်မှ မယ် ပျော်လုံးဆို့သွားတာကို သူက နှုတ်ခမ်းကိုက်ပြုံးပြီး ရင်ထဲက အကြံကြီးကြီး ရည်ရွယ်ချက်နှင့် ပင် ဘောင်းဘီအိတ်ထဲ တစ်စုံတစ်ရာ ထည့်လိုက်ကာ စားပွဲပေါ် က ကားသော့ကလေးကို ကောက်ယူပြီး တက်ကြွအောင်မြင်သည့် ခြေလှမ်းကျဲကြီးတွေနှင့် တစ်လှမ်းချင်း လှမ်းထွက်လာခဲ့တော့သည်။

အဲဒီနောက် ခြံထိပ်ကနေ ဂျင်းဘောင်းဘီရှည်ကလေး နှင့် တီရှပ်အဖြူကို အပြင်ထုတ်ဝတ်လျက် ဂျင်းအိတ်ကလေးကို တစောင်းလွယ်ပြီး ကပိုကရိုလေးနှင့် လှနေသည့် မာယာမင်းသမီး လေးကို မာယာနတ်သားကြီးက ကားပေါ်အရောက်ခေါ်နိုင်ခဲ့တာ ကြီးကို သူ သဘောကျ ကျေနပ်မဆုံးနှင့် မင့်မင့်ကြီး ပြုံးသွားရ လေတော့သည်။

"ဟွန်း ... ဟွန်း"



www.burmeseclassic.com

www.burmeseclassic.com



ကားမောင်းသည့် သူ့ဘေးမှာ သူမကလေး အကျ အန ဝင်ထိုင်ပြီးသည့်အချိန်မှာတော့ သူက ကားတံခါးလော့ခ်ချ ပြီး ဟန်မဆောင်စတမ်း ရယ်ချလိုက်မိတော့သည်။

"ဟွန်း … ဟွန်း"

ကျားသစ်မလေး မင်းတော့ ငါ့ကျော့ကွင်းမှာ ကွင်း စွပ်တည့်တည့် မိသွားပြီ။

ဟား ဟား … မယ်သမိန် … မယ်သမိန်၊ မင်း ငါး စာသာမြင်တယ် ကျော့ကွင်းကို မမြင်ရှာပါကလား။

"ဟား ဟား ဟား"

"ဟင် … နင် … နင် ဘာရယ်တာလဲ နေစမ်း"

အခုမှ မယ်သမိန်က သူ့ကို သဘောပေါက်သလို မျက်လုံးစိမ်းလေးတွေနှင့် စိုက်ကြည့်လာတာကို သူက ခေါင်းညိတ် ရင်းမှ ရယ်ဟဟသံကြီးနှင့် …

"ခြော် … ဟော် … သဘောကျလို့ပါ၊ မယ်သမိန် ဆိုတဲ့ မိန်းမကို အမိဖမ်းရတာ အလွယ်လေးဆိုပါကလားလို့"

"ဘာ … နင် ဘာပြောတယ်"

ထိတ်လန့်တုန်လှုပ်စွာ ခြေကားယား လက်ကားယား ထအော်လိုက်သည့် မယ်သမိန့်မျက်နှာတည့်တည့် (နှာခေါင်းတည့် တည့်ကို) သူ အဆင်သင့်ယူလာသည့် ဘောင်းဘီထဲက မေ့ဆေး





ဖူးပွသဘက်ကလေးနှင့် ဆတ်ခနဲ ဖိအုပ်လိုက်ပြီးချိန်မှာတော့ ...မယ်သမိန်ကို ဘယ်လိုသနားသွားမှန်းမသိ ဖြစ်သွားတော့သည်။

သူ လျှင်မြန်စွာ ပြုမူလိုက်သည့် အပြုအမူလေးကို ...ဘာမှ မဆိုနိုင်ရှာဘဲ အံ့အားသင့်ပြီး မျက်လုံးအဝိုင်းသားဖြင့် ...စိုက်ကြည့်နေရင်းမှ ခွေခနဲ သတိလစ်ကျသွားသည့် သူမကိုယ်လုံး ...လေးကို သူက သနားကြင်နာစွာ သူ့ပေါင်ပေါ်မှာ တင်သိပ် ...ထားရင်းမှ သူမရဲ့မာနမျက်နှာလေးကို တစ်ချက်ငုံ့နမ်းလိုက်ပြီး ...အေးအေးဆေးဆေးလေးပင် လေကလေးချွန်ကာ ကားမောင်းထွက် ...ာခဲ့တော့သည်။

"ကဲ … ဒေါ်မယ်သမိန်ရေ … မင်း ငါ့ကို သတိရရင် ဘယ်လိုရန်မူတိုက်ခိုက်ဦးမလဲ …"

"တိုက်ချင်ရာတိုက် ခိုက်ချင်ရာခိုက် ငါက မင်းကို ပိုင်ဆိုင်သွားပြီ၊ မင်းကို လုံးဝဂရုမစိုက်တော့ဘူး"

ဆိုသည့် ရင်ထဲက ဒီစကားတွေကို ... ကား ...မောင်းရင်းကနေ ကြက်သီးထစွာ တီးတိုးလေး ရေရွတ်လိုက်မိ ...သေးသည်။

✤ ❦ ✤



www.burmeseclassic.com

www.burmeseclassic.com



## ၁၁

သူမ ကောင်းကောင်းသတိရသည့် အချိန်မှာတော့ ရှုံးသွပ်သွားသည့် မိန်းမတစ်ယောက်လို ဆောက်တည်ရာကင်းမဲ့ သွားပြီး ခုတင်ပေါ်ကနေ ဝုန်းခနဲ ထထိုင်ပစ်လိုက်ကာ သူ့အရှေ့သို့ ဝုန်းဒိုင်းကြဲ ရောက်လာလျက် ...

"လူယုတ်မာ ... ရှင့်ကို ကျွန်မသတ်ပစ်မယ်၊ ရှင့်ကို ကျွန်မ သတ်မယ်"

သူ့လက်နှစ်ဖက်ကို ဆွဲကိုင်ခါယမ်းပြီး အစွမ်းကုန် ပေါက်ကွဲကာ ဆောက်တည်ရာမဲ့စွာဖြင့် ငိုကြွေးနေသည့် သူမကို သူ သနားကြင်နာသွားသည့် မျက်လုံးတွေနှင့် စိုက်ကြည့် ကာ ခပ်မဲ့မဲ့ ပြုံးလိုက်မိသည်။

ဒီတစ်ခါတော့ သူမ ငိုနေပုံလေးကို သူ တကယ် သနားသွားခဲ့ရသည်။





ခေါင်းထောင်ဖောင်းကြွနေသည့် မိန်းမတစ်ယောက် ကျရှုံးခန်းက သူ့အတွက် မဟာသနားခန်း ဖြစ်သွားခဲ့ပေမယ့် သူမကတော့ ရှိသည့်မာန်မာနကလေးနှင့် သူ့ကို အကြိမ်ကြိမ် တွန်းလှန်တိုက်ခိုက်လာခဲ့လေတော့သည်။

သူ့ကို ထုနှက်ရိုက်ပုတ်လို့ မရတော့သည့်အဆုံး သူမက သူမဘဝသူမ နာကြည်းသွားပုံဖြင့် နှုတ်ခမ်းသားလေးကို ချွေးတွေ စို့တက်လာသည်အထိ ဖိကိုက်လိုက်သည့်တွင် သူ မယ့် ကိုယ်လုံးလေးကို ရင်ခွင်ထဲတင်းတင်းဆွဲဖက်ပစ်လိုက်ရကာ အနူး ညံ့ဆုံး အသံကလေးနှင့် ချော့မော့နှစ်သိမ့် လိုက်ရပါတော့သည်။

"မယ် ... မယ် ... စိတ်တွေ လျှော့ချလိုက်စမ်းပါကွာ ... နော် ... နော်"

"မကြားချင်ဘူး၊ ရှင့်အသံကို မကြားချင်ဘူး"

"ဟီး"ခနဲ ငိုကြွေးလိုက်သည့် မယ့်ကို သူ ခပ်တင်း တင်း ပွေ့ဖက်ထားမိသည်မှအပ ဘာစကားမှ မပြောနိုင်တော့ချေ။

သူမ အဆုံးစွန် ဒေါသခေါင်ခိုက်နေချိန်မှာ သူ အကောင်လုပ်မပြတာ အကောင်းဆုံး ထင်ပါသည်။

သူမကိုပဲ အတတ်နိုင်ဆုံး ချော့မော့နှစ်သိမ့်ဖို့ ဆုံး ဖြတ်ထားခဲ့သည်။ မပြတာ အကောင်းဆုံး ထင်ပါသည်။

သူမကိုပဲ အတတ်နိုင်ဆုံး ချော့မော့နှစ်သိမ့်ဖို့ ဆုံး ဖြတ်ထားခဲ့သည်။



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



"မယ်ရယ် ... စိတ်တွေလျှော့ချလိုက်တော့နော်၊ ကိုယ် မယ့်ကို ကိုယ့်ဘဝထဲမှာ ပျော်အောင်ထားမှာပါ၊ ဒီတိုက် ကလေးက ကိုယ်နဲ့မယ် လက်ထပ်ပြီးရင် ခေတ္တခဏနေဖို့ ဝယ်ထားတာလေ၊ ဘယ်လောက် သိမ်မွေ့နူးညံ့လိုက် သလဲဟင်၊ ကြည်ပြာရောင်ကလေး ခြယ်ထားတာ မျက်စိ လည်းအေးတယ်၊ မယ့်ကိုတောင် ကိုယ်ပြောမိသေးလား မသိဘူး၊ ပြင်ဦးလွင်မှာ ကိုယ် တိုက်ကလေးတစ်လုံး ဝယ် ထားတယ်ဆိုတာ"

သူက မယ့်ကို အာရုံပြောင်းအောင် တိုက်ကလေးနှင့် ဆွဲဆောင်လိုက်ပေမယ့် မယ်ကတော့ တစ်ထစ်ချ သူ့ကိုအမုန်းဆုံး မျက်လုံးတွေနှင့် စိုက်ကြည့်ကာ တစ်လုံးချင်း ပြောလိုက်သည့် စကားက သူ့နှလုံးသားကို ကြက်သီးတဖြန်းဖြန်း ထသွားသည် အထိ တုန်လှုပ်ချောက်ချားသွားခဲ့ရပါတော့သည်။

"ဟင်း ... ဟင်း ... ရှင် ကောင်းကောင်း အနိုင်ရသွားပြီ လို့ သတ်မှတ်ထားရင်တော့ ရှင် စိတ်ချမ်းသာမှာပေါ့ နေ စက္ကရယ်"

အငြိုးအမျက်ကြီးသည့် မယ့်စကားကို သူ မျက်လုံး အရောင်မှိန်မှိန်ဖြင့် နားထောင်နေရင်းမှ သူကလည်း အံတုပြိုင် ပြောလိုက်မိသေးသည်။





အဲဒီလို ပြောလိုက်မိခဲ့သည်မှာ တစ်ချိန်တုန်းက မယ်သမိန်ဆိုသည့် ကောင်မလေးကို မုန်းခဲ့သည်။ အမုန်းတွေ ကြောင့်ဆိုလျှင် မမှားခဲ့ပါ။

"မင်းကို လက်ထပ်ခဲ့တာ မင်းကို အနိုင်လိုချင်တာ တစ် ဝက်ပါသလို ချစ်တာလည်း တစ်ဝက်ပါတယ် ဆိုတာကို တော့ ကိုယ်ဝန်ခံချင်တယ်၊ အင်း ... ရှင်းရှင်းပြောရရင် တော့ အခုလို မင်းကို သိမ်းပိုက်လိုက်တာဟာ မင်း ငါ့ကို ပေးစရာအကြွေးအဖြစ် ရယူခဲ့တာပဲ"

သူ့စကားအဆုံးမှာ မယ့် မျက်လုံးတွေ စိမ်းတောက် သွားပုံမျာ ကြောက်စရာအကောင်းဆုံး ဖြစ်သွားခဲ့သည်။

ဒါပေမဲ့ သူ မယ့်ကို ဘယ်တော့မှ အရှုံးမပေးပါ။

မယ်ဆိုတဲ့ (သူချစ်တဲ့မိန်းမ)ကို အနိုင်ကောင်းကောင်း ရဖို့ကိုသာ အိမ်ထောင်သည်ဘဝမှာ ဦးတည်ရမည်ဖြစ်သည်။

အဲဒီလို သူ့ရင်ထဲမှာ မယ့်အပေါ် အနိုင်လိုချင်စိတ် တွေ ပြင်းပြနေခဲ့ပေမယ့် မယ်ဆိုတဲ့ မိန်းမကတော့ အာဂသတ္တိ ဖြင့် သူ့မျက်နှာကို စေ့စေ့စိုက်ကြည့်ပြီး အပြတ်သားဆုံး ကြိမ်း ဝါးလိုက်လေသည်။

"ကောင်းပြီလေ၊ အဲဒီအကြွေးတွေဟာ ကျွန်မအတွက် ရှင့် ကို တစ်နေ့နေ့တော့ ရှင့်ရဲ့အသက်နဲ့ လဲယူပစ်လိုက်ရမှာ ပဲ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းသတ်ရဲတယ် သတ်ရက်တယ်ဆိုရင်တော့ ကိုယ်သေ ဝံ့ပါတယ်၊ မင်းကို အသေခံပြီး ချစ်တယ်ဆိုတာ မင်း သိ ခွင့်ရတာပေါ့"

အဲဒီလို ပြောလိုက်သည့် သူ့စကားကိုတော့ သူမက နားနစ်ဖက်ပိတ်ပြီး ချာခနဲ ကျောခိုင်းပစ်လိုက်လေသည်။

သူမကိုကြည့်ပြီး သူ တကယ်ရင်မောသွားရပါသည်။ ရှေ့ဆက် ဘယ်လောက် သူ ရင်မောရဦးမည်မသိ။

✤ ❦ ✤





မြင်သူတိုင်းက ချီးကျူးသွားတတ်ကြသော ဒီတိုက်ကလေး အပြင်အဆင်ကိုကြည့်ပြီး သူ့စိတ်တွေ ပိုပြီးလန်းဆန်းတက်ကြွသွားရသည်။

သူစိတ်ကူးစိတ်သန်းကောင်းကောင်းဖြင့် လွန်ခဲ့တဲ့ ခြောက်လလောက်က ဝယ်ယူခဲ့သည့် ဒီတစ်ထပ်တိုက် ရှည်မျော မျောလေးမှာ ဥရောပတိုက်ပုံစံဟုဆိုလျှင် မမှားပါ။

ရာသက်ပန်နေရန်ဟု စိတ်ကူးမထားခဲ့သော်လည်း သူနှင့် မယ် အနားယူ အပန်းဖြေရာ နေရာအဖြစ် သူ ထိုတိုက်ပုလေးကို နှောင်များမှာလည်း ဘယ်သူ့ကိုမှ ပြန်ရောင်းဖို့ စိတ်ကူး ရှိခဲ့ပါ။

ခါးရောင်မှန်လုံအိမ်ကလေး သုံးခန်းနှင့် ဖွဲ့စည်းထားပြီး ပြတင်းပေါက်များစွာပါသော ထိုတိုက်ပုလေးကို သူအလွန် မြတ်နိုးပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ တိုက်ပုလေးကို ကြည်ပြာရောင်ခြယ်ထား
သည့်အတွက် ပိုပြီးနှစ်သက်မိခြင်းဖြစ်သည်။

ကြည်ပြာရောင်ဟာ လူ့စိတ်ကို ကြည်လင်ဆွဲဆော
စေတယ်လို့ သူ ကြားဖူးခဲ့သဖြင့် သူတို့ရဲ့မင်္ဂလာအိပ်ခန်း
ပိုးသားကြည်ပြာရောင် အဆင်အပြင်ဖြင့် သူ လှပစွာ ပြင်ဆင်ထား
တာပဲဖြစ်သည်။

ကြည်ပြာရောင် ပိုးသားခန်းဆီးစကလေးကို အသ
ကလေး လှပ်လိုက်သည်ဆိုရင်ပဲ နူးညံ့နွေးထွေးပြီး ရင်ခုန်စ
အတိပြစ်နေသော မင်္ဂလာအိပ်ခန်းနုတင်ကြီးက သူတို့ကို ရ
ဖက်ဆီးကြိုလိုက်သလို ခံစားလိုက်ရသည်။

မင်္ဂလာအိပ်ခန်းနုတင်ကြီးပေါ်မှာ ကြည်ပြာရော
ဖဲခေါင်းအုံးနှစ်လုံး၊ ဖဲမွေ့ရာ၊ ပိုးသားခြင်ထောင်နှင့် ဖက်လုံး
လုံးတို့ကို သူ ရင်ခုန်ခံစားစွာ ငေးခနဲ စိုက်ကြည့်နေရင်းမှ ရ
ထဲမှာ ဘယ်လိုကြီးခံစားလိုက်ရမှန်းမသိ ခံစားလိုက်ရကာ အ
ဆုံးက သူချစ်သည့် ချစ်သူလေးကိုလည်း အနူးညံ့ဆုံး ပွေ့ဖက်
ပြုံးစစကလေး ကြည်ကြည်နူးနူး မေးလိုက်မိသည်။

"ဘယ့်နှယ်လဲ မယ်၊ ကိုယ်တို့ရဲ့မင်္ဂလာဦးအိပ်ခန်းလေ
အဆင်ပြေတယ် မဟုတ်လား၊ ကြည်ပြာရောင်က လူ့စိ
ကို လန်းဆန်းသစ်လွင်မှု ရှိစေတယ်တဲ့၊ ဒါတွေအားလုံး





ကိုယ့်ရဲ့အပြင်အဆင်တွေချည်းပဲ၊ ဘယ်လောက် ကြည်နူး
စရာကောင်းသလဲ၊ မင်းသာ လင်သားအပေါ် ကြင်နာဖို့
ကြိုးစားပါ၊ ကိုယ်တို့ မနက်ဖြန် ရုံးမှာလက်ထပ်ကြမယ်၊
ကိုယ့်သူငယ်ချင်းတွေက ကိုယ် မိန်းမခိုးလာတာကို အားကျ
နေတာကွ"

သူ ပြောလိုက်တဲ့ စကားကို လုံးဝလက်ခံနားထောင်
ခြင်းမရှိသည့် စတိုင်ဖြင့် မျက်နှာကို အထက်ပင့် မော့ချလိုက်သည့်
မယ့် မျက်နှာလေးကို သူက အသည်းယားစွာဖြင့် ခပ်ပြင်းပြင်း
နမ်းရှိုက်ပစ်လိုက်သည်။

အဲဒီတော့မှ မယ်က မျက်ဝန်းအစုံကို ဖိမှိတ်သွား
ပြီး အံကြိတ် ငြိမ်သက်သွားလေသည်။

မယ့်ပုံစံလေးကို အသည်းတယားယား စိုက်ကြည့်
ရင်းမှ သူမ နှုတ်ခမ်းလေးကို ဆတ်ခနဲ ငုံ့နမ်းပစ်လိုက်ကာ ...

"အင်း ... ပြီးတော့ မင်းအကြိုက် ကိုယ် ရေချိုးတဲ့နေရာ
ကို စမ်းချောင်းကလေး သွယ်ထားတယ်၊ ရေပူရေအေးလည်း
လုပ်ထားတယ်၊ အဲဒီစမ်းချောင်းကလေးပတ်လည်မှာ ပန်းပင်
ကလေးတွေ စိုက်ထားတယ်၊ မင်းမြင်ရင် သဘောကျမှာပါ"

သူ တတွတ်တွတ် ပြောနေတာကို မယ်က မီးမ
ဝင်စားပါ။



www.burmeseclassic.com

www.burmeseclassic.com



တစ်ချက် တစ်ချက် ငုံ့နမ်းလိုက်သည့် သူ့အနမ်းမှုးမှုးတွေကိုတော့ ခါးခါးသီးသီး ခေါင်းတယမ်းယမ်း ငြင်းဆန်သေးသည်။

အဲဒီလို ငြင်းဆန်လေ သူက အသည်းယားလေပဲဖြစ်သည်။

ဘယ်လိုပဲဖြစ်ဖြစ် သူမက သူ့မိန်းမ၊ သူ့ကိုပြန်ချစ်သည်ဖြစ်စေ၊ ပြန်မချစ်သည်ဖြစ်စေ သူ ပြုသမျှ နရမည်မှာ သူမရဲ့သမိုင်းပေးတာဝန်တစ်ရပ်ပဲ ဖြစ်ခဲ့သည်။

သို့သော် သူ့ရင်ထဲမှာတော့ သူမကို သူ ချစ်သလို သူ့ကို ပြန်ချစ်စေချင်သည့် ဆန္ဒလေးတော့ ရှိခဲ့မိသေးသည်။

အခုလို သူ့ရဲ့အပွေ့အဖက် အနမ်းအရှိုက်တွေကို ကျောက်ရုပ်မယ်လို တည်ငြိမ်အေးစက်စွာ တုံ့ပြန်နေသည်ကတော့ သူ့နှလုံးသားကို ပိုပြီးရူးသွပ်စေခဲ့တော့သည်။

သူ အဲဒီလို ကျောက်ရုပ်မယ်ဖြစ်လေ သူကပိုပြီး ခံစားချက်ပြင်းပြီး သူမကိုယ်လုံးလေးကို အရိုးကြေလုမတတ် ဖျစ်ညှစ်ပြီး နမ်းခဲ့မိလေဖြစ်သည်။

"ဘယ်လိုလဲ၊ ကိုယ့်ကို မခုခံ မတိုက်ခိုက်တော့ဘူးလား"

နောက်ဆုံးတော့ သူ မခံမရပ်နိုင် ပေါက်ကွဲကာ မယ့်မျက်နှာလေးကို လက်နှစ်ဖက်နှင့် ပင့်ညှပ်ပြီး အကျပ်ကိုင်မေးပစ်လိုက်တော့သည်။





အဲဒီလို မေးလိုက်ပြန်တော့လည်း သူမက ဘာမှဆိုမလာခဲ့ပြန်လေရာ သူ ရူးနှမ်းသွားသလို သူမကိုယ်လုံးလေးကို သူ့ရင်ခွင်ထဲ တစ်သားတည်းဖြစ်အောင် ဆွဲဖက်ပစ်လိုက်ပြီး တစ်လုံးတစ်ခဲသံကြီးနှင့် ရင်ဖွင့်သွားတော့သည်။

"မင်း အတွင်းကောက် အကြံအစည်တွေနဲ့ ဘာတွေစိတ်ကူးနေတာလဲ မယ်၊ ဟင် ... အေး ... ဘာပဲဖြစ်ဖြစ် မင်းဟာ အခုချိန်ကစပြီး ငါ့မိန်းမဖြစ်ပြီ၊ ငါ့မိန်းမဖြစ်တဲ့အတွက် ငါ့ရဲ့သြဇာအာဏာအောက်မှာ ရောင့်ရဲစွာနေရမယ်၊ အေး ... ဒီမှာ မင်း ငါ့ကို ငယ်ငယ်က ပေးဆပ်ဖို့အကြွေးတွေ မမေ့သေးဘူးဆိုရင် ငါ့ရဲ့အကြွေးတောင်းပုံစနစ်ကျတယ်ဆိုတာ မင်း နားလည်မှာပါ"

"ကောင်းပြီ နေစဉ်၊ ရှင် ကျွန်မကို ဘယ်လိုချေဖျက်တိုက်ခိုက်မယ်ဆိုတာ စောင့်ကြည့်ရသေးတာပေါ့၊ ဒါပေမဲ့ ရှင် မြဲမြဲမှတ်ထားပါ၊ ကျွန်မကလည်း အချိန်မရွေး ရှင့်ကို အန္တရာယ်ပြု တိုက်နိုင်မယ့် မိန်းမတစ်ယောက် ဆိုတာကိုတော့ ရှင့်ခေါင်းထဲမှာ နည်းနည်းမှ မေ့မထားပါနဲ့"

"အေး ... မင်းကို ကိုယ် အခုလို အရယူခဲ့တာ မင်းရဲ့မြင့်လွန်းတဲ့စိတ်ဓာတ်ကို ချိုးဖဲ့နှိမ်နင်းပစ်ခဲ့တာပဲ ...

"မိန်းမဘဝမှာ မင်းဟာ မင်းကိုယ်မင်း အရှုံးခံပြင်း နာကြည်းသွားခဲ့မယ် ဆိုရင် ကိုယ် ကျေနပ်တယ်၊



www.burmeseclassic.com

www.burmeseclassic.com



အထူးသဖြင့် မင်းကို ကိုယ် အခုလို မင်းအလိုမတူဘဲ သိမ်းပိုက်ခဲ့တာ မင်းရဲ့စိတ်ဓာတ်ကို လွှမ်းမိုးအနိုင်ယူလိုက်တာပဲကွ၊ ကဲ ... ကဲ ... မင်းလည်း ပင်ပန်းပါပြီ၊ ကိုယ်တို့အိပ်ကြစို့"

"ကိုယ်တို့အိပ်ကြစို့"ဆိုသည့် စကားသံနှင့်အတူ မယ့်ကိုယ်လုံးလေးကို ပွေ့ချီလိုက်သည့် အသိက မယ့်နှလုံးသားတစ်ခုလုံးကို ပူလောင်ခါးသက်သွားခဲ့ရပါတော့သည်။

မယ့်ဘဝတော့ သူ့လက်ထဲမှာ အရုပ်တစ်ရုပ် ဖြစ်ခဲ့ရလေပြီ။

ဒီအချိန်မှာ သူဟာ မယ့်ကို မယ့်ရဲ့ခင်ပွန်းဆိုသည့် လက်နက်တွေနှင့် အမိအရ ပစ်ခတ်နေခဲ့တာ မယ် အသည်းနာပြီး ငိုကြွေးချုပ်ခဲ့ပေမယ့် မယ် သူ့ကို ပေါ်ပေါ်ထင်ထင် အရှုံးမပေးဘဲ မငိုမိခဲ့ပါ။

မငိုခဲ့မိသလို သူ့ရဲ့အစမ္မဆန်တဲ့ အပြုအမူတွေကို ရွံ့မုန်းခါးသီးလှပေမယ့် မရုန်းကန်ခဲ့မိတော့ပါ။ (ဘာပဲဖြစ်ဖြစ်ပေါ့ မယ် သတ္တိရှိ ခေါင်းမာ နှလုံးမာစွာဖြင့်)သူ့ကို မယ် ပေးဆပ်ရတယ်။

သူ့ကို မယ် ပေးဆပ်နေရတယ်လို့ ယုံကြည်ပြီး မယ့်အသည်းထဲမှာ ရင်ခုန်သံတွေ "တရကြမ်း"မြည်ဟည်းနေခဲ့တာကိုတော့ မယ် ထိန်းချုပ်လို့ မရခဲ့တာကို နာကြည်းမိသည်။





ဒီနာကြည်းမုန်းတီးမှုတွေနှင့် မယ် အံကြိတ်ပြီး သူ့ကို ဘာစကားတစ်ခွန်းမှ မဆိုမိပေမယ့် သူကတော့ မယ့်ကို နမ်းတွေပေးရင်း ...

"ချစ်တယ်"ဆိုတဲ့ စကားကို ဘယ်နကြိမ်ပြောနေမှန်းတောင် ခံစားလို့မရတော့ချေ။

အဲဒီနောက် မယ်လည်း သူ့ရဲ့ရင်ခုန်သံတွေကို ကြည်မွေ့မနေတော့ဘဲ မျက်ဝန်းအစုံကို တင်းတင်းမှိတ်ချပြီး အိပ်ချင်ဟန်ဆောင်ပစ်လိုက်ပါတော့သည်။

ဒါ မယ့်ရဲ့မာယာပဲလေ။

မယ် အိပ်ချင်ဟန်ဆောင်လိုက်သည် ဆိုရင်ပဲ သူကလည်း အိပ်ဖို့ကြိုးစားလိုက်လေသည်။

သိပ်မကြာခင်မှာပဲ သူ ကောင်းကောင်းကြီး အိပ်ပျော်သွားလေတော့သည်။

အဲဒီလို သူ ကောင်းကောင်းအိပ်ပျော်သွားတော့မှ Dim light အလင်းရောင် မှိန်ဖျော့ဖျော့အောက်မှာ သူ့ကို ဘာလုပ်သင့်သလဲဆိုတာကို စဉ်းစားတွေးတောမနေတော့ဘဲ မယ်လုစိတ်ပျောက်သွားသူလို သူ့မျက်နှာကို စိုက်ကြည့်ပြီး သူ့လည်ပင်းကိုတည့်တည့်ကို ညှစ်ချပစ်လိုက်တော့သည်။

အဲဒီအချိန်ခဏအတွင်းမှာပဲ ...



www.burmeseclassic.com

www.burmeseclassic.com



"အား"ခနဲ အော်လိုက်သည့် သူ့အသံနက်နက်ကြီး
က မယ့် တစ်ကိုယ်လုံးကို လေထဲလွင့်သွားသလို ခံစားလိုက်ရ
သည်။

ဒီအချိန်မှာ ဘယ် ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ
မျက်လုံးတွေ ကြောင်အထုံထိုင်းသွားချိန် မယ့်ကို ယောကျ်ားတစ်
ယောက်က သူ့ရင်ခွင်ထဲ ပစ်ထည့်လိုက်သလို ငိုသံကြီးနှင့်အော်
ပြောလိုက်သည့် အသံတစ်ခုကိုလည်း ကြားလိုက်ရသည်။

"လုပ်ရက်လိုက်တာ မယ်ရယ်၊ မင်း ကြံစည်ရက်လိုက်
တာကွာ၊ ကိုယ့်ယောကျ်ားကိုများ သတ်ရက်တယ်လို့ကွာ
သတ်ပါ၊ ကိုယ့်ကိုလည်းပင်းညှစ်သတ်လိုက်စမ်းပါ၊ ကိုယ်
သေရဲတယ်၊ မင်း အခု ကိုယ့်ကိုထပ်ပြီး လည်ပင်းညှစ်စမ်း
မယ်သမိန်"

"ဟင့် ... ဟင့်အင်း ... ရှင် ... ရှင်"

မယ့်အသံက အိပ်ခန်းတစ်ခုလုံး လှိုင်းလုံးကြီးကြီး
ပစ်ရိုက်သွားသလို "ဝုန်းဝုန်း"ထန်သွားရသည်။

ဒီအချိန်မှာ မယ် ခံစားသိရှိလိုက်ရသည့် ခံစား
ကြီးကတော့ သူ့ကိုယ်လုံးကြီးကို ခပ်တင်းတင်းသိုက်ဖက်ပြီး
သူ့ရင်ခွင်ထဲမှာ မျက်နှာကလေး ပစ်ဝှက်လိုက်ခြင်းပင်ဖြစ်သည်

သူကလည်း အဲဒီအမူအရာတစ်ခုကို အသည်းနာ
သွားသည်လားမသိ။





အသည်းနှလုံး ဖြန်းဖြန်းကွဲသွားသည့် အသံကြီးနှင့် ...

"သတ်လေ ... မယ်၊ မင်းသတ်ရက်ရင် ကိုယ်သေဝံ့တယ်"

"အား ... ရှင် ... မပြောနဲ့၊ ဒီစကားတွေ မပြောနဲ့၊ ကျွန်မ
ကြောက်တယ်၊ ကျွန်မ သိပ်ကြောက်တယ် ... ဟီး ဟီး"

သူ့ကိုယ်လုံးကြီးကို အတင်းဖက်ပြီး ဟီးချုံငိုကြွေး
လိုက်မိသည်အထိ မယ် အရှုံးတစ်ပိုင်း ချောက်ချားသွားခဲ့ပေမယ့်
သူကတော့ သတိကြီးစွာဖြင့် မယ့်ကို ချော့မော့နှစ်သိမ့်လိုက်ရသေး
သည်။

ဘာပဲဖြစ်ဖြစ် ကိုယ် ရယူခဲ့သည့် ဇနီးလေးက
အဆိုးကလေး ဖြစ်နေတော့လည်း သူ အရာရာကို အဆုံးစွန်ခွင့်
လွှတ်သည်းခံဖို့ပဲ ဆုံးဖြတ်လိုက်ရတော့သည်။

သူ့ရင်ထဲက ခွင့်လွှတ်သည်းခံခြင်းတွေကိုတော့ သိပ်
ဆိုးသွမ်းလွန်းသည့် မယ်ကတော့ နားလည်နိုင်မည် မထင်ပါ။

သူကတော့ ...။

✤ ❦ ✤



www.burmeseclassic.com

www.burmeseclassic.com



## ၁၂

လက်ထပ်ထားသူ မိန်းမတစ်ယောက်အဖို့ သူ့ကို မပြောမဖြစ် စကားတစ်ခွန်းကိုပြောဖို့ မယ့်ရင်ထဲမှာ ရှက်ရွံ့တွန့်ဆုတ်နေခဲ့ရသည်။

ဒါပေမဲ့ သူနဲ့မယ်ဟာ အိမ်ထောင်တစ်ခု တည်မြဲဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ခဲ့တာမို့ ကလေးသံယောဇဉ်တစ်ခု မရယူဖို့ သူ့ကို ဒီကနေ့မှာပဲ မယ် အတိအလင်း ကြေညာလိုက်ပါသည်။

"ကျွန်မ ဆေးခန်းသွားမလို့၊ ရှင် လိုက်ပို့ပေးပါ"

တိုက်အရှေ့ပန်းခြံထဲမှာ သူနှင့် မျက်နှာချင်းဆိုင်လိုက်သည့်အချိန်မှာ မယ်က တောင်းဆိုလိုက်တာဖြစ်သည်။

မယ်ရဲ့တောင်းဆိုမှုကို သူက အနည်းငယ်အံ့သြသွားပုံဖြင့် မျက်ခုံးနှစ်ဖက် ပင့်တက်သွားကာ ...





"မင်းက ဆေးခန်း ဘာသွားလုပ်မှာလဲ"

"ကျွန်မ ကလေးမလိုချင်ဘူး"

"ဘာဖြစ်တယ်"

သူ အံ့သြသွားပုံမှာ တင်းစေ့ထားသည့် နှုတ်ခမ်းတောင် ပွင့်ဟသွားခဲ့တာ မယ် အမြင်ကတ် မုန်းတီးသွားရပါသည်။

ပြီးတော့ မယ့်ကိုမျှား သူ့မိန်းမဆိုပြီး ကြည့်နေသည့် အကြည့်က မယ့်ကို တကယ် အခံရခက်စေသည်။

အင်း ... ဒီအချိန်မှာတော့ သည်းခံဦးမှ။

နောက်မှ ဘာဖြစ်ဖြစ်။

အခုချိန်က မယ်က သူ့လက်ခုပ်ထဲကရေ။

သူ့ကိုကျော်ပြီး တစ်ပွင့်ကျော့စသား ပြောလို့မရသေးတာမို့ အသံလေးကို တမင်ပင် နှိမ့်ချလိုက်ပြီး ...

"ကျွန်မ ကလေးမယူချင်ဘူး၊ အဲဒါ ဆေးထိုးမလို့ ရှင် ကူညီပေးပါ"

"ကလေးမလိုချင်လို့ ဆေးထိုးမယ် ... ဟုတ်လား၊ ဘယ်လို အကြောင်းပြချက်နဲ့ ကိုယ့်ရဲ့ကလေးကို မလိုချင်ရတာလဲ၊ ပြောစမ်းပါဦး ဒေါ်မယ်သမိန်ရဲ့"

သူက မယ် အဖြေချင်ဆုံး မေးခွန်းတစ်ခုကို မယ့်မျက်နှာကို စေ့စေ့ကြည့်ပြီး မေးလိုက်တာကြောင့် မယ် အတော်လေး အဆင်ပြေသွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖြေချင်သည့်စကားကိုလည်း မယ် ခပ်တည်တည်ပင် မျက်လွှာသိမ်းပြီး ဖြေလိုက်သည်။

"အင်း … ရှင်းပါတယ်၊ ကျွန်မနဲ့ ရှင်ဟာ ဘယ်အချိန် ဘယ်လိုကွဲကြမယ်မှန်း မသိဘူးလေ၊ တစ်နေ့နေ့တော့ ကွဲကြမှာက အမှန်ပဲ၊ ဒါကြောင့် ကလေးတစ်ယောက် ရလာမယ်ဆိုရင် ကျွန်မအတွက် စိတ်အနှောင့်အယှက် ဖြစ်စရာတွေ ကြုံလာလိမ့်မယ် ထင်တယ်၊ ဒါကြောင့် အစ ကတည်းက ကျွန်မ Control လုပ်ထားတာ အကောင်းဆုံး ပဲ"

"ကောင်းပြီလေ၊ ဒါ မင်းဆန္ဒကို ကိုယ့်ကို တင်ပြလိုက်တဲ့ သဘောပေါ့၊ ကိုယ်ကလည်း ကိုယ့်ဆန္ဒကို မင်းကိုပြောပြ မယ်၊ မင်း လုံးဝကလေးယူရမယ်၊ အဲဒီကလေး ရလာလို့ မင်းစိတ် အနှောင့်အယှက် ဖြစ်မယ်ဆိုရင် အဲဒီကလေး အတွက် ငါ တာဝန်ယူမယ်၊ အကယ်၍ မင်းပြောသလို မင်းနဲ့ ငါနဲ့ ကွဲခဲ့ရင် အဲဒီကလေးဟာ ငါ့အတွက်ပဲ ဖြစ် စေရမယ်၊ မင်းနဲ့ လုံးဝမသက်ဆိုင်စေရဘူး"

"ကောင်းပြီ၊ ရှင် ခွင့်မပြုဘူးနော် … ရတယ်၊ ရှင် ရချင်တဲ့ ပုံစံအတိုင်း ဖြစ်မယ်ဆိုရင် ရှင်ဟာ အရာရာတိုင်း မှာ ကျွန်မထက် ကံကောင်းတဲ့သူ ဖြစ်နေမှာပဲ၊ ကျွန်မဟာ ကျွန်မ အရယူချင်တဲ့အရာကို အတိုက်အခံလုပ်ပြီး အရယူ တတ်တဲ့ မိန်းမတစ်ယောက်ဆိုတာကို ရှင်မေ့မထားနဲ့"





"ကောင်းပြီ၊ မင်း လုပ်ဆောင်နိုင်ပါစေလို့ ကိုယ် ဆုတောင်း တယ်"

သေလိုက်စမ်း နေစက္က …

မယ် ဒီနေရာကနေ ချာခနဲ လှည့်ထွက်လိုက်တာပဲ အကောင်းဆုံးဖြစ်သည်။

သူနှင့် ဖက်သတ်နေရင်လည်း မယ်ပဲ မျက်ရည်ကျ နေခဲ့ရမှာပဲ အဖတ်တင်ပါလိမ့်မည်။

✤ ❦ ✤



www.burmeseclassic.com

www.burmeseclassic.com



မယ့်မှာ ကိုယ်ဝန်ရှိနေပြီ ဆိုတာကို သိလိုက်ရချိ
တွင် မယ် ဘယ်လိုကြီး ခံစားရမှန်း မသိအောင် ရင်ထဲမှာ ဝမ်း
သာသွားခဲ့ရလေသည်။

မိဘမေတ္တာ ဆိုတာ ဤခံစားမှုလားတော့ မသိ
(တကယ်ကြည်နူးခံစားရတာပါ) အခုလို အချိန်မျိုးမှာ မေမေ့
အပြင်းအထန် သတိရစိတ်က မျက်ရည်များ ရစ်ဝိုင်းသွားသည်
အထိ ခံစားခဲ့ရသည်။

ဒီခံစားမှုတွေကို မယ် ကြိတ်မှိတ်ခံစားနေခဲ့တာ
သူက အကင်းပါးစွာ ရိပ်မိသည်လား မသိ။

အခုရက်ပိုင်းမှာ ညအိပ်ရာဝင်တိုင်း ကလေးလိုချ
ကြောင်းကို Rap ခင်း ဆိုပြီး ဟာသလုပ်တတ်သည့် သူ့ကို မယ်
မသိ စိတ်က ချစ်မြတ်နိုးခဲ့ရသည် ဆိုတာကိုတော့ သူသိအောင်
ဘယ်တော့မှ ဝန်ခံမိမည်မထင်။





ဒါပေမဲ့ သူကတော့ အကင်းပါးစွာဖြင့်ပင် မယ့်မျက်
ဝန်းတွေကို တည့်တည့်ဖတ်ပြီး သူ့ဘဝသူ ကျေနပ်နေခဲ့လေသည်။

အခုလည်းပဲ မယ့် အနားမှာ တောက်တဲ့ကပ် ကပ်
နေတဲ့ သူ့ကို မယ် အမြင်ကတ်လွန်းလို့ ဆိုဖာကြီးပေါ် ဆောင့်
ခနဲ ထိုင်ချလိုက်ပြီး ဂျာနယ်တစ်စောင်ကို ဟိုလှန် ဒီလှန်
လျှောက်ကြည့်နေတုန်းမှာပဲ မယ့်ရင်ကို အဆန်းဆုံး ထိသွားစေ
သည့် စကားတစ်လုံးကို မျက်နှာတည်လေးဖြင့် မေးလာခဲ့တာ
မယ် အံ့သြမဆုံး ဖြစ်သွားရသည်။

"မယ် ... မင်းမှာ ကိုယ်ဝန်ရှိနေပြီ မဟုတ်လား"

ရုတ်တရက် မေးလိုက်သည့် သူ့စကားက မယ့်တစ်
ကိုယ်လုံးက လည်ပတ်နေတဲ့ သွေးတွေကို ရပ်တန့်ငြိမ်သက်သွား
တော့သည်။

အား ... မယ် ရှက်လိုက်တာ။

မယ် ဘယ်လိုကြီး ခံစားလိုက်ရမှန်း မသိအောင်
ရှက်မိသွားကာ သူ့ကို အရှက်သည်းသည့် မျက်ဝန်းတွေနှင့် မော့
ကြည့်လိုက်ပြီး ...

"ရှင် ... ရှင်က ဘယ်လိုသိနေတာလဲ"

လို့ အ,ထစ်ထစ်ကလေး မေးလိုက်တာကို သူက
မယ့်ကို ချစ်စနိုးနှင့် လူကြီးတစ်ယောက်က ကလေးလေးကို ပြုံး
ကြည့်သည့် အကြည့်မျိုးဖြင့် ခေါင်းညိတ်ပြုံးကြည့်ပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"သိတာပေါ့၊ မင်းယောက်ျားပဲ၊ မင်း ဘယ်လိုနေတယ် ဘယ်လိုထိုင်တယ်၊ ဘာလုပ်တယ်၊ ဘာစားတယ်ကအစ အားလုံး သိနေ မြင်နေရတာပဲ၊ မင်းမှာ ဒီသုံးလအတွင်း ကိုယ်ဝန်ရှိနေပြီဆိုတာ ကိုယ် အတပ်သိတာပေါ့"

မယ့်မျက်နှာကို ရေအိုးထဲ ပြေးစိမ်ပစ်လိုက်ချင်သည် အထိ ထူပူသွားရလေသည်။

အပြောကြမ်းလွန်းသည့် သူ့ကိုလည်း ပိုပြီးအမြင်ကတ်သွားရပါသည်။

ကျွတ် ... အမြင်ကတ်ဖို့ ကောင်းလိုက်တဲ့ ယောကျ်ား။

"ဟုတ်တယ် မဟုတ်လား၊ မင်း ဗိုက်ထဲမှာ ကိုယ့်ရင်သွေးလေး ရှိနေပြီ မဟုတ်လား မယ်"

"ထင်တာပဲ၊ ဆရာဝန် ပြကြည့်မှ အသေအချာ သိရမှာပေါ့၊ ကျွန်မက ဘယ်လိုလုပ် သိမှာလဲ"

"ဟာ ... ဟုတ်တာပေါ့၊ ကိုယ့်မိန်းမက အင်ဂျင်နီယာပဲ၊ ဘယ်သိပါ့မလဲ၊ ဒါဆို ဆရာဝန်ပြကြည့်ကြတာပေါ့၊ အင်း ဒီမြို့ထဲမှာ ကိုယ့်သူငယ်ချင်း ဆရာဝန်မတစ်ယောက်ရှိတယ်၊ သူ့ကို တစ်ခါတည်းပြရင်း တစ်ခါတည်း ဗိုက်အပ်လိုက်မယ် ဟုတ်လား၊ ပြီးတော့ ကိုယ်ဝန်သည်တွေအတွက် လိုအပ်တဲ့ အားဆေးတို့ ဘာတို့ အစပေါ့ကွာ၊ ဟား ... ပျော်လိုက်တာ၊ ရင်ထဲမှာ ဖုတ်လှိုက် ဖုတ်လှိုက်ကို ဖြစ်နေတာပဲကွာ၊ မိန်းမ ... မင်းရော မပျော်ဘူးလား"





"မပျော်ပါဘူး ဝမ်းတောင် နည်းသေးတယ်"

"အင်း ... ကြည့် ... ကြည့် ... ကောက်ကျစ်တော့မယ်၊ ရုပ်ကိုက မိခင်လောင်းရုပ်ကို မပေါက်သေးဘူး၊ နောက်နှစ်လ သုံးလဆိုရင်တော့ သိသိသာသာ ရုပ်ထွက်လာပါပြီ"

"နေစမ်းပါအုံး ... ရှင်"

"အဟား ... ပျော်တယ်ကွာ အချစ်ရာ၊ ဒီနေ့ အပျော်ဆုံးပဲ သိလား"

သူက မျက်နှာကြီးကို အထက်သို့ ပင့်မော့ပြီး မယ့်ကိုယ်လုံးလေးကို ဖွေ့ခနဲပွေ့ချီကာ ဧည့်ခန်းပတ်လည် လျှောက်ပြေးနေခဲ့လေသည်။

သူ အပျော်လွန်နေတာကို ကြည့်ပြီး မယ် ရယ်ရမလို ငိုရမလိုလိုနှင့် ခေါင်းကတော့ အတော့်ကိုမူးသွားရပြီဖြစ်သည်။

ခေါင်းလည်းမူး ရင်လည်းခုန် ချွေးလည်းပြန်နှင့် မယ် ကြံရာမရ ဖြစ်နေချိန်မှာ အခုလို အချိန်မျိုးမှာ သူ့ကိုတောင်းဆိုရမယ့် အခွင့်အရေးက အရာရောက်မှာမို့ မယ် သူ့ကို အရဲစွန့်ပြီး တောင်းဆိုကြည့်လိုက်သည်။

"နေစမ်း ... ကျွန်မ ကလေးကို ဒီမှာမမွေးဘူးနော်၊ မေမေ့ဆီမှာပဲ ပြန်မွေးမယ်၊ ဒီမှာလည်း ကလေးမွေးပြီးတဲ့အထိ နေလို့မဖြစ်ဘူး၊ ကျွန်မမှာ စီးပွားရေးတွေ လုပ်စရာအများကြီး ထားခဲ့ရတာ၊ အခုလည်း ကန်ထရိုက်တွေ ရှယ်ယာ



www.burmeseclassic.com

www.burmeseclassic.com



လုပ်ငန်းတွေအားလုံး ပစ်ထားခဲ့ရတာ။ ဘယ်လောက်အင် ဒီအချိန် အတိုင်းအတာအတွင်းမှာ စီးပွားရေးတွေ ယုတ် လျော့ကုန်ပြီလဲ၊ ရှင် သဘောပေါက် နားလည်စမ်းပါ"

"ဟား ဟား ဟား"

"ဟင် ... ရှင်က ဘာပြက်ရယ်ပြုတာလဲ"

"ဟောဗျာ ... ပြက်ရယ် မပြုပါဘူး၊ မင်းကလည်း မလို ကြော နာလိုက်တာ"

"ရှင် စကားကိုဆင်ခြင်ပြောနော်၊ ကျွန်မ ရှင်နဲ့ရန်မဖြစ်ချင် ဘူး"

သူက မယ့်ကို မခံချိမခံသာဖြစ်အောင် ခေါင်းတစ် ချက်ဆတ်ပြီး မျက်အိမ်ကလေး မှေးကြည့်တာကို မယ် မခံနိုင်မှာ ဖြင့် မျက်နှာကလေးလွှဲ အံကြိတ်ပစ်လိုက်သည်။

"နေစမ်းပါဦး ... စဉ်းစားနေတာပါ၊ အင်း ... မင်းမှာမှ အလုပ်ကြီး အကိုင်ကြီး လုပ်တယ်လို့ ထင်နေတာလား၊ ကိုယ့်မှာလည်း ဆောက်လက်စတိုက်သစ်တွေရယ်၊ အိမ် ရာမြေ အကျိုးဆောင်လုပ်ငန်းတွေရယ် စသည်ဖြင့်ပေါ့၊ မင်းထက်မနိမ့်တဲ့ လုပ်ငန်းတွေကို ပစ်ထားခဲ့ရတာ၊ ဒါပေမဲ့ အဲဒီလုပ်ငန်းတွေကို ကိုယ့်လက်ထောက်တစ်ယောက်ကို လွှဲထားခဲ့တဲ့အတွက် စိတ်ချတယ်၊ မင်း ဒီမှာ ကလေးမွေး ပြီးမှ ပြန်ရမယ်"





"ရှင် ကျွန်မကို အခုလောက်ထိ ချုပ်ကိုင်တာ တရားလွန် နေပြီနော်၊ ကျွန်မ လုံးဝသည်းမခံနိုင်တော့ဘူး"

"မင်း ဘယ်လိုထင်ထင်လေ၊ ကိုယ် ဂရုမစိုက်ဘူး"

"အေး ... ရှင်ဟာ မိန်းမကို ပြိုင်နေတာ၊ ကျွန်မရဲ့စီးပွားကို ပျက်ရာပျက်စီးကြောင်း ကြံစည်နေတာ"

"ဟာ ... မင်းစကားကို ဆင်ခြင်ပြောစမ်းပါ မယ်သမိန်၊ မင်းဟာ ငါ့ကို သေကြောင်းကြံနိုင်ခဲ့ပေမယ့် ငါက မင်း ဘဝကို ပျက်စီးရာပျက်စီးကြောင်း ဘာတစ်ခုမှ လုပ်ထား တဲ့ကောင် မဟုတ်ဘူးနော်၊ မင်း ရှက်တတ်မယ်ဆိုရင် မင်းစကား မင်းရုပ်သိမ်းပစ်လိုက်စမ်း"

"မရုပ်သိမ်းဘူး၊ လုံးဝမရုပ်သိမ်းနိုင်ဘူး၊ ကလေးကိုလည်း ဒီမှာမမွေးဘူး၊ ကောင်းပြီ၊ ရှင် ကျွန်မကို ဒီလောက်အထိ သွတ်မြောက်ခွင့်မပေးရင် ကျွန်မကလည်း ရတဲ့နည်းနဲ့ ရအောင်ယူမှာပဲ ... ဟင်း ဟင်း"

"ဟင် ... မင်းက ... မင်းက ဘာလုပ်ဦးမလို့လဲ"

"ဒီကိုယ်ဝန်ကို လုံးဝမယူတော့ဘူးလေ၊ ရတယ်၊ ရေချိုး ရင်းနဲ့ ချော်လဲချလိုက်ရင် ကိုယ်ဝန်ပျက်ကျသွားမှာပဲ၊ မှတ်ထား နေစက္ကူ"

"ဟား ... ကွာ၊ တောက်"



www.burmeseclassic.com

www.burmeseclassic.com



ကြိတ်မနိုင်ခဲမရ ဖြစ်သွားသည့် သူ့ကို မယ်က ခပ်သာသာကလေး မျက်ဝန်းကလေး စင်းကြည့်လိုက်သည်။ အဲဒီအချိန်မှာ သူက မယ့်ပခုံးသားတွေကို ကျိုးကြေလုမတတ် ဆုပ်ကိုင်ဖျစ်ညှစ်လိုက်ပြီး အံကြိတ်သံကြီးနှင့် ...

"မင်း ... မင်း ... ငါကွာ၊ ငါလုပ်မိတော့မယ်၊ ဒီမှာ မယ် သမိန်၊ မင်း အခန်းထဲ ဝင်နေတော့၊ မင်းနဲ့ငါ ဆက်ပြီး ရန်မဖြစ်ချင်ဘူး ... တောက်၊ ဗိုက်ထဲက ငါ့ကလေးက သာ တစ်ခုခုဖြစ်အောင် မင်းလုပ်ရင် မင်း ငါနဲ့အတွေ့ခံ အေး ... မင်းဆန္ဒကို ငါ လက်ခံတယ်၊ မင်း ငါ့ကလေးကို တော့ ထိဖို့မပြင်နဲ့နော်၊ ဒါ နောက်ဆုံး သတိပေးတာပဲ"

ဘယ်လိုပဲဖြစ်ဖြစ် နောက်ဆုံးတော့ မယ့်ရဲ့မာယာ စက်ကွင်းကို သူ ကြွေကျသက်ဆင်းသွားခဲ့ရလေသည်။

ကဲ ... ရှင် ဘာတတ်နိုင်သေးလဲ နေစက္က။

မယ်သမိန်တဲ့နော်၊ တစ်မယ်သမိန်တည်းရှိတယ်။

✤ ❦ ✤





## ၁၃

သူနှင့်မယ်သည် တစ်ယောက်ကို တစ်ယောက် ခြိမ်းအေးနိုင်သော ရန်ငြိုးရန်စတွေနှင့် ရင်သန်လျက် ရှိနေသည်က အိမ်ထောင်ရေးမှာ ဆူးညှောင့်ခလုတ် ဖြစ်လာခဲ့ရသည်။

အဲဒီလို ရင်ထဲမှာ အငြိုးမပြေတဲ့ဆန္ဒတွေ ရှိနေခဲ့တော့လည်း မယ့်ဆန္ဒကို သူ လိုက်လျောခဲ့ပေမယ့် မယ် နည်းနည်းမှ မကျေနပ် မပျော်ရွှင်ခဲ့တာ အမှန်ပင်။

မယ် မပျော်ရွှင်ဆိုလည်း သူက မယ့်ကို အကျော ကြီးနှင့် လွှတ်လပ်ခွင့်ပေးခဲ့တာ ဖြစ်လေသည်။

"မင်းဟာ ကိုယ့်မိန်းမဖြစ်နေပြီ၊ အဲဒီတော့ ကိုယ်စီစဉ်တာကို လက်ခံရမယ်၊ မေမေက ကျွန်းမာရေး သိပ်ကောင်းတာ မဟုတ်ဘူး၊ ကိုယ့်အိမ်မှာ မင်း လိုက်နေရမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဆိုသည့် စကားကို မယ်က အရောင်စိမ်းသွားသည့် မျက်လုံးတွေနှင့် သူ့မျက်နှာကို စေ့စေ့စိုက်ကြည့်ပြီး သူ့မျက်နှာကို လက်ညှိုးငေါက်ငေါက်ထိုးကာ ...

"ဘာ ... ရှင် ဘာစကားပြောလိုက်တယ်၊ ဒီမယ် ... ရှင် အိမ်မပြောနဲ့ ရှင့်ခြံထဲကိုတောင် မျက်လုံးအကြည့်တစ်ချက် မရောက်စေရဘူး၊ ရှင့်အမေကိုလည်း ကျွန်မယောက္ခမအဖြစ် အသိအမှတ် မပြုဘူး၊ ရှင့်အမေကို ကျွန်မ လောကမှာ အမုန်းဆုံးပဲ၊ ရှင့်အဖေကို ပိုတောင်မုန်းသေးတယ်၊ နှစ်ယောက်စလုံးကို လုံးဝယောက္ခမအဖြစ် အသိအမှတ်မပြုဘူး နားလည်လား"

ဖေဖေနှင့် မေမေ့အပေါ်ကို အငြိုးအတေးကြီးစွာ ခါးခါးသီးသီး ကြမ်းရှစွာ ပြောနေသော ဇနီးဖြစ်သူကို သူ စူးစူးနင့်နင့် စိုက်ကြည့်လိုက်သည်။

အဖေ့ကို မိုက်ရိုင်း မောက်မာတဲ့ မိန်းမ။

တစ်သက်လုံး သူ ဦးထိပ်ထားလာသည့် မိဘနှစ်ပါးကို ချွေးမဖြစ်သူက ဒီလို ရိုင်းရိုင်းပျပျ ပြောတာကိုတော့ သူ လုံးဝ လက်မခံနိုင်။

သူ့ရာဇဝင်တော့ အရိုင်းမခံနိုင်။ ဒါမျိုးဆို ခံရိုးထုံးစံ မရှိသည့် သူက ...





"မင်းဟာ ဒေါ်ဟန်မေထွန်း သမီးပီပီ မိုက်ရိုင်းလှချည်လား၊ မင်းဟာ ဒေါ်သစ်သစ် ဦးအောင်နိုင်တို့ရဲ့သား၊ ငါ့ကို လင်တော်ထားမှ မေမေတို့ကို ယောက္ခမ,မတော်လို့ ဘယ် ရမလဲ၊ မင်းဟာ ငါ့မိန်းမ ဖြစ်နေတဲ့အတွက် မေမေတို့ရဲ့ ချွေးမပဲ မှတ်ထား"

"ဟုတ်တယ်လေ၊ ကျွန်မ ယောက္ခမတော်မှန်း သိသားပဲ၊ ယောက္ခမတော်ပေမယ့် ကျွန်မက ယောက္ခမလို အသိအမှတ် မပြုနိုင်တာကို ပြောတာလေ"

"တော်တော့ မယ်သမိန်၊ မင်း ဆက်စကားမပြောတော့နဲ့၊ မင်းလောက် ရိုင်းစိုင်းရင့်သီးတဲ့မိန်းမ မောက်မာတဲ့မိန်းမ၊ အေးပေါ့ကွာ၊ မင်း အမောက်ထောင်နိုင်တုန်း ထောင်ထား ဦးပေါ့ကွာ၊ မင်းရဲ့ဗိုက်ထဲမှာ ငါ့ကလေး ရှိနေလို့၊ ကလေး ဝမ်းထဲက ကျွတ်တဲ့နေ့ မင်း ဒီစကားမပြောစေရဘူးမှတ်၊ ငါ ဆုံးမပြမယ်"

သူ ပြောလိုက်တာကို ထီမထင် မျက်နှာပေးနှင့် တစ်ဖက်လှည့်သွားသည့် မိန်းမဖြစ်သူကိုကြည့်ပြီး သူ့မှာ ကြိတ်မနိုင်ခဲမရ ဖြစ်နေခဲ့ပေမယ့် ရင်ထဲမှာပဲ ဟင်းချသည်းခံလိုက်ရတော့သည်။

နေနှင့်ဦးပေါ့ မယ်သမိန်ရယ် လို့တော့ စိတ်ထဲမှာ ကောင်းကောင်းငြိုးထားပြီး ကားကို သူမတို့ခြံအရှေ့မှာ ထိုးရပ် ပစ်လိုက်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... မင်းတို့ခြံထိပ်ရောက်ပြီ၊ မင်း ဘယ်လိုဆုံးဖြတ်မလဲ မယ်သမိန်"

"အကောင်းဆုံး ဆုံးဖြတ်ချက်တစ်ခုကတော့ ရှင်နဲ့ ကျွန်မ လမ်းခွဲလိုက်ကြဖို့ပဲ"

"ဘာ"

ဒီစကားလုံးကိုတော့ သူ့အသည်း ကွဲခတ်သလို ဆတ်ဆတ်ခါ နာသွားရလေသည်။

ဘယ်လောက် အထိနာသွားရသလဲဆိုရင် သူ့အနားမှာ သူ့ကို အနိုင်ယူနေသည့်မိန်းမ ပခုံးနှစ်ဖက်ကို ခပ်ကြမ်းကြမ်းဆွဲခါယမ်းလိုက်မိသည်အထိ ပေါက်ကွဲသွားတာဖြစ်သည်။

"မင်း ... မင်း"

"ကဲ ... ရှင် ဘာပြောဦးမလဲ"

"မင်းက မင်းဝသုံကို မျှော်လင့်ထားပြီ ထင်တယ်"

"ဘာ"

ရုတ်တရက် မယ့်မျက်လုံးတွေ ပြာဝေမှုန်မိုက်သွားပြီး အံကို တင်းတင်းဖိကြိတ်ကာ သူ့ပါးကို အစွမ်းကုန်လွှဲချပစ်လိုက်သည်။

သို့သော် မယ့်လက်တစ်ဖက်က သူ့ပါးပြင်ပေါ် ခပ်ကြမ်းကြမ်း မရောက်ရှိခဲ့ရဘဲ သူ့ရဲ့ချုပ်နှောင်မှုတွေအောက်မှာ အရိုးတွေ ကျေလုမတတ် နာကျင်ခါးသက်သွားရသည်။





"ရှင် ... ရှင် ... လူမဟုတ်ဘူး"

မယ် မနိုင်,နိုင်ရာ စကားလုံးနှင့် ကိုင်ပေါက်ပြီး သူ့ကို မျက်ရည်ကျ အရှုံးပေးလိုက်ရတော့သည်။

"ကဲ ... ဘယ်လိုလဲ ဒေါ်မယ်သမိန်၊ ငါ့ကို မျက်ရည်ခံလာမထိုးနဲ့၊ ငါမသနားဘူး၊ မင်းရဲ့အဆိုအကျ ဆုံးဖြတ်ချက်သာပြော၊ မင်း ဘယ်မှာနေမှာလဲ"

"ကိုယ့်အိမ်နဲ့ ကိုယ်နေမယ်၊ ရှင့်မိသားစုနဲ့ လုံးဝမဆက်စပ်စေရဘူး၊ တစ်ချိန်က ကျွန်မ မသိထုတ်တဲ့အရွယ်က ထိုးနှက်ခဲ့တဲ့ အဖြစ်တွေကို လူကြီးဖြစ်ပြီး အငြိုးထားတဲ့ ရှင့်မအေကိုလေ ကျွန်မ ကျေကိုမကျေနပ်ဘူး၊ အဲဒီရဲ့အကြွေးတွေကို သူ့သားက အလျော်အစား ပြန်ယူပြမယ်ဆိုတဲ့ ဒေါ်သစ်သစ် စကားကို ဘယ်တော့မှ မကျေဘူး၊ အခုလည်း ရှင် ကျွန်မကို မတရားယူတဲ့ အကြံအစည်ထဲမှာလည်း ရှင့်မအေအကြံအစည် နံပါတ်တစ်ထိပ်ဆုံးကပဲ ကျွန်မ အားလုံးသိတယ်"

"ဟုတ်တယ်လေ၊ ဒါဟာ ရာဇဝင်အကြွေးပဲ မင်း ပြန်ဆပ်ရမယ်ဆိုတာ နားလည်ရင် ပြီးတာပဲ၊ ကောင်းပြီ၊ မင်းက ကိုယ့်အိမ်နဲ့ကိုယ် နေမယ်ဆိုတော့ ကိုယ် ယောမင်းကြီးလမ်းမှာ ဝယ်ထားတဲ့ တိုက်ခန်းတစ်ခန်း ရှိတယ်၊ အဲဒီမှာပဲ နေကြတာပေါ့၊ ဒါဆို ကိုယ်တို့ အဲဒီကိုပဲ ကားမောင်းလိုက်



www.burmeseclassic.com

www.burmeseclassic.com



မယ်၊ အဲဒီမှာလည်း ဖုန်းအဆင်သင့်ရှိတယ်၊ မင်းဟိုရောက်မှ မင်းအမေဆီ ဖုန်း Contact လုပ်ပေါ့"

သူက ကားကို ဘက်(ခ်)ပြန်ဆုတ်ပြီး သူဝယ်ထားသည့် ယာမင်းကြီးလမ်းက တိုက်ခန်းရှိရာသို့ မောင်းလာခဲ့သည်။

တိုက်ခန်းကိုရောက်တဲ့ အချိန်မှာတော့ သူနှင့်မယ် တစ်ယောက်ကိုတစ်ယောက် ကျောခိုင်းပြီး အရင်ကလို နွေးထွေးမှုတွေ မရှိတော့ဘဲ စိမ်းကားအေးစက်သွားလေသည်။

ဒီအချိန်မှာ ကိုယ့်နယ်မြေကို ကိုယ်ပြန်ရောက်ပြီး မိသားစုနှင့် ရင်းနှီးနွေးထွေးမှု မရှိသည်ကတစ်ကြောင်း၊ တစ်ယောက်ကိုတစ်ယောက် မာန်မာနနှင့် ကန်ကျောက်နေခဲ့ကြသည်ကြောင့် တစ်ကြောင်း စိမ်းနေခြင်းဖြစ်သည်။

ဒါပေမဲ့ မေကတော့ တိုက်ခန်းအပြင်အဆင်တွေကို ကြည့်ပြီး စိတ်ထဲက ကျေနပ်သွားရပါသည်။

ဧည့်ခန်းထဲမှာ ရှုခင်းပန်းချီပုံများ နံရံအပြည့်ချိတ်ဆွဲထားသည့်ပုံမှာ ကဗျာဆန်လှသည်။

ပြီးတော့ ဧည့်ခန်းထဲမှာပဲ တီဗီအကြီးကြီးတစ်လုံး၊ ကက်ဆက်၊ နံရံကပ်နာရီ စသည့် အိမ်ထောင်ပရိဘောဂပစ္စည်းများနှင့် ပေါလစ်ရောင်လဲ့လဲ့ထနေသည့် ကိုယ်လုံးပေါ်မှန်ကြီးကလည်း အိမ်ရှေ့ခန်းမှာ နေရာယူထားသည်။





ကိုယ်လုံးပေါ်မှန်ကြီးကိုကြည့်ပြီး ထိုဗီရိုပေါ်မှာတင်ထားသည့် အသစ်စက်စက် ဖုန်းနီနီလေးကို တွေ့လိုက်ရသဖြင့် မယ့်မျက်လုံးတွေ အရောင်လဲ့သွားကာ မေမေ့ဆီ ဖုန်းဆက်ဖို့ ထရပ်လိုက်မိသည်။

"ဘယ်လဲ မယ်သမိန်"

မေးတစ်ချက်ဆတ်ပြီး ဆရာကြီးအိုက်တင်နှင့် မေးလာသည့် သူ့ကို မယ် မျက်မှန်းကျိုးစွာ ခပ်ရှုံ့ရှုံ့ စိုက်ကြည့်ပစ်လိုက်တော့ သူက ပခုံးတွန့်ပြီး ဟက်ခနဲ ရယ်လိုက်ပြန်သည်။

"အဟက်"

"ကျွတ်"

"ဘယ်လဲလို့ မေးနေတယ်လေ"

မေးပြီး မယ့်ဆီ လျှောက်လာသည့် ခြေလှမ်းတွေက အစ မယ့်အပေါ် လွှမ်းမိုးချုပ်ကိုင်ထားသလို မယ် ခံစားရသည်။

ဒါပေမဲ့ မယ်က ဘာမထီအပြုံးဖြင့် မျက်နှာတစ်ချက်ပင့်မော့ကာ ...

"မေမေ့ဆီ ဖုန်းဆက်မလို့"

"နေဦး၊ မင်း မဆက်နဲ့ဦး မယ်၊ ကိုယ်တောင် ကိုယ့်ဖုန်းကို အရင်မဆက်ရသေးဘူး၊ ကိုယ်ဆက်ပြီးမှ မင်းဆက်၊ ကိုယ် မေမေ့ဆီကို ဖုန်းဆက်လိုက်ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



မယ် သူ့ကို ဘာမှပြောစရာမရှိတော့ဘဲ သူ့ကို ကြောင်ပြီးကြည့်နေမိသည်။

ဤဖုန်းမှာ သူ့ဖုန်းဆိုပြီး မယ့်ကို အရင်ရောက်နေသူ ဖြစ်ပေမယ့် ဦးစားမပေးဘဲ အနိုင်ယူပြီး သူ အရင်ဆက်မယ်လို့ ပြောလိုက်တာကို မယ် ဘယ်လိုနှလုံးသားမျိုးနှင့် နာရမှန်းမသိ နာသွားရလေတော့သည်။

ချက်ချင်းပင် ဖုန်းပေါ်ကို ရောက်နှင့်နေသည့် လက်ကလေးကို ပြန်ရုပ်လိုက်ပြီး ခြေတစ်လှမ်းဆုတ်ကာ သူ့ကိုကျောခိုင်းလိုက်ချိန်မှာတော့ သူ့ရဲ့အရှုံးလုံးရိုက်နေသည့် အသံကြီးက မယ့်ကို ပိုပြီးခါးသက်သွားရသည်။

"ဟယ်လို ... မေမေလား၊ ကျွန်တော်ပါ"

သူ့အသံမှာ အရာရာတိုင်းကို အောင်မြင်နေပြီဖြစ်သော အနိုင်ရ ယောက်ျားတစ်ယောက်လို စိုးမိုးထည်ဝါနေတာ မယ် အော်ဂလီဆန်အောင် မုန်းလှပါသည်။

သူကတော့ မယ့်ရင်ထဲက အမုန်းတွေကို ဂရုမစိုက်ဘဲ မယ့်ကို သူ့မေမေနှင့် စကားပြောနေရာမှ တပြုံးပြုံးစိုက်ကြည့်လာပြီး ...

"အင်း ... မေမေကလည်း၊ အားလုံးအဆင်ပြေပါတယ်၊ အဆင်ပြေချင်တော့ သူ့မှာ ကိုယ်ဝန်တန်းရှိသွားတာ ... အဟွန်း ဟွန်း ... မေမေတော့ မြေးချီရတော့မယ်ဗျ၊ အဟား ... လောလောဆယ်တော့ သူက မူနေတုန်းပဲ ... အဟွန်း၊ နောက်မှ ကျွန်တော့်ကို အားကိုးလာမှာ၊ အခုတော့ ကြွေးကြော်တုန်း မောက်မာတုန်း"

ပြောရင်းနှင့် သူက မယ့်ကို တစ်ချက်ကြည့်လျက် ပခုံးတွန့်ပြလာတာကို မယ်က မသိချင်ယောင်ဆောင်ပြီး ဧည့်ခန်းဆိုဖာမှာ ခပ်ငြိမ်ငြိမ်ပင်ထိုင်ကာ သူ့စကားသံကို နားစွင့်ထားလိုက်သည်။

"ဟုတ်ကဲ့ ... အခု ကျွန်တော် ရန်ကုန်ပြန်လာရတာကလည်း သူ အကျပ်ကိုင်လို့ သူက ရန်ကုန်မပြန်ရရင် ကလေးမယူဘူးလို့ ပြောလို့၊ နင့်မို့ ကျွန်တော်က ကလေးမွေးပြီးမှ ပြန်ချင်တာ ...

"ဩော် ... မေမေရာ ဘယ်ရမလဲ၊ ကျွန်တော့်ကို အရင်ပုံစံ လာချိုးလို့ကတော့ ဘယ်လက်သင့်ခံတော့မလဲ၊ ကျွန်တော်က သူ့ယောက်ျားဖြစ်နေပြီ၊ သူ့ကိုသာ ကျွန်တော်က အရာရာချုပ်ကိုင်လွှမ်းမိုးနိုင်တဲ့သူ ဖြစ်စေရမယ်၊ ဟုတ်ကဲ့ ... ဟုတ်ကဲ့မေမေ၊ ဒါပဲနော် ... ဟုတ်ကဲ့ ... ဟုတ်ကဲ့"

သူ ဖုန်းချသွားသည့်တိုင် မယ်က သူ့ကိုမုန်းတီးစွာ စိုက်ကြည့်မိဆဲဖြစ်သည်။

အဲဒီအချိန်မှာ သူက မယ့်ဆီသို့ ရင်ကော့လျှောက်ကာ မယ့်ပခုံးကို ထွေးဖျစ်ပြီး ...







www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ကဲ ... ကိုယ့်မိန်းမ ဖုန်းဆက်လို့ရပြီ"

ဘယ်ဘဝက ရေစက်ကြောင့် ဒီလောက်မှန်းစရာ ကောင်းသည့် ယောက်ျားကို ယောက်ျားဟော်ခဲ့ရတာလည်း မသိ။

အခုချိန်ကစပြီး သူနှင့်မယ်ဟာ အရင်ကလိုပဲ ပြန် ပြီး ရန်သူဖြစ်သွားရပါပြီ။

သူ့ကို လျစ်လျူရှု ကျော်ခိုင်းလိုက်တာပဲ ကောင်း တယ်။

ဘာခံစားချက်မှ ခံစားမပေးတာလည်း ကောင်း တယ်။

သူ့အတွက်နဲ့ မယ် ဘယ်တော့မှ မျက်ရည်မကျဘူး ဆုံးဖြတ်ချက်ဖြင့် မယ် မျက်နှာလေးကို ပင့်မော့ကာ ဝရန်တာဆီ သို့ ခပ်သွက်သွက်ကလေး လှမ်းထွက်လာခဲ့မိတော့သည်။

ဝရန်တာကနေ အောက်ထပ်မှ လှုပ်ရှားသွားလာမှု များကို မယ့်ခေါင်းတွေ ရီတွေအောင် ငေးစိုက်ကြည့်နေမိသည်။

အဲဒီအချိန်မှာပဲ မယ့်ကို ရင်ခွင်ထဲ ဆွဲသွင်းလိုက် သည့် အသိနှင့်အတူ မယ့်နူတ်ခမ်းသားလေးတွေ ပူခနဲ ခံစားလိုက် ရသည်။

အတန်ကြာ နွေးပူခံစားလိုက်ရပြီး သူက ရန်ခုန် သွားသည့် ဝမ်းတွင်းလှိုက်မောသံကြီးနှင့် ...

"မင်း ဒီနေရာမှာ ရပ်နေတာ နှစ်နာရီရှိသွားပြီ၊ သွေးတောင် နေပြီ လှုပ်ရှားမှုမရှိတော့ ဗိုက်ထဲက ကလေးကို ထိခိုက်





နိုင်မယ်၊ ပြီးတော့ အရမ်းအေးတယ်၊ ဖျားနေမှ ဒုက္ခဖြစ် ဦးမယ်၊ လာ ... လာ ... မိုးလည်းချုပ်ပြီ၊ မယ်လည်း ထမင်းဆာရောပေါ့၊ ခုနက မေမေ ကိုယ်တို့စားဖို့ ထမင်း ချိုင့် လာပို့သွားတယ်"

မယ် သူ့ရင်ခွင်ထဲကနေ သူ့ရင်ခွေ့အနံ့ကို မုန်းတီး ခြင်းဖြင့် မျက်နှာကို ပင့်ခါပစ်လိုက်ပြီး အော့နလုံးနာစွာ နှာခေါင်း ရှုံ့ အသက်အောင့်ကာ ...

"ကောင်းပြီ၊ ထမင်းဆာနေတာတော့ အမှန်ပဲ၊ ဒါပေမဲ့ ရှင့်မေမေ ပို့တဲ့ထမင်းကို ဘယ်တော့မှ မစားဘူး၊ ရှင် ဆိုင်မှာ ကျွန်မအတွက် ထမင်းဟင်း ထွက်ဝယ်ပေး"

"ဘာတွေ လာပြောနေတာလဲ"

"ဗမာစကား ပြောနေတာ၊ ရှင့်အမေလက်နဲ့ချက်ထားတဲ့ ထမင်းဟင်းကို ကျွန်မ မစားဘူး"

"ဟာ ... ရူးပြီ၊ မယ်သမိန်တော့ သွပ်သွားပြီ၊ မင်း ပြင်ဦး လွင်မှာ နေခဲ့တဲ့အိမ်၊ စားခဲ့တဲ့ထမင်း၊ ဝတ်ခဲ့တဲ့ အဝတ် အစားတွေကလည်း မေမေ့ပိုက်ဆံနဲ့ ဝယ်ထားတဲ့ ပစ္စည်း တွေချည်းပဲလေ၊ အဲဒါတွေကို ငြိမ်ပြီး တုတ်ပြီးမှ အခု မေမေပို့တဲ့ထမင်းကို မစားဘူး ပြောရအောင် မင်းက လူ အသိမှ ရှိရဲ့လား ဒေါ်မယ်သမိန်"

"အဲဒီနေခဲ့တဲ့အိမ်၊ စားခဲ့တဲ့ထမင်း၊ ဝတ်ခဲ့တဲ့ အဝတ်အစား တွေကို ကျွန်မ ငွေပြန်လျော်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟေ့ ... စကားကြည့်ပြော၊ ငါက မင်းရဲ့အပျော်ယောကျ်ား မဟုတ်ဘူး"

မယ် ဒီနေရာမှာ ဆောင့်ကြောင့်ထိုင်ချပြီး ငိုပစ်လိုက်ချင်သည်အထိ ဝမ်းနည်းကြေကွဲသွားပါတော့သည်။

တစ်ခါမှ မယ့်ဘဝမှာ ဒီလောက်အထိ ဝမ်းမနည်းဖူးခဲ့ပါ။

မကျရှုံးခဲ့ဖူးပါ။

အခု ရှုံးခဲ့ရပြီမို့ ဘယ်လိုကြီး ခံစားလိုက်ရမှန်းမသိ ခံစားလိုက်ရကာ မေမေ့ကိုလည်း တမ်းတမ်းတတ သတိရသွားခဲ့သည်။

မေမေရေ ... မယ့်အဖြစ်ကို လာကြည့်လှည့်ပါဦး

♣ ♣ ♣





## ၁၄

သူ့ရဲ့အချော့အမော့ ကောင်းမှုနှင့် ဒီကိုပြန်ရောက်ပြီး တစ်လအတွင်းမှာ သူနှင့်မယ် အိမ်ထောင်ရေး အဆင်ပြေမှုသားတွေ ရလာပြီးမှ ဒီကနေ့မှာမှ အဖုအထစ်တစ်ခုက ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာရပြန်သည်။

အဲဒါကတော့ အိမ်ကို သူ့မေမေ အလည်အပတ်ရောက်လာခဲ့ခြင်းမှ ပြဿနာစတင်ခဲ့တာဖြစ်သည်။

အဲဒီနေ့က သူ့မေမေ အိမ်ကိုရောက်ရောက်ချင်းမှာက ပျာပျာသလဲ သူ့အမေကို ဆီးကြိုလိုက်သလို မယ့်ကိုလည်း လက်နှင့် ဆတ်ခနဲပုတ်ပြီး သူ့မေမေအတွက် နက်(စ်)တစ်ခွက် ဖျော်ခိုင်းလိုက်လေသည်။

"မယ် ... မေမေ့အတွက် နက်(စ်)တစ်ခွက် ဖျော်လိုက်စမ်းပါဦးကွာ"



www.burmeseclassic.com

www.burmeseclassic.com



မယ်ကို နူးညံ့မှု လုံးဝမပါဘဲ အမိန့်သံနည်းနည်း ဆန်ပြီး သူ့အမေရှေ့မှာ အာဏာပြလိုက်သည့်သူ့ကို မယ်က တည်တည် တစ်ချက်စိုက်ကြည့်ပြီး မျက်နှာလွှဲပစ်လိုက်သည်။

သူ့မေမေ မျက်နှာကိုတော့ မုန်းလွန်းလို့ တစ် မှ လှည့်မကြည့်မိချေ။

အဲဒီလို မယ် သူ့မေမေကို နည်းနည်းမှ အရေး စိုက်တာကို သူက ချက်ချင်း သဘောပေါက်သွားပြီး မယ့်အရှေ့ မှာ မတ်တတ်ကာရပ်ကာ ...

"မယ်"

လို့ အော်လိုက်သည့်အသံက မယ့်တစ်ကိုယ် တောင် လွင့်ထွက်သွားမလား အောက်မေ့ရသည်။

ဒါပေမဲ့ မယ်က အာဂသတ္တိဖြင့် မျက်စိကိုပြူး သူ့ကို မော့ကြည့်ပြီး "ဘာလဲ"ဟု ခပ်မာမာ ပြန်ထူးလိုက်ချိန် သူ့မေမေက လက်တကာကာနှင့် ကန့်ကွက်လာခဲ့သည်။

"နေ ... နေ ... သား၊ မေမေက သားတို့ရဲ့အိမ်ထောင် ရေးကို အဆင်ပြေပြေ မြင်ချင်တာ၊ တစ်ချိန်က အာယာ တွေက အခု အိမ်ထောင်သည်ဘဝမှာ ရပ်တည်သွားမယ် ဆိုရင် မင်းတို့အိမ်ထောင်ရေးဟာ ဘယ်တော့မှ ငြိမ်းချမ်း မှာ မဟုတ်ဘူး"





လူကြီးလူကောင်း ဟန်ဆောင်မျက်နှာဖုံးစွပ်ထားသည့် ဒေါ်သစ်သစ် စကားတွေကို လုံးဝမနားခံဘူး စတိုင်ပေါက်အောင် မယ်က အံဆွဲထဲက ဖုန်းကလေးကိုယူပြီး အေမီ့ဆီဖုန်းဆက်ပစ်လိုက်တော့သည်။

ဒီအချိန်မှာ မယ် ဖုန်းစကားပြောလိုက်ရင် အမေချစ်တဲ့သားကြီးတော့ "နှလုံးသားမီးပွင့်မတတ် သွက်သွက်ခါ"ဒေါသထွက်သွားမှာ ကျိန်းသေတာကို အပိုင်တွက်ပြီး မယ်က အလုပ်ကိစ္စကို အကြောင်းရှာပြီး အေမီ့ကို စကားဦးတည် ပြောလိုက်ခါသည်။

"အေမီလား ... အေး ... မမပါ၊ ဩော် ... မမတစ်နေ့က အေမီနဲ့ ဆွေးနွေးခဲ့တဲ့ ဆောက်လုပ်ရေး အင်ဂျင်နီယာဆီက ဖုန်း Contact ရပြီလား၊ အေး ... အေး ... မမ အဲဒီကန်ထရိုက်ကို ခဏရပ်ခိုင်းချင်လို့ လိုအပ်တာလေးတွေရှိတဲ့အတွက် request လုပ်ချင်လို့ ...

"အေး ... အေး ... မမမှာလည်း ဒီလုပ်ငန်းစဉ်တစ်ခုတည်း မဟုတ်တော့ အနည်းငယ် လိုအပ်တာလေးတွေ ရှိသွားတာပေါ့၊ အေမီပဲ ဦးကျော်မှူးကို နားလည်အောင်ပြောလိုက်ပါ၊ မမ ညနေကျ ဦးကျော်မှူးနဲ့ တွေ့မယ်လို့၊ ဟုတ်ပြီလား၊ အေး ... အေး ... ဒါပဲနော်"



www.burmeseclassic.com

www.burmeseclassic.com



မယ် ဖျတ်ခနဲ ဖုန်းပိတ်လိုက်သည် ဆိုရင်ပဲ မယ့်လက်ကလေး ကျိုးကြေလုမတတ် အဖျစ်ညှစ်ခံလိုက်ရသလို ဒေါသတကြီး အော်ပြောလိုက်သည့် သူ့အသံက မယ့်နားစည်ကွဲထွက်မတတ် ပွင့်ထွက်သွားတော့သည်။

"မင်း ဘာအချိုး ချိုးတာလဲ၊ မင်းက မေမေ ပြောနေတဲ့ စကားဝိုင်းကို ပယ်ဖျက်လိုက်တာပေါ့၊ ဟုတ်လား ... အခု မင်း မေမေ့ကို တောင်းပန်လိုက်"

"အလို ... ကျွန်မရဲ့စီးပွားရေးကို ကျွန်မ ဆွေးနွေးတာတောင် မဆွေးနွေးရတော့ဘူးလား၊ ဒီမှာ နေစက္က၊ ရှင့်လုပ်ငန်းထဲကို ကျွန်မ ဝင်မစွက်ဖက်သလို ကျွန်မလုပ်ငန်းထဲမှာလည်း ရှင် လုံးဝဝင်မစွက်ဖက်ပါနဲ့၊ အဲဒါ ရှင် ကောင်းကောင်းနားလည်ထားပါ"

"နားလည်တယ်ကွ၊ နားလည်ထားလို့လည်း မင်းလုပ်ငန်းကိစ္စမှာ ငါ ဘာအရေးအရာလုပ်ပြီး မေးခဲ့ဖူးလဲ၊ အခုဟာက မေမေ့ဂုဏ်သိက္ခာကို မင်း တမင်ချတာ၊ မေမေ့ဂုဏ်သိက္ခာအတွက် မင်း မေမေ့ကို မှားတဲ့အကြောင်း အေးအေးဆေးဆေး တောင်းပန်လိုက်ပါ"

"ကျွန်မဘာသာ လုပ်ငန်းကိစ္စ ဆွေးနွေးတာ တောင်းပန်စရာလား၊ မှတ်ထား နေစက္က၊ ရှင့်မိသားစုနဲ့ ကျွန်မ အခုရော နောင်ရာ လုံးဝ လုံးဝ ဆက်စပ်မှု မရှိစေရဘူးဆိုတာ ရှင် ကောင်းကောင်း သဘောပေါက်ထားစမ်းပါ"





ဒီစကားလုံး တစ်ခုတည်းနှင့် သူ့မေမေ ဘယ်လောက်ဆတ်ဆတ်ခါ နာသွားတယ်ဆိုတာကို သူ့မေမေ ဒေါသမျက်ဝန်းသက်လက်တွေက တင်ပြသွားလေသည်။

"ဒီမှာ မယ်သမိန်၊ ညည်းစကားတွေ တစ်ဖက်စွန်းရောက်နေပြီနော် ... ညည်း"

မယ် နှုတ်ခမ်းမဲ့ပြီး ဒီအတိုင်းပဲ ခံမပြောမိဘဲ ငြိမ်နေချိန်မှာ ဘွားတော်က ပွဲကြမ်းတော့သည်။

"ဒီမှာ ညည်းလို မိုက်ရိုင်းတဲ့ ချွေးမမျိုးကို သားလေးတစ်ယောက်တည်းဆိုပြီး ချွေးမတော်ထားလို့ ငါ လေကုန်ခံနေတာ၊ ဒီလောက် မိုက်ရိုင်းတဲ့ ချွေးမမျိုးကို ငါ့မှာ သားနှစ်ယောက်သာ ရှိခဲ့ရင် ညည်းကို ငါအရေးစိုက်လိမ့်မယ် မထင်နဲ့"

"ဒါဆို ... ဒေါ်သစ်သစ် စိတ်ထဲမှာ သားနှစ်ယောက်ရှိတယ်လို့ပဲ သဘောထားပြီး ကျွန်မကို လျစ်လျူပြုလိုက်ပေါ့ ဟုတ်လား"

"မယ်သမိန်"

ကြမ်းတမ်းသည့် သူ့လက်ကြီးက မယ့်ပခုံးကို ဆောင့်ခါယမ်းလိုက်ချိန်မှာ မယ် နာကျင်လွန်းလို့ မျက်ရည်မကျအောင် အံကြိတ်ထိန်းပြီး သူ့ကို တစ်ချင်နင့်နင့်ကြည့်ကာ ...

www.burmeseclassic.com



"မိန်းမတစ်ယောက်ကို အင်အားနဲ့ အနိုင်ကျင့်တဲ့ ယောကျ်ားဟာ မိကောင်းဖခင်သား မဟုတ်ဘူး"

"ဟင် ... ညည်း ... ညည်း ... ငါတို့မိဘတွေကို တိုက်ခိုက်ပြောရအောင် ငါ့သားက ဘာဖြစ်နေလို့လဲ"

"တော်ပါတော့ ... တော်ပါတော့ မေမေရယ်၊ ကြာရင် ကျွန်တော် သူ့ကို တစ်ခုခု လုပ်မိတော့မယ်၊ မင်း ... မင်း သွား ... သွားစမ်း၊ ငါနဲ့ မေမေ့ရှေ့က အခုထွက်သွားစမ်း သိပ်မောက်မာတဲ့မိန်းမ"

မယ့်လက်နှစ်ဖက်ကို ဆွဲခါပြီး မယ့်ကို သူ့အရှေ့ကနေ တွန်းလွှတ်လိုက်သည့် သူ့ကို မယ် အံကြိတ်ကြည့်ပြီး သူနှင့် သူ့မေမေ အရှေ့ကနေ ချာခနဲ ပြေးထွက်ခဲ့တော့သည်။

မယ့်ရင်ထဲမှာ ဒီသားအမိနှစ်ယောက်စလုံးကို မုန်းလွန်းလို့ ဘယ်လိုကြီး ခံစားရမှန်းတောင် မသိတော့ချေ။





အဲဒီနေ့ညနေမှာပဲ မယ် ဦးကျော်မှူးကို သွားတွေ့ဖြစ်ခဲ့ပြီး Restaurant မြေကွက်ရိုက်မဲ့ ဒဂုံမြောက်ပိုင်းက မြေကွက်တည်နေရာ ဧရိယာအကျယ်ကို မယ်က အကြမ်းဖျင်း ဦးကျော်မှူးကို ရှင်းပြလိုက်သည်။

"ကျွန်မ ဒီမြေအကျယ်အဝန်း အတိုင်းအတာကို သဘောကျတယ်၊ နေရာလေးကိုလည်း သဘောကျတယ်၊ ဆောက်လုပ်မယ့် ပုံစံစနစ်တစ်ခုကိုတော့ ကျွန်မ အသေအချာစဉ်းစားဦးမယ်၊ ကျွန်မလိုချင်တာ အဆင့်မီမီ နှစ်ထပ် Restaurant ပဲ၊ အင်း ... ကျွန်မ စဉ်းစားပြီးရင် ဦးကျော်မှူးကို ဖုန်း Contact လုပ်လိုက်မယ်၊ ဟုတ်ပြီလား"

"ဟုတ်ကဲ့ ... ဒေါ်မယ်သမိန် ကောင်းသလို စီစဉ်ပါ၊ ကျွန်တော်တို့ စောင့်နိုင်ပါတယ်၊ ဒါပေမဲ့ မယ်သမိန်ရေ စဉ်းစားမှာကို တစ်ပတ်ထက်တော့ နောက်မကျစေနဲ့ဗျာ၊ ကျွန်တော်က ဒီပြင်ကန်ထရိုက်တွေမှာ ပြောထားတာရှိ



www.burmeseclassic.com

www.burmeseclassic.com

သေးတယ်၊ အခု ဒေါ်မယ်သမိန် ဆောက်လုပ်ရေး
နှစ်လ အာမခံထားတာ ဒီနှစ်လအတွင်း ကျွန်တော်အား
ပြီးမြောက်အောင်တော့ တာဝန်ယူပါတယ်"

"ရပါတယ်၊ ကျွန်မ စဉ်းစားတာ တစ်ပတ်မကြာစေရ
ဘူး၊ ဒီတစ်ညပါပဲ၊ ပြီးတော့ ရှင်နဲ့ပုံဖော် သုံးရက်အတွင်း
အဆင်ပြေစေရမယ်၊ နဂိုအတိုင်းအတာထက် နည်းနည်း
လျှော့ပစ်ပြီး နောက်ထပ် တစ်ခုခွဲထုတ်ဖို့ပါပဲ၊ ကဲ
ကျွန်မ အစီအစဉ်အားလုံး အဆင်ပြေပြီနော်၊ ကျွန်မ ပြ
လိုက်ဦးမယ်"

ထိုနေ့က မယ် အိမ်အပြန်မှာ အလုပ်ရှုပ်ခဲ့သည်။

အိမ်ပြန်ရောက်ရောက်ချင်းပင် မောပန်းလာတဲ့အ
နဲ့ လိုင်းမ်တီးသောက်ပြီး အလုပ်အတွက် စဉ်းစား၊ အစီအစဉ်ရေး
ဆွဲ၊ ကုန်ကျမည့် စရိတ်တွေကို စာရွက်ဖြင့် ချရေးပြီးမှ ကွန်
တာရိုက်လိုက်သည်။

အင်း ... ဦးကျော့မှူး ပြောတာလည်း မှန်သည်
သူ့မှာလည်း ဒီပြင်ဆောက်လုပ်ရေး ကန်ထရိုက်မှာလည်း တာဝ
ယူထားရသေးသည်။

အဲဒီတော့ မယ်က နှစ်ရက် သုံးရက်တည်းနဲ့ မယ်
အစီအစဉ်ကိုပြီးအောင် ရေမချိုး ထမင်းမစားဘဲ Compute
ထိုင်။ အဲဒီလို ထိုင်နေခဲ့တာကို သူက အတော်လေး ကြည့်မ





ဖြစ်လာပုံဖြင့် မယ့်အနားသို့ ဖျတ်ခနဲ ကပ်ရပ်ပြီး မယ့်ပခုံးလေး
ကို ခပ်ဆဆလေးပုတ်ကာ ခနဲ့ခနဲ့ ပြောလာခဲ့လေသည်။

"မယ် ... အင်း ... မင်းမှာ ရေမချိုး ထမင်းမစားနိုင်
လောက်အောင် ဒီလောက်တောင် အချိန်တွေ တန်ဖိုးရှိနေ
သလား၊ မင်း အချိန်တန်ဖိုးရှိတာက အရေးမကြီးဘူး၊
မင်း ရေချိုးပြီး ထမင်းစားလိုက်ပါ၊ မင်းက လွတ်လွတ်
လပ်လပ် မဟုတ်ဘူးနော်၊ ကိုယ့်ဝန်သည်၊ မင်း အိပ်ချိန်
ကိုလည်း မှန်မှန်အိပ်ပါ၊ ရေမှန်မှန်ချိုးပါ၊ ထမင်းကိုလည်း
မှန်မှန်စား၊ ကြားထဲက ငါ့ကလေး ဒုက္ခအရောက်မခံနိုင်
ဘူး"

ကျွတ် ... ဘယ်လို ကလေးခုတ်တဲ့ ယောက်ျားမှန်း
မသိ။ သူ အခုလို မယ့်ကို သည်းသည်းဆတ်ပြနေတာက မယ့်
ဗိုက်ထဲမှာ သူ့ရင်သွေးရှိလို့ဆိုတာ အတပ်သိသည့် မယ်ကလည်း
သူ့ရဲ့အကြင်နာတွေကို ကြည်နူးကျေနပ်မှု မရှိခဲ့ပေမယ့် သူဟာ
ကိုယ့်ယောက်ျား ဖြစ်နေတော့လည်း နည်းနည်းတော့ ရင်ခုန်မိပါ
သည်။

ဒါပေမဲ့ သူ သိအောင်တော့ မယ် ရင်မခုန်ခဲ့မိပါ။

သို့သော် သူက အကင်းပါးစွာဖြင့်ပင် မယ် ငြိမ်နေ
တာကို တစ်မျိုးပေါက်ပြီး မယ့်ပါးပြင်လေးကို လက်ညှိုးကလေး
ဖြင့်ဆိတ်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"မင်းကို ငါ ကြည့်နေတာ၊ ရေကလည်း အချိုးပျင်းသေးတယ်၊ ကိုယ့်အင်္ကျီလည်း ကိုယ်တစ်ခါမှ လျှော်မဝတ်ချင်ဘူး၊ ယောက်ျားအင်္ကျီကို ဖွတ်ဖို့ဆိုတာတော့ ဝေးစွပါ၊ ဘယ်လိုအပျင်းထူတဲ့ မိန်းမမှန်းလည်း မသိဘူးကွာ၊ နောက်ပြီး မင်းကို ပြောရဦးမယ်"

"တော်ပြီ၊ ဘာမှမပြောတော့နဲ့၊ ရှင် ကျွန်မကို မဝေဖန်နဲ့ အစအဆုံး ကျွန်မလုပ်တာသာ ကြည့်နေ"

"မရဘူး၊ မင်း လုပ်တာ ကိုယ် အစအဆုံး ကြည့်နေရင် မင်း ဒီည ဝုတ်တုတ်မိုးလင်းမှာ၊ ကိုယ်သိတယ်၊ ကဲ ... ရေချိုးမှာလား မချိုးဘူးလား၊ မချိုးဘူး ငြင်းကြည့်လေ၊ ကိုယ် ရေချိုးခန်းကို ပွေ့ခေါ်သွားမှာနော်"

မယ် သူ့ကို အတော်စိတ်ပျက်သွားရသည်။

စိတ်ညစ်ညစ်နှင့် သူ့ကိုမော့ကြည့်တော့ ငုံ့ပြီးနမ်းဖို့ တာစူနေသည့် သူ့ကို မယ် မျက်စောင်းခဲကာ နှုတ်ခမ်းတစ်ဖက် ရွဲ့ပစ်လိုက်ပြီး ...

"ဟား ... စိတ်ညစ်ဖို့ ကောင်းနေပြီ၊ ရှင် သိပ်ရှုပ်နေပါလား၊ ရှင့်မှာ အလုပ်လုပ်စရာ မရှိတော့ဘူးလား၊ မရှိရင်လည်း ငြိမ်ငြိမ်ကလေးသာ ထိုင်နေ၊ ကျွန်မ ထမင်းလည်း မဆာသေးဘူး၊ ရေလည်းမချိုးနိုင်သေးဘူး၊ ကျွန်မရဲ့အလုပ်တွေကလည်း မပြီးသေးဘူး၊ ဒီနေ့ည အစီအစဉ်ပြီးအောင် လုပ်ရမှာ လာမရှုပ်စမ်းပါနဲ့"





"နောက်နေ့မှ လုပ်ပေါ့ကွာ၊ ရေချိုးရမယ်၊ ရေးချိုးပြီး ထမင်းစားရမယ်"

ပြောပြောဆိုဆို မယ့်ကိုယ်လုံးလေးကို ပွေ့ချီပြီး ရေချိုးခန်းထဲ ဝင်ခိုင်းလိုက်သည်တွင် မယ် မဖြစ်မနေ ရေချိုးလိုက်ရတော့သည်။

ပြီးတော့ သူက မယ် ရေချိုးနေတာကို စောင့်ကြည့်နေတော့လည်း မယ့်မှာ ခပ်သွက်သွက်ချိုးပြီး သူ ဖြစ်စေချင်သလို ထမင်းကို ခပ်သွက်သွက် စားလိုက်ရသည်။

ထမင်းစားပြီးချိန်မှာတော့ Computer တစ်လုံးနှင့် အလုပ်ဝင်ဖို့ Computer စားပွဲကို အလျှောက် သူက မယ့်ကိုယ်လုံးလေးကို အနောက်ကနေ ခပ်တင်းတင်း ဆွဲဖက်ပစ်လိုက်ပြီး မယ့်ပခုံးပေါ် မေးထောက်ကာ ...

"ထမင်းစားပြီး အလုပ်စားပွဲ တန်းမထိုင်ရသေးဘူး၊ လမ်းလျှောက်ရမယ် ... လာ"

"ဟာ ... လမ်းလျှောက်လို့ ဘယ်ဖြစ်ဦးမလဲ၊ ကျွန်မ အလုပ်ကိစ္စ မပြီးသေးတာက အရေးကြီးတယ်၊ ဖယ်စမ်းပါ ရှုပ်လိုက်တာ"

"ကျွတ် ... ခေါင်းမာနေလိုက်တာကွာ၊ ကြည့်လို့ကို မရဘူး၊ ကိုယ်ဝန်သည်က အေးအေးဆေးဆေး မနေဘူး၊ တစ်နေ့ကုန် ယောက်ယက်ခတ်နေတာပဲ၊ မင်းကို အလုပ်

www.burmeseclassic.com

www.burmeseclassic.com



တအားလုပ်ရမယ်လို့ မင်းယောကျ်ားငါက ပြောထား
သလား”

“ရှင်ပြောတိုင်း ကျွန်မက လုပ်မယ့်မိန်းမမှ မဟုတ်တာ”

“အေးနော် ... ကလေးသာ မင်းရဲ့အနေအထိုင်ကြောင့်
တစ်ခုခု ချွတ်ယွင်းသွားရင် မင်းကို ကိုယ် ခွင့်လွှတ်မှာ
မဟုတ်ဘူး၊ မင်း အခု ကိုယ်ဝန်လေးလရှိပြီ၊ ငါးလပြည့်
တာနဲ့ မင်း ဘာအလုပ်မှ မလုပ်ရတော့ဘူး၊ ကားလို
ကိုယ်တိုင်မောင်းဖို့ကတော့ စိတ်ကူးထဲ မထည့်တော့နဲ့
ကိုယ် ကြိုသတိပေးထားတာနော်”

နေရာတကာတိုင်းမှာ မယ့်ကို ဆရာလုပ် အမိန့်ပေး
ချင်သည့် သူ့ကို အမြင်ကတ်ကတ်နှင့် မယ် လက်ထဲက ဘော
ပင်ကလေးကို ဆောင့်ချပြီး အိပ်ရာဝင်လိုက်ရတော့သည်။

အိပ်ရာမဝင်မချင်း မယ့်ကို သူ မွှေနှောက်နေဦးမှာ
မို့ ...

အလုပ်မလုပ်ရတာနဲ့အတူတူ အိပ်ပစ်လိုက်တာ
ကောင်းပါတယ်ဆိုသည့် ဆုံးဖြတ်ချက်ဖြင့် မယ့်မျက်ဝန်းအစုံကို
မှိတ်ချပစ်လိုက်သည်။ သိပ်မကြာခင်မှာ မယ့်မျက်ဝန်းတွေ တဖြည်း
ဖြည်း မှေးစင်းပြီး လေးလံသွားခဲ့ကာ မယ် အိပ်စက်အနားယူလိုက
သည်ကို သူက စောင်ကလေးခြုံပေးလာသလို သိရှိခံစားလိုက်
ပြီးနောက် မယ် လုံးလုံးလျားလျား အိပ်ပျော်သွားပါတော့သည်။





အဲဒီလို မယ် အိပ်ပျော်သွားသည့် အချိန်မှာပဲ
...တ်တရက် မယ့်ကိုယ်လုံးလေးကို အနောက်ကနေ သိုင်းဖက်ပြီး
...ယ့် ဝမ်းဗိုက်သားကို လက်နှင့်ပွတ်လိုက်သည့် လက်တစ်စုံကို
...ယ် ယောင်ပြီး လက်နှင့်ပုတ်မထုတ်မိအောင် မနည်းသတိထား
...ိုက်ရသည်။ ဒီအချိန်မှာပဲ သူ့ရဲ့အသံတိုးအက်အက်က မယ့်
...ားထဲကို ကြက်သီးဖြန်းဖြန်း ထသွားသည်အထိ အံ့ဩမှင်တက်မိ
...ာ တိုးခတ်ဝင်ရောက်လာခဲ့တော့သည်။

“မယ် ... ဒေါ်မယ်သမိန်၊ မင်းကို ကိုယ်သိပ်ချစ်တယ်၊
ဒါပေမဲ့ မင်းဟာ မုန်းစရာ နာကြည်းစရာ အကောင်းဆုံး
မိန်းမတစ်ယောက်ပဲ၊ မင်းကို ကိုယ် နာကြည်းတယ်၊
နာကြည်းလွန်းလို့ ကိုယ့်အချစ်တွေက မင်းအပေါ်မှာ
နာကြည်းခြင်းတွေနဲ့ ရောထွေးနေတယ်”

ဘုရားရေ ... နေစကြာ ရူးများသွားပြီလား။

ညကြီးအချိန်မတော် မယ် အိပ်ပျော်မှ မယ့်ကို
...ာကြည်းတဲ့အကြောင်း ရင်ဖွင့်နေသည့် နေစကြာကို မယ်ချစ်ခဲ့မိ
...ည့် နှလုံးသားက စစ်ခနဲ နာကျင်အောင် မျက်သွားရသည်။

နေစကြာဟာ မယ့်ကို အမြဲတမ်း အငြိုးတွေနှင့်
...ခဲတတ်ခဲ့တာကို မယ် ဒီကနေ့ညမှာမှ ဘွင်းဘွင်းကြီး သိလိုက်
...ပြီဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလို သိလိုက်ရသလို သူ့အတွင်းမနော မဖြူစင်မစစ်မှန်တာကိုလည်း အခုလို ထပ်ဆင့်သိကြားလိုက်ရပြန်သည်။

"ဒီဗိုက်ထဲက ဖေဖေ့ ကလေးလေးရယ်၊ သားကလေး ဖြစ်ပါစေကွာ၊ သမီးကလေးဆို ဖေဖေ မချစ်ချင်လို့၊ သူ့ မအေနဲ့တူမယ့် သမီးမျိုးကို ဖေဖေ အလိုမရှိဘူး၊ ဖေဖေ့ တူတဲ့ စိတ်ကောင်းရှိတဲ့ သားကလေးပဲ ဖြစ်ပါစေကွာ"

အမယ်လေး ... သူ့ကိုယ်သူများ စိတ်ကောင်းရှိသတဲ့။

ဟား ဟား ... ရယ်တောင် ရယ်ချင်သေး။

အဲဒီလို ဟားတိုက်ပြီး အော်ရယ်လိုက်ချင်တာကို

မယ် နှုတ်ခမ်းတွန့်ပြီ တိတ်တဆိတ် လှောင်နေတာကို သူက မသိဘဲ ဆက်ပြောနေသေးသည်မှာ ...

"အမေလို ကောက်ကျစ်စဉ်းလဲတဲ့ သမီးလေး မဖြစ်ပါစေနဲ့ကွာ၊ အဲဒီလို ကောက်ကျစ်စဉ်းလဲတဲ့ သမီးလေးရှင် ဖေဖေက မချစ်ဘူး"

ကြားလိုက်ရသည့် သူ့စကားက မယ့်တစ်ကိုယ်လုံးကို အလွန်ကြီးလေးသည့် အရာဝတ္ထုကြီးနှင့် ဖိချလိုက်သလို တနင့်တနဲ ခံစားလိုက်ရပါသည်။

ဒီခံစားချက်ကြီးက မယ့်ကို ဘယ်လိုကြီး ခံစားလိုက်ရမှန်း မသိအောင် ...





မယ် ယူကျုံးမရ ဝမ်းနည်းကြေကွဲစွာ မျက်ရည်ကျကြေကွဲသွားခဲ့ရလေပြီ။

ဖြစ်မှဖြစ်ရလေ၊ ရှင် ကျွန်မကို အဲဒီလောက်အထိ မုန်းတယ်လား နေစက္က။

ကောင်းပြီ၊ ရှင် ကျွန်မကို အမုန်းထားသလို ကျွန်မကလည်း အမုန်းတစ်လှည့် ထားရဦးမှာပေါ့လေ။

ရှင်က ရှင့်ဆန္ဒကို ဆုတောင်းတာနဲ့ ဆန့်ကျင်ဘက် ကျွန်မကလည်း ဆုတောင်းတယ်။

ကျွန်မဗိုက်ထဲက ကလေးလေးကို သမီးကလေး ဖြစ်ပါစေလို့ ကျွန်မ ဆုတောင်းတယ်။

သမီးကလေး မွေးလာခဲ့ရင် သမီးကို ရှင့် မချစ်တာထက် အဆပေါင်းများစွာ သမီးက ရှင့်ကို ပြန်မချစ်အောင် ကျွန်မသမီးကို ပုံသွင်းထားမယ်။

အဲဒီအချိန်ရောက်မှ ရှင် ဘယ်တော့မှ မျက်ရည်ကျ အရှုံးပေးဖို့ မကြိုးစားနဲ့။

ကျွန်မ မသနားဘူး နေစက္က ...။

✤ ❦ ✤



www.burmeseclassic.com

www.burmeseclassic.com



## ၁၅

ဒီကနေ့မှာ အလုပ်ကိစ္စနှင့် ရောက်လာသည့် ဦးကျော်မှူး အရှေ့မှာ မယ် အရုက်ကောင်းကောင်းကွဲအောင် ဖန်တီးခဲ့သူက မယ် သိပ်မုန်းသည့်ယောကျ်ားရဲ့ လက်စားချေမှု တွေ ဖြစ်ခဲ့သည်။

ဘယ်အချိန်ကတည်းက မယ့်ကို လက်စားချေဖို့ အကွက်ချောင်းနေသည်မသိ။

ဒီကနေ့ ...

မယ့်ရဲ့ညည့်သည် ...

ဦးကျော်မှူး ရောက်လာသည့်အချိန် ညည့်ခန်းဆိုဖာမှာ ထိုင်ထိုင်ချင်းပင် သူက ဆိုဖာမှာ နဂိုအတိုင်း ခြေချိတ်ထိုင်နေရာကနေ ခြေတန့်နှံ့လုပ်ကာ မယ့်မျက်နှာကို ဆတ်ခနဲကြည့်ပြီး ...





"မယ် ... ကိုယ့်အတွက် ကော်ဖီတစ်ခွက်လောက် ဖျော်ခဲ့ပါဦး"

ညည့်သည်ရောက်လာတာကို သူ့ညည့်သည်မဟုတ်လို့ သူ့အတွက်ပဲ ကော်ဖီဖျော်ခိုင်းလိုက်တာကို မယ် ဦးကျော်မှူး ရှေ့မှာ အရမ်းအားနာသွားရကာ သူ့ကို ဘာစကားမှ ပြန်မပြော ဦးကျော်မှူးကိုသာ အားနာသွားသည့် မျက်လုံးတွေနှင့်မော ည့်လိုက်ပြီး ...

"ခဏနော် ... ဦးကျော်မှူး၊ နောက်ပြီးမှ လုပ်ငန်းကိစ္စ ညှိနှိုင်းကြတာပေါ့၊ အချိန်ရတယ် မဟုတ်လား"

"ရပါတယ် ဒေါ်မယ်သမိန်"

မယ် ခပ်သွက်သွက်ပင် ညည့်ခန်းထဲမှ ထထွက်လာခဲ့ က်သည်။

အဲဒီနောက် အနောက်မှာ သူနှင့် ဦးကျော်မှူး ဘာ တွေပြောကျန်ခဲ့တယ် ဆိုတာကို မယ် သိချင်လှတာမို့ ကော်ဖီ ဖျော်သေးဘဲ သူတို့နှစ်ယောက် စကားသံကို နားစွင့်ထားလိုက် ည်။

အဲဒီအချိန်မှာပဲ ညည့်ခန်းရဲ့တိတ်ဆိတ်မှုကို သည်း ခံနိုင်တော့သည့် ဦးကျော်မှူးကပင် စတင်ပြီး စကားပြောသံကို င် အတိုင်းသား ကြားလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဦးနေစက္ကက ဒေါ်မယ်သမိန် လုပ်ငန်းမှာ မဦးစီးဘူး
တယ်၊ ကျွန်တော်တို့ ဆောက်လုပ်မယ့်နေရာကို တစ်
လာတာမတွေ့မိဘူး"

"ဟုတ်တယ်၊ ကျွန်တော်က မိန်းမတစ်ယောက် ဦးစီး
လုပ်ငန်းမှာ ခေါင်းစဉ်ပါဝင်တတ်တဲ့ ခပ်ညံ့ညံ့အိမ်
ဦးစီးစာရင်းဝင် မဟုတ်ဘူးလေ"

"ဩော်"

ဦးကျော့မှူးထံမှ နောက်ထပ် ဘာစကားသံမှ
မလာတော့သလို နေစက္ကထံမှလည်း ဘာစကားသံမှ ပြန်ပြီး
သံ မကြားရတော့ချေ။

ကြည့်စမ်းပါဦး၊ ဘယ်လောက်ရိုင်းပျတဲ့ယော
လဲ။

ဒါ မယ့်ညီသည်မို့လို့ သူက လေကုန်မခံတာ

ကောင်းပြီ၊ ရှင်က ကျွန်မညီသည်ကို အရေး
သလို ကျွန်မကလည်း ရှင့်ညီသည်မှန်သမျှ အရေးကိုမစိုက်

ရှင် ... နားလည်ထား။

မယ်က ကိုယ့်ရင်ထဲမှာ ကိုယ်ကျိတ်ကြိမ်းပြီး သူ
ညီသည်အတွက် ကော်ဖီကိုဖျော်ကာ ညီခန်းထဲကို ပြန်ဝင်
ပြီး ဦးကျော့မှူးကို အပြုံးချိုချိုနှင့် ကော်ဖီခွက် ချပေးရင်း

"သောက်လိုက်ပါဦး ဦးကျော့မှူး"





"ကျွန်တော် သောက်ခဲ့ပြီးပြီ ဒေါ်မယ်သမိန်"

အင်း ... ကောင်းရော။

ဦးကျော့မှူးကလည်း ပညာရှိပဲ။

နေစက္ကရဲ့မချောင်တဲ့ အပြောအဆိုကို သူကလည်း
ဗညာသားပါပါဖြင့် ကော်ဖီမသောက်ဘူး ငြင်းလိုက်တာကို သူက
တော့ အားနာရကောင်းမှန်းမသိ။ မယ် အဆင်သင့်ဖျော်လာတဲ့
ကော်ဖီကို မော့သောက်ကာ အာစီးငြိမ်ကျသွားခဲ့လေပြီ။

မယ့်မှာသာ ဦးကျော့မှူးကို အားနာမျက်နှာပူစွာ
တစ်ချက်ကြည့်ပြီး ...

"ဒါဆို ကျွန်မတို့ အလုပ်ကိစ္စကို ဆက်ဆွေးနွေးကြတာ
ပေါ့"

"ဟုတ်ကဲ့ ... ဒေါ်မယ်သမိန်၊ အားလုံး စီစဉ်ပြီးပြီဆိုရင်
တော့ ဆွေးနွေးကြရအောင်၊ ကျွန်တော်ကတော့ မြန်လေ
ကောင်းလေဗျာ၊ ကျွန်တော့်မှာ အချိန်နဲ့လုပြီး လုပ်နေရတာ၊
ဒေါ်မယ်သမိန် ပြောသလို ကျွန်တော်လည်း ဒေါ်မယ်သမိန်
အစီအစဉ်ကို သဘောကျတယ်"

"ဟုတ်ကဲ့ ... ကျွန်မ ညက အရင်အချောကိုင်ထားတဲ့
ဆောက်လုပ်မယ့်ပုံစံကို နည်းနည်းပဲ ပြင်လိုက်တယ်၊
အဆောက်အအုံဆောက်မယ့် ညာဘက်က ရေမြောင်းနေရာ



www.burmeseclassic.com

www.burmeseclassic.com



ကလေးမှာ မြေကွက်လပ် နည်းနည်းကျန်တယ်၊ အဲဒီနေရာလေးကို Restaurant ဆောက်မယ့် ပုံစံအသစ်ကလေး ထပ်ရေးဆွဲထားတယ်၊ ကြည့်စမ်းပါဦး ဦးကျော်မျိုးရဲ့ ရှင်သဘောကျမကျ၊ ကျွန်မ အကြမ်းဖျင်းဆွဲထားတာ၊ Restaurant Decoration ကိုတော့ ရှင့်စိတ်တိုင်းကျသာ ပုံဖော်ပါ"

မယ်က မယ်ဆွဲထားသည့် Restaurant ဆောက်လုပ်မှုပုံစံကို သူ့ကို ပြလိုက်တော့ သူက ခေါင်းတစ်ချက်ညိတ်ပြီး ...

"ကျွန်တော် သဘောကျပါတယ်၊ အားလုံး အဆင်ပြေပါတယ်၊ ဒါဆို ကျွန်တော်တို့ မနက်ဖြန်ပဲ လုပ်ငန်းစလို့ရပြီပေါ့"

"ဟုတ်ကဲ့ ... စလို့ရပါပြီ"

"ဒါဆို ကျွန်တော် ပြန်တော့မယ်နော်"

လုပ်ငန်းကိစ္စအားလုံး ပြောပြီးပြီမို့ ဦးကျော်မျိုးက မယ့်ကို နှုတ်ဆက်ပြီး မယ် ဒီဇိုင်းဆွဲထားသည့် စာအုပ်ကြီးကိုယူကာ ဧည့်ခန်းထဲကနေ ထထွက်သွားပါတော့သည်။

ဦးကျော်မျိုး ထထွက်သွားတော့မှ မယ်က ဆိုဖာကြီးကို ခပ်လျော့လျော့မှီပြီး မယ်တို့စကားဝိုင်းကို စိတ်မဝင်စား





ဘူးစတိုင်ဖြင့် မျက်စိမှိတ်ထားသည့် သူ့ကို ခပ်မဲ့မဲ့ စိုက်ကြည့်လိုက်ကာ စိတ်ထဲကနေ ကြိမ်းဝါးပစ်လိုက်ပါသည်။

နေစမ်း ... ရှင် တစ်နေ့နေ့တော့ ရှင့်အလှည့်ဆိုတာ ရှိလာဦးမှာပါ၊ သိပ်ကြာကြာ မစောင့်ရပါဘူးရှင်။

✤ ❦ ✤



www.burmeseclassic.com

www.burmeseclassic.com



အလှည့်ဆိုတာ ခဏတာလေးပဲ ထင်ရပါသည်။

နေ့ချင်း ညချင်းတွင်းချင်းပင် မယ့်အလှည့်ဆိုတာ ရောက်လာခဲ့လေတော့သည်။

အင်း ... ဒီတစ်ခါတော့ အလှည့်ကျ မနွဲ့စတမ်း ပေါ့ နေစက္ကူရယ်လို့ မယ်က မျက်အိမ်ကလေးကျဉ်းပြီး စိတ်ထဲက ကျိတ်လျှောင်ကာ တံခါးဝမှာရပ်ပြီး မေးလာသူက နေစက္ကူ လက်ထောက်ကလေးကို မယ်က ခပ်သာသာပဲ ပြတ်ပြတ်ပြောချလိုက်သည်။

"နေစက္ကူ မရှိဘူး"

နေစက္ကူ ညှိသည်ကို ညှိခန်းထဲ မခေါ်ဘဲ တံခါးဝမှာပင် မယ် ညှိခံစကား ပြောလိုက်တာဖြစ်သည်။

ကဲ ... ရှင် ဘာတတ်နိုင်သေးလဲ။

ကျွန်မ ညှိသည်ကမှ ညှိခန်းထဲ ဝင်ခွင့်ရသေးတယ်။





ရှင့်ညှိသည်ကတော့ လုံးဝ ညှိခန်းထဲတောင် ဝင်ခွင့်မရခဲ့ဘူး မဟုတ်လားလို့ မယ် တိတ်တဆိတ် ကျေနပ်နေတုန်းပဲ ...

"ဪ ... အစ်ကိုနေ့ဇနီး ဒေါ်မယ်သမိန် ထင်တယ်၊ ကျွန်တော် အစ်ကိုနေ့ကို စာတမ်းဖိုင်လ် Check လုပ်ဖို့ လာပေးတာပါ၊ ဒီမှာခင်ဗျ၊ ကျွန်တော် ဒေါ်သမိန်ကိုပဲ ပေးခဲ့မယ်၊ ပြီးတော့ အစ်ကိုနေကို ကျွန်တော့်ဆီ ဖုန်းဆက်ပါလို့ ပြောပေးပါဦး၊ ကျွန်တော့်နာမည် ညီညီထွန်းပါ"

ကောင်လေးက မယ် ငြိမ်နေတာကို တစ်မျိုးထင်ပြီး တံခါးဝမှာ မတ်တတ်ရပ်နေရာကနေ မယ့်လက်ထဲကို စာရွက်ဖိုင်တမ်းကလေး ကမ်းပေးလာခဲ့သည်။

မယ်က သူ့လက်ထဲက စာရွက်ဖိုင်တွဲလေးကို မျက်စောင်းကုတ်ကြည့်ပြီး ...

"နေစမ်းပါဦး၊ မင်းက မမကို မှာခဲ့ရအောင် မမက နေစက္ကူအလုပ်ကို လုံးဝ ဝင်စွက်ဖက်တာ မဟုတ်ဘူး၊ မင်း မသိဘူးထင်တယ်၊ မမနဲ့ နေစက္ကူက တစ်ယောက်စီးပွားကို တစ်ယောက် ဝင်စွက်ဖက်လေ့ မရှိဘူး၊ ဒါကြောင့် မင်း ဒီဖိုင်တွဲတွေကို ပြန်ယူသွား၊ ဟုတ်လား၊ သူရှိတတ်တဲ့ ညနေစောင်းအချိန်တွေမှ မင်းလာမယ်ဆိုရင် အဆင်ပြေနိုင်မယ်"

www.burmeseclassic.com

ကောင်လေးက သူ့ ကမ်းပေးလက်စ ဖိုင်တွဲလေး
ကို ပြန်ရုပ်ယူပြီး မယ့်ကို အိုးတိုးအမ်းတမ်း တစ်ချက်ကြည့်ကာ
"ဒါဆို ကျွန်တော် သွားလိုက်ပါဦးမယ်"

ဟု နှုတ်ဆက်ကာ လှည့်ထွက်သွားလေသည်။
ကောင်လေးကိုကြည့်ပြီး မယ်က အနိုင်ရသူလို နှုတ်ခမ်းလေး
လွလွလေး ပြုံးပစ်လိုက်တော့သည်။

ကဲ ... နေစဉ်က ဘယ့်နှယ်လဲလို့ မယ် တစ်နေ့တာ
လုံး ကျိတ်ကျေနပ်ပြီး ညနေခင်းမှာပဲ မဂ္ဂဇင်းတစ်အုပ်နှင့် ငြိမ်နေ
သည့် အချိန်မှာပဲ သူက သိုင်းကွက်နင်းပြီး မယ့်အရှေ့ကိုရောက်
လာခဲ့လေသည်။

သူ မယ့်အရှေ့ကို သိုင်းကွက်နင်း ရောက်လာတာကို
စပ်တည်တည် တစ်ချက်မော့ကြည့်လိုက်သည့် မယ့်ကို သူက
မျက်နှာလေး ဆတ်ခနဲ ဆွဲပင့်ပြီး ခါးနှစ်ဖက် နောက်ပစ်ထောက်
လျက် ...

"ဒေါ်မယ်သမိန် ... ကျေးဇူးပြုပြီး မင်းလက်ထဲက မဂ္ဂဇင်း
ကို ချထားလိုက်စမ်းပါ၊ မင်းဟာ ငါ့မိန်းမအဖြစ် မထိုက်
တန်လောက်အောင် ရိုင်းစိုင်းမောက်မာတဲ့ မိန်းမပဲ၊ မင်း
ငါ့ညီ့သည်ကို ဘယ်လိုညှဉ်းခဲ့ပြီး ဘယ်လိုစကားတွေ
ပြောလိုက်တယ်ဆိုတာ ငါ့ကိုဝန်ခံလိုက်စမ်းပါ"





သူ အစွမ်းကုန် သိုင်းကွက်နင်းနေတာကို မယ်က
အောင်နိုင်သူလိုပင် ခပ်သာသာပင် ပြုံးကြည့်လိုက်သည်။
"ရှင် ဘာဖြစ်လို့ ကျွန်မကို အမိန့်ပေးနေရတာလဲ၊ ရှင်
အမိန့်ပေးတိုင်း ကျွန်မက လိုက်နာ နာခံဖူးတာ ဘာများရှိ
လို့လဲ၊ ဟုတ်တယ်၊ ကျွန်မက ရှင့်မိန်းမအဖြစ် မထိုက်တန်
တာ အစစ်ပဲလေ၊ ရှင်ဟာ မိန်းမတစ်ယောက်ကို အလိုမတူ
ဘဲ အဓမ္မစနစ်နဲ့ သိမ်းပိုက်ခဲ့တဲ့ လူတစ်ယောက်ပဲ ...
"ကျွန်မက မြင့်မြတ်တင့်တယ်တဲ့ မိန်းမတစ်ယောက်
ပါ၊ ရှင့်ကြောင့် ကျွန်မဘဝ နစ်နာခဲ့တယ်၊ ဆုံးရှုံးခဲ့ရတယ်
လေ၊ ကဲ ... ရှင် ဘာပြောဦးမလဲ၊ ရှင့်ညီ့သည်ဟာ
ကျွန်မညီ့သည်မှမဟုတ်ဘဲ ကျွန်မ လုံးဝညှဉ့်မခံနိုင်ပါဘူး"
"အေး ... မင်း ညှဉ့်မခံချင်ရင်လည်း ငါ့ညီ့သည်ကို
ညနေခင်းမှာ ချောချောင်း ထိုင်စကားမပြောဘဲ တံခါးဝမှာ
ရပ်ပြီး စကားပြောစရာလားကွ၊ ငါ့ညီ့သည်က မင်းညီ့
သည်ထက် မနိမ့်ကျတဲ့ အောက်တန်းမကျတဲ့သူပါကွ"
"အို ... အောက်တန်းမကျဘူးလို့ ဘယ်ပြောလို့ရမလဲ၊
ရှင့်ညီ့သည်ဟာ ရှင်နဲ့ အသွေးအမွေး တူနေရင် ဘယ်လို
လုပ်မလဲ၊ အိမ်မှာ ကျွန်မတစ်ယောက်တည်းရှိယ်လေ၊
ကျွန်မ ရှင်နဲ့ပတ်သက်တဲ့ လူတိုင်းကို လုံဝမယုံဘူး၊ ရှင့်
စိတ်ဓာတ်တော့ အနည်းအကျဉ်းရှိမှာ အမှန်ပဲလေ"



www.burmeseclassic.com

www.burmeseclassic.com



"တော်တော့၊ မင်းပါးစပ်ပေါက် ပိတ်ထားတော့၊ မင်း ငါ့ကို မစော်ကားနဲ့ကွ၊ ငါ အခုလို မင်းကို သိမ်းပိုက်ခဲ့တာ ငါ့ရဲ့အကြွေးကို ရယူခဲ့တာပဲ၊ မင်းဆီက ရယူချင်တဲ့ အကြွေးတစ်ခုအတွက် ငါ့ဂုဏ်သိက္ခာ အပွန်းပဲ့ခံပြီး မင်းကို ငါ အရယူခဲ့တာကွ နားလည်လား"

"အဲဒီလို အကြွေးရယူချင်တဲ့ လူတစ်ယောက်ဟာ ပေးဆပ်မှုတစ်ခုကိုတော့ ပေးဆပ်ခဲ့ရမယ်လေ၊ အဲဒါ ရှင့်ဂုဏ်သိက္ခာပဲ၊ ကျွန်မ ရှင့်ကို ဂုဏ်သိက္ခာ အတန်းအစား မျက်လုံးနဲ့ ဘယ်တော့မှ မကြည့်တော့ဘူး၊ အဲဒါ ဘာဖြစ်လို့လဲဆိုတော့ ရှင့်မှာ ဂုဏ်သိက္ခာဆိုတာ နမ်းတစ်စေ့တောင် မရှိခဲ့လို့ပဲ"

"တောက် ... ပါးပိတ်ရိုက်ဖို့ကောင်းတဲ့ မိန်းမကွာ"

ရိုးနေပါပြီ။

သူ မယ့်ကို မနိုင်တဲ့အဆုံး ဒီစကားပြောခဲ့တာ မယ်က အော်ဂလီဆန်အောင် ရယ်ချင်သေးသည်။

အခုလည်း သူ ဒေါသတကြီး ကြိမ်းမောင်းကျန်ခဲ့တာကို အရသာရှိရှိ စိုက်ကြည့်ပြီး ဧည့်ခန်းထဲက လှည့်ထွက်လာခဲ့သည်။

အဲဒီအချိန်မှာ ...





အနောက်ဘက်ဆီက ပစ္စည်းတွေ ကျကွဲသံ၊ ကိုင်ပေါက်သံက မယ့်နားထဲကို ကျေနပ်အားရစွာ ဝင်ရောက်လာခဲ့သေးသည်။

ကဲ ... နေစက္ကာ၊ ရှင့်အလှည့်ရောက်တော့ ရှင် မခံနိုင်တော့ဘူး မဟုတ်လား။

လူဆိုတာ အလှည့်ရှိတယ်။

အခု ရှင် တစ်ပြန်ခံရမယ့်အလှည့်ကို ရောက်ပြီ။

အဲဒီအတွက် ရှင် ကျွန်မကို နောက်ဆုတ်အရှုံးသာပေးပေတော့။

တစ်နည်းအားဖြင့် လက်မြှောက်အရှုံးပေးခြင်းပေါ့ကွယ်။

✤ ❦ ✤



www.burmeseclassic.com

www.burmeseclassic.com



## ၁၆

တစ်နေ့ တစ်နေ့ မပျော်ပိုက်သည့် ဘဝတစ်ခုကို မယ် ငြီးငွေ့လာသလို မေမေ့အရှေ့မှာ မျက်ရည်ကျပြီး ရင်ဖွင့်သွားတော့သည်။

အဲဒီလို မယ် မျက်ရည်ကျ ကြေကွဲနေတဲ့အဖြစ်ကို မေမေက စိတ်မကောင်းဖြစ်သွားသည့် အသံကြီးဖြင့် ...

"အင်း ... ဒုက္ခပဲ၊ မေမေ့သမီးလည်း အိမ်ထောင်ကျခါမှ အမျိုးမျိုး စိတ်ဆင်းရဲနေရပြီ"

"စိတ်ဆင်းရဲတာ သေတောင် သေချင်တယ် မေမေ၊ သူ မယ့်ကို အနိုင်ယူ မိုလ်ကျနေတာကိုလည်း မယ် လုံးဝမခံနိုင်ဘူး"

"အင်း ... ခက်တာပဲ၊ တစ်ယောက်နဲ့တစ်ယောက် တစ်ချိန်က မာနတွေက အိမ်ထောင်သည်ဘဝမှာ မရှိသင့်တော့





ဘူး၊ သမီးတို့နှစ်ယောက် အရင်က အာဃာတတွေကို မေ့ပစ်လိုက်ရင် အိမ်ထောင်ရေးဟာ ငြိမ်းချမ်းသွားမှာပါ"

ဒီစကားတွေဟာ မေမေ ပြောတာမှ ဟုတ်ရဲ့လားဆိုသည့် သံသယမျက်လုံးတွေနှင့် မေမေ့ကိုမော့ကြည့်ပြီး မေမေ့လက်မောင်းကြီးကို ဆုပ်ကိုင်ကာ ...

"မေမေ ... မေမေ သူ့ကို မမုန်းတော့ဘူးလားဟင်"

"ဪ ... သမီးရယ်၊ သူက မေမေ့သမက် ဖြစ်နေမှ မေမေက ဘယ်လိုလုပ် မုန်းလို့ရတော့မှာလဲ"

"မယ်ကတော့ မုန်းတယ်"

"အဲဒါ မာနပေါ့ သမီးရယ်"

"ဘာပဲဖြစ်ဖြစ် မေမေ၊ မယ် သူနဲ့ ပေါင်းနေရသရွေ့ အရှုံးတွေချည်းပဲ ပေးဆပ်နေရတာ၊ မယ့်ကို သူ အမိန့်ပေးတာ မယ် အမုန်းဆုံးပဲ၊ မနေ့က မယ် သူနဲ့ရန်ဖြစ်တယ်၊ ဟင်း ဟင်း ... ဒေါသစ်သစ်သားက မယ့်ကိုရိုက်ဖို့ လက်တရွယ်ရွယ်နဲ့လေ၊ မယ့်ကို နည်းနည်းလေးထိကြည့်စမ်းပါ၊ အဲဒီမှာ သူ မသာပေါ်သွားမယ်မှတ်"

"ခက်တော့တာပဲ သမီးရယ်"

"မေမေက ဘာမှ မမြင်ရ မကြားရဘဲနဲ့ ခွင့်လွှတ်မနေနဲ့ မယ် မကြားချင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... တဲ ... ပြောစမ်းပါဦး၊ မနေ့က ဘာကြောင့်ရှိုး ဖြစ်တာလဲ"

"ကိုယ်ဝန်ကိစ္စပေါ့၊ ဒီကိုယ်ဝန် ပါးလပြည့်ပြီ၊ မယ့်ကို ဘာမှမလုပ်ရတော့ဘူး ဘာညာနဲ့ အမိန့်ပေးတာ၊ မယ်က မခံချင်တော့ ပြန်ပြောတော့ သူက မယ့်ကို လက်တံရွယ် ရွယ်နဲ့ ရိုက်ဖို့တကဲကဲ ပြင်နေတာ၊ မယ် အနာဆုံးပဲ"

ပြောရင်းနှင့် မယ် စိတ်မထိန်းနိုင်တော့ဘဲ မျက်နှာလေးကို လက်ဝါးလေးနှင့် အုပ်ချကာ "အင့်"ခနဲ ငိုချလိုက်သည်တွင် မေမေလည်း အတော် စိတ်မကောင်း ဖြစ်သွားသည်ထင်သည်။

မယ့်ခေါင်းရာလေးကို ကလေးလေးတစ်ယောက်လို ပွတ်သပ်ချော့မော့ နှစ်သိမ့်ပြီး အတန်ကြာမှ ...

"သမီးရယ် ... သူက ကောင်းစေချင်လို့ ပြောတာပဲ၊ သမီးက ကက်ကက်လန် ရန်တွေ့နေလို့ သူက စိတ်မရှည်လို့ လက်ရွယ်တာ နေမှာပေါ့၊ သူ တကယ် သမီးကို မရိုက်ရက်ပါဘူး၊ သမီး ရန်တွေ့တာရပ်အောင် ခြောက်တာပါ"

"မေမေ ဘာမှမသိရင်လဲ ပြောမနေနဲ့၊ မေမေက မေမေ့သမက်ဘက်က ရှေ့နေလိုက်ပေးနေရင် မေမေ မေမေ့သမက်နဲ့အတူနေ"





နောက်ဆုံးတော့ မယ်ပဲ မေမေ့ကို အရှုံးပေးလိုက်ရလေသည်။

အဲဒီနေ့က မယ် အိမ်ကိုမပြန်ဘဲ မေမေ့အိမ်မှာ သနေစောင်းအထိ နေခဲ့တာကို သူက ညမိုးချုပ်တော့မှ လာခေါ်သွားသဖြင့် မယ် ကိုယ့်အိမ်ကိုယ် ပြန်ခဲ့ရသည့်ဘဝ (ယောက်ျားကို အရှုံးပေးခဲ့ရသည့်မိန်းမ)ဘဝကို နာကျင်စွာဖြင့် ခိုဝင်ခဲ့ရတာကို အကဲမကြေနိုင်ခဲ့ချေ။

အဲဒီ အခဲမကြေမှုတွေက မယ် ကိုယ်ဝန်ရှစ်လတင်းတင်းပြည့်သည့်တစ်နေ့မှာပဲ (တိုက်တိုက်ဆိုင်ဆိုင် မင်းဝသုံ အိမ်ကိုရောက်လာသည့်နေ့မှာပဲ) ပြဿနာ အကြီးအကျယ်ဖြစ်ခဲ့တာဖြစ်သည်။

အဲဒီနေ့က မယ့်ရင်ထဲက မကျေနပ်ချက်တွေက မယ့်ကို သတ္တိပြည့်ကာ အင်အားကောင်းစွာ စိန်ခေါ်နေသလိုရှိခဲ့တာက မင်းဝသုံအရှေ့မှာ သူ့ ယောက်ျားသိက္ခာ တစ်ပြားမှမကျန်အောင် တန်ဖိုးယုတ်လျော့သွားခဲ့မှာ။ မင်းဝသုံက ဘာမှ မသိနားမလည်သေးခဲ့ချေ။

အဲဒီလို နားမလည်ခဲ့လို့လည်း မယ်တို့အိမ်ကို သူ ရောက်လာလာချင်းပင် ခေါင်းကလေးကုတ်ပြီး သူ့ကို မျက်နှာမပြရဲသလို ရှက်နေသည့် သူ့သူငယ်ချင်းပခုံးကို အရင်လို ပွေ့ဖက်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"နေ ... မင်းကွာ ဒီပြန်ရောက်တာတောင် နေနိုင်တယ်၊ ငါ့ဆီ ဖုန်းကလေးဘာလေးတောင် ဆက်ဖော်မရဘူး၊ ဘာလဲ မင်းက မိန်းမရသွားပြီဆိုတော့ စိမ်းသွားနိုင်ပြီပေါ့"

"မစိမ်းပါဘူးကွာ၊ မင်းကလည်း သိတယ်မို့လား၊ ငါ မင်းကို ရှိန်နေတာ ... ဟဲ ဟဲ"

ဆိုပြီး သူက မျက်နှာပြောင်တိုက်ပြီး သူငယ်ချင်းနှစ်ယောက်ရှေ့မှာ အခုလို ဗိုက်ကြီးတကားကားရှိနေခဲ့တာ မျက်နှာတွေ ငရုတ်သီးဖျန်းထားသလို ပူပေမယ့် မင်းဝသုံကလည်း သူငယ်ချင်းဖြစ်နေတော့ ထရှောင်ထွက်ဖို့ဆိုတာ ခဲယဉ်းသွားခဲ့သည်။

အမယ်လေး မျက်နှာကိုသာ ရေအိုးထဲပြေးစိမ်ပစ်လိုက်ချင်ရဲ့။

အခုလို မယ် မင်းဝသုံရှေ့မှာ အရှက်ကြီးရှက်နေတာကို (ဗိုက်ကြီးတကားကားရှိနေတာကို) မင်းဝသုံက မျက်လုံးကြီးပြူးကြည့်၊ ကရော်ထိုးသရော်လိုက်သေးတော့ မယ် ပိုပြီး မျက်နှာတစ်ပြင်လုံး ရဲပတောင်းခတ်သွားသည်အထိ အရှက်သည်းသွားရသည်။

"ဟား ဟား ... မယ် ဗိုက်ကြီးတကားကားနဲ့ နေမင်းကို ဖိသတ်လို့ရပြီနော်၊ မကြောက်ဘူးလား"





"ဟွန်း ဟွန်း ... မိန်းမက လိမ္မာလာပြီကွ၊ နဂိုလိုမဟုတ်တော့ဘူး၊ မိန်းမဆိုတာ ထုံးစံအတိုင်းပါပဲ၊ ယောကျ်ားကို အားကိုးစမြဲပဲ၊ ဘယ်လောက် မာနထောင်တဲ့မိန်းမဖြစ်ဖြစ် ယောကျ်ားရရင် ယောကျ်ား တစ်သြဇာ တစ်အာဏာပါပဲကွာ၊ ဟဲ ဟဲ ... မင်းမယုံရင် မိန်းမယူကြည့်ပါလား"

"ဟာ ... မလုပ်ပါနဲ့ကွာ၊ အဖတ်တင်မှာစိုးလို့"

မယ့်ကို တမင်အနိုင်ယူပြီး အခြားယောကျ်ားတစ်ယောက်ရှေ့မှာ ဖော်ကောင်လုပ်ပြလိုက်သည့် ယောကျ်ားဖြစ်သူကို မယ်က ခပ်နက်နက် စိုက်ကြည့်လိုက်ပြီး နှုတ်ခမ်းကလေးမဲ့ကာ ပြုံးလိုက်သည်။

ရှင် ဂုဏ်ယူထားလိုက်စမ်းပါ နေစဉ္စ။

သိပ်မကြာခင်ဘဲ ရှင် မျက်ရည်ကျ ကျရှုံးစေရမယ် နော်။

မယ် စိတ်ထဲကနေ တိတ်တဆိတ် ကြိမ်းဝါးနေသည့်အချိန်မှာပဲ မင်းဝသုံက အလိုက်မသိတတ်စွာဖြင့် မယ်တို့ရဲ့အတိတ်ကို အရိပ်ပြန်ဖော်လိုက်ပြန်သည်။

"နေ ... မင်းက ချစ်သူအချင်းချင်း ပေါင်းဆုံရတော့ အတိုင်းထက်အလွန်ဝမ်းသာတယ်ပေါ့ ဟုတ်လား"

"ဒါပေါ့ကွာ၊ ဒါပေမဲ့ မိန်းမက ဆိုးတယ်ကွ၊ ငါ ချစ်မှန်း သိလို့ ဆိုးတာမလားမသိပါဘူးကွာ၊ တစ်နေ့တစ်နေ့



www.burmeseclassic.com

စိတ်ရောနှားရော မချမ်းသာဘူး၊ သံရည်ပူပဲ၊ တစ်နေ့တစ်နေ့ မျက်နှာချင်းဆိုင်တိုင်း ငါတို့လင်မယား ရန်မဖြစ်တာ မရှိသလောက်ရှားတယ်”

“မင်းတို့က အမုန်းအစ အချစ်ဖြစ်ခဲ့တာကိုးကွ”

“ဟွန်း ... ဟွန်း ... အစစ်ပဲ”

နေစက္ကူ ပန်ယူနေတာကို ဒီတစ်ခါတော့ အပြတ်သားဆုံးပြောပစ်ဖို့ နှုတ်ခမ်းသွေးကာ နေစက္ကူကို မျက်အိမ်ကလေးစင်းကြည့်ပြီး ...

“ယူ့ဆူငယ်ချင်းက ကိုယ့်ကိုယ်ကိုယ် အထင်ကြီးနေတာ၊ တို့ သူ့ကို ဘယ်တုန်းကမှ မချစ်ခဲ့ဘူး၊ အခုလို မလွှတ်မခေါ် ဖြစ်ခဲ့ရတာလည်း သူ လူမဆန်စွာနဲ့ တို့ကို အမွေသိမ်းပိုက်ခဲ့လို့၊ တို့က သူ့ကို အခုအချိန်အထိကို ယောကျ်ားအဖြစ် အသိအမှတ်မပြုသေးဘူးလေ၊ သူ့ကိုလည်း တို့ကိုယ့်ယောကျ်ားရယ်လို့ ကြည်ဖြူမှုမရှိတော့ သူဟာ တို့ကို အနိုင်ယူပေါင်းနေတဲ့ (Rape)ကောင်အဖြစ် သတ်မှတ်လို့ရတာပဲ၊ သူက လူကောင်းမဟုတ်ဘူး၊ အဲဒီလိုလူစားပဲ”

“ဘာ ... မင်း ဘာစကားပြောတယ်”

ဟိန်းခနဲ ထန်သွားသည့် သူ့အသံကြီးနှင့်အတူ ဝုန်းခနဲ ထရပ်လိုက်သည့် သူ့ကို မယ်က နှုတ်ခမ်းတင်းတင်းစေ့ပြီး လက်ပိုက်ကြည့်လိုက်သည်။





အင်း ... အဟင်း ... ဟင်း ... သူ ထိသွားပြီပေါ့။

အခုလို သူ အထိနာသွားပြီဆိုရင် မယ် ကျေနပ်ပါသည်။

“မင်း ... မင်း ... မင်းဟာ အလကားမိန်းမ၊ တန်ကြေးမရှိတဲ့မိန်းမ”

သူ ရူးသွပ်စွာပေါက်ကွဲသွားခဲ့တာကို မယ်က အရသာရှိရှိ စိုက်ကြည့်နေလိုက်သည်။

ကဲ ... ဘယ့်နှယ်လဲ နေစက္ကူ၊ ရှင် အထိနာသွားပြီ ဟုတ်လား။

“ကောင်းပြီး မင်း ငါ့ရဲ့တန်ဖိုး ငါ့ရဲ့ယောကျ်ားဂုဏ်သိက္ခာကို မင်း ဝသုံ့ရှေ့မှာ တင်ပြချေဖျက်ခြင်းနဲ့ အနိုင်ရပါတယ် မယ်သမိန်၊ အေး ... ဒီကနေ့ကစပြီး မင်းနဲ့ငါဟာ ဘယ်တော့မှ မဆက်စပ်စေရတော့ပါဘူး၊ မင်း အလိုမတူဘဲ ပေါင်းသင်းနေမိတဲ့ ငါ့ရဲ့ယောကျ်ားဂုဏ်သိက္ခာနဲ့ မာနတွေအတွက် မင်းနဲ့ငါ ဒီဘဝမှာ ဘယ်တော့မှ မပေါင်းဆုံစေရဘူးမှတ်ပါ ရှင်းလား”

မယ်လိုချင်တာ ဒီအတွက်ပဲလေ။

အဲဒီတော့လည်း မယ်က ခပ်သာသာပဲ သူ့ကို ခေါင်းညိတ်ပြလိုက်မိပါတော့သည်။

www.burmeseclassic.com



မယ် ခေါင်းညိတ်ပြလိုက်တာကို သူက အံခဲပြီး မယ့်ကို အစိမ်းကားဆုံးစိုက်ကြည့်ကာ မယ့်ဗိုက်ကို လက်ညှိုး ငေါက်ငေါက်ထိုးလျက် ...

"အေး ... အဲဒီဗိုက်ထဲက ငါ့ကလေးနဲ့တော့ တစ်ချိန်ချိန်မှာ ပတ်သက်ဆက်နွယ်လာစေရမယ်၊ ငါ့ဘဝမှာ မင်းဆီက နောက်ဆုံး အကြွေးရယူခြင်းဟာ ငါ့ကလေးဟာ ငါနဲ့ အမြဲရှိနေဖို့ပဲ"

ဟား ဟား ... နေစက္ကတော့ ရူးသွားပြီ။

မယ့်ဗိုက်ထဲမှာ မယ်နဲ့ အနီးဆုံးရှိတဲ့ကလေးကို သူနဲ့ အမြဲရှိစေရမယ်တဲ့။

ဘယ်လိုမှ မဖြစ်နိုင်တဲ့အရာကြီးကို အနိုင်မခံအရှုံး မရှိပြောပြီး မယ့်ဘဝထဲက အပြီးထွက်သွားသည့် ယောကျ်ားကို မယ်က နာလွန်းလို့ ဘယ်သောအခါ (ဘယ်လောက်ကြာကြာ) လွမ်းလိမ့်မည်မထင်။

ကိုယ့်ကို ဂရုမစိုက်လို့ ဆင်းသွားသည့် ယောကျ်ားကို မယ်တို့က လွမ်းမယ့်စိတ်ဝင်လာတောင် လက်နောက်ကာ တာ့တာ့ခါပစ်လိုက်ဦးမည်။

အဲဒီလောက်အထိ မယ့်အသည်းနှလုံးက ကျောက်စိုင်ကျောက်ခဲလို တည်ခဲ့တာဖြစ်သည်။





မယ်တစ်ယောက်တည်း အသည်းမာစွာ သူလှည့်ထွက်သွားသည့် နောက်ကျောပြင်ပြီးကို ရီဝေဝေးကြည့်ပြီး မျက်ရည်ပူစီးကြောင်းတွေ အိုင်ထွန်းသွားသည်။ ဒီအချိန်မှာ မယ်တို့နှစ်ယောက်ကြားကို ဘာမှ ဝင်ကန့်ကွက်ခြင်းမရှိဘဲ စွန့်အ တိတ်ဆိတ်သွားသည့် မင်းဝသုံက မယ့်အရှေ့မှာ ကာရပ်ပြီး မယ့်လက်မောင်းကိုဆွဲခါကာ အစွမ်းကုန် ပေါက်ကွဲသွားလေသည်။

"မယ်သမိန် ... အရူးမ၊ အကောင်းကြီးကနေ အလပ်ခံနိုင်တယ်ပေါ့ ဟုတ်လား"

"ခံမယ်၊ ငါ့အကြောင်းနဲ့ငါ နင် ဘာမှ ဝင်စွက်ဖက်စရာ မလိုဘူး"

ဝသုံ မျက်လုံးတွေ စိမ်းတောက်သွားတာကို မယ်က ခပ်သာသာပဲ ကျောခိုင်းထွက်လာခဲ့လိုက်သည်။

အဲဒီအချိန်မှာ နောက်ဘက်ဆီက ကြားလိုက်ရသည့် သူ့အသံက မယ့်နှလုံးသားကို အမှောင်တံခါးပိတ်ချလိုက်သလို ပိန်းပိန်းမှောင်မိုက် တိတ်ဆိတ်သွားတော့သည်။

"အေး ... မိန်းမတစ်ယောက်ရဲ့ဘဝကို အဆုံးရှုံးခံပြီး ဒီလောက်အထိ မိုက်မဲခဲ့တဲ့ နင့်ကို ငါ ဘယ်တော့မှ ခွင့်မလွှတ်ဘူး မယ်၊ နင်ဟာ နေ့ဘဝကို အမျိုးမျိုးဒုက္ခရောက်အောင် ဖြိုဟ်မွှေခဲ့တဲ့ မိန်းမတစ်ယောက်ပဲ၊ နင့်ကြောင့် နေ တစ်ခုခုဖြစ်သွားရင် နင့်ကို ငါ့မိတ်ဆွေအဖြစ် လုံးဝ အသိအမှတ်မပြုဘူး မယ် နားလည်လား"



www.burmeseclassic.com

www.burmeseclassic.com



နားမလည်ပါဘူး။

ဘာမှ ငါ နားမလည်တော့ဘူး။

ငါ့ဘဝမှာ နားလည်တာက ငါ အခုချိန်ကစ[illegible]နေစက္ကူရဲ့ ချုပ်နှောင်မှုဘဝက လွတ်မြောက်သွားတာကိုပဲ။

ငါ ခံစားရတယ်။

ငါ ကျေနပ်တယ် မင်းဝသုံ။

အဲဒီဘဝကို ငါ အထူးကျေနပ်တယ်ဆိုရင် [illegible]ဒီနေရာကနေ အမြန်ဆုံးသာ လှည့်ထွက်သွားပါတော့လို့ ငါ [illegible]ထုတ်ပါရစေ။

✤ ❦ ✤





ရှစ်နှစ်တာကာလ

ကြာသော်...

www.burmeseclassic.com

www.burmeseclassic.com



## ၁၇

လုံး၀ မသက်ဆိုင်တော့ပြီဖြစ်သော ယောကျ်ားတစ်ယောက်ကို မေ့ထားခဲ့သည့် ဘ၀အစိတ်အပိုင်းကို ပြန်တွက်ဆကြည့်မယ်ဆိုရင် နှစ်ကာလအားဖြင့် ရှစ်နှစ်ကျော်ကာလသို့ ရောက်ခဲ့လေပြီ။

အဲဒီလို ရှစ်နှစ်တာကာလပြောင်းလဲမှုကြားမှာ မေမေဟာ လူ့လောကထဲမှာ သမီးဖြစ်သူ မယ်နှင့် မြေးမလေး ရိန်ဒီနန္ဒာမိုးကို ထားခဲ့ပြီး လူ့လောကကြီးထဲမှ စွန့်ခွာထွက်သွားခဲ့လေပြီ။

မေမေ လူ့လောကထဲမှ စွန့်ခွာသွားပြီးသည့်နောက်ပိုင်းတွင် အသက်အရွယ်အားဖြင့် မယ် ဘ၀ကို ရင်ဆိုင်နိုင်သွားခဲ့ပါပြီ။





မယ် လောကကြီးကို ရင်ဆိုင်နိုင်သလို သမီးကိုလည်း မယ့်လို ကိုယ်ပိုင်အရည်အချင်းရှိပြီး ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင်အောင် (နိုင်ငံခြားစံချိန်မီ) ပြုစုပျိုးထောင်ပေးခဲ့သည်။

သမီးအခန်းထဲမှာ ကွန်ပျူတာ၊ ကက်ဆက်၊ တီဗီစသည့်အရာများနှင့် သမီးဟာ ရွယ်တူသူငယ်ချင်းတွေနှင့် ဆက်စပ်မှုနည်းပြီး ကွန်ပျူတာတစ်လုံးနှင့် ပျော်ပိုက်သူဖြစ်ခဲ့သည်။

ပြီးတော့ သမီးက သူမငယ်ငယ်ကအတိုင်း သူများတကာထက်သာမှ ကြိုက်သူဖြစ်သည်။

ကျောင်းသွားရင် အ၀တ်နှစ်ခါလဲချင်သူ ကလေးကိုင်လက်ကိုင်အိတ်ကလေးထဲကို ပိုက်ဆံများများထည့်ပြီး ကိုင်ချင်သူဖြစ်ပြီး သမီးဟာ သူတကာထက် ထူးကဲသာလွန်နေခဲ့ပါသည်။

သူတကာထက် ထူးခြားလွန်းသည့် သမီးရဲ့ထူးခြားချက်မှာ သူ့အဖေနှင့် နည်းနည်းမှ ရုပ်ရော စိတ်ပါ မတူတဲ့အတွက် သမီးကို သူမလိုရာ ပုံသွင်းလို့ရခဲ့သည်။

အခုဆိုရင် သမီးကို နှစ်ပေါင်းများစွာ သူ့အဖေ မကောင်းကြောင်း၊ အကြင်နာခေါင်းပါးကြောင်း၊ ညအိပ်ရာဝင်တိုင်း သူမက အမြဲမပြတ်ပြောခဲ့တာမို့ သမီးက ဖခင်ဖြစ်သူကို မယ်နည်းတူ အမုန်းကြီး မုန်းနေခဲ့သူ ဖြစ်သွားခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com

ဘယ်လောက်အထိ မုန်းသလဲဆိုရင် သူ့ဖခင်ကို မုန်းတီးစိတ်ဖြင့် ပြောသေးသည်မှာ ...

"ဖေဖေဆိုတဲ့ပုဂ္ဂိုလ်က သမီးတို့ သားအမိကို တကယ်ပဲ ပယ်ရက်တယ်နော်၊ ဖုန်းကလေးတစ်ချက် ဆက်ဖော်တောင် မရဘူး၊ ဒါပေမဲ့ သမီးဘဝမှာ အဖေမရှိတဲ့အတွက် အားမငယ်ပါဘူး မေမေ၊ ဘာဖြစ်လို့လဲဆိုတော့ သမီး ဖေဖေဆိုတဲ့ ပုဂ္ဂိုလ်ကို အဖေဆိုတဲ့အနေနဲ့ ထူးခြားပြီးခံစားလို့ မရလို့ပဲ"

စကားပြောချက်ချာပြီး လိမ္မာပါးနပ်လွန်းသော (မိခင်ရဲ့ စိတ်ခံစားချက်ကို နားလည်သိမြင်နေသော) သမီးကို သူမ ရင်ခွင်မှာ ထွေးပွေ့နှစ်သိမ့်ပြီး မျက်ရည်မကျအောင် ဣန္ဒြေဆယ် ကာ သမီးပါးပြင်နုနုလေးကို မွှေးမွှေးပေးရင်းက သမီးစိတ်ကျေ နပ်အောင် ထောက်ခံလိုက်ရသည်။

"ဟုတ်တာပေါ့ သမီးရယ်၊ သမီးဘဝမှာ အဖေဆိုတာ ခံစားလို့မရတဲ့ ပုဂ္ဂိုလ်တစ်ယောက်၊ အရေးမပါတဲ့ ပုဂ္ဂိုလ် တစ်ယောက်လို့ မေမေ ယုံကြည်တယ်၊ သမီးအပေါ်မှာ တာဝန်မကျေတဲ့ ဖခင်တစ်ယောက်အတွက် သမီး ဘယ်လို မခံစားရဘူးဆိုတာ မေမေ ယုံတယ်"

"သူ့မေတ္တာရှိမှ ကိုယ်မေတ္တာရှိမှာပေါ့ မေမေရဲ့၊ သူ့စိမ်း တော့လည်း ကိုယ်စိမ်းမှာပဲ"

"အေး ... အေး ... ဟုတ်တာပေါ့၊ ဟုတ်တာပေါ့"





သမီးက မယ့်လက်သုံးစကားဖြင့် သူ့အဖေကို စကားလုံးနှင့် ကိုင်ပေါက်လိုက်တာကို မယ့်ရင်ထဲ ဘယ်လိုကြီးခံစား ရမှန်းမသိအောင် ဝမ်းနည်းကာ ငိုချင်သွားရသည်။

ဒါပေမဲ့ မယ် မငိုပါ။

ရင်ထဲမှာပဲ သမီးမသိအောင် အကြေကွဲခံပါသည်။

အခုလို ရှစ်နှစ်လုံးလုံး သမီးအပေါ် ပစ်ပယ်ပြီး အမေရိကားကို ထွက်ခဲ့ပြီးမှ တစ်ကျော့ပြန်ကာ သမီးကို မယ်နှင့် အတူနေသည့်အပိုင်းအခြားအတိုင်း သူ ပြန်လိုချင်တယ်ဆိုပြီး ဖုန်းဆက်တောင်းဆိုလာခဲ့သည်ကိုလည်း သမီးသိအောင် သမီးရှေ့ မှာ မယ် ကြေကွဲဝမ်းနည်းရိပ်မပြခဲ့။

ဒါပေမဲ့ သမီးက အကင်းပါးသူပီပီ မယ့်မျက်နှာ ရိပ်မျက်နှာကဲကိုကြည့်ပြီး မျက်ခုံးလေးထိဆက်မတတ် ကြုတ် ပစ်ကာ ...

"မေမေ ... မေမေ ဒီနေ့ ဘာဖြစ်နေတာလဲဟင်၊ မျက်နှာ လည်းမကောင်းဘူး၊ သမီးမျက်နှာကိုလည်း အကြာကြီး စိုက်ကြည့်နေတယ်"

"ဟင် ... ဟော ဘာမှ မဖြစ်ပါဘူး၊ မေမေ့သမီးလေး အလိမ္မာပိုလို့ မေမေက သိပ်ချစ်လို့ကြည့်တာ"

"ဗွန်း ... မဟုတ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



သမီးက ခြေဆောင့်ပြီး နှုတ်ခမ်းလေးရွဲ့ စိတ်ကောက်လိုက်တာကို သူမက ငေးခနဲစိုက်ကြည့်မိသွားရသည်။

ရင်ထဲမှာလည်း ဘာရယ်မဟုတ် လှမ်းသလိုကြီး ခံစားလိုက်ရသလို ဟိုအရင်တုန်းက မယ် သူ့ကို အခုလိုမျိုး အမူအရာမျိုးနှင့် တစ်ထပ်တည်း စိတ်ကောက်ခဲ့တဲ့ ပုံရိပ်က မယ့်မျက်စိထဲ ကွင်းကွင်းကွက်ကွက် ထင်ဟပ်လာသည်။ ဒီအချိန်မှာ သူကတော့ မယ့်ရဲ့ အလွမ်းတွေကိုမသိ။

မယ့်ကို ပြင်းပြင်းထန်ထန် တိုက်ကွက်ထုတ်လာခဲ့တာမို့ မယ့်ရင်ထဲမှာ ဘာတွေ စုစည်းရမှန်းမသိ စုစည်းလို့ မရ မှုန်မှိုင်းဝေဝါးသွားသည်။ အဲဒီအချိန်မှာ သမီးက မယ့်ပါးပြင်ကို ရွှတ်ခနဲနမ်းပြီး ...

"မေမေ ဒီနေ့ ကစ်ခုခုဖြစ်နေတယ်၊ သမီးကို အသိပေးမှပေါ့၊ ဒါမှ မေမေနဲ့အတူ သမီးက မျှဝေခံစားလို့ရမှာပေါ့၊ ဒီလောကတစ်ခုလုံးမှာ မေမေနဲ့ သမီး နှစ်ယောက်တည်းရှိတာ၊ မေမေ သမီးကိုမှ မပြောရင် ဘယ်သူ့သွားပြောမလဲ"

ဩော် ... သမီးရယ် ...

ဒီလောကကြီးထဲမှာ မေမေနဲ့ သမီး နှစ်ယောက်တည်း မဟုတ်တော့ဘူး။

"သမီးကို အခုမှ အပိုင်လိုချင်လာတဲ့ သမီးအဖေတစ်ယောက်လည်းရှိသေးတယ်"လို့ မယ် ရင်ထဲမှာ တိတ်တိတ်ကလေး ညည်းပြီး သမီးကိုယ်လုံးလေးကို ရင်ခွင်ထဲ ဆွဲပွေ့ကာ ...





"မေမေ ဘာမှ မဖြစ်ပါဘူး သမီးရဲ့၊ သမီး ... သမီးလေးကို မေမေ Model show ပြမယ် ကြည့်"

ချက်ချင်းပင် မယ်က သမီးစိတ်ပြောင်းသွားအောင် ကွန်ပျူတာတီးလုံးလေးဖွင့်လိုက်ပြီး ကိုယ်လုံးလေးကို တစ်ပတ်လည်ကာ ရင်ချီပြီး လက်ကို မာန်ပါပါလွှဲလျက် မော်ဒယ်တစ်ယောက် Cat walk လျှောက်သလိုမျိုး ဆွဲဆောင်လိုက်သည်တွင် သမီးက လက်ခုပ်တဖြောင်းဖြောင်းထတီးပြီး ဝမ်းသာအယ်လဲ ချီးကျူးလိုက်လေသည်။

"Very good ... Very good မေမေ မော်ဒယ်ရှိုးပြတာ သိပ်ကောင်းတယ်၊ မေမေ မော်ဒယ်လုပ်စားရင် နိုင်ငံခြား စံချိန်ချိုးမယ်"

ဆိုပြီး မယ့်ကို ပြေးဖက်လာသည့် သမီးလေးကို မယ် ပြေးပွေ့ပြီး သမီးမျက်နှာကလေးကို အဆက်မပြတ် တရှုံ့ရှုံ့ မွှေးမွှေးကြူလိုက်ရင်းက တတွတ်တွတ် ရေရွတ်မိသည့်စကားကတော့ ...

"သမီးကို မေမေ သိပ်ချစ်တာပဲကွယ်"

"သမီးလည်း မေမေ့ကို ဘယ်လိုချစ်မှန်းမသိဘူး၊ တစ်လောကလုံးမှာ မေမေ့ကို အချစ်ဆုံး"

ဩော် ... သမီးလေးရယ် ...



www.burmeseclassic.com

www.burmeseclassic.com



မေမေ့ရင်ထဲက ခံစားချက်ကို ကြိုပြီးသိနေခဲ့လို့ ဒီလိုစကားမျိုး ပြောလာခဲ့တာလားဟင် ၊ မယ် သမီးကို ဘယ်လို နှလုံးသားမျိုးနှင့် ဖွင့်မမေးရက်တော့ချေ။

သမီးလေးကတော့ မယ့်ရဲ့ တွေဝေသွားသည့် မျက်နှာလေးကို မျက်တောင်လေးပုတ်ခတ် ပုတ်ခတ်လုပ်ပြီး ပါးစပ်ထဲ လက်ညှိုးကလေးထည့်လျက် စဉ်းစားခန်းဝင်သွားလေပြီ။

ဘာပဲဖြစ်ဖြစ် သမီး အခုလို ငြိမ်သက်ငေးမောသွားတာကိုပဲ မယ်က ကျေနပ်သွားရပါသည်။

❖ ❦ ❖





သမီးနှင့်ပတ်သက်ပြီး မက်ခဲ့သည့်အိပ်မက်တစ်ခုမှ အစပြု၍ သမီးရှိသည့် မြန်မာပြည်ကို သူ အပြီးပြန်လာပြီး သမီးကို တွေ့ခွင့်ရဖို့ သူ အမျိုးမျိုးကြိုးစားခဲ့ပေမယ့် အခုချိန်ထိ သမီးကို တွေ့ခွင့်မရခဲ့သေးချေ။

သမီးကို တွေ့ခွင့်မရခဲ့သေးတာမို့ သူ့ရင်ထဲမှာ အဆတ်ဆတ်နာကျင်လာခဲ့ရကာ မယ်သမိန်ကိုလည်း ပိုပြီး ကြည်း မုန်းတီးသွားရသည်။

သူမလောက် သူ့ကို မုန်းစရာကောင်းအောင်လုပ်ခဲ့သည့်မိန်းမ ဒီကမ္ဘာလောကမှာ သူမတစ်ယောက်ပင်ရှိခဲ့သလို သူ မြန်မာပြည်ပြန်မရောက်ခင်က သူမကို ဖုန်းဆက်ခဲ့တုန်းက မောက်မောက်မာမာပြောခဲ့သည့် စကားတွေက သူ့နှလုံးသားကို အရှိန်ပြင်းပြင်း နာကျင်လုံး ရိုက်ခတ်ဆဲဖြစ်ခဲ့သေးသည်။

"ရှင် ဘယ်လောက် သမီးကို ပိုင်ဆိုင်ခွင့်ရဖို့ကြိုးစား ကြိုးစား ကျွန်မကို အောက်ကျို့အရှုံးမပေးလို့ကတော့ ရှင် ကြိုးစားသမျှ အလကားပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီး သူမကိုယ်သူမ အထင်တကြီး ပြောခဲ့သည့်စကားသံတွေက သူ့ကို ဒီကနေ့မှာ သူမဆီကို နောက်တစ်ကြိမ်ဖုန်းထပ်မဆက်ဘဲမနေနိုင်အောင် ခံစားချက်ပြင်းသွားရလေသည်။

အဲဒီအချိန်မှာ သူမဆီသို့ သူ ဖုန်းဆက်မိသွားရပြန်ပြီဖြစ်သည်။

သူမကတော့ သူ့ရဲ့ခြေလှမ်းတွေကို မထိတထိမဲ့ပြုံးတွေနှင့် မျက်လုံးကလေးစွေပြီး ခနိုးခနဲ့ သရော်ဦးမည်ဖြစ်သည်။

ဘာပဲဖြစ်ဖြစ် မင်း ငါ့ကို ဘယ်လောက်ပဲ သရော်သရော် ငါကတော့ သမီးအတွက် မင်းကိုလေကုန်ခံရဦးမယ်ပေါ့။

"ဟင်း"

သူ့ရင်ထဲမှာ သူမကို ဖုန်းဆက်သာဆက်လိုက်ရတယ် ဘယ်လိုကြီး ခံစားရမှန်းမသိ။

ရှက်နေသလိုလို လိပ်ပြာမလုံသလိုလိုနှင့် ကိုင်ထားသည့်ဖုန်းကလေးကို ကတုန်ကယင်ကြီး ဖျစ်ဆုပ်လိုက်သည့်အချိန်မှာပဲ တစ်ဖက်မှ ကလေးသံညက်ညက်ကလေးနှင့် "ဟယ်လို"လို့ ထူးလိုက်သည့်အသံလေးက သူ့တစ်ကိုယ်လုံးကို ကြက်သီးဖျန်းဖျန်းထသွားသည်အထိ သူ အံ့ဩတုန်လှုပ်စွာ ရင်တစ်ခုလုံး နိမ့်ကျသွားပြီးမှ ...

"ဟယ်လို ... သမီး ... သမီးလေးလား"

"ဟုတ်ကဲ့ ဘယ်သူနဲ့ စကားပြောချင်လို့ပါလဲရှင်"





"သမီး ... သမီးက မယ်သမိန့်သမီးလားဟင်"

သမီးအသံလေးက သူ့ရင်ကို တစ်ချိန်ထိုး နွေးထွေးလိုက်ခုန်ကြည်နူးဆွတ်ပျံ့ခြင်းတွေ ခံစားရခြင်းနှင့်အတူ သူ ကမန်းကတန်းမေးလိုက်တာကို သမီးက ခဏငြိမ်သက်သွားလေသည်။

တအောင့်ကြာမှ မယ်သမိန် ငယ်ငယ်ကလိုပင် ခပ်ထောက်ထောက် အသံအင့်အင့်ကလေးနှင့် ...

"ဦးက ဘတ်သူလဲ၊ မေမေ့မိတ်ဆွေတွေထဲမှာ မေမေ့ကို မယ်သမိန်လို့ခေါ်တဲ့သူ တစ်ယောက်မှ မရှိဘူး၊ မေမေ့ကို လေးလေးစားစားနဲ့ ဒေါ်မယ်သမိန်လို့ ခေါ်ကြတဲ့သူချည်းပဲ"

"ဟင်"

သမီးရဲ့အမေအပေါ် ဆတ်ဆတ်ထိမခံ ပြောလိုက်သည့် စကားက သူ့ကို ခေတ္တခဏကြောင်ငေး အသက်ရှုရပ်သွားစေခဲ့ရပြီးမှ သတိရသွားကာ ဆံပင်ထဲကို လက်ထိုးဖွပြီး ရင်ခုန်နှုန်းမြန်စွာဖြင့်ပင် ...

"အေးကွာ ... ဖေ ... အဲ ... ဦးက မယ်သမိန်ရဲ့ မိတ်ဆွေမဟုတ်ပါဘူး၊ သမီးက မယ်သမိန် သမီးလား၊ စွာတယ် ထင်တယ်၊ မယ်သမိန် ငယ်ငယ်ကအတိုင်းပဲ၊ သမီးအသံလေးက ဖုန်းထဲမှာတောင် စူးနေတာပဲ သမီးကလေ ..."

သူ သမီးကို ကြည်နူးစိတ်ဖြင့် စကားအဆက်မပြတ်ပြောချလိုက်သည့်အချိန်မှာ သမီးက သူ့ရဲ့ အပိုစကားတွေအတွက်

www.burmeseclassic.com



ဖျတ်ခနဲ ဖုန်းပိတ်သွားခဲ့ပြီမို့ သူက ငေါင်းစင်းစင်းကြီးနှင့်
ဖုန်းကလေးကို စိုက်ကြည့်ပြီး မျက်ရည်ကျ ကြေကွဲသွားခဲ့ရ
သည်။

အဲဒီလို သမီးရဲ့ရက်စက်စိမ်းကားပြတ်သားမှုတွေ
လည်း ရင်ထဲမှာ ဘယ်လိုကြီး ခံစားလို့ခံစားရမှန်းမသိအောင်
အောင့်အောင့်ကြီး ခံစားလိုက်ရသည်။

"သမီးရယ် ... ဖေဖေ့ရဲ့ခံစားမှုတွေကို ကိုယ်ချင်း
နားလည်ပေးစမ်းပါကွာ၊ `ဖေဖေ သမီးကို သိပ်တွေ့
တယ်"

ဝရန်တာလက်တန်းကို လက်နောက်ပစ်ကျောမှီ
မှီရပ်ပြီး သူ ခေါင်းကို တအားငုံ့ချလျက် အရူးတစ်ယောက်
တွတ်တွတ် ရေရွတ်နေမိသည်။

ဤအရာသည် ဖခင်စိတ်ဓာတ်ပင်ပဲလား။

ဖခင်တစ်ယောက်ရဲ့ ခံစားချက်တွေလားမသိသည်
ရင်ထဲက အဆန်းအပြား ချစ်ခြင်းတရားတွေက သမီးကို ဘယ်
စွမ်းဆောင်မှုပေးနိုင်ပါမလဲ (သမီးက စိတ်ဓာတ်မာ၍ပင်ဖြစ်သည်
ဆိုသည့် စိုးရိမ်တွေးတွေနှင့် သူ ဖခင်တစ်ယောက်ရဲ့ ကျရှုံးခြင်း
မျက်ရည်တွေဖြင့်သာ ငိုပွဲဆင်ကြေကွဲခဲ့ရသည့်အဖြစ်ကို မေမေ
တွေ့မြင်သွားပြီး စိတ်မချမ်းမြေ့သည့်အသံကြီးနှင့် သူ့ကို နှစ်သိ
လာခဲ့သည်။





"သားရယ် ... ဒီလောက်အထိ ခံစားမနေစမ်းပါနဲ့ကွယ်၊ သိပ်မကြာခင်မှာပဲ သားရဲ့သမီးလေးကို သားတွေ့ရတော့မှာပါ"

"တွေ့ရဖို့ကတော့ သိပ်လွယ်မှာမဟုတ်ဘူး မေမေ၊ သမီးလေးက သူ့အမေလိုပဲ သိပ်ပြတ်သားတယ်၊ အခုပဲ ကျွန်တော် သမီးနဲ့ စကားပြောလိုက်ရတယ်၊ သမီးဟာ အရွယ်နဲ့မမျှအောင် တောင့်တင်းခိုင်မာတဲ့ စိတ်ဓာတ်ရှိနေတယ်၊ ဒီအတွက် သမီးကို ကျွန်တော့်ရဲ့ ဖခင်မေတ္တာ အပြည့်အဝလွှမ်းမိုးနိုင်ပါ့မလားလို့ ကြေကွဲနေတာပါ မေမေ"

သူ ပြောရင်းနှင့် စိတ်မထိန်းနိုင်တော့ဘဲ ငိုရှိုက်သံကြီးနှင့် ပြောလိုက်တော့ မေမေကလည်း သူ့နည်းတူ ကြေကွဲခံစားလိုက်ရသည်ထင်သည်။

သူ့ကို ဘာစကားမှမပြောတော့ဘဲ တိတ်ဆိတ်ငြိမ်သက်သွားတော့သည်။

အတန်ကြာ တိတ်ဆိတ်ငြိမ်သက်သွားသည့် မေမေ့ကို သူ မျက်ရည်တွေနှင့် မော့ကြည့်လိုက်ပြီး ဆက်ပြောလိုက်မိသည့် စကားကတော့ ...

"နောက်ပြီး သမီးများ သူ့အမေ အမြဲထိုင်ခဲ့တဲ့ ဝရန်တာကလေးမှာ ထိုင်မလား လို့ မျှော်လင့်နေခဲ့မိတယ် မေမေ၊ ဒါပေမဲ့ အချိန်သာကုန်သွားတယ်၊ သမီးရဲ့အရိပ်ကို မတွေ့ရဘူး၊ ကျွန်တော် သမီးကို အရမ်းတွေ့ချင်တယ်



www.burmeseclassic.com

www.burmeseclassic.com



"တွေ့ရမှာပေါ့ သားရယ်၊ ဒါပေမဲ့ တွေ့ရဖို့က မြေးရှိတဲ့ အိမ်ကို သွားတွေ့မှတွေ့ရမှာ၊ မယ်သမိန်ဟာ ဘယ်လောက် အထိ ကောက်ကျစ်စဉ်းလဲခဲ့သလဲဆိုရင် မြေးကို မမေတို့ မြင်ကွင်းထဲမှာ လုံးဝ မကစားနိုင်ဘူး၊ မသွားမလာနိုင်ဘူး ကားစီးပြီး ကျောင်းသွားကျောင်းပြန်တာတောင် ကားကို တိုက်ထဲအထိ ဖြည်းဖြည်းကလေး မောင်းဝင်သွားတယ်။ ကားက မှန်အမည်းနဲ့ဆိုတော့ ဘာမှ မမြင်ရဘူးလေ"

သူ ရင်ထဲ ဝိုပြီး နာကျင်ကြေကွဲသွားရပါသည်။

ဘယ်လောက်အထိ ခံစားသွားရသလဲဆိုရင် ခေါင်း တစ်ခုလုံး ချာလည်လည်မူးနောက်သွားသည်အထိ မူးဝေသွားရ ကာ မေမေ့မျက်နှာကြီးကိုတောင် မမြင်ရတော့ဘဲ စကားသံကို တော့ ရင်နာစွာ ကြားလိုက်ရသေးသည်။

"သူ ဘယ်အချိန်အထိ မေမေ့မြေးကို ဖန်ပေါင်းချောင်ထဲ ထည့်သိမ်းထားနိုင်မလဲဆိုတာ စောင့်ကြည့်ရသေးတာပေါ့။ ဒီမှာ သား၊ မေမေတို့ရဲ့မြေးလေးကိုသာ သားအပိုင်ရဖို့ ကြိုးစားပါ၊ တရားဥပဒေနဲ့ကို အပိုင်ရနိုင်အောင် မေမေတို့ ဘက်က ကြိုးစားနိုင်ပါတယ်၊ မေမေတို့မှာ ရှေ့နေကောင်း ကောင်းတစ်ယောက်လုံးရှိထားမှ ဟင်း … ဟင်း … သင်း လူပါးဝလွန်းတာကို အကြောင်းသိအောင် ပြချင်လို့ပါ"





မေမေ့စကားသံ မေမေ့ပြောဟန်ဆိုဟန်တွေက သူ့ ...ားထဲကနေ နှလုံးသားထဲသို့ တောက်လျှောက် တိုးလျှိုပေါက် ...ီးဆင်းသွားချိန်မှာ သူ မေမေ့ကို ကျောခိုင်းပြီး မျက်နှာကြီးငုံ့ချ ...ငိုရှိုက်လိုက်မိပြီပြီလားမသိ။

သမီး ဖေဖေ မခံစားနိုင်တော့ဘူးကွာ။



www.burmeseclassic.com

www.burmeseclassic.com



# ၁၈

လက်ထဲမှ Hand Phone ကလေးကို နှိပ်လိုက်ပြီး တစ်ချိန်က မိန်းမတစ်ယောက်အဖြစ် သက်ဆိုင်ခဲ့ဖူးသည့် သူမနှင့် တွေ့ဆုံရမယ့် ခံစားချက်တွေက လေထဲလွင့်နေသလို (မိုးနိုးရာကင်းမဲ့) ခံစားနေရပါသည်။

သူမကတော့ သူ့ရဲ့တောင်းဆိုမှုကို ဘယ်လောက် သရော်လှောင်ပြောင်မဲ့ပြုံး လုပ်ဦးမည် မသိ။

ဘယ်လိုသရော် သရော် သူကတော့ လုံးဝဂရုမစိုက်ပါ။

ဂရုမစိုက်လို့လည်း သူမဆီကို ဖုန်းဆက်ပြီး သမီးနဲ့တွေ့ဖို့ပြောမလို့ သူမ ဖုန်းသံလေးကို မျှော်လင့်နေဆဲမှာပဲ ...

"ဟယ်လို ... ကျွန်မ အေးမိပါ"





တစ်ဖက်မှ မယ်သမိန့်ဖုန်းဆီမှ ထူးလာသည့်အသံက မယ်သမိန့် မဟုတ်ခဲ့တာက သူ့ရဲ့အာရုံကို နောက်သွားစေခဲ့ရသည်။

ချက်ချင်းဆိုသလိုပင် သူက အလိုမကျစွာ မျက်မှောင်ကြီးတွန့်ကြုတ်ပစ်လိုက်ပြီး ...

"မင်းက ဘယ်သူလဲ၊ ဒီဖုန်းက မယ်သမိန့်ဖုန်းလေ"

"ကျွန်မက ဒေါ်မယ်သမိန့် Secretary ပါ"

"ဪ ... အေး ... အဲဒါဆို သူ့ကို ပြောလိုက်ပါ၊ လူတစ်ယောက်က သူ့ကို ဖုန်းဆက်တယ်လို့ ဖုန်းလာကိုင်ပါလို့"

"ဒေါ်မယ်သမိန် ဖုန်းကိုင်မှာ မဟုတ်ဘူး"

"ဟာ ... ကိုင်ပါတယ်၊ မင်း တော်တော်လျှာရှည်ပါလား၊ အဲဒီမိန်းမ ရုံးခန်းမှာလား သွားပြောလိုက်"

"မဖြစ်ဘူးထင်တယ်၊ ရှင် အရေးကြီးရင် MINMYANMAR ကုမ္ပဏီရဲ့ ရုံးခန်းကိုပဲကြွခဲ့ပါ၊ ဒေါ်မယ်သမိန်ဟာ အလုပ်ချိန်မှာ ဘယ်သူနဲ့မှ ဖုန်းစကားပြောလေ့မရှိဘူး၊ ရှင် အရေးတကြီးတွေ့ချင်ရင်တော့ ဒေါ်မယ်သမိန် ရုံးခန်းကို လာခဲ့ပါ"

"သူ့ရုံးခန်းကို မလာနိုင်ပါဘူး၊ ကောင်းပြီ ငါ ကုမ္ပဏီရှေ့က စောင့်နေတယ်လို့ မယ်သမိန်ကို ပြောလိုက်ပါ၊ ငါက သူ့ရဲ့ တစ်ချိန်က ယောကျ်ားလို့လည်း မင်းဆရာမကို တင်ပြလိုက်ဦး"



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲက ရှိသမျှ ဒေါသမပေါက်ကွဲသွားအောင် အသိနဲ့ သတိယှဉ် ထိန်းချုပ်ပြီး လက်ထဲက ဖုန်းကလေးကို ဖျတ်ခနဲပိတ်လိုက်ရင်းက ကားကို မယ်သမိန် ပိုင်ဆိုင်သည့် MIN MYANMARကုမ္ပဏီရုံးယာအရှေ့သို့အရောက် မောင်းလာခဲ့ရတော့သည်။

တောက် ... စိတ်မထင်တိုင်း ထသောင်းကျန်းပစ်ပြန်ရင်လည်း သူပဲ ဒုက္ခရောက်ဦးမည်။

သူမကတော့ နေရာတကာတိုင်း အသာစီးရနေတဲ့ မိန်းမဆိုတော့ ဘာမှ ဖြစ်မှာမဟုတ်။ (ဘာရောဂါမှ ရှိသူလည်း မဟုတ်။)

သူ့မှာသာ နှလုံးရောဂါနှင့် ထင်တိုင်း ပေါက်ကွဲလို့ မရ။

တစ်ချက်ပေါက်ကွဲ တစ်ချက်သတိလစ်မယ့်ဘဝမို့ စိတ်ကို အတည်ငြိမ်ဆုံးထိန်းချုပ်ကာ သူမ ရုံးဆင်းချိန်ကိုပဲ စိတ်ရှည်ရှည်ဖြင့် စောင့်ဆိုင်းနေလိုက်သည်။

အတန်ကြာ သူစောင့်ဆိုင်းလိုက်ရပြီး မကြာခင်မှာပဲ မျက်မှန်အညိုကလေးတပ်ရှုက် နီရဲသော ပိုးသားထဘီနှင့် ပိုးသားအင်္ကျီ လည်ထောင်လက်စကကလေးကို တွဲဝတ်ထားသော မယ်သမိန်ကို တွေ့လိုက်ရသည့်ခဏအတွင်း သူ အသက်ရှူရပ်မတတ် အံ့သြငေးမောသွားရသည်။



ဟား ... ဒီမိန်းမဟာ ဘာဖြစ်လို့များ ဒီလောက်အထိ ထူးထူးခြားခြားလှနေခဲ့တာပါလိမ့်။

အရင်တုန်းကအတိုင်း နုတုန်း သစ်တုန်း လှတုန်း မာန်ထည်ပြီး မပြောင်းမလဲ သူ့ကို မျက်လုံးတစ်ချက်ဝင့်ကြည့်လာသည့် ရှစ်နှစ်လုံးလုံး ကွဲကွာသွားခဲ့သည့် ဇနီးကို သူ ရှည်ကြာစွာဝင်းစွာ စိုက်ကြည့်လိုက်မိသည်ထင်သည်။

သူ့ရဲ့အကြည့်တွေက ရင်စုန်နှန်းမြန်ဆန်စွာ ဘယ်လောက်အထိ သူမ မျက်နှာနုနုကလေးပေါ်မှာ ဝဲစိုက်သွားသည် မသိ။

တွန့်ခနဲဖြစ်သွားတဲ့ သူမနှုတ်ခမ်းတစ်စုံက ခနဲ့ခနဲ့ သရော်တော်တော် စကားက သူ့ကို သူမအရှေ့မှာ အရှက်ကောင်းကောင်းကွဲသွားစေခဲ့ရတော့သည်။

"ဘာများထူးခြားတာတွေ့လို့ ကျွန်မ မျက်နှာကို ဒီလောက်အထိ စိုက်ကြည့်နေရတာပါလိမ့်"

"ကျွတ်"

ရှစ်နှစ်လုံးလုံး လွမ်းခဲ့ရသမျှ အတိုးချကြည့်နေခဲ့တာကို မညာမတာ မဲ့မဲ့ရွဲ့ရွဲ့ပြောခဲ့သည့် သူမရဲ့ နှုတ်ခမ်းသားကို ဖြစ်နိုင်ရင် သူ လက်နှစ်ဖက်ဖြင့် ဆွဲသာချေပစ်လိုက်ချင်သည်။

အဲဒီလောက်အထိ သူမကို မုန်းတာ။

နာကြည်းတာ။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ သူက အရှုံးမရှိ ဘာမထိစတိုင်ခင်းပြီး ခြေထောက်နှစ်ဖက်ကို နောက်ကို တစ်လှမ်းဆုတ်ကာရပ်ပစ်လိုက်ပြီး မျက်အိမ်ကို တမင်ကျဉ်းပစ်လိုက်ကာ ...

"ငါ မင်းနဲ့ စကားပြောမလို့လာတာ"

"ပြောလေ အခုပြောလို့ရနေပြီပဲ အခုပြော"

ရှစ်နှစ်လုံးလုံးကွဲခဲ့သည့် ယောကျာ်းကို လုံးဝ မလွမ်းဘူးစတိုင်ဖြင့် မျက်ခုံးကလေးကို ခပ်သာသာတစ်ချက်ပင့်ကာ ခေါင်းတစ်ချက်ဆတ်လျက် ကားတံခါးဖွင့်ပြီး ကားထဲဝင်ထိုင်လိုက်သည့် သူမကို သူ ရင်နာစွာ တစ်ချက်နင့်နင့်စိုက်ကြည့်ပစ်လိုက်သည်။

မင်းက မလွမ်းဘူး ဆိုတော့လည်း ငါကလည်း မလွမ်းဘူးပေါ့။

မင်း ဘယ်လောက်ချောချော ငါ ရင်မခုန်ဘူး။

စိတ်ဓာတ်မမြတ်တဲ့မင်းကို ပြန်မချစ်ဘူး။

သူ့ရင်ထဲက စကားလုံးတွေကို သူမရဲ့ မျက်လုံးကတစ်ဆင့် သူ စကားပြောလိုက်ပြီး သူကလည်း ခပ်သာသာထိုးထိုးပင် ခေါင်းတစ်ချက်ဆတ်လျက် ...

"ငါဟာ သမီးအတွက်နဲ့ မင်းဆီကို ပထမအကြိမ် ရောက်လာခြင်းပဲလို့ မင်းသိထားပါ၊ ကဲ ... ကားချင်းယှဉ်ပြီး တော့ပဲ စကားပြောကြတာပေါ့၊ အထွေအထူး ညှိခံမှုတွေ မင်းနဲ့ ငါ့ကြားမှာ မလိုအပ်ပါဘူး"





"ကောင်းပြီလေ၊ ဆွေးနွေးကြတာပေါ့"

သူ့ကို လုံးဝ ဂရုမစိုက်သည့်စတိုင်ဖြင့် လက်နှစ်ဖက်ကို ယှက်ချိုးပြီး တစ်ဖက်ကို မျ[illegible]နှာလွှဲသွားသည[illegible] သူမကို သူကလည်း လုံးဝ အလေးမထားသလို [illegible]က်နှာတစ်ချက်လွှဲလိုက်ပြီး ခေါင်းညိတ်ကာ တစ်ဖက်သူ့ကားထဲက[illegible]ဝင်ထိုင်ပစ်လိုက်သည်။

အဲဒီနောက် အရာရာကို လွှမ်းမိုး[illegible]အနိုင်ရ[illegible]စေရမည့် ဩဇာသံလွှမ်းသည့် အသံပြရှရှနှင့် ...

"သမီးကို အခုညနေမှာပဲ တွေ့ပြီး မင်းဆီမှ[illegible]သမီး[illegible]ခဲ့တဲ့ နှစ်ကာလအပိုင်းအခြားအတိုင်း ငါ အရှုံးမ[illegible]သမီးဟာ ကိုယ်လိုလိုချင်ချင်နဲ့ ရယူထားတဲ့သမီးဖြစ်[illegible]ကတစ်ကြောင်း မင်းနဲ့ ကိုယ်ဟာ တရားဝင် လက်မှ[illegible]ထိုးကွဲထားတာမဖြစ်တာကတစ်ကြောင်း ဒီတော့ သမီးကို ကိုယ်ပိုင်ဆိုင်တယ်ဆိုကြောင်း မင်း ရှင်းလိမ့်မယ်ထင်တယ် ရှင်းရဲ့လား"

"အဟား ..."

မယ်သမိန်က ဘာမပြောညာမပြောနှင့် ဟားခနဲမိန်းမ မပီသစွာ ရယ်ချလိုက်တာကို သူ မျက်မှန်းကျိုးစွာ တချစ်စုတ်ပြီး စိုက်ကြည့်ပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလို သူ စိုက်ကြည့်လိုက်ပေမယ့် သူမက တစ်ချက်မှ ရှိုးတိုးရှန့်တန့်မဖြစ်ဘဲ ခနိုးခနဲ့အသံဖြင့် ပြောလာခဲ့သေးသည်မှာ ...

"ဆိုလိုတာက ရှင်က ကျွန်မနဲ့ တရားဝင် ကွဲထားတဲ့ လင်မယားကိစ္စမဟုတ်ဘူးလို့ ပြောနေတာက ကျွန်မကို ပြန်ပေါင်းချင်လို့ စကားခေါ်တာတော့ ဟုတ်မယ်မထင်ပါဘူးနော်"

"မင်း ဘာစကားပြောလိုက်တယ် မယ်လမိန်"

ရုတ်တရက် သူ့နှလုံးသွေးတွေ လည်ပတ်စီးဆင်းနေရာမှ တန့်ခနဲရပ်တန့်သွားသလို ခံစားလိုက်ရသည်။

ကြည့်စမ်းပါဦး။

သူမပြောလိုက်သည့် စကားက သွေးရိုးသားရိုးပြောလိုက်သည့်စကားမဟုတ်။

သူ့ရဲ့ ယောက်ျားဂုဏ်သိက္ခာနှင့် မာန်မာနကို ထိပါးပုတ်ခတ်စော်ကားလိုက်သည့် စကားပဲဖြစ်သည်။

သူကလည်း ဒါမျိုးဆို ခံရိုးထုံးစံမရှိသည့် မျက်နှာထားနှင့် သူမကို မခိုးမခန့် ခပ်တည်တည်စိုက်ကြည့်ကာ ရယ်ဟဟသံကြီးနှင့် ...

"မင်းက မင်းကိုယ်မင်း အတော်အထင်ကြီးတဲ့ မိန်းမပဲ၊ မင်းဟာ ငါ့ကို ပြန်ပေါင်းချင်ကြောင်း မျှော်လင့်ချက်ပေးခဲ့ပေမယ့် ငါဟာ မင်းဘဝထဲမှာ ဘယ်တော့မှ ရပ်တည်တော့မှာမဟုတ်ဘူးဆိုတာ မင်း ကောင်းကောင်းနားလည်စေချင်တယ်"

"ဟုတ်ပြီလေ၊ ရှင်နဲ့ ကျွန်မ ဘာမှ မသက်ဆိုင်ခဲ့သလို သမီးနဲ့ ရှင်ဟာလည်း လုံးဝ ပတ်သက်စရာမရှိဘူးလေ၊ ရှင် တရားဥပဒေကို နားမလည်သေးဘူးထင်တယ်"

"မင်း ဘာကိုဆိုလိုတာလဲ၊ လောကမှာ ငါမသိတဲ့ အရာဆိုတာ ဘာတစ်ခုမှ မရှိစေရဘူး"

သူမက သူ့စကားကို နှုတ်ခမ်းလိပ်လိပ်တွေ ရွဲ့ကျသွားသည်အထိ ပြုံးသွားပြန်သည်။

အင်း ... အရင်တုန်းက ရွဲ့နဲ့မဲ့ခဲ့တဲ့ နှုတ်ခမ်းလေးက အခုချိန်မှာ စီးပွားရေးလုပ်ငန်းရှင်ပီပီ မထိမဲ့မြင်ဆန်ကာ (ရှစ်နှစ်တာဝေးသွားခဲ့တဲ့အတွင်းမှာ ရင့်ကျက်တည်ငြိမ်မှုတွေနှင့် ပြောင်းလဲသွားတာ) သူ့ရင်ထဲမှာ တစ်မျိုးကြီးဆန်းသစ်သွားသလို ခံစားလိုက်ရသည်။

ဒါပေမဲ့ သူ မသိအောင်တော့ သူ့ရင်ခုန်သံတွေကို ဖော်ကျူးလှစ်မပြခဲ့ပါ၊

ဖော်ကျူးလှစ်ပြခဲ့ရင်လည်း သူမက စိတ်ဝင်စားမည်မထင်။ သူမ စိတ်ဝင်စားတာ သူ့ကို ချက်ကောင်း ထိထိမိမိပြန်တွယ်ရဖို့ပဲ ဖြစ်လေသည်။





www.burmeseclassic.com

www.burmeseclassic.com



အခုလည်းပဲ သူ့ကို မျက်အိမ်ကလေးကျဉ်းပြီး နှုတ်ခမ်းပြင်မှာ ဝဲဝဲလေး ကျနေသည့် ဆံပင်ကလေးကို လက်ဖြင့် ခပ်ကြမ်းကြမ်း သိမ်းကာ ...

"လင်မယား ပြတ်စဲနေပြီဖြစ်တဲ့ ရှင်နဲ့ ကျွန်မကြားမှာ သမီးနဲ့ ရှင်ဟာလည်း ဘယ်လိုမှ မသက်ဆိုင်တော့ဘူးဆိုတာကိုရော ထည့်စဉ်းစားမိရဲ့လား"

သူမအိုက်တင်က သူ့ကို ဂရုမစိုက်ဘူး ဆိုတော့လည်း သူကလည်း ဂရုမစိုက်သည့်စတိုင်ဖြင့် မေးတစ်ချက်ဆတ်ကာ ...

"လင်ခန်း မယားခန်း ပြတ်စဲတယ်လို့ မင်း ပြောလို့ရမလား"

"ပြတ်စဲထားလို့ ပြတ်စဲနေပြီလေ၊ ရှင် စကားကို ကပ်မပြောနဲ့၊ မပြတ်စဲဘူးလို့ ရှင့်စိတ်ထဲမှာ ယူဆနေရင် ရှင် ကျွန်မကို တိတ်တဆိတ် မျှော်လင့်နေလို့ပဲ"

"အဟား ဟား ... ဟာသပဲကွာ"

ရုတ်တရက် သူက လက်ခုပ်နှစ်ဖက် ဖြောင်းဖြောင်း တီးပြီး ထရယ်လိုက်သဖြင့် သူမတောင် ကြောင်အမ်းအမ်းကြီး ဖြစ်သွားရသည်။

ကြည့်စမ်းပါဦး ... ဒီယောကျ်ားဟာ အရင်က ဗီဇ အတိုင်း နည်းနည်းမှ မပြောင်းလဲပါလား။

အလှောင်အပြောင် အထိုးအနှက်ကလည်း တတ်ပါ၏





သူမ ထိုးနှက်လိုက်တဲ့ စကားကိုများ ဂရုမစိုက်ဘူး စတိုင်ခင်းကာ သူမရင်ထဲမှာ ပိုပြီးကြေကွဲခံစားလိုက်ရသည်။

ကြေကွဲမှုတွေ ပြည့်သွားသည့် မျက်ဝန်းအစုံနှင့် သူ့ကို မော့ကြည့်လိုက်တော့ သူက ကားတံခါးကို လျှောခနဲ ဆင်းပစ်လိုက်လေသည်။

ကားက မှန်မည်းတပ်ထားတာမို့ သူ့ရဲ့လုပ်ပြုံး အရုပ်ပြုံးကြီးကို လုံးဝမမြင်ရတော့မှ မယ် စိတ်ချမ်းသာသွားခဲ့ရလေသည်။

အဲဒီအချိန်မှာပဲ သူက ကားတံခါးကို ပြန်ပြီးချလိုက်ကာ ခေါင်းတညိတ်ညိတ်(မထေမဲ့မြင် ပုံစံဖြင့်)မျက်လုံးကလေး မှေးကာ ကျစ်တစ်ချက်သတ်လျက် ...

"ဒီမှာ ... မင်းအကြောင်းကို ငါ လုံးဝမပြောချင်ဘူး၊ သမီးအကြောင်းကိုပဲ ပြောမယ်"

"ကောင်းပြီလေ ... ပြော"

သူမမျက်လုံးတွေ မာနအရောင်ဖြင့် တောက်လက်သွားတာကို သူက မချိုမချဉ် တစ်ချက်ကြည့်ကာ ဆက်ပြောလသည့် စကားမှာ ...

"မင်းနဲ့ငါဟာ တရားဝင် လက်မှတ်ထိုး ကွဲထားတဲ့ လင်မယားမဟုတ်တာက တစ်ကြောင်း၊ သမီးဟာ မင်းရင်ခွင်မှာ ရှစ်နှစ်တာ နားခိုပြီးတာကတစ်ကြောင်း၊ ငါဟာ အိမ်



www.burmeseclassic.com

www.burmeseclassic.com



ထောင်ဦးစီး ယောက်ျားတစ်ယောက်ဖြစ်ပြီး ကိုယ့်သဘောနဲ့ ကိုယ် အိမ်ပေါ်ကဆင်းသွားပြီး သမီးအတွက် မယားအတွက် ဘဏ်မှာ ငွေအလုံးအရင်းနဲ့ ထောက်ပံ့ထားခဲ့တာက ထင် ကြောင်း၊ မင်းဟာ ငါ့ရဲ့တရားဝင်ဇနီးမယားအဖြစ် သက် ဆိုင်နေခဲ့တဲ့အတွက် သမီးကို ငါ့သမီးအဖြစ် ငါပိုင်ဆိုင်ခွင့် ရှိတယ်"

"ရှင် ... ဘာတွေလာပြောနေတာလဲ၊ ရှင် သမီးနဲ့ကျွန်မကို ထောက်ပံ့ခဲ့တာ ကျွန်မ လုံးဝအသိအမှတ် မပြုခဲ့ဘူးလေ ရှင့်ဘာသာ အကြံအစည်ကြီးကြီးနဲ့ လုပ်ဆောင်ခဲ့တဲ့ လုပ် ဆောင်ချက်တွေက ရှင့်အတွက် အရှုံးတွေချည်းပဲ၊ ရှင် ကျွန်မသမီးကို ဘယ်တော့မှ မပိုင်စေရဘူး၊ သမီးဟာ ရှင် ကို ရှင့်သမီးရယ်လို့လည်း အသိအမှတ် မပြုဘူး၊ ရှင့်ဘက် က သိပ်ပြီး အပြုအမူ ရိုင်းလာရင် ကျွန်မဘက်ကလည်း တရားဥပဒေအရ အရေးယူရမယ်ဆိုတာ ရှင် မြဲမြဲမှတ်ထား ပါ"

"အေး ... ငါကလည်း သမီးကို အပိုင်ရဖို့ တရားဥပဒေ မင်းကို ဖြေရှင်းရမှာပဲ"

"ကောင်းပြီ၊ ရှင် ဒီတစ်ကြိမ်ပဲ ကျွန်မကို လာတွေ့ထား ဖြစ်ပစေ၊ နောက်တစ်ကြိမ်ဆိုတာ ရှင့်အတွက် လုံးဝမ စေနဲ့"





ကားမှန်ကို ပြန်တင်လိုက်ပြီး သူမအသံတွေ တုန် ယင်လှိုင်းရိုက်ခတ်သွားတာကို သူ သတိမထားမိအောင် ဟန် ထည်ထည်ပြောပြီး ကားကို သူ့ကားနှင့်ယှဉ်ရပ်ထားရာကနေ တရကြမ်း မောင်းထွက်လာခဲ့လိုက်သည်။

အနောက်မှာ သူ ဘယ်လိုကျန်ခဲ့တယ် ဆိုတာကို တော့ သူမ မစဉ်းစားချင်တော့ပါ။

သူမ စဉ်းစားမိသည့်အရာကတော့ တစ်ချိန်က ကိုယ့်ကို ပိုင်ဆိုင်ထားခဲ့ဖူးတဲ့ ချစ်ခဲ့ဖူးခဲ့တဲ့ ယောက်ျားတစ်ယောက် က ကိုယ့်ကို သူစိမ်းဆန်စွာဖြင့် သမီးကို တောင်းရမ်းယူနေသည့် ကိစ္စအတွက် မယ် ရှုးမတတ် ခံစားလိုက်ရတာပဲဖြစ်သည်။

နောက်ပြီး သူ့ရဲ့မျက်လုံးတွေဟာ သူမယောက်ျား တော်ခဲ့ဖူးတုန်းက မျက်လုံးတွေလို မနွေးထွေး မချိုမြိန် မရင်းနှီး တော့သလို အေးခဲရက်စက် စိမ်းကားသွားတာကိုလည်း ပိုပြီးနာကျင် ကြေကွဲခံစားလိုက်ရသည်။

"ဘုရား ... ဘုရား ... ဒါဆို သူက သမီးကို ကျွန်မဆီ မှာ သမီးနေခဲ့တဲ့ နှစ်ကာလအတိုင်း ပိုင်ဆိုင်ခွင့်ရှိတယ် ပေါ့၊ ဟင့်အင်း ... ဒါ မဖြစ်နိုင်ပါဘူး၊ လုံးဝမဖြစ်နိုင်ဘူး၊ သူ ပရိယာယ်ဆင်တာပဲနေမယ်၊ ကျွန်မကို ပြန်ပေါင်းချင် လို့ အကွက်ဆင်တာ"

ဒါပဲရှိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



လုံးဝမဖြစ်နိုင်တဲ့အရာကို သူ တောင်းဆိုလာ ထောက်တော့ ဒီပုံစံပဲ ရှိသလို (သူပြောသလို အငြိုးနဲ့ ရှစ်နှစ် လုံး သမီးကို ရယူခွင့်ရှိခဲ့မယ်ဆိုရင်)ဆိုသည့် အတွေးက မယ် အိမ်ပြန်ရောက်ရောက်ချင်းပင် သမီးကို ရှုးရှုးနှမ်းနှမ်း ပွေ့ နမ်းရှုံ့လိုက်မိသည်အထိ ခံစားချက် လွတ်ထွက်သွားခဲ့ရလေသည်

"သမီးလေးရယ် ... တစ်လောကလုံးမှာ မေမေတစ်ယော တည်းကလွဲပြီး ဘယ်သူ့ကိုမှ မချစ်ရဘူးနော် ... နော် သမီးလေး"

သမီးက မယ့်ရဲ့အဆန်းကြယ်ဆုံး တောင်းဆိုမှု ကို ဝေဖန်သုံးသပ်သည့် အကြည့်တွေနှင့် ကြည့်လာပြီး မယ့်ကို လုံးကြီးကို အရှေ့ကနေ မျက်နှာပစ်ဝှက်လိုက်ကာ တအင်းအ ရှုပြီးမှ ...

"မေမေ ဘာဖြစ်လာပြန်ပြီလဲဟင်"

"ဟင့်အင်း ... ဘာမှမဖြစ်ပါဘူး သမီးရဲ့"

"ဘာမှသာ မဖြစ်တယ်၊ တစ်မျိုးကြီးပဲ"

"မေမေ မေးတာသာ ဖြေစမ်းပါ သမီးလေးရယ်"

"မေမေကလည်းနော် တစ်လောကလုံးမှာ မေမေနဲ့သ နှစ်ယောက်ပဲ ရှိတာပဲ၊ တစ်လောကလုံးမှာ မေမေတ ယောက်တည်းကိုပဲ အချစ်ဆုံးပေါ့ မေမေရဲ့"

"အင်း ... အင်း ... မေမေ ကျေနပ်ပြီ"





"မေမေ ကျေနပ်ပြီလို့"ပြောလိုက်ရပေမယ့် မယ့် ရင်ထဲက ပူလောင်နေသည့် အလုံးကြီးက တစ်ချက်မှ လျော့ကျ မသွားခဲ့ချေ။

အပူလုံးကြီး လျော့မကျသွားသလို သမီးကိုပွေ့ဖက် ရင်းက စီးကျသွားသည့် မျက်ရည်တွေကိုလည်း သမီးမမြင်အောင် ကွယ်ဝှက်ပစ်လိုက်ရင်းမှ ရင်ထဲက စကားတွေကို ရင်ထဲမှာပဲ တိုးတိုးလေး အန်ချပစ်လိုက်တော့သည်။

"သမီးလေးရယ် ... တစ်လောကလုံးမှာ မေမေ အသိ အမှတ်မပြုထားတဲ့ သမီးဖေဖေလည်း ရှိသေးတယ်"

✤ ❦ ✤



www.burmeseclassic.com

www.burmeseclassic.com



## ၁၉

ဒီကနေ့မှာတော့ မယ်သမီန် ရုံးသွားပြီး သိပ်မကြာ ခင်ဘဲ သမီးကို အပိုင်ရယူဖို့ သူ ဆုံးဖြတ်လိုက်သည်။

ထိုဆုံးဖြတ်ချက်တွေနှင့်အတူ တစ်ဖက်ခြံသို့ ကား နှင့်ကူးလာခဲ့ပြီး ခြံတံခါးအဝကနေ ဦးတိုးကို ဟာစ်အော်တံခါး ဖွင့်ခိုင်းလိုက်ပါသည်။

"ဦးတိုး ... ဘာကြည့်နေတာလဲဗျ၊ ကျွန်တော် လာတယ် လေ၊ တံခါးဖွင့်ပေးဦး"

မျက်နှာတည် မျက်နှာထားနှင့် သူပြောလိုက်တော့ ဦးတိုးက ဘာပြန်ပြောရမှန်းမသိ အကြံအိုက်ပြီးမှ အထစ်ထစ် အငေါ့ငေါ့ အသံဖြင့် ...

"ဟို ... မယ် ... မယ် မရှိဘူး"





"မယ် ရှိတာ မရှိတာကို ကျွန်တော် စိတ်မဝင်စားဘူး ကျွန်တော် စိတ်ဝင်စားတာက သမီးရှိဖို့ပဲ၊ သမီးရှိတယ် မဟုတ်လား၊ မယ်နဲ့ ကျွန်တော် တွေ့ပြီးပြီ၊ ဒီနေ့ သမီး ကို တွေ့မယ်လို့ ပြောထားတယ်၊ ကဲ ... ကဲ ... တံခါးဖွင့် ဗျာ ဦးတိုးရာ"

"ဟုတ်ကဲ့"

"သမီးကရော"

"Computer ထိုင်တယ်နဲ့ တူတယ်"

"ဟုတ်လား၊ သမီးနေတဲ့အခန်းကို ကျွန်တော့်ကို လိုက်ပြ ဗျာ ဦးတိုး"

"ဟုတ်ကဲ့"

ဦးတိုးမှာ ပျာယာခတ်သွားပြီး သူ့ကို တံခါးဖွင့်ပေး သာသည်။

သူက ကျေနပ်စွာပြုံးလိုက်ပြီး ဦးတိုးနောက်မှ လိုက် သာခဲ့သည်။

ဒီအချိန်မှာ ...

ရှစ်နှစ်လုံးလုံး မတွေ့မမြင်ခဲ့ဘူးသည့် သမီးကို တွေ့ရတော့မည်ဆိုသည့် ခံစားချက်က သူ့တစ်ကိုယ်လုံး သွေး တွေကို ရပ်တန့်သွားစေခဲ့ရလေသည်၊



www.burmeseclassic.com

www.burmeseclassic.com



အင်း … သမီးကတော့ သူ့ရဲ့ဖခင်မေတ္တာတွေကို အပြည့်အဝ နားလည်ပေးနိုင်ပါ့မလား။

ဘာပဲဖြစ်ဖြစ် သူကတော့ သမီးကို တစ်ခါတည်း ခေါ်သွားမယ်ဆိုသည့် ဆုံးဖြတ်ချက်ဖြင့် သမီးအခန်းကို ပြလာသည့် ဦးတိုးကို ခေါင်းတစ်ချက်ဆတ်ကာ …

"ကောင်းပြီ ဦးတိုး၊ ခင်ဗျား သွားလို့ရပါပြီ"

ဦးတိုးကလည်း ဘာစကားမှ ပြောစရာမရှိတော့ပြီမို့ သူ့ကို ခေါင်းညိတ်ပြကာ လှည့်ထွက်သွားတော့သည်။

သူကတော့ ဦးတိုး လှည့်ထွက်သွားတာကို ငူငူကြီး ကြည့်နေပြီးမှ ရင်တွေခုန်လာကာ သမီးရဲ့အခန်းတံခါးလေးကို တဒေါက်ဒေါက် ခေါက်ပစ်လိုက်သည်။

ခေါက်လိုက်သည့် လက်က အားအင်တွေ ပြည့်နေလို့လားမသိ။ တံခါးခေါက်သံက အတော်လေး ကျယ်သွားခဲ့လေသည်။

"ဒေါက် … ဒေါက် … ဒေါက်"

တံခါးကို သုံးချက်ပဲခေါက်ပြီး တအောင့်ပဲ စောင့်လိုက်ရပါသည်။

တံခါးဝမှာ ဘွားခနဲ ပေါ်လာသည့် မယ်သမိန်နှင့် တစ်ထပ်တည်းတူသည့် သမီးချောလေးကို သူ အသက်မရှူမိဘဲ အတန်ကြာ "နှလုံးပွင့်မတတ်" စိုက်ကြည့်နေရင်းမှ တစ်ချက်





သတိရသွားကာ သမီးကလေးကို ရင်ခွင်ထဲ ဆွဲဖက်ပြီး မွတ်မွတ် သိပ်သိပ်ကြီး တမ်းတမ်းတတ ခေါ်လိုက်မိလေသည်။

"သမီး … သမီးလေး"

သူ ရူးသွပ်သွားသူလို သမီးကို အငမ်းမရခေါ်ပြီး သမီးမျက်နှာတစ်ပြင်လုံးကို တရှုံ့ရှုံ့နမ်းရှိုက်ကာ ရင်ပွင့်သွားတော့သည်။

မျက်ရည်တွေကလည်း "ဆည်ကျိုးသလို"တရဟော ပါးပြင်ပေါ်သို့ စီးဆင်းသွားရပြီး သမီး မျက်နှာကလေးမှာ ပေကျံ ရွှန်းထင်းသွားခဲ့ရလေသည်။

"ဟာ … ဦး … ဦးက ဘာလို့ငိုတာလဲ"

"သမီး … သမီးလေးရယ်"

သမီးအသံလေးကို သူ ကြက်သီးထစွာ နားထောင်ရင်း သမီးကိုပဲ တရှုံ့ရှုံ့ နမ်းရှိုက်ကာ ဘာစကားမှ မဆိုနိုင်တော့ချေ။

ဒီလောက်ချစ်စရာကောင်းသည့် သမီးကို ရှစ်နှစ်လုံးလုံးကြီး ပစ်ထားမိသည့် သူ့ကိုယ်သူလည်း နောင်တကြီးစွာ ရသွားခဲ့သည်။

သူ နောင်တရစွာ သမီးကို တမ်းတမ်းတတကြီး ပွေ့ဖက်နမ်းရှုံ့နေတာကို သမီးက ခေါင်းတယမ်းယမ်း "တအမ်း အမ်း"အော်ပြီး …



www.burmeseclassic.com

www.burmeseclassic.com



"ဦး … ဦးက ဘယ်သူလဲ၊ ဦးဦးဝသုံတောင် သမီးတို့အခန်းကို တက်ပိုင်ခွင့် မရှိဘူး၊ ဦး ဘယ်သူလဲ၊ သမီးကို လွှတ်ပေးပါ၊ မေမေ့ကို ဖုန်းဆက်မယ်"

"သမီး"

သူသမီးကို နာကျင်ကြေကွဲသံ တုန်ယင်လှိုင်းရိုက်သွားသည့် (ရင်ဘတ်သံကြီး)နှင့် ဆို့နင့်စွာ ခေါ်လိုက်မိသည်။

သမီးမှာ အဖေကို ဓာတ်ပုံထဲမှာ မြင်ဖူးပါလျက်နှင့် သူ့ကို အဖေအဖြစ် မမှတ်မိတာကြီးကို သူ အသည်းနာသွားရကာ ရင်ကွဲပက်လက်သံကြီးနှင့် …

"သမီး … သမီးရယ်၊ ဖေဖေဟာ သမီးရဲ့ဖေဖေအရင်းပါ၊ ဖေဖေ့ကို မစိမ်းကားလိုက်ပါနဲ့နော်"

"သြော် … သမီးကို မမွေးခင်ကတည်းက ပစ်ထားခဲ့တဲ့ ပုဂ္ဂိုလ်ကိုး"

"ဘယ်လိုပြောလိုက်တာလဲ သမီးရယ်၊ သမီးလေးသံတွေက သမီးအမေ သင်ထားတဲ့ အသံတွေပဲ"

"ဦး … မေမေ့ကို ဘာမှပြောစရာမလိုဘူး၊ သမီးကိုလွှတ်ပါ၊ မလွှတ်ဘူးလား၊ ကိုက်ဆွဲမှာ"

သမီးက သူ့ရင်ခွင်ထဲကနေ တွန်းထိုး ရုန်းကန်လို့ မရတော့သည့်အဆုံး သူ့ရင်ဘတ်ကြီးကို ကိုက်ဆွဲလိုက်လေသည်။





အဲဒီခဏအတွင်းမှာပဲ သမီးကိုက်ဆွဲလိုက်သည့် အပြင်ကအနာကို သူ မနာနိုင်သေးဘဲ သမီးရဲ့ရက်စက်စိမ်းကားမှုတွေကြောင့် စူးခနဲ အောင့်တက်သွားသည့် ရင်ဘတ်ထဲက နှလုံးသားက မီးဖျုန်းဖျန်းပွင့်ထွက်သွားရလေပြီ။

ရင်ထဲမှာ နာလွန်းလို့ "အား"ခနဲ မအော်မိအောင် သတိနှင့်ထိန်းပြီး သမီးကို ရုန်းရင်းဆန်ခတ် ပွေ့ချီလာသည့်အချိန်မှာ ထမင်းချက်အဒေါ်ကြီး ဒေါ်မြင့်နှင့် ခြံစောင့် ဦးတိုးတို့က အံ့သြမှင်တက်မိစွာ ငေးကြည့်နေတာကို သူက အခွင့်ကောင်းရသွားပြီး သမီးကို ကားထဲပွေ့တင်ကာ ကားကို တရကြမ်းမောင်းထွက်လာခဲ့ပါတော့သည်။

ဒီအချိန်မှာ သမီးကတော့ သူ့ရင်ခွင်ထဲကနေ သူ့ရင်ဘတ်ကြီးကိုထုပြီး (သူ့အမေနှင့် တစ်ပုံစံတည်း သောင်းကျန်းနေခဲ့ပါပြီ။)

သမီး ဘယ်လောက်သောင်းကျန်းကျန်း သမီးလေး (သူချစ်သည့် သမီးကလေး) သူ့ကို ဘယ်လောက်နှိပ်စက်နှိပ်စက် သူ မနာနိုင်ခဲ့ပါလေ။



www.burmeseclassic.com

www.burmeseclassic.com



"ဦးတိုးတို့ ဒေါ်မြင့်တို့၊ ရှင်တို့က ဘာလို့ ကျွန်မကို ဖုန်းမဆက်ရတာလဲ၊ အခုတော့ အကုန် အလွဲလွဲ အချော်ချော် ဖြစ်ကုန်ပြီ"

"သမီးက အလုပ်လုပ်ချိန်မှာ ဖုန်းဆက်တာ မကြိုက်ဘူးလို့ ပြောထားလို့ မဆက်တာပါ"

"တော် ... ဆက်မပြောတော့နဲ့"

မယ် အစွမ်းကုန် ပေါက်ကွဲကာ အိပ်ခန်းထဲသို့ ချာခနဲ လှည့်ဝင်လာခဲ့လိုက်သည်။

အဲဒီနောက် မယ် ဘာလုပ်ရမလဲ၊ ဘာလုပ်သင့်သလဲ ဆိုတာကို အကြိမ်ကြိမ် စဉ်းစားပြီး ...

နောက်ဆုံးမှာတော့ ဒီဇာတ်လမ်းဖန်တီးရှင် (သူ့မိခင်)ဆီသို့ ဖုန်းဆက်ပစ်လိုက်ပါတော့သည်။

ဒီဇာတ်လမ်းမှာ ဒီမိန်းမကြီး villain လုပ်နေတာ မယ် မသိဘဲ နေမလား။





သူ့သားနဲ့ သူမကို ထိပ်တိုက်တယ်ပေးတာ (သမီးနဲ့ပတ်သက်ပြီး)သူမကြီးစနက်ပဲလို့ အပီအပြင်ကို သူမက ယုံကြည်ကာ တစ်ဖက်မှဖုန်းကိုင်လာသူ သူ့မိခင်ကို မယ် ခပ်မာမာပင် စိန်ခေါ်ပစ်လိုက်ပါသည်။

"ဒေါ်သစ်သစ်လား ... ဒီမှာ ဒေါ်သစ်သစ်၊ ရှင့်သားလုပ်သွားတဲ့ လုပ်ရပ်လုပ်ကွက်တွေအတွက် ရှင်တို့ဆွေ အရသာရှိစွာနဲ့ ကျေနပ်အားရနေတယ် ထင်ပါရဲ့"

"မယ်သမိန် ... ညည်း နှုတ်သီးကောင်းလှာပါးနဲ့ ကျုပ်ကို ရန်ဆောင်စရာ မလိုဘူး၊ သူ့အဖေနဲ့ သူ့သမီး သူ့ဘာသာ နိုင်ငံခြားကို အပြီးခေါ်သွား ခေါ်သွား ညည်းဘာမှတားမြစ်ပိုင်ခွင့် မရှိဘူး၊ ကျုပ်သားဘက်ကလည်း သမီးကို သက်ဆိုင်တယ်ဆိုတာ ညည်း ခေါင်းထဲမှာ မြဲမြဲမှတ်ထား"

"ကောင်းပြီလေ၊ သက်ဆိုင်တယ် မသက်ဆိုင်ဘူးဆိုတာ တရားရုံးက ဆုံးဖြတ်ပေးမှာပေါ့၊ ရှင့်သား အခု ဘယ်မှာလဲ၊ ကျွန်မသမီးကို ခိုးကြောင်ခိုးဝှက် ဖမ်းဆီးသွားတဲ့ ရှင့်သား လိပ်စာကို ပြောပြပါ"

"ဟဲ့ ... မယ်သမိန်၊ ညည်းဟာ ငယ်ငယ်ကအတိုင်း သိပ်ရိုင်းလွန်းနေပြီနော်၊ ငါ ဘယ်သိမလဲ၊ သူ့သမီးကို ဘယ်ကိုခေါ်သွား ခေါ်သွား ခေါ်သွားပိုင်ခွင့်ရှိတယ်၊ ကလေးကို



www.burmeseclassic.com

www.burmeseclassic.com



ညည်းတစ်ယောက်တည်း ပိုင်တယ်မထင်နဲ့၊ နားလည်လား၊ အဲဒီကလေးက သူ့သွေး သူ့သား”

“ခွပ်”

ခနဲမြည်အောင် ဖုန်းချသွားပြီဖြစ်တဲ့ ဒေါ်သစ်သစ်ရဲ့ လုပ်ရပ်တွေကို မယ် အခဲမကျေစွာ အံကြိတ်ပြီး မျက်ထောက်နီနီဖြင့် ကြိမ်းလိုက်မိသည့် စကားကတော့ ...

“တွေ့ကြသေးတာပေါ့ နေစက္က သားအမိရယ်၊ ဘယ်သူ အလဲအကွဲ ဖြစ်မလဲဆိုတာ စောင့်သာကြည့်နေပေတော့”

ဟူ၍ဖြစ်သည်။

ကဲ ... နေစက္က၊ ရှင် ကျွန်မစက်ကွင်းက လွတ်အောင်သာ ပြေးပေတော့။

“သမီး ... သမီးလေး ဒီအချိန်က အိပ်ဖို့သင့်နေပြီကွယ်၊ ညတစ်နာရီရှိနေပြီ၊ ဖေဖေနဲ့တူတူ အိပ်မယ်နော်၊ သမီးက လိမ္မာပါတယ်ကွာ၊ ဖေကြီးသမီးက အရမ်းလိမ္မာတာပဲ၊ သမီးမေမေလိုပဲ”

သမီးကို ရင်ခွင်ထဲ ပွေ့ဖက်လိုက်သည်နှင့် တစ်ပြိုင်နက် သမီးက သူ့လက်ကြီးကို ခါးခါးသီးသီး ပုတ်ထုတ်ပြီး ...

“မထိနဲ့”လို့ အော်လိုက်သည့်အသံက သူ့အမေမှ သူ့အမေ အစစ်ပဲ။

“အမွှေပေးတတ်လေချင်း မယ်သမိန်ရယ်”





လို့ သူ့ရင်ထဲမှာ နာနာကျင်ကျင် ရေရွတ်နေသည့် အချိန်မှာပဲ သမီးက ပက်လက်ကလေး ခြင်ထောင်အမိုးကို မျက်တောင်မခတ် အသက်မရှူသလို မော့ကြည့်နေခဲ့လေသည်။

သမီးကိုကြည့်ပြီး သူ့ တော်တော် စိတ်ထိခိုက်ကြေကွဲသွားရပါသည်။

ဒီအချိန်မှာ သမီးလေး ကျေနပ်အောင်ဘာလုပ်ပေးရကောင်းမလဲ စဉ်းစားရင်း သမီးရဲ့ ပေထုံထုံကြည့်နေသည့် မျက်ဝန်းပြာလဲ့လဲ့လေးကို နွေးထွေးစွာ ပါးပြင်ကြီးနှင့် ဖိအပ်ပစ်လိုက်ရင်းက သမီးကို တတွတ်တွတ် တောင်းပန်လိုက်သည်။

“သမီးရယ် ... ဖေဖေ့ကို အဲဒီလိုတော့ လျစ်လျူမရှုလိုက်ပါနဲ့ကွယ်၊ သမီးဖေဖေကို မချစ်သေးရင် နေပါနော်၊ အဖေလို့တော့ အသိအမှတ် ပြုပေးပါနော် သမီး၊ သမီးကို ဖေဖေ သိပ်ချစ်တယ်၊ နောက်ဆို သမီး ဖေဖေနဲ့အတူနေရမှာ ပျော်လာမှာပါကွာ”

“ဘယ်တော့မှ အတူမနေဘူး၊ ပျော်ဖို့ဆိုတာကတော့ ဝေလာဝေး”

“သမီးကလည်းကွာ၊ သမီးမေမေလို မဆိုးစမ်းနဲ့”

“ဆိုးရင် မချစ်နဲ့ပေါ့၊ ဦးက မေမေ့ကို ဆိုးလို့မချစ်တာပေါ့ ဟုတ်လား”

“ဟာ ... မဟုတ်ပါဘူး သမီးကလည်း”



www.burmeseclassic.com

www.burmeseclassic.com



သူ ကိုယ့်စကားနဲ့ကိုယ် ညပ်သွားချိန်မှာ သမီးက အသံစာစာလေးနှင့် ...

"ဟွန်း ... ဦးကိုမုန်းတယ်၊ ဦးကိုယ်လုံးနဲ့ လုံးဝမထိနဲ့၊ ဖယ် ... ဖယ် ... ဒီခုတင်ပေါ်ကဆင်း၊ အခုဆင်း၊ မဆင်းရင် တွန်းချမှာ"

"သမီးကလည်းကွာ၊ ဖေဖေ့အပေါ် အဲဒီလောက် မဆိုးရဘူးလေ၊ သမီးလေးကို ဖေဖေ ဘယ်လောက်အထိ ချစ်တယ်ဆိုတာ သမီးလေး ယုံကြည်လက်ခံပေးပါကွာ ... နော် သမီး"

"လက်မခံဘူး ... လက်မခံဘူး"

"အင်း ... သမီးကို ဖေဖေ သီချင်းဆိုသိပ်မယ်"

"ဆိုပြစရာ မလိုဘူး"

တစ်ခွန်းမခံ ခံခံပြောတတ်အောင် သင်ပေးထားတဲ့ သင်လက်ရှင်မကြီး မယ်သမိန်ကို သူ ပိုပြီးနာကြည်းမိခဲ့သည်။

ဒီလောက်အထိ အဖေနဲ့သမီးကို သွေးခွဲထားတာ သူမလောက် ကောက်ကျစ်သည့်မိန်းမ ဤလောကမှာ ရှိမယ်လို့တောင် မထင်။

အခု သမီးက သူမနဲ့တစ်ထေရာတည်း တူနေတာ သူ့ရင်ကို အရှိန်ပြင်းပြင်း ထိပုတ်နှိပ်စက် အနိုင်ယူနေခဲ့သည်။





အင်း ... ဘယ်လိုပဲဖြစ်ဖြစ် သူကတော့ သမီး ကျေနပ်အောင် တစ်မျိုးပြီးတစ်မျိုး မရိုးရအောင် Rap ခင်းပြီး သမီးကို ဖေဖေချစ်တဲ့အကြောင်း၊ သမီးချစ်သည့် အမေကိုလည်း ချစ်တဲ့အကြောင်း ဆိုလိုက်သည်တွင် သမီးက သူ့အသံကို မကြားချင်သည့်စတိုင်ဖြင့် နားနှစ်ဖက်ထဲကို လက်ညှိုးကလေးဆို့ကာ...

"တူး ... တူး ... တူး ... တူး"

"နားငြီးလိုက်တာ ... နားငြီးလိုက်တာ"

ဟုဆိုပြီး ဝမ်းလျားလေး မှောက်သွားခဲ့ပြန်သဖြင့် သူက အကြံအိုက်သွားရလေသည်။

အဲဒီနောက် သူ ဘာလုပ်ရကောင်းမလဲ အကြံယူကာ သမီးအရှေ့က ဖက်လုံးကြီးကို ဆွဲယူပြီး အကြံကြီးစွာဖြင့် ပင် ဖိုးချစ်နှင့် သားစိုးတို့ရဲ့ စတိုင်အသစ်ကို ချက်ချင်းထအော်ဆိုဟစ်ဖို့ စိတ်ကူးလိုက်သည်။

အင်း ... လူကတော့ ဖိုးချစ်လို မင်းသားဝတ်စုံနဲ့ မဟုတ်၊ ဂျင်းဘောင်းဘီနဲ့ ဖြစ်နေတာက စတိုင်တစ်မျိုးသစ်သွားရသည်။

"ငှုး ... သမီးရေ၊ ဒီမှာ ဖေဖေ့ကိုကြည့်"

"ခစ် ... ခစ်"

သမီးက သူ့ဖက်လုံးကြီးကို အိုးစည်လုပ်တီးနေတာကို ဟန်မဆောင်နိုင်တော့ဘဲ တခစ်ခစ် ရယ်ချလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



သမီးကိုကြည့်ပြီး သူ ကျေနပ်သွားပေမယ့် ခပ်တည်တည်ပင် သီချင်းကို ညီညာရှန်းကြွစွာ စည်စည်မြိုင်မြိုင်ပင် ပေါးစပ်ဆိုင်း လိုက်ပြီး သီဆိုပြလိုက်ပါတော့သည်။

"(စိန်အိုးစည် လွယ်သလေးလေး လွယ်သလေးလေး)၂

(လိမ်ဖယ်ဖယ် တီးပါ့မောင်ရယ်)၄

(လိမ်ဖယ်ဖယ်တီးပါလို့ မောင့်လက်သီးကို လက်သီးကို)၂

လက်သီးကို ... လက်သီးကို ... အလိုဗျာ လက်သီးကို

ရွှေချပါလို့ဗျာ ..."

သူက အားနှင့်မာန်နှင့် သမီးကို ခုတင်အောက်က နေ အိုးစည်တီးလိုက် ဆိုလိုက် စိတ်ပြောင်းအောင် ဆွဲဆောင်လိုက် သည်တွင် ပင်ကိုစိတ်ထား ဖြူစင်သူလေးမှာ တခစ်ခစ်ရယ်လို့ မဆုံး ဖြစ်သွားပြီး သူ့ကို လက်ခုပ်တဖြောင်းဖြောင်းတီးလျက် အားပေးရင်းက ...

"Good တယ်ကွာ ၊ အရမ်း Good တယ်"

"ဟုတ်လား ... သမီး ဖေဖေကို ချစ်ပြီပေါ့"

"ချစ်ပါဘူး"

"ဟား ဟား ... ဟန်ဆောင်တာကွ၊ ဟန်ဆောင်တာ၊ သူ့ အမေလိုပဲ ချစ်ရဲ့သားနဲ့ ဟန်ဆောင်တာ၊ ဟန်ဆောင်တဲ့ ကလေးမလေးကို ကလိထိုးမယ်ဟေ့ ကလိထိုးမယ်၊ ဖြူ ဖြူကျိုးမည်း ဘယ်မှာလဲ ... ဟေ့"





"အား ... မလုပ်နဲ့ ဖေဖေ"

"ဟင် ... ဘယ်လို ... ဘယ်လို ... သမီး ဖေဖေ့ကို ဝါး ... လောကမှာ အပျော်ဆုံးလူသားက နေစက္ကတဲ့ကွ၊ ယောဒီ မှာဗျို့ ကျွန်တော့်ရဲ့ရင်နှင့်သည်းချာ တစ်ဦးတည်းသော သမီးလေးက ကျွန်တော့်ကို ဖေဖေခေါ်ပြီဗျာ၊ ဟား ဟား ... ဝမ်းသာလိုက်တာ မယ်သမိန်ရေ၊ နေစက္ကတော့ အိုးစည် တီးရဦးမယ်၊ ပျော်လိုက်တာ"

သူ ဝမ်းသာလုံးဆို့ပြီး သမီးပါးပြင်လေးကို တရှုံ့ရှုံ့ မွှေးကြူလိုက်သည်တွင် သမီးက သူ့လက်ကြီးကို ပုတ်ထုတ်ပြီး ရုတ်ချင်း စိတ်ပြောင်းသွားသည့် အမူအရာကလေးဖြင့် ...

"သွား ... သွား ... မေမေ့ကိုမုန်းတဲ့ လူကြီးကို သမီးသိပ် မုန်းတယ်"

ဆိုပြီး ချက်ချင်းလက်ငင်း ထငိုလိုက်ပြန်သဖြင့် သူ ဘယ်လိုကြီး ခံစားရမှန်းမသိ။ သမီးကိုလည်း ကျေနပ်အောင် အမျိုးမျိုး ချော့မော့နှစ်သိမ့်လိုက်ရသည်။

"သမီး"

"သမီး"

သူက သမီးကို သံရှည်ကြီးဆွဲပြီး ...

"ဖေကြီးက သမီးမေမေကို မုန်းနေတယ်လို့ ဘယ်သူက ပြောတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



“မေမေပေါ့”

“ဟား ... No မဟုတ်ဘူး သမီး၊ *သမီးမေမေကသာ* ဖေဖေ့ကို မုန်းနေတာ၊ ဖေကြီးက သမီးမေမေကို သိပ်ချစ်ရတဲ့ကောင်ပါကွာ”

“ဟွန်း ... တကယ်လား”

“တကယ်ပေါ့ သမီးရဲ့”

မျက်လုံးလေးတွေ အရောင်တောက်သွားသည့် သမီးကို သူက ပါးပြင်ကြီးနှင့် ပွေ့အပ်ပြီး ...

“သမီး မေမေကို ဖေဖေ ဘယ်လောက်အထိ ချစ်ခဲ့သလဲ ဆိုရင် ဖေဖေက သမီးမေမေကို ကားတင်ခိုးပြေးခဲ့တာကွ”

“ဟင် ... အဲဒီတော့ မေမေက ဖေဖေ့ကို စိတ်ဆိုးမှာပေါ့”

“ဆိုးတာပေါ့ကွာ၊ မုန်းလည်း မုန်းတာပေါ့၊ ဖေဖေက သမီးမေမေရဲ့ အမုန်းခံလူသားကြီးပါကွာ”

“သနားစရာကြီးနော်”

“အင်း ... ဖေဖေက သနားစရာ ကောင်းပါတယ် သမီးလေးရယ်၊ ညည်းတို့သားအမိတွေ နှိပ်စက်လို့ နှလုံးသားဆန်ခါပေါက် ဖြစ်နေရပြီ၊ ဟော့ ... တော်ပြီ ... တော်ပြီ၊ ချစ်သမီး ဖေဖေ ပုံပြင်တစ်ပုဒ် ပြောပြမယ်၊ ချစ်သမီးလေး အိပ်တော့နော်”

“ဟုတ် ... ပုံတော့ မပြောတော့နဲ့ ဖေဖေ”





“ဘာဖြစ်လို့လဲ သမီး”

“နားစည်တွေ မခံနိုင်တော့လို့”

“အဟား ... တစ်ပုံတည်းပဲကွာ”

“ဘယ်သူနဲ့လဲဟင်”

“ဖေဖေ့အချစ်တော်ကြီးနဲ့”

“အဟင်း ဟင်း ဟင်း”

သမီးက သဘောပေါက်စွာဖြင့် တဟင်းဟင်းရယ် း “အိပ်တော့မယ်”ဟု သံပြတ်ကလေးနှင့် ဆိုလိုက်ပြန်သဖြင့် က အလိုက်သိတတ်စွာပင် ရင်ထဲက ကြည်နူးမှုတွေကို ရင်ထဲ ထဲထားပြီး ခပ်ငြိမ်ငြိမ်ကလေး နေပေးလိုက်ရတော့သည်။

အင်း ... သမီးလေး အခုလောက်အထိ တိုးတက် တာကိုပဲ သူက အပျော်ရွှင်ဆုံး ဖြစ်သွားခဲ့ရပါလေသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၂၀

"နင် စဉ်းစားကြည့်စမ်း မင်းဝသုံ၊ ငါ ဘယ်နည်းနဲ့မှ သမီးကို သူ့လက်ထဲကို အရောက်မခံနိုင်ဘူး၊ ပေးလည်း မပေးနိုင်ဘူး၊ ငါက တစ်သက်လုံး ပြုစုပျိုးထောင်လာ သမီးအရွယ်ရောက်လာမှ ဒီလို တစ်ကွက်ကျော လာလုလို့ကတော့ မယ်သမိန်တို့က လုံးဝလက်သင့်မခံဘူး၊ ရိုးသားမှုနည်းနည်းမှမရှိတဲ့သူကို ဒီက မယ်သမိန်ဆိုတဲ့ မိန်းမက လည်း ကလေးခိုးမှုနဲ့ ရုံးတင်ပေးရမှာပဲ"

သမီးကို သူ့ဖအေခေါ်သွားသည့်ကိစ္စ ကြားကြားချင်း မင်းဝသုံ နံနက်စောစော ရောက်လာ၍ မယ်က လုပ်ဆောင်မည့် တာဝန်တစ်ခုကို အသိပေးလိုက်တာဖြစ်သည်။

အဲဒီလို မယ် ပြောလိုက်တာကို မင်းဝသုံက အရှင်း အံ့သြသွားသည့် မျက်လုံးတွေနှင့် မယ့်ကို စိုက်ကြည့်ကာ ...





"နေပါဦးဟာ၊ နင့်ဆန္ဒတွေကို ရှေ့တန်းချည်း စွတ်တင်မနေပါနဲ့၊ ငါ နင့်ကို အနူးအညွတ် တောင်းပန်ပါတယ် မယ်၊ နင် ဒီလိုစွဲချက်တင်ရင် နေ ဘယ်လောက်အထိ ခံစားရမယ်ဆိုတာ ငါ အသိဆုံး၊ ငယ်ငယ်ကတည်းက နင်နဲ့ပတ်သက်ပြီး နေခံစားခဲ့ရတာတွေကို ငါက အတွင်း အသိဆုံး၊ နေ နင့်အပေါ် နာကြည်းနေရှာသက်သက်ပါ၊ တကယ်တမ်း သူ့ရင်ထဲမှာ နင့်ကို ဘယ်လောက်အထိ ချစ်တယ်ဆိုတာ"

"တော် ... တော် ... မင်းဝသုံ၊ ငါ ဘာမှမကြားချင်ဘူး၊ ငါ့သမီးကိုပဲ တွေ့ချင်တယ်၊ ငါ့သမီးလေး အခုလောက်ဆို သူ့လက်ထဲမှာ စိတ်ဆင်းရဲ ဒုက္ခရောက်နေပြီ၊ ဒီမှာ မင်းဝသုံ ... နင် ကြားထဲကနေ ဘာမှဝင်ဖြေရှင်းမပေးနဲ့၊ ငါကတော့ ငါစဉ်းစားပြီးသားကိစ္စကို ဘယ်တော့မှနောက်မဆုတ်ဘူး"

"ဒါဆို နင် တစ်ပတ်လောက်အထိ စောင့်သင့်တယ်၊ နင့်ကို ငါ မသင့်တော်တာ မလုပ်ဖို့ သတိပေး တားမြစ်နေတာ၊ နေဟာ သာမန်လူမဟုတ်ဘူး၊ Heart disease ရထားတဲ့သူ၊ သူ အခု First attack ရနေတယ်၊ အဲဒီကနေ Second attack ရပြီဆိုရင် သွားပြီ၊ နင် ဘာမှမသိဘဲနဲ့ ရမ်းသမ်းမလုပ်နဲ့ မယ်"



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းဖြစ်သူအပေါ် ဆတ်ဆတ်ခါအောင် ကာကွယ်ပေးနေသည့် မင်းဝသုံကို မယ် ခပ်မဲ့မဲ့ ပြုံးကြည့်လိုက်ပြီး ...

"Second attack ရပြီး သူ သေသွားရင် အားလုံးတော့ လမ်းရှင်းသွားတာပေါ့"

"ဘာ ... နင် ဘာစကားပြောလိုက်တယ်၊ မယ် ... နင်ဟာ သိပ်ကောက်ကျစ်တယ်၊ အေး ... နင် နေ့ကိုသာ ကထော နိုးမှုနဲ့ ခွဲချက်တင်မယ်ဆိုရင် နင်နဲ့ငါ အတွေ့ပဲ၊ နင်ဟာ သိပ်ရိုင်းပါလား မယ်သမိန်ရဲ့၊ အေး ... ဒီမှာ ငါ့ သူငယ်ချင်းပါ၊ နင်က နင့်ယောကျ်ား ဟုတ်လား၊ ဒါပေ သူငယ်ချင်းတစ်ယောက်အနေနဲ့ မသင့်တော်တာကို တာ ရမှာပဲ၊ ငါက မလုပ်ရဘူးလို့ တားမြစ်တဲ့ကိစ္စကို နင် လုံးဝမလုပ်ရဘူး"

မင်းဝသုံရဲ့ ခါးခါးသီးသီး စကားတွေကို မယ် တစ်ချက်တွေဝေကာ စဉ်းစားလိုက်မိသည်။

"အင်း ... ကောင်းပြီလေ၊ ငါ တစ်ပတ်စောင့်မယ်၊ ဒီတစ် ပတ်အတွင်းမှာ နင် သူ့ကို ရအောင်စီစမ်းမပေးနိုင်ရင် ငါ ကတော့ လုပ်စရာရှိတာ လုပ်ရမှာပဲ"

မင်းဝသုံ ဘာစကားမှ ဆက်မပြောခင်မှာပဲ မယ် ညှော်ခန်းထဲကနေ သုတ်ခနဲ ထထွက်လာခဲ့သည်။





မယ့်ရင်ထဲမှာ မင်းဝသုံရှေ့မှာ ဟန်ဆောင်ပြီးဆက် ထိုင်နေမေးလို့ မရအောင် ပူလောင်နေခဲ့ရပါပြီ။

အခုလောက်ဆိုရင် သမီးလေး ဘယ်လောက်နာကျင် ခံစားနေရမလဲ။ တစ်ခါမှ မယ်နဲ့(မိခင်ဖြစ်သူ)မခွဲခဲ့ဖူးတဲ့ သမီး လေးရဲ့စိတ်ဒဏ်ရာတွေဟာ ရှစ်နှစ်သမီးအရွယ်နဲ့မမျှမတ ဖြစ်နေ ခဲ့ပြီလား မသိ။

တောက် ...

နေစမ္ဘ။

ရှင့်ကို ကျွန်မ သိပ်မုန်းတယ်။ မုန်းတာမှပြောမပြ တတ်အောင်ပါ။ မယ်အမုန်းဆုံးသူက သမီးကို မယ့်လက်ထဲက နေ ဘယ်လိုမှ အပိုင်ရမယ်မဟုတ်မှန်းသိလို့ အခုလို သမီးကို မယ်မသိတုန်း အလစ်ဝင်ခိုးသွားခဲ့တာ မယ့်အသည်းကို အက်ဆစ် ရေ ပက်ချလိုက်သလို မယ် ခံစားရပါသည်။

ဒီအချိန်မှာ မယ့်ခေါင်းထဲ လှစ်ခနဲ ဝင်လာသည့် အသိတစ်ခုက သူသည် သူ အပိုင်လိုချင်သော ကိစ္စတစ်ခုကို နောက်မဆုတ် လက်မတွန့်ဘဲ အရယူတတ်သည့်ယောကျ်ားဆို တာကိုပဲဖြစ်သည်။

သို့သော် ဒီတစ်ကြိမ်တော့ သူ မယ့်ကို နောက်ဆုတ် အရှုံးပေးရလေမည်။



www.burmeseclassic.com

www.burmeseclassic.com

ဘာဖြစ်လို့လဲဆိုတော့ တရားဥပဒေပြဋ္ဌာန်းချက်မှာ များသောအားဖြင့် ကွဲကွာနေသော လင်မယား ကလေးရယူလိုမှုတွင် မိခင်ကသာ ကလေးကို ရင်အုပ်မကွာ ကျောအုပ်မကွာ ထိန်းသိမ်းစောင့်ရှောက်လာသည်က တစ်ကြောင်း၊ ဖခင်က ရှစ်နှစ်တာ အဝေးကိုထွက်သွားပြီးမှ သမီးရှိရာကို အခုမှ ပြန်လာသည်ကတစ်ကြောင်း၊ ကလေး ရယူမှုတွင် သူ အရှုံးကြီးရှုံးမည်ဆိုတာကို သူ အသိဆုံး ဖြစ်ပါလိမ့်မည်။

ဒါကြောင့် သူဟာ မယ်နှင့် တရားဝင်လင်မယား ကွဲထားတာမဟုတ်ကြောင်း၊ မယားစရိုက် ကလေးစရိုက် ထောက်ပံ့ခဲ့ကြောင်းတွေနှင့် ခြိမ်းခြောက် ပြောဆိုလာခဲ့တာဖြစ်သည်။

ဘာပဲဖြစ်ဖြစ် မယ်ကတော့ မယ်လုပ်ဆောင်ရမည့်ကိစ္စကို ရအောင်လုပ်ဆောင်ရမှ ကျေနပ်တာဖြစ်သည်။

ဒီတစ်ပတ်အတွင်းမှာ မယ် ဘာအလုပ်မှ လုပ်လို့မရအောင်ကိုပင် သမီးစိတ်နှင့် စိတ်တွေ ချောက်ချားရှူးသွပ်ခဲ့ရသည်။

ဘယ်လောက်အထိ ရူးသွပ်ခဲ့သလဲဆိုရင် သမီးမရှိသည့် ညဘက်တွေမှာ အိပ်ဆေးနှင့် ဖြတ်ကျော်ခဲ့ရပြီး လူက ထမင်းပုံမှန်စားသောက်မှု နည်းလာသောအခါ မျက်နှာက ချောင်လာကာ လူက အူထုံထုံ ဖြစ်လာပြီး ကိုယ်ခန္ဓာက အားနည်းဖျော့တော့လာခဲ့ရသည်။





အဲဒီလို မယ် အားနည်းမှုးဝေပြီး အော့အန်လာသည်အထိ ဖြစ်လာတာကို အိမ်က ကူဖော်လောင်ဖက် ဒေါ်ကြီးက ကြည့်ပြီး ...

"သမီးရယ် ... သမီးကိုယ်လည်း သမီးကြည့်ပါဦး၊ လူက အားနည်းလာပြီ၊ ကြာရင် ရောဂါတစ်ခုခု ဝင်တော့မယ်၊ သမီးစိတ်ကို လျှော့ထားပါကွယ်၊ ထမင်းကိုဝင်အောင် စားလိုက်ပါ၊ သူ့အဖေနဲ့ သူ့သမီးပဲ သမီးရယ်၊ ဒီလောက်ထိလည်း စိတ်အပင်ပန်း မခံပါနဲ့"

"ဘာ သူ့အဖေနဲ့ သူ့သမီးလဲ၊ ဒေါ်မြင့်တို့ အဲဒီစကားကို ဒီတစ်ကြိမ်ပြောတာ နောက်ဆုံးအကြိမ် ဖြစ်ပစေ၊ ကျွန်မ မကြိုက်တာကို ဒေါ်မြင့်တို့ ဘာလို့ပါးစပ်အရသာခံပြီး ပြောနေရတာလဲ၊ သွား ... သွား ... ထမင်းပန်းကန်ယူပြီး ကျွန်မအခန်းထဲက ထွက်သွား"

မယ်က ဝုန်းဒိုင်းကြဲ ပေါက်ကွဲပြီး မယ့်အခန်းထဲက စားပွဲပေါ်မှာ တင်ချပေးလာသည့် ထမင်းပွဲ ဟင်းပွဲတွေကို အခုပဲ ကိုင်ပေါက်တော့မယ့်ပုံစံဖြင့် မျက်လုံးကြီး ပြူးကြည့်လိုက်သည်တွင် ထမင်းချက်အဒေါ်ကြီးက ယောင်အမ်းအမ်းဖြင့် ပြန်လည်သယ်ယူသွားတော့သည်။

ထမင်းချက်ဒေါ်ကြီး အခန်းထဲက ထွက်သွားပြီးမှ မယ်က အခန်းတံခါးကို ဝုန်းခနဲ ဆွဲပိတ်ပြီး အခန်းထဲမှာ တစ်ယောက်တည်း စိတ်တိုင်းကျ ပေါက်ကွဲသွားပါတော့သည်။


www.burmeseclassic.com

www.burmeseclassic.com

စားပွဲပေါ်မှာ တင်ထားသည့် ဖန်ခွက်တွေကို တစ်လုံးချင်း နံရံနဲ့ပစ်ခွဲပစ်လိုက်ပြီး စိတ်တိုင်းကျ ကြိမ်းလိုက်သည့် စကားက မယ့်နားစည်ထဲမှာ ပြန်လည်ပြီး ထပ်ထပ်ကြိမ်း မြည်ဟည်းလို့သွားရပါတော့သည်။

"တစ်ပတ်ပြည့်သွားပြီ နေစဉ္စ ...

ပွဲက မကြာခင် စတော့မှာပါ ...

ဒီပွဲမှာ ဘယ်သူနိုင်မလဲဆိုတာ ...

ရှင် စောင့်ကြည့်လိုက်ပေတော့"

ဆိုသည့် မယ့်စကားသံတွေက မယ့်နှလုံးအိမ်ကို မငြိမ်းချမ်းစွာ ပစ်ဝင်ရှုးနှစ်သွားခဲ့ရလေသည်။

✤ ❦ ✤





သားအဖတွေ အချစ်နာလန်ထပြီး သမီးကို သူက ကုပ်ပေါ်မှာ မြင်းလုပ်စီးစေပြီး ဆော့ကစားနေသည့် အချိန်မှာပဲ ဒီကနေ့မှာ စက်ပြန်ဖွင့်ခဲ့သည့် သူ့ရဲ့ hand phone ကလေးက တတူတူ မြည်လာတော့သည်။

"တူ ... တူ ... တူ"

"ဟာ ... သမီးရေ၊ စောစောစီးစီး ပေါ်တော်မူလာပြီ"

သူက မယ့်ဖုန်းနံပါတ်ကိုကြည့်ပြီး ကြက်သီးထစွာ သမီးကို ပြောလိုက်တော့ သမီးက လူကြီးလေးတစ်ယောက်လို မျက်ခုံးစိမ်းစိမ်းလေးတွေကို ထိမတတ်စုကျုံ့ပြီး ...

"ဘယ်သူ့ဖုန်းလဲ ဖေဖေ"

"မေမေ့အချစ်တော်ကြီးလေ"

"ဟင် ... မေမေ့ဆီက၊ ဒါဆို သမီးကိုလည်း ဖုန်းပေးဦးနော် ဖေဖေ၊ ဖေဖေ ... မေမေ့ဖုန်းဆိုရင် တစ်ခါတည်း ဖုန်းထဲကနေ one kiss သာ ပေးထည့်လိုက်၊ ဒါမှ မေမေ စိတ်ကောက်ပြေမှာ"


www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား ... သမီးကတော့ကွာ၊ အတတ်မလေး၊ ဒါတွေကို ညည်းကို ဘယ်သူသင်ထားလဲ"

"ဖေဖေပဲ တစ်ညတစ်ည မေမေ့ကို ဘယ်လိုချစ်ခဲ့ရကြောင်း ပြောပြောနေတာ၊ အဲဒါ သင်ပြတာနဲ့ အတူတူပေါ့"

"ဟား ဟား ... ဟုတ်ပါပြီ ... ဟုတ်ပါပြီ သမီးလေးရယ်၊ Stop ... ဖေဖေ အချစ်တော်ကြီးနဲ့ ဖုန်းစကားခြွေလိုက်ဦးမယ် သမီး"

"ဖေဖေ ပြောပြီးရင် သမီးကို ပေးနော်"

"အေး ... အေး"

သူက ပျော်ရွှင်တက်ကြွစွာ ကျစ်တစ်ချက်စုပ်ပြီး နှုတ်ခမ်းကိုက်ကာ သမီးကို ပခုံးနှစ်ဖက် တွန့်ပြလိုက်ရင်းက ...

"သမီး ... ဖေဖေ သမီးမေမေကို နောက်ပိုးစကား ပြောရမလား"

"အဟင်း ... ပြော"

"သမီးခွင့်ပြုချက်နော်"

"ဟုတ်"

သူက သမီးပါးပြင်လေးကို ညင်သာစွာ နမ်းမွှေးပြီး သမီးကို ပွေ့ဖက်ထားရင်းကနေ တတွတ်တွတ် မြည်နေသည့် မယ့်ဖုန်းကလေးကို ရင်ခုန်ကြမ်းစွာ ဖွင့်နားထောင်လိုက်သည့် အချိန်မှာတော့ ...





တစ်ဖက်က စီးပိုးနင့်နဲသည့် မယ်သမိန့် အသံကြောင့် သူ့နှလုံးသားကို မီးဖြန်းဖြန်း ပွင့်ထွက်သွားရလေတော့သည်။

ကြားလိုက်ရသည့် မယ်သမိန့်စကားကတော့ —

"နေစက္က ... နှလုံးသားကို နိုင်အောင် စိတ်ကိုအတည်ပြီး ဆုံးထားပြီး ကျွန်မပြောတဲ့စကားကို နားထောင်ပါ —

"ရှင် ... အခုလာမယ့် အင်္ဂါမှာ မြို့နယ်တရားရုံးကိုတက်ဖို့ စဉ်းစားလိုက်ပေတော့၊ ရှင့်ကို ကျွန်မ သမီးကိုခိုးယူသွားတဲ့ အမှုနဲ့ ရုံးတင်စွဲချက်တင်လိုက်ပြီ"

"ဘာ ... မင်း ... မင်း ... မင်းလောက် မိုက်ရိုင်းမောက်မာတဲ့မိန်းမ မင်း ... မင်း ..."

"ဟင် ... ဖေဖေ ... ဖေကြီး ဘာဖြစ်သွားတာလဲ — ဟင်း — ဟင်း"

သူ့လက်ထဲက ကိုင်ထားသည့် ဖုန်းကလေး ပြုတ်ကျသွားပြီဆိုသည့်အသိကို ခံစားလိုက်ရပြီးနောက် သမီးရဲ့စိုးရိမ်တကြီး ပြေးဖက်ကာ ငိုရှိုက်သံလေးကိုပဲ သူ နောက်ဆုံးကြားလိုက်ရပါသည်။

အဲဒီနောက် သူ ဘာမှခံစားလို့မရအောင် အမှောင်ကမ္ဘာထဲ ပစ်ကျသွားခဲ့ရလေတော့သည်။

✣ ❦ ✣

www.burmeseclassic.com

www.burmeseclassic.com



## ၂၁

နာရီပေါင်းများစွာ သတိလစ်နေခဲ့သော လူနာကို အသက်နှင့်လုပြီး ဆရာဝန်ကြီးများ အပြင်းအထန် ကြိုးစာကုသနေရသည် ဆိုတာကို ဆရာဝန်တစ်ယောက်အနေနှင့် မင်းဝသုသိခဲ့သည်။

သတိလစ်နေသည့် နေ့မျက်နှာကြီးကိုလည်း စိုက်ကြည့်ပြီး သူ့ရင်ထဲမှာ ဘယ်လိုကြီး ခြေကွဲခံစားလိုက်ရမှန်းမသိအောင် ခံစားခဲ့ရသည်။

ရက်စက်လိုက်သည့် နေ့ရဲ့မိန်းမ။

"အခု နေ့ရဲ့အဖြစ်ကို လာကြည့်လှည့်ပါဦး မယ်ရဲ့"

လို့သာ သူ စိတ်ထင်တိုင်း ဟစ်အော်ငိုလိုက်ချင်ပါသည်။





ဆေးရုံအထူးကြပ်မတ်ကုသဆောင်မှာ ပက်လက်အနေအထား ဖြစ်နေသော နေ့ကို နှလုံးအခုန်မှန်စေရန်အတွက် နှလုံးခုန်စက် Fibrillatoe ဖြင့် ဆက်ပေးထားရသည်။

အသက်ကောင်းကောင်း ရှုနိုင်စေရန်အတွက် နေ့မျက်နှာပေါ်သို့ Oxygen mask ကို တပ်ပေးထားခဲ့သည်။

Oxygen mask တပ်ထားသည့် နေ့မျက်နှာကြီးကို တစိမ့်စိမ့်ကြည့်ပြီး သူ တိတ်တဆိတ် ကြေကွဲနေသလို နေ့မေမေ နေ့ဖေဖေ နေ့သမီးလေးကတော့ ပြောမပြတတ်အောင်ပင် စိတ်ထိခိုက် ကြေကွဲခံစားနေခဲ့ကြလေသည်။

အဲဒီလို နေ့မိသားစု တရှုံ့ရှုံ့ ငိုကြွေးနေတာကိုကြည့်ပြီး သူ့သမီးလေးကို ရင်ခွင်ထဲပိုက်ကာ ချော့မော့နှစ်သိမ့်မလို့ ပါးစပ်ဟလိုက်သည့် အချိန်မှာပဲ အခန်းထဲသို့ နှလုံးအထူးကုဆရာဝန်ကြီး ရောက်လာခဲ့လေသည်။

သိပ်မကြာခင်မှာပဲ ဆရာဝန်ကြီးက နေ့ကိုစမ်းသပ်ပြီး ကြည်လင်သွားသည့် မျက်နှာကြီးနှင့် ခေါင်းတစ်ချက်ညိတ်ကာ ...

"လူနာ အခြေအနေ ကောင်းလာလိမ့်မယ်လို့ မျှော်လင့်ပါတယ်၊ လူနာ တစ်နာရီအတွင်းမှာ သတိရလာပါလိမ့်မယ်၊ ခင်ဗျားတို့ စိတ်အေးအေးထားပြီး အနားယူလိုက်ကြပါဦး"



www.burmeseclassic.com

www.burmeseclassic.com



ဆရာဝန်ကြီးက လူနာဆရာဝန်ဘက် ပါလာပြီဆို သည့် မျက်နှာကြီးနှင့် ပြောလာအသိပေးလိုက်တော့မှ မိသားစု အားလုံးရဲ့ စိုးရိမ်မှုအလုံးကြီး ပြုတ်ကျသွားသလို ဆရာဝန်ကြီးရဲ့ မျက်နှာကိုလည်း အားကိုးတကြီး မော့ကြည့်လိုက်ကြလေသည်။

သူကတော့ ရင်ထဲမှာ ဝမ်းသာလွန်းလို့ နှလုံးသား တွေ တဆတ်ဆတ် ကျင်မြသွားခဲ့ရသလို သမီးရဲ့စိုးရိမ်သောက မျက်နှာလေးကိုလည်း ကြင်နာရွှေးထွေးစွာ နမ်းရှိုက်လိုက်သည်။

"သမီး ... ဦးဝသုံ အိမ်ပြန်ဦးမယ်၊ မေကြီးတို့နဲ့ ဒီမှာ ကျန်ခဲ့မလား၊ ဦးဝသုံနဲ့ လိုက်ခဲ့မလား"

"မေကြီးတို့နဲ့ ကျန်ခဲ့မယ်"

"အေး ... အေး ... သမီးဖေဖေ ဘာမှမဖြစ်တော့ဘူးနော်၊ သမီးလေး စိတ်ချမ်းချမ်းသာသာနေ သိလား၊ ဖေကြီး သိပ်မကြာခင် သတိရလာမှာ၊ သမီးဖေကြီး သတိမရခင် ဦး အချိန်မီ ဒီကိုပြန်လာခဲ့မယ်၊ သိလား"

"ဟုတ် ... ဦးဝသုံ၊ မေမေ့ကို ဖုန်းဆက်ဦးနော်"

"အေး ... ဆက်မလို့ ဦး ပြန်မှာ"

သမီးနှင့် သမီးရဲ့ဘွားအေတို့ကို နှုတ်ဆက်ပြီး သူ အိမ်ပြန်လာပြီး အိမ်ရောက်သွားသည့်အချိန်မှာတော့ မယ့်ဆီသို့ ဖုန်းဆက်လိုက်ပါတော့သည်။





သူ မယ့်ဆီ ဖုန်းခေါ်နေသည့် အချိန်မှာ ဒေါသ ကြောင့် သူ့လက်ချောင်းတွေ တဆတ်ဆတ် တုန်ယင်နေခဲ့လေ သည်။

ဒေါသကြောင့် လက်တွေ တုန်ယင်နေသလို ...

ရင်ထဲက ဒေါသမုန်တိုင်းကတော့ ပြောပြလို့မရ အောင် မွှေနှောက်တိုက်ခိုက်နေခဲ့ပါပြီ။

အဲဒီအချိန်မှာပဲ တစ်ဖက်မှ စီးစီးပိုပိုး ပြောလာသည့် မယ်သမိန့်အသံ သူ့နားစည်ထဲကို ခါးသီးကြမ်းရှစွာ ဝင်ရိုက်သွား တော့သည်။

"မင်းဝသုံ ... ငါ့ကတိအတိုင်း တစ်ပတ်စောင့်ခဲ့တယ်၊ ဒီတစ်ပတ်အတွင်းမှာ နင် ရအောင် စုံစမ်းမပေးနိုင်တဲ့ အတွက် အရာအားလုံးအတွက် very sorry ပါပဲ၊ ငါ့လုပ် ရပ်ဟာ တရားနည်းလမ်း ကျပါတယ်"

"တရားနည်းလမ်းကျတယ် ... ဟုတ်လား မယ်၊ နင် ... နင်ဟာ ကိုယ်ရဖို့ ကိုယ်ကြည့်၊ ကိုယ်အနိုင်ရပြီးရောဆိုပြီး ဘယ်သူသေသေ ငတေမာပြီးရောဆိုပြီး လုပ်လိုက်တာပေါ့ ဟုတ်လား၊ အခု ဘာတွေဖြစ်ကုန်ပြီလဲဆိုတာ နင် သိလား၊ အခု နင့်လုပ်ရပ်ကြောင့် နေ အသက်လုနေရပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဘုရားရေ ... သူ ... သူ အခု ဘယ်လိုနေသေးလဲ မင်းဝသုံ၊ သူ ဘယ်လိုနေသေးလဲ"

"နေ ... နင့်ကို ကျရှုံးပေးဆပ်နေတာပါ၊ အသက်ပေးပြီး ကျရှုံးပေးဆပ်သွားမှာပါ"

"အို ... ဒီလောက်အထိ ဖြစ်သွားတယ်လား၊ ငါ ဒီလောက်အထိ ဖြစ်လိမ့်မယ်လို့ မထင်ဝါဘူး၊ ငါ ဘာလုပ်ရမလဲ၊ ငါ အခုပဲ လိုက်လာမယ်၊ သူ ဘယ်ဆေးရုံမှာပဲ ပြောပြပါ၊ သမီး ... သမီးရောဟင်"

"နင် လုပ်ရမှာ နင့်သမီးကို အရင်တွေ့ဖို့ မဟုတ်ဘူး၊ နင် လုပ်ထားတဲ့ လုပ်ရပ်တွေ ပြန်ရုပ်သိမ်းပေးဖို့ပဲ၊ နင့်လုပ်ရပ်တွေ အခုချက်ချင်း ပြန်ရုပ်သိမ်းပစ်ဖို့ပဲ၊ ငါပြောတာ ရှင်းတယ်နော်၊ ကဲ ... ကို ... နင့်အမှုကို ပြန်ရုပ်သိမ်းပေးမှာလား၊ ငါ့ကို ပါးစပ်နဲ့ ကတိပေး၊ ကတိပေးပြီးပြီးချင်း အခုချက်ချင်း အမှုသွားပိတ်ပေးပါ"

မယ့်ရင်ထဲ အမှုလိုင်းတွေ ကြီးကြီးထန်သွားရသေသည်။

ပြောရက်လိုက်တော့ မင်းဝသုံရယ်၊ ငါလေ ... ငါ သူ့အတွက် အရမ်းခံစားနေရတာကို နင် လျစ်လျူရှုရက်လိုက်တာ။





ငါ့ရင်ထဲမှာ သူ့အတွက် ရှုသွပ်ခဲ့ရတာ နင်မှနားလည်ဘဲ။

နင်က ငါ့ကို နင့်သူငယ်ချင်းနဲ့ထပ်တူ မုန်းနေပြီပေါ့နော်။

မယ့်ရင်ထဲ နင့်ခနဲ ကြေကွဲခံစားနေရသည့် ဒီခံစားမှုတွေကို မယ် တိတ်တဆိတ် ကြေကွဲခံစားကာ မျက်ရည်တွေ တစ်ပေါက်ချင်း စီးကျလာခဲ့တော့သည်။

"မင်းဝသုံ ... နင့်စွပ်စွဲချက်တွေ အားလုံး ငါ့ရင်ထဲမှာ သိမ်းထားမယ်၊ နင်ဟာ သူ့အတွက် သူငယ်ချင်းကောင်း ပီသပါတယ်၊ အေး ... နင်စွပ်စွဲခဲ့တဲ့ အရာအားလုံးထဲမှာ ငါ တစ်ခုကို နားကြည်းသွားပြီ၊ ငါ သူ့ကို အရှုံးမပေးချင်တာ မှန်တယ်၊ ဒါပေမဲ့ သမီးကိုတွေ့ဖို့ဆန္ဒ တစ်ခုတည်းနဲ့ သူ ဆိုလာမှာ မဟုတ်ဘူး ...

"ငါ အမှုကို ပြန်ရုပ်သိမ်းပေးပါ့မယ်၊ မင်းဝသုံ ... နင်တို့ ငါ့ကို မကြည့်ချင်လောက်အောင် မုန်းနေလည်း ငါမလာပါဘူး၊ သမီး သူ့အဖေနဲ့ နေပျော်လည်း ငါဝင်မစွက်ဖက်တော့ပါဘူး။ ငါ အားလုံးကို အရှုံးပေးပါတယ်"

မယ် အရာအားလုံးကို ဆုံးရှုံးသွားပြီဆိုသော အသိသာ မယ့်ရင်ထဲမှာ အမှောင်ကွက်လပ်ကြီး ဖြစ်သွားရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မယ့်ရင်ထဲမှာ ဘာမှမရှိတော့။

အရာအားလုံး ဆုံးရှုံးသွားပြီပေါ့။

ဒီအချိန်မှာ မယ်ဟာ ကံနိမ့်သွားခဲ့ပြီး အရာအားလုံး ဆုံးရှုံးသွားခဲ့ရသည့် မယ်သမိန် ဖြစ်သွားခဲ့ရပါပြီ။





သူသတိရရချင်း အရင်ဆုံး ခံစားပြီး မေးလိုက်မိသူကတော့ မယ့်ကိုပင်ဖြစ်သည်။

"မယ်ရော"

လို့ မျက်စိနှစ်လုံး ဖွင့်လိုက်တာနှင့် မေးလိုက်သည့် သူ့စကားကို ဝသုံကာ နှုတ်ခမ်းနှစ်လွှာတွန့်ပြီး ပြုံးလိုက်ကာ ခေါင်းကို ဆတ်ခနဲ ညိတ်ပြလျက် ...

"မင်း တွေ့ချင်လို့လား"

"လုံးဝမတွေ့ချင်ဘူး"

သူ့ခံစားချက်ကို ဝသုံက နားလည်သွားသည်ထင်သည်။

သူ့ခေါင်းက ဆံပင်တွေကို လက်ဖြင့်တစ်ချက်ဖွပြီး _

"မင်း ဒါတွေစဉ်းစားမနေပါနဲ့ကွာ၊ မင်းစဉ်းစားရမှာက နောက်တစ်ပတ် အင်္ဂါကို အမေရိကန်ကိုသွားပြီး ခွဲစိတ်ကုသရမဲ့



www.burmeseclassic.com

www.burmeseclassic.com



စိတ်ကူသမျှ အောင်မြင်ဖို့ပဲ၊ မင်းရဲ့ခွဲစိတ်မှု အောင်မြင်မယ်လို့လည်း ငါ ရဲရဲကြီး အာမခံတယ်၊ ခမ်းလည်းယုံကြည်တယ် ...

"ဒါပေမဲ့ ငါ စိတ်မကောင်းတာက မင်းတို့လင်မယားတွေဟာ တစ်ယောက်နဲ့တစ်ယောက် ချစ်ခဲ့ကြပြီး မာနတွေ နာကြည်းမှုတွေ ကြားခံနေတဲ့အတွက် သမီးက ချက်မှာ ငယ်နေရပြီ"

"မငယ်ပါဘူးကွာ၊ နော် ... သမီး"

သမီးလက်ကလေးကို သူ့မျက်နှာမှာ ပွေ့အပ်ပြီး သမီးကို နွေးထွေးစွာ ကြည့်ပြောလိုက်တော့ သမီးက ခေါင်းကလေးငုံ့ ငြိမ်သက်သွားလေသည်။

သမီးကိုကြည့်ပြီး သူ စိတ်မကောင်းဖြစ်သွားကာ ဝသုံကို ငေးကြည့်လိုက်စဉ် ...

"မင်း အဲဒီလို အလွယ်မပြောစမ်းနဲ့ကွာ၊ မင်းတို့ တစ်ယောက်ကိုတစ်ယောက် သိပ်ချစ်ရက်နဲ့ မာနတွေနဲ့ ကြားခံနေရတာပါကွာ၊ မယ်မှ မင်းကို ချစ်တယ်ဆိုတာ မင်းဆေးရုံတင်လိုက်တယ် ဆိုတာနဲ့ ရှောခ်ဖြစ်သွားမတတ်ကို ခံစားလိုက်ရတာ၊ သနားစရာကောင်း ကောင်းသေးတယ်ကွာ"





"တော်စမ်းပါကွာ၊ သူက ငါနဲ့လက်ထပ်ကတည်းက ကြွေကြော်ကြေညာခဲ့တဲ့ မိန်းမပါ၊ သူ့မှာ ဘာနလုံးသားမှ မရှိဘူး၊ ဘာခံစားချက်မှ မရှိဘူး၊ ငါ အသိဆုံးပဲ"

"အဲဒါ မင်း မာနကြီးနေတာ၊ မင်း သူ့ကို သိပ်ချစ်နေရက်နဲ့ လိမ်နေရင် မင်းမှားမှာ၊ မင်း အခု ခံစားနေရတာတွေဟာလည်း မယ်ကြောင့်ချည်းပဲ၊ ငါ အားလုံးသိတယ်"

ဝသုံ့စကားကို သူက အပြင်မှာ ဟန်ဆောင်ပြီး အလေးမထားခဲ့သလို ဖြစ်ခဲ့မေမယ့် ရင်ထဲမှာတော့ တကယ့်ကို Heart ထိသွားရလေသည်။ Heart ထိသွားသည့် ခံစားချက်ကို ကျိတ်မှိတ်ချပြီး သမီးရဲ့ဆံပင်ပျော့ပျော့ကလေးတွေကို နှုတ်ခမ်းဖြင့် ဖွဖွနမ်းရှိုက်ပြီး ...

"သမီး ဖေကြီးနဲ့ နှင်ခြားကို ခဏသွားရမှာ၊ ပျော်အောင်နေရမယ်နော်၊ သမီး စိတ်ချမ်းသာအောင် ဖေကြီးကထားမှာ"

"ဟုတ် ... ဒါပေမဲ့ မေမေ့ကိုတော့ သိပ်လွမ်းတယ်"

"အင်း ... အင်း ... ဟုတ်ပါပြီ၊ ဟုတ်ပါပြီကွာ"

သူ့ရင်ထဲ လှစ်ခနဲ ဝမ်းနည်းသွားသလို ခံစားလိုက်ရပြီး မျက်ရည်ကြည်တွေ ရစ်ဝိုင်းသွားတာကို သမီး မမြင်နိုင်အောင် သမီးနှားရွက်ကလေးကို ဖိကိုက်ကွယ်ဝှက်လိုက်ရတော့သည်



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှတော့ မယ့်ကို ဘယ်လိုကြီး လွမ်းသွားမှန်းမသိအောင် တရှုးတနင့်ကြီး ခံစားလိုက်ရသည်။

ဒီအချိန်မှာ မယ်ကတော့ သမီးမရှိတဲ့ညတွေကို အရူးတစ်ယောက်လို ဖြတ်ကျော်ခဲ့ရလေသည်။

သမီးထိုင်ခဲ့သည့် Computer မှာ မယ် တစ်ယောက်တည်း ဝင်ထိုင်ပြီး သမီးရဲ့ပုံရိပ်ကလေးတွေကို ဖမ်းစားနေခဲ့သည့်အဖြစ်က ကြာတော့ မယ့်ကို အရူးတစ်ပိုင်း ဖြစ်လာခဲ့ရသည်။

မယ် အခုရက်အတွင်း အရူးတစ်ပိုင်း ဖြစ်နေတာကို ဝသုံကတော့ သူငယ်ချင်းကောင်း ပီသစွာ နှစ်သိမ့်ဖျောင်းဖျလာခဲ့သည်။

"နင် သမီးကို ဘယ်လောက်ထိ သတိရနေတယ်ဆိုတာကို ငါ နားလည်ပါတယ်၊ အခု သမီးရယ် ငါရယ် နေ့မအေးရယ် နေနဲ့ အမေရိကန်ကို သွားတော့မယ်၊ နေ့နှလုံးထိုဟိုမှာခွဲစိတ်ကုသလိုက်မယ်၊ သူ အဲဒီလို ခွဲစိတ်ကုသပြီးရင် လူကောင်းပကတိ ဖြစ်သွားတော့မှာ"

မယ့်ရင်ထဲ လှစ်ခနဲ ဝမ်းသာသလို ခံစားလိုက်ရသော်လည်း မယ့် မယ် မင်းဝသုံအရှေ့မှာ သူ့အတွက်နဲ့ ပေါ်လွင်အောင် ဝမ်းသာမပြခဲ့ပါ။





ဒါပေမဲ့ ဝသုံက အကင်းပါးစွာဖြင့် မယ့်မျက်နှာရိပ်မျက်နှာကဲကိုကြည့်ပြီး စကားဆက်ခင်းလိုက်သည်။

"နင်တို့လင်မယားနှစ်ယောက်ကြားမှာ မာနတွေမထားဖို့ ငါ တောင်းပန်ပါတယ်ဟာ၊ မနက်ဖြန် သမီးကို နင် လေဆိပ်ကို လိုက်ပို့သင့်တယ်၊ ငါ သူငယ်ချင်းတစ်ယောက်အနေနဲ့ အကြံပေးတာပါ"

မယ့်ရင်ထဲ နင့်ခနဲ ခံစားလိုက်ရသည်။

ဒါဆို သမီးကို ကျွန်မ အပြီးဆုံးရှုံးလိုက်ရပြီပေါ့။

သွားပါပြီ။ မယ့်ဘဝမှာ မယ်အချစ်ဆုံး သမီးလေးကို သူ့လက်ထဲကို အပြီးအပိုင် ထည့်လိုက်ရပြီဆိုသည့် ခံစားချက် အသိက မယ့်ကို မင်းဝသုံ အရှေ့မှာ ဘယ်လိုမှ ဟန်မဆောင်နိုင်အောင် မျက်ရည်ကျ ကြေကွဲသွားရပါသည်။

မင်းဝသုံကတော့ မယ် တိတ်တဆိတ် ကျရှုံးသွားတာကို ငေးငေးလေး စိုက်ကြည့်နေခဲ့လေသည်။

မယ်ကတော့ ကိုယ့်ရဲ့ကျရှုံးခန်းကို သူ့သူငယ်ချင်းအရှေ့မှာပဲ အထုပ်ဖြေပြလိုက်ရပြီဖြစ်သည်။

"မင်းဝသုံ ... နင်တို့ အားလုံး ငါ့ကို မထိုးနှက် မတိုက်ခိုက်ရဘဲ အနိုင်ရပါတယ်၊ ငါ သမီးကို လိုက်ပို့ဖြစ်ပါလိမ့်မယ်၊ သမီးကိုလည်း သူတောင်းထားတဲ့ နှစ်အကန့်အသတ်



www.burmeseclassic.com

www.burmeseclassic.com

အတိုင်း သူ့ကို ငါ ဆကြွေးဆပ်လိုက်ပါပြီ၊ ငါ ရှုံးသွားပါပြီ မင်းဝသုံ၊ ဒီအရှုံးတွေဟာ ငါ့နှလုံးသားနဲ့ ရင်းနှီး ပေးဆပ်လိုက်ရတဲ့ ငါ့နှလုံးသားရဲ့ အရှုံးတွေပဲ"

မယ် မင်းဝသုံ အရှေ့ကနေ ချာခနဲ လှည့်ထွက်လာခဲ့ပြီး အခန်းထဲကို ပြေးဝင်ကာ ရှိုက်ကြီးတငင် ငိုချလိုက်ပါတော့သည်။

❖ ❖ ❖





သူနှင့်မယ် နှစ်ယောက်သား မျက်နှာချင်းဆိုင်မိသည့် အချိန်မှာတော့ မယ့် ဟန်မဆောင်နိုင်တော့ဘဲ သူ့ရင်ခွင်ထဲမှာ ပြေးဝင်သွားသည့် ဆမီးကို အငမ်းမရ လက်ကူးယူလိုက်ပြီး မျက်ရည်တွေ တစိမ့်စိမ့် စီးကျကာ ငိုပွဲဆင်လိုက်မိပါတော့သည်။

အခုလို ငိုပွဲဆင်လိုက်သည့် အချိန်မှာ ယောက်ျားမဖြစ်သူနှင့် မင်းဝသုံကိုလည်း မရှက်နိုင်တော့ပါ။ သူ့ကိုလည်း မရှက်မိတော့ပါ။

ပြီးတော့ တစ်သက်လုံး တစောင်းစေးနဲ့မျက်ချေး ဖြစ်လာသည့် ယောက်ျားမဖြစ်သူကိုလည်း ရန်လုပ်မဆောင်နိုင်တော့ဘဲ သူတို့အရှေ့မှာပဲ မယ် မျက်ရည်တွေ "ဆည်ကျိုးသလို" တရကြမ်း သွန်းသွန်းဖြိုး ပြိုကျသွားခဲ့ရပါလေတော့သည်။

ဒီအချိန်မှာ မယ်နှင့် အပတ်သက်ဆုံး ပတ်သက်ခဲ့သည့်သူတွေ့တော့ လူကြီးတွေရှေ့မှာ ဖြစ်နေတာကတစ်ကြောင်း

www.burmeseclassic.com



မင်းဝသုံအရှေ့မှာ ရှက်နေသည့်ကတစ်ကြောင်း ဖြစ်လျက်ရှိကာ မယ် ငိုနေပုံလေးကို ရင်ခွင်ထဲ တင်းတင်းကြီး ထွေးပွေ့နှစ်သိမ့် လိုက်ချင်ပေမယ့် ဆန္ဒကို ရှေ့တန်းမတင်ဖြစ်ခဲ့ချေ။ မယ့်လက်က လေးကိုပဲ အရှက်သည်းစွာ ဆုပ်ကိုင်ပြီး အကြင်နာလှိုင်းရိုက်ခတ် သွားသည့် အသံနှင့် နှစ်သိမ့်လိုက်ရပါတော့သည်။

"မယ်ရယ် ... ကိုယ်တို့က တစ်သက်လုံး ခွဲနေရမှာမှ မဟုတ်တာ၊ ကိုယ် နှလုံးခွဲစိတ်ကုသပြီးတာနဲ့ ပြန်လာမှာ ပါ၊ တစ်ခုပဲ ကိုယ်သိချင်တယ်၊ မင်း ကိုယ့်ကိုခွင့်လွှတ် နားလည်ပေးနိုင်မလားဟင်"

သူ့အသံမှာ မယ် ဘယ်တုန်းမှ မကြားဖူးခဲ့သည့် အင်အားတစ်မျိုးဖြင့် နူးညံ့ဆွဲငင်မှုတွေနှင့် ချိုမြိန်နေသည်။

အခုလို သူ နူးညံ့စွာ ခယနေသည့် အချိန်မျိုးမှာ မယ်က ငြင်းလို့ရနိုင်တော့မတဲ့လား။ (ကြာသလားလို့ကွယ်)ဒီလို ဆို မယ်ကလည်း စဉ်းစားစရာ အချိန်တောင်မယူတော့ဘဲ သူ့ ကို အနူးညံ့ဆုံး မျက်ဝန်းရီရီ (အချစ်မျက်ဝန်း)တွေဖြင့် မော့ကြည့် လိုက်ကာ ခေါင်းညိတ်အဖြေပေးမိရက်သား ဖြစ်သွားရသည်။

ဒီအချိန်မှာ မယ် မရှက်နိုင်တော့ဘဲ ရင်ခွင်ထဲက သမီးကလေးကို မယ့်ပါးပြင်ကြီးနှင့် ဖိအပ်ပြီး တရှုံ့ရှုံ့ (မြတ်နိုးမဆုံး) နမ်းရှိုက်ပစ်လိုက်ရင်းက ရင်ထဲက မဆဲတဲ့အသံကလေးဖြင့် ...





"သမီးလေးကို မေမေ လွမ်းနေမယ်၊ သမီး မေမေ့ကို နေ့ တိုင်းဖုန်းဆက်နော်"

"ဟုတ် မေမေ၊ ချစ်မေမေ ... သမီး မေမေ့ကို သိပ်လွမ်း တာပဲ၊ အခုမှပဲ အလွမ်းပြေတော့တယ်"

"ဩော် ... သမီးလေးရယ်"

မယ် သမီးကို ရင်ခွင်မှာပိုက်ပြီး မျက်ရည်တွေနှင့် အလွမ်းသယ်နေတုန်းမှာပဲ မယ့် ပခုံးတစ်ဖက်ကို သိမ်းဖက်လိုက် သည့် အသိတစ်ခုက သူပဲဆိုတာကို မယ် ရင်ခုန်နှုန်းမြန်စွာ သိ လိုက်ရလေသည်။

ဒီခံစားမှုတွေကို မယ် ရင်ခုန်ရှက်လွန်းလို့ မော့မ ကြည့်ဘဲ ရှက်မျက်နှာရဲရဲလေးနှင့် မျက်လွှာလေးသိမ်းလိုက်ပြီး နှုတ်ခမ်းကလေး ခဲပစ်လိုက်ချိန်မှာ သူက အရှက်မရှိသည့်အသံဖြင့် တောင်းဆိုလာခဲ့သည်မှာ ...

"သားအမိတွေချည်း အလွမ်းသယ်မနေနဲ့ဦးလေ၊ ကိုယ့်ကို လည်း အလွမ်းသယ်ခွင့်လေးပေးဦး ချစ်သမီး၊ ချစ်သမီးကို ဖေကြီး ဘာပြောထားလဲ"

"ခစ် ... ခစ်"

သူ့ပြောပုံကြီးကို သမီးက အထာပေါက်စွာ ရယ် လိုက်တာကို မယ့်တစ်ကိုယ်လုံး တုန်သွားအောင် ရင်ခုန်သွားသလို



www.burmeseclassic.com

www.burmeseclassic.com



မင်းဝသုံနှင့် သူ့မေမေ ရယ်သံတွေကလည်း မယ့်ကိုဝိုင်း၍ နှုတ်ဆက်သည်းသွားရလေတော့သည်။

မယ် ရှက်လွန်းလို့ သူ့ကို မျက်စောင်းလေး ခဲလိုက်တော့ သူက မယ့်ပခုံးကို ဖွဖွဖက်ထားရင်း၍ မယ့်မျက်နှာနှင့် သူ့မျက်နှာကို အနီးဆုံး ဖွဖွအပ်ပစ်လိုက်ကာ ရင်ထဲကထွက်လာသည့် အသံကြီးနှင့် ...

"ကဲ ... လွမ်းမနေတော့နဲ့၊ တစ်ခွန်းပဲ ကိုယ့်ကိုပြော"

"ဘာလဲ"

သူ့ကို အရှက်သည်းသံလေးဖြင့် မယ် ထအော်လိုက်တာကို သူက သဘောကျသွားကာ တဟားဟား ရယ်မောရင်း ပြောလာခဲ့သည်မှာ ...

"ချစ်တယ်လို့ပေါ့ကွာ"

"ဟာ ... မပြောပါဘူး၊ ရှက်စရာကြီးနော်၊ ရှင်နော် ... ဒီမှာ လူတွေနဲ့"

"မရဘူး၊ အဲဒါမပြောရင် ကိုယ့်အဆိုးမဆိုနဲ့"

"ဟယ် ... ခက်ကွာ"

"ခစ် ... ခစ် ... ခစ်"

သူ ကျိတ်ရယ်နေပုံ၊ မယ် စိတ်ညစ်နေပုံကို သိမ်းကျုံး တခစ်ခစ် ရယ်မဆုံးဖြစ်ပြီးမှ ထအော်လိုက်သည်မှာ ...





"မေကြီး ... ကောင်မလေးကို ချွေးမလေးပေးမယ်၊ ချွေးချွေးအေးမယ်၊ လုပ်လေ ... ဟွန်း ... မေကြီးကလည်း ဖိန်းလိုက်တာ"

"ဟာ ... ဟုတ်တယ်ရှိုး"

ပြောပြောဆိုဆို သူ့မျက်နှာကြီးက မယ့်မျက်နှာကလေးဆီ နွေးခနဲ ပူးကပ်သွားချိန်၊ မယ် သူ့မိခင်နှင့် မင်းဝသုံ အရှေ့မှာ ရှက်လွန်းလို့ နှုတ်ခမ်းသားတွေ ဆတ်ခနဲ တုန်သွားသည် အထိ အပျိုစင်မိန်းမလေးလို ရင်ခုန်စိတ်လှုပ်ရှားသွားခဲ့ရလေသည်။

အဲဒီမိစားမှု ဆန်းပြားပြားကြီးက မယ့်ကို အရှုံးလွန် ရင်ခုန်နှုန်း မြန်ဆန်သွားခဲ့ရပေမယ့် တစ်သက်လုံး ပြန်လည် ပေါင်းဆုံခွင့် မရတော့ဘူးဟု ယုံကြည်ထားခဲ့သည့် ယောက်ျားကို ထပ်မံ (အသိအကျကျ နွေးထွေးသည့်ချစ်ခြင်းတွေနှင့်)မိဘအရ ဘဝတစ်ခုလုံး ပြန်လည်နွေးထွေး အသက်ဝင်သွားသည့် အဖြစ် ကိုတော့ မယ် ကျေနပ်ခွင့်ရခဲ့ပါသည်။

မယ် ကျေနပ်သွားခဲ့သလို ဘဝမှာ ကိုယ့် အလိုအဝ် ဆိုး အချစ်တစ်ခု ရှိလာခဲ့ပြီဆိုရင် အရာအားလုံးဟာ လိုအပ်ချက် မရှိ ပြီးပြည့်စုံ ဆိုတာကို တွေ့ရှိခဲ့ပြီ ဆိုတာကိုလည်း တန်းသဘော ပေါက်သွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ပရိသတ်အတွက်

အမြဲတမ်း

ရှုဆီထယ်

www.burmeseclassic.com